

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL


http://www.7daynewsjournal.com



TRI
LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၁၂) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၆ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၊ ဗုဒ္ဓဟူး ၊ (မေ ၂၈ ၊ ၂၀၁၄)


# အမတ်များကို ထောင်ဖမ်းသောကျော့ကွင်း

**အောင်သူရ**

လွှတ်တော်အမတ်တစ်ဦးကို လုပ်ငန်းရှင်ကြီးလည်းဖြစ်၊ လွှတ်တော်အမတ်လည်းဖြစ်သူတစ်ဦးက ပါဂျဲရိုးကားတစ်စီး ဝယ်ပေးထားသည်။ ထို့အပြင် နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌတစ်ဦးကို ကားတစ်စီးဝယ်ပေးထားပြီး ယာဉ်မောင်းပင် ခန့်ပေးထားသည်။

အထက်ပါဖြစ်စဉ်မှာ လွှတ်တော်အမတ်အချို့ကို စီးပွားရေးလုပ်ငန်းရှင်များက ပုံစံမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းမှုများထဲမှ အချို့ဖြစ်သည်။ ရည်ရွယ်ချက်မှာ အဆိုပါလုပ်ငန်းရှင်များနှင့်ဆက်နွှယ်သော ဥပဒေများတွင် ၎င်းတို့ကို ကာကွယ်ပေးရန်နှင့် ၎င်းတို့ထိခိုက်မည့်အချက်များပါရှိလာလျှင် ဖယ်ရှားပေးရန် ထောင်ဖမ်းထားသော ကျော့ကွင်းများဖြစ်သည်။

အချပ်ပို A4 ››

# မြန်နှုန်းမြင့် ငွေဖောင်းပွမှု

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**

စာဖတ်သူ မကြာခဏစားနေသော အမဲသားတစ်ပိဿာလျှင် ကျပ် ၃,၀၀၀၊ ကြက်သားတစ်ပိဿာလျှင်ကျပ် ၂,၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျပ်၁,၀၀၀စီ ယခင်နှစ်ကထက် ဈေးတက်သွားသည်။ စာမျက်နှာ၁၄ ››

## နဂါးကြီးကြိုက်တဲ့ ယွမ်တစ်သိန်းတန် မြန်မာသတို့သမီး

**မောင်တာ၊ အေးမွန်ရာပြည့်**

အသားဖြူဖြူ၊ ခန္ဓာကိုယ်ပါးလှပ လှပ်ဖြင့် ပုံ့ပုံ့လို အမျိုးသမီးငယ်လေးကို တရုတ်အမျိုးသားထံ ရောင်းစားရန် အမျိုးသမီးကြီးက မျက်စိကျနေသည်။ ထို့ကြောင့် လမ်းစရိတ်အဖြစ် ကျပ်သုံးသိန်းကို မပုံ့ပုံ့အား တစ်ခါတည်း ထုတ်ပေးလိုက်သည်။ စာမျက်နှာ ၅ ››

## ပြည်တွင်းစစ်ကြောင့် ကျားထိန်းသိမ်းရေး စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရ

**ခိုင်ခိုင်စိုး**

တစ်ကမ္ဘာလုံးတွင် ကျား ကျန်ရှိသောနိုင်ငံမှာ ၁၃ နိုင်ငံသာရှိတော့၍ မြန်မာနိုင်ငံသည် ကျားကောင်ရေအများဆုံး ကျန်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျားမျိုးစိတ်နှစ်မျိုး နေထိုင်ကျက်စားပြီးဘင်္ဂလားကျားမျိုးစိတ်မှာ ကောင်ရေ၁၀၀ ရှိကာ အင်ဒိုချိုင်းနား ကျားမျိုးစိတ်မှာ ကောင်ရေ ၅၀သာကျန်ရှိတော့သည်။

စာမျက်နှာ ၃၃ ››



## ၂ နှစ်ကြာသည့်တိုင် မငြိမ်းသေးသောမီး

**အောင်ခိုင်**

ရခိုင်ပြည်နယ်တွင် ၂၀၁၂ခုနှစ် မေလကုန်၊ ဇွန်လဆန်းမှစတင်၍ ဖြစ်ပွားခဲ့သောလူမျိုးရေး၊ဘာသာရေးပဋိပက္ခများမှာယခုအခါ ၂နှစ်တိုင် ကြာခဲ့ပြီဖြစ်သည်။ ပြဿနာကို အပြီးတိုင် ယနေ့အထိ မဖြေရှင်းနိုင်သေးဘဲ ပြဿနာအသစ်များပင် ထပ်မံပေါ်ပေါက်လာသည်။ ယင်းမှာ နယ်စပ်မှ RSO တပ်ဖွဲ့၏ ခြိမ်းခြောက်မှုဖြစ်၏။

စာမျက်နှာ ၁၃ ››




7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မြို့ပတ်ရထားတစ်စီးကိုတွေ့ရစဉ်

# ပြုပြင်ရန်လိုနေသော အခြေခံအဆောက်အအုံများ

ကုန်သွယ်မှုများက များပြား၍ လာနေပါသည်။ သို့သော် ကူးသန်းသွားလာရေး အခြေခံအဆောက်အအုံ မွမ်းမံပြင်ဆင်မှုက တစ်ပြေးညီမရှိပါ။

မြန်မာနိုင်ငံ၏ ရထားလမ်းစနစ်က ရှေးဟောင်းပစ္စည်းတစ်ခုဟုပင် ဆိုနိုင်ပြီး စုဆောင်းလိုသူများ တန်းစီ၍ပင် နေနိုင်သည်။ ကိုလိုနီခေတ်က အိုဟောင်းနေသည့် အဆောက်အအုံများကို တောက်ပနေသော ဆေးရောင်များဖြင့် သုတ်လိမ်းမွမ်းမံထားသော်လည်း ရထားသံလမ်းဟောင်းများပေါ်တွင် လူများ၊ ကုန်များကို တင်ဆောင်ပြီး လှုပ်လီလှုပ်လဲ့ မောင်းနှင်နေသည့် ရထားတွဲကြီးများကဲ့သို့ပင် ရထားဆက်သွယ်ရေးစနစ် ပြင်ဆင်ရေးက အလာနှေးနေသည်။

ငွေဖြစ်လွယ်သည့် အခြားကဏ္ဍများ၏ ပြောင်းလဲတိုးတက်မှုများနှင့် နှိုင်းယှဉ်လျှင် ကွာခြားမှုကကြီးမားလှသည်။ မြန်မာ့ရထားလမ်းစနစ်ကို ပြုပြင်မွမ်းမံရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ၂၀၂၀ပြည့်နှစ်နောက်ပိုင်းမှသာ ရောက်လာကြလိမ့်မည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်လိုက်ပြီးသည့်နောက် ဘဏ်လုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် ဖွံ့ဖြိုးမှုနှုန်း မတူညီကြပါ။ ရှေ့အလားအလာတွင် ထင်ထင်ရှားရှားတွေ့မြင်နေရသည့်ရုပ်ပုံလွှာကတော့ ဖွံ့ဖြိုးလာသည့် ကုန်သွယ်မှုများ၊ လုပ်ငန်းများနှင့် အန္တရာယ်များလှသည့် အိုဟောင်းနေသည့် အခြေခံအဆောက်အအုံများပင်ဖြစ်သည်။

အရှေ့တောင်အာရှဒေသအတွက် အားနည်းချို့တဲ့လှသော မြို့ပြစီမံကိန်းများက အထူးအဆန်း မဟုတ်ပါ။ ယင်းတို့ကြားကပင် စီးပွားရေး ဖွံ့ဖြိုးလာနေသည်ဟု မလေးရှားနှင့် အင်ဒိုနီးရှားအာဏာပိုင်များက လက်ခံထားကြသည်။ မြန်မာကလည်း ယင်းသဘောထားမျိုးကို လက်ခံကျင့်သုံးမည့်ပုံ တွေ့ရသည်။

"စီးရတာက အကြာကြီးပဲ။ ပြတင်းပေါက်တွေကလည်း အိုလှပြီ။ ထိုင်ခုံတွေကလည်းမကောင်း။ ပန်ကာတွေကမလည်တော့ဘူး။ အိမ်သာဆိုရင် မီးမရှိဘူး" ဟု အမျိုးသမီးနှစ်ဦး၊ ကလေးငယ်တစ်ဦးပါသည့် မိသားစုနှင့် ခရီးသွားနေသူ ဦးကျော်ဇင်က ရန်ကုန်မှ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးသို့ အသွားခရီးစဉ်တွင် ပြောပြနေခြင်းဖြစ်သည်။

ခရီးတစ်ခုလုံး ၃၃ နာရီ ကြာမြင့်သည်။ လမ်းဘူတာတစ်ခုတွင် ညအိပ်ရပ်နားရသည်။ နှစ်သစ်ကူးသင်္ကြန်ချိန်အတွင်း ရထားတွဲတွင်းသို့ ရေများ လှမ်းပက်ကြသည်လည်းရှိသည်။ အိုဟောင်းနေသော ပြတင်းပေါက်များကို အချိန်မီ မပိတ်နိုင်သူများက ရွှဲရွှဲစိုတော့သည်။

နေ့အချိန်တွင် ရထားတစ်ခုလုံးတွင် လူများပြည့်ကျပ်လျက်ရှိသည်။ အထက်တန်းလက်မှတ်ကိုင်ဆောင်ထားသည့်ဦးကျော်ဇင်ကကံကောင်းထောက်မစွာပင်ထိုင်စရာနေရာရလိုက်သည်။ ရထားခများက အခြားအဓိကအသုံးအဆောင်များကဲ့သို့ပင် စျေးတက်နေသည်။ မြန်မာတစ်ဦးချင်း ပျမ်းမျှဝင်ငွေက တစ်နှစ်လျှင် ဒေါ်လာ ၁၁၄၄ ခန့်ရှိနေပြီး အရှေ့တောင်အာရှဒေသတွင် ကမ္ဘောဒီးယားထက်သာပိုများသည်။ သို့သော် စီးပွားရေးဖွံ့ဖြိုးမှုက ထပ်တိုးမလာသည့် ဝင်ငွေလစာနှင့် ကုန်စျေးနှုန်းတိုးမြှင့်မှုကိုသာ ဖြစ်စေမည်ဆိုလျှင်တော့ ဤရထားတွင်းကျပ်ညပ်စီးနင်းနေကြရသည့်ပြည်သူများအတွက်က စီးပွားရေး တိုးမလာသည်ကပင် ပိုကောင်းနေဦးမည်။ ဗြိတိသျှကိုလိုနီခေတ်က မြန်မာ့ရထားလမ်းကို ရန်ကုန်မှ ပြည်မြို့သို့ ၁၈၇၇ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သည်။ ထို့နောက် ခုနစ်နှစ်အကြာတွင် ရန်ကုန်–မန္တလေးလမ်းကို တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှတို့ ပြန်လည်ထွက်ခွာသွားသည့်နောက်ပိုင်းတွင် ယင်းရထားလမ်းများကို အသေအချာ ထိန်းသိမ်းမွမ်းမံခြင်း မရှိတော့ပေ။ လမ်းများချော်ပြီး တစ်နာရီ ၂၅ မိုင်နှုန်းထက် ပိုမောင်း၍မရတော့။

ယင်းရထားလမ်းများကို ပြင်ဆင်မွမ်းမံရန် ယခုအခါ နိုင်ငံခြားသားများလက်ကို အပ်ရပြန်ပြီဖြစ်သည်။ ဂျပန်တို့က မြန်မာ့ရထားပို့ဆောင်ရေးအတွက် ဒေါ်လာ ၁၉၄ သန်း အကုန်အကျခံပြင်ဆင်မည်ဟု ဆိုသည်။ ၂၀၁၆ ခုနှစ်က စတင်၍ ကျွမ်းကျင်သူများက စတင် တိုင်းထွာလေ့လာမည်ဖြစ်ပြီး ၂၀၂၀ပြည့်နှစ်နောက်ပိုင်းတွင် အပြီးသတ်မည်ဟုခန့်မှန်းထားသည်။

"ကျွန်တော်တို့ ဒီရထားလမ်းတွေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီနဲ့ အောက်တိုဘာလကြားမှာ စပြီး ဆောက်ပါမယ်။ အဲဒီနောက် လေးနှစ် ၂၀၂၀ စက်တင်ဘာလအထိ ဆက်လုပ်မှာပါ။ ဒီစီမံကိန်းကို စမ်းသပ်အကောင်အထည်ဖော်မှာကတော့ ၂၀၂၀ နဲ့ ၂၀၂၂ ကြားမှာ ဖြစ်ပါမယ်" ဟု မြန်မာ့ရထားပို့ဆောင်ရေးဝန်ကြီး ဦးသန်းငွေး ပြောကြားချက်ကို ပြည်တွင်းဂျာနယ်တစ်ခု ကိုးကားဖော်ပြခဲ့သည်။

သို့ရာတွင် အထူးသဖြင့် အရပ်သားတစ်ပိုင်းအစိုးရအတွက် ဝင်ငွေများရရှိနေသည့် အခြေခံအဆောက်အအုံများကတော့ အုံဩဖွယ်ရာပင် လျင်မြန်စွာ ဖွံ့ဖြိုးလာနေသည်ကို တွေ့ရသည်။ လိုလျှင်လိုသလို အလျင်အမြန် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများကိုလည်း တွေ့ရသည်။

ရန်ကုန်–မန္တလေးအဝေးပြေးကားလမ်းမသည် ရန်ကုန်–မန္တလေးရထားလမ်းနှင့် ယှဉ်လျက်ရှိသည်။ စစ်အစိုးရက ၂၀၀၆ ခုနှစ်တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ကို ဆက်သွယ်နိုင်ရန် အဝေးပြေးလမ်း ဖောက်လုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၃၆၆ မိုင်ရှည်သည့် လမ်းမသည် ယာဉ်မှောက်သေဆုံးနှုန်းများလှသဖြင့် ထိုအချိန်မှစ၍ သေမင်းတမန် အဝေးပြေးလမ်းမဟု အမည်တွင်ခဲ့သည်။ အင်ဂျင်နီယာများက အမြန်နှုန်းနှင့် ဖောက်လုပ်ခဲ့သောလမ်းတွင် ယာဉ်မောင်းများက အလျင်အမြန်မောင်းနှင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်ဆိုသည်။

မေလ ၁၂ ရက်တွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် မတော်တဆမှုတွင် အရှိန်ပြင်းပြင်းဖြင့် ကားတစ်စီးကို ကျော်တက်နေစဉ် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။ လူ ၁၆ ဦး သေဆုံးခဲ့ပြီး ၂၉ ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ပြီးခဲ့သည့် နှစ်တစ်နှစ်တည်းမှာပင် ဤလမ်းမပေါ်တွင် ယာဉ်တိုက်မှု တိမ်းမှောက်မှုများကြောင့် အနည်းဆုံး လူ ၁၁၀ ဦး သေဆုံးခဲ့သည်ဟု အဝေးပြေးလမ်း ရဲတပ်ဖွဲ့ဝင်များက ပြောဆိုသည်။

ဘာသာရေးအယူသီးသည့် မြန်မာနိုင်ငံသည် ခေတ်မီစီးပွားရေးကမ္ဘာကို ယခုမှစတင်၍ အမီလိုက်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ထို့ကြောင့်ပင် နောက်ဆုံးမတော်တဆဖြစ်သည့်နေရာတွင်မကောင်းဆိုးဝါးများကို မောင်းထုတ်သည့် လုပ်ရပ်များ တွေ့ရသည်မှာ အဆန်းတကြယ်တော့လည်း မဟုတ်ပါ။ ယခုဆိုလျှင် ကုမ္ပဏီ ၁၂ ခုတို့က အသက်အာမခံသစ်များကို စတင်ရောင်းချပေးနေရာ အစိုးရက ကျောထောက်နောက်ခံပေးထားသည့် မြန်မာအာမခံကုမ္ပဏီလည်း ပါဝင်သည်။

ဦးကျော်ဇင်နှင့် သူ့မိသားစုအတွက်ကတော့ ကာလအတော်ကြာအထိ ချွေးတဒီးဒီးနှင့် ရထားဆက်စီးနေရဦးမည်ဖြစ်သည်။ မကောင်းဆိုးဝါးများနှင့် ပြည့်နေသည့် မပြီးဆုံးသေးသည့် လမ်းတစ်ဝက်တစ်ပျက်ပေါ် ခရီးသွားရတာနှင့် စာလျှင် တော်သေး၏ဟုပင် ဆိုရမလိုပင်။

(The Diplomat **ပါ ဆောင်းပါးရှင် ဂျပ်စတင် ကယ်ဒါရွန်၏** Myanmar's Lagging Public Infrastructure **ဆောင်းပါးကို ခင်မေဇော် ဘာသာပြန်ဆိုသည်။**)



# ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်



*အစိုးရနှင့် NCCT တို့ မေလ ၂၃ရက်က ဆွေးနွေးစဉ်*

ဓာတ်ပုံ – အောင်သူရ

**အောင်ခိုင်**

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား မေလတတိယပတ်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော တွေ့ဆုံဆွေးနွေးပွဲသည် မျှော်လင့်ထားသည်ထက် အောင်မြင်မှုများရရှိခဲ့ကြောင်း သိရှိရသည်။

မေလ ၂၁ ရက်မှ စတင်၍ သုံးရက်ကြာ ပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားအဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ တွေ့ဆုံပွဲအပြီးတွင် သဘောတူညီချက်ဒုတိယမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ နောက်တစ်ကြိမ်တွေ့ဆုံဆွေးနွေးပြီးပါက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဟုလည်း နှစ်ဖက်ကိုယ်စားလှယ်များက ပြောသည်။

“နောက်တစ်ကြိမ်က နောက်ဆုံးမူကြမ်းပဲ။ ဒီလိုပဲ ဖြစ်သင့်ပါတယ်” ဟု NCCT မှ ပညာရှင် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

ယခု ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းပါ အခန်းခုနစ်ခန်းအနက် အခန်းငါးခန်းကို သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မေလတတိယပတ်အစည်းအဝေးမတိုင်မီအထိ ဆွေးနွေးညှိနှိုင်းရန် အချက် ၅၀ ကျော်ရှိရာမှ အစည်းအဝေးတွင် အချက် ၃၀ ကျော် ဆွေးနွေးသဘောတူခဲ့သည်။ ထို့ကြောင့် နှစ်ဖက်ညှိနှိုင်းရန် အချက် ၂၀ သာ ကျန်တော့သည်။

ကျန်ရှိနေသော အချက်များမှာလည်း ခဲခဲယဉ်းယဉ်းမဟုတ်ဘဲ ညှိနှိုင်းဆွေးနွေးရင်းအဖြေရှာသွားနိုင်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးကာ နိုင်ငံရေး ဆွေးနွေးပွဲများကို ယခုနှစ်ကုန်ခန့်တွင် ပြုလုပ်နိုင်ရန် နှစ်ဖက်လုံးက ကြိုးစားနေကြောင်း မြန်မာငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) အကြီးတန်းအကြံပေးဦးလှမောင်ရွှေက သုံးသပ်သည်။

“အခု ဆွေးနွေးပွဲက အကောင်းဆုံးဝန်းကျင်ပဲ။ ညှိနှိုင်းဆွေးနွေးတာမှာ အစိုးရဘက်က တောင် လျှော့ပေးတာ ပိုများတယ်။ ဒီနှုန်းအတိုင်း သွားမယ်ဆိုရင် ကျွန်တော်ကတော့ ငြိမ်းချမ်းရေးအတွက် အလွန် Positive မြင်တယ်” ဟု ဦးလှမောင်ရွှေက သုံးသပ်သည်။

ထို့အပြင် ယခုဆွေးနွေးပွဲတွင် တိုင်းရင်းသားများဘက်မှ အဆိုပြုသော ဖက်ဒရယ်စနစ်များအနက် ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်စနစ်ကို တပ်မတော် ထိပ်တန်းကိုယ်စားလှယ်များက လက်ခံခဲ့ကြောင်း တိုင်းရင်းသားကိုယ်စားလှယ်များက ပြောကြားသည်။

သို့သော်လည်း ဒို့တာဝန်အရေးသုံးပါး အဓိပ္ပာယ်ရှင်းလင်းချက်၊ တိုင်းရင်းသားလက်နက်ကိုင်ကဲ့သို့ ဝေါဟာရအသုံးအနှုန်းများကိုမူ ဆက်လက်ညှိနှိုင်းရဦးမည်ဖြစ်သည်။

အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် NCCT တို့ တွေ့ဆုံဆွေးနွေးမှုမှာ ခြောက်ကြိမ်ရှိပြီဖြစ်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်တစ်ခုတည်းရေးဆွဲနိုင်ရန် နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုမှာ နှစ်ကြိမ်ရှိပြီဖြစ်သည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်မူကြမ်းတစ်ခုကို ယမန်နှစ် နိုဝင်ဘာက ပြုလုပ်ခဲ့သော လိုင်ဇာညီလာခံတွင် တိုင်းရင်းသားအဖွဲ့များက စတင်ရေးဆွဲခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့တွင် အစိုးရနှင့် တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံပွဲတွင် အစိုးရသို့ တိုင်းရင်းသားအဖွဲ့များက မူကြမ်းပေးအပ်ခဲ့ပြီး အစိုးရဘက်ကလည်း မူကြမ်းတစ်စောင်ကို တိုင်းရင်းသားအဖွဲ့များသို့ ပေးအပ်ခဲ့သည်။

ထို့နောက် လောခီးလာတိုင်းရင်းသားညီလာခံ၊ ယင်းမှတစ်ဆင့် အစိုးရနှင့် ချင်းမိုင်မြို့တွင် တွေ့ဆုံမှုများအပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းသော သဘောတူညီမှု ပထမမူကြမ်း (Single Text Draff) ကို ပြီးခဲ့သည့် ဧပြီလဆန်းက ရန်ကုန်မြို့၌ အတည်ပြုနိုင်ခဲ့သည်။ ကျန်ရှိနေသော အချက်များကို ထပ်မံညှိနှိုင်း၍ ဒုတိယမူကြမ်းကို မေလ ၂၃ ရက်တွင် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယမူကြမ်းမှ ညှိနှိုင်းရန် ကျန်ရှိနေသေးသော အချက်များကို ဆွေးနွေးရန် တတိယအကြိမ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ညီလာခံကို လာမည့် ဇွန်လအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းနောက်တွင် အစိုးရနှင့် ထပ်မံတွေ့ဆုံပြီး တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး တစ်ခုတည်းသောသဘောတူညီချက်ကို အတည်ပြုနိုင်ရန် ကြိုးစားကြမည်ဖြစ်သည်။


လာမည့် ဩဂုတ်လတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ပြီး ယခုနှစ်အတွင်းမှာပင် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် မျှော်လင့်ကြိုးစားနေကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက မေလဆွေးနွေးပွဲအပြီးတွင် ပြောကြားသည်။




PYI HTUN AUNG TRADING CO.,LTD
BRIDGESTONE တာယာမိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်
Bridgestone Truck & Bus Tire တစ်လုံးဝယ်ယူပြီး . . .
ဆီဖြည့်ကဒ် နှင့် T-Shirt တစ်ထည် ထုတ်ယူပါ။
BB DE 437
CITARO
ပြည်ထွန်းအောင်ကုမ္ပဏီ၏ UNIVERSAL အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt တစ်ထည်နှင့်ကျပ် (15000) တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။
PROMOTION ကာလ (10.5.2014-30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏ မိတ်ဟောင်းမိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။
ဆီထည့်ခွင့်ကူပွန်အား ငွေသားဖြင့်လဲလှယ်ပေးမည်မဟုတ်ပါ။ PROMOTION ကာလအတွင်းအငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပါကပြည်ထွန်းအောင်ကုမ္ပဏီ၏ဆုံးဖြတ်ချက်သာအတည်ဖြစ်သည်။
အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း ၀၉ ၄၂၁၁၀ ၃၀၈၈
အရောင်းကိုယ်စားလှယ်ဆိုင်များ
ရွှေမြို့တော်တာယာဆိုင် -၀၉ ၂၅၉၀၀၈၀၀၆၊ ၀၉ ၂၅၉၀၀၈၀၀၇၊ ဘုရင့်နောင် တာယာဆိုင် -၀၈၁-၂၁၂၁၂၄၂၊ ပါလီတာယာရောင်းဝယ်ရေး-၀၇၄-၂၂၁၁၀၊ ၀၇၄-၂၂၁၂၁၊ ဖက်စ်-၀၇၄-၂၁၉၅၅
ဦးလှရွှေ(ကံတော်လေးတာယာဆိုင်)-၀၉ ၅၃၁၂၄၈၀၊ ၀၆၉-၂၀၀၄၉၆၊ ကွန်မျူတာ(တာယာဆိုင်)-၀၁-၆၈၀၄၈၀၊ ၀၁-၅၂၈၅၅၂၊ ၀၉ ၄၂၀၂၁၈၇၅၀
ငွေစင်(တာယာရောင်းဝယ်ရေး)-၀၉ ၅၃၀၀၇၆၁၊ ၀၉ ၅၃၀၀၈၆၄၊ မြနှင်းဆီ(တာယာရောင်းဝယ်ရေး)-၀၆၆-၂၂၆၇၆၊ ၀၉ ၄၀၂၆၁၁၁၃၀၄
ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်)-၀၆၉-၂၀၀၄၉၆၊ ၀၉ ၅၃၁၂၄၃၀ ၊ မဟာမိတ်(ကားပစ္စည်းဆိုင်)-၀၆၂-၂၂၇၃၀၊ ၀၆၂-၂၃၅၃၀
အန်တီဝင်း-၀၁-၆၈၃၁၄၄၊ ၀၁-၆၈၆၁၈၂၊ ၀၉ ၅၁၀၇၉၄၅ ကေဒီပါ(တာယာဆိုင်)-၀၁-၆၈၂၆၅၄၊ ၀၁-၆၈၀၆၁၆၊ အောင်(တောင်ကြီး)-၀၁-၆၈၆၀၈၇၊ ၀၁-၆၈၂၉၅၀
Promotionတွင်ပါဝင်သော Tire များ
SULP
8.25-20 / 9.00-20
10.00-20 / 11.00-20
G - 611
11.00 R20
295/80 R22.5
M - 840
10.00 R20
R - 150
12 R22.5
295 / 80 R22.5
L - 317
10.00 R20
11.00 R20
G - 580 II
12.00 R20
L - 301
10.00 R20
11.00 R20
Universal တာယာအရောင်းဆိုင်များ
UNIVERSAL (မြေနီကုန်း)၊ အမှတ် (260) ဗားဂရာလမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-01 2304116
UNIVERSAL (အောင်မင်္ဂလာအဝေးပြေးဝန်း)၊ အခန်း (ယ-13)၊ ပုဇွန်လမ်း၊ ယ-ဝန်းအသစ်၊ အောင်မင်္ဂလာအဝေးပြေး မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73143283
Universal (မြရတနာမြို့သစ်)၊ အမှတ်(1)၊ အမှတ် 3 လမ်းမကြီးနှင့် 12 လမ်းထောင့်၊ သယ်နှဉ်ကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73142042

Life
7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# နဂါးကြီးကြိုက်တဲ့ ယွမ်တစ်သိန်းတန် မြန်မာသတို့သမီး




မောင်တာ၊ အေးမွန်ရာပြည့်

“တရုတ်ပြည်ဘက်မှာ အနိုပ်ခန်းဖွင့်မယ်။ သမီးကို အဲဒီမှာ အလုပ်ပေးမှာ။ အပြင်ထွက်စရာလည်းမလိုဘူး။ အေးအေးဆေးဆေး သက်သက်သာသာပဲ။ လစာလည်းကောင်းတယ်။ စပွန်ဆာလည်းရှိတယ်။ သမီးတော့ သေချာပေါက် ချမ်းသာတော့မှာ”

အသက် (၂၀) အရွယ် မပုံ့ပုံ့ (အမည်လွှဲ) အား တရုတ်ပြည်နယ်စပ်ဘက်သို့လိုက်ကာ အလုပ်လုပ်မည်ဆိုလျှင် မပင်မပန်းဘဲ ငွေများစွာရပြီး ချမ်းသာနိုင်မည့်အကြောင်းကို အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးက သူမ၏လက်တွင် ဝတ်ဆင်ထားသည့် ရွှေလက်ကောက်များကို တချွင်ချွင်လှုပ်ယမ်းရင်း ပြောပြနေခြင်းဖြစ်သည်။

“ဟိုရောက်ပြီး ကိုယ်ကြိုက်တာတွေ့လို့ တရုတ်ယောကျ်ားကို ယူမယ်ဆိုရင်လည်းရတယ်။ ကိုယ်က ဘာမှလုပ်စရာမလိုဘူး။ တစ်လကို ငွေသိန်းချီရမှာ။ ခြောက်လတစ်ခါ ကိုယ့်မိဘဆီ ပြန်လည်လို့ရတယ်။ တရုတ်ယောကျ်ားနဲ့ယူပြီး ကလေးမွေးပေးရင် သူတို့က ပိုသဘောကျတယ်”ဟု ထိုအမျိုးသမီးက ဆက်ပြောသည်။

အသားဖြူဖြူ၊ ခန္ဓာကိုယ်ပါးလှပ်လှပ်နှင့် ဆံပင်ကို အရောင်ဆိုးထားသော မပုံ့ပုံ့အား ၎င်းခေါ်ဆောင်သည့် တရုတ်ပြည်နယ်စပ်သို့လိုက်ပြီး အလုပ်လုပ်မည်ဆိုလျှင် များစွာအဆင်ပြေနိုင်ကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောနေသည်။ ပုံ့ပုံ့လို အမျိုးသမီးငယ်လေးများအား တရုတ်အမျိုးသားထံ ရောင်းစားမည်ဆိုလျှင် အမြတ်ငွေ မြိုးမြိုးမြက်မြက် အမြန်ရမည်ကို အမျိုးသမီးကြီးက သိနေသည်။ ထို့ကြောင့် တရုတ်ပြည်နယ်စပ်သို့ လိုက်ခဲ့ရန် ပြောပြ စည်းရုံးနေစဉ်မှာပင် လမ်း စရိတ်အဖြစ် ကျပ်သုံးသိန်းကို မပုံ့ပုံ့အား တစ်ခါတည်း ထုတ်ပေးလိုက်သည်။

၂၀၁၄ နှစ်ဆန်းပိုင်းက မန္တလေးမြို့စွန်ရပ်ကွက်ရှိ တဲအိမ်ငယ်အတွင်း အမျိုးသမီးကြီးတစ်ဦးက ၎င်းအား တရုတ်ပြည်သို့ လိုက်ခဲ့ရန် လာရောက်စည်းရုံးခေါ်ဆောင်သည့် အကြောင်းများကို မပုံ့ပုံ့ကတစ်ဆင့် ပြန်လည်ပြောပြနေခြင်းဖြစ်သည်။ အိမ်ထောင်ဖက်သတို့သမီး ရှားပါးနေသော တရုတ်အမျိုးသားများထံ ရောင်းစားရန် နှစ်စဉ်ရာချီသော မြန်မာအမျိုးသမီးများ လူကုန်ကူးခံနေရသည်။

အသိပညာဗဟုသုတနည်းပါးခြင်း၊ စီးပွားရေးကျပ်တည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အိမ်တွင်းရေး မိသားစု ပြဿနာများရှိခြင်း၊ ငွေကြေးအလွယ်တကူ ရလိုခြင်းနှင့် ဘဝရပ်တည်ရေး အခက်ခဲဖြစ်နေသော အမျိုးသမီးများအား လူပွဲစားများက အဓိကပစ်မှတ်ထားကာ လူကုန်ကူးရန် ကြိုးစားနေမှုများ မြန်မာနိုင်ငံတွင် တစ်နေ့တခြား များပြားလာနေကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောသည်။

လူပွဲစားများသည် အမျိုးသမီးငယ်များအား တရုတ်နယ်စပ်သို့ လိမ်လည်စည်းရုံးခေါ်ဆောင်ကာ တရုတ်အမျိုးသားများထံ ရောင်းစားခဲ့ကြရာမှ လက်ရှိအချိန်တွင် တရုတ်အမျိုးသားနှင့် လက်ထပ်ယူရန် ပေါ်တင်စည်းရုံးကာ လူကုန်ကူးမှုများပင် ရှိနေကြောင်း ဗန်းမော်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး တပ်ဖွဲ့စုမှူးရုံး (မန္တလေး) ၏ တပ်ဖွဲ့စုမှူးဖြစ်သည့် ရဲမှူးဖေသိန်းကျော်က ပြောသည်။

**စာမျက်နှာ (၇)သို့**

ရွှေဖူဂျီ
ရွှေဖူဂျီထီးများသည် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာပါသည်။ ခိုင်ခန့်လှပ ထိရောက်သော ရွှေဖူဂျီထီးများကို သုံးစွဲပါ။
ထီးအော်ဒါအမျိုးမျိုးကို အချိန်တိကျ မှန်ကန်စွာ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။
ရွှေဖူဂျီထီးအမျိုးမျိုးတွင် လူကြီးမင်းတို့၏ ထုတ်ကုန်အမှတ်တံဆိပ် (Logo) များကို ဒီဇိုင်းစုံပြီး အရောင်အမျိုးအစားစုံလင်စွာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါပြီ။
ဂေါက်ရိုက် ထီးအမျိုးမျိုးနှင့် ရတနာသံဃာထီးများ လက်လီ/လက်ကားရရှိပါသည်။



ရွှေဖူဂျီထီးစက်ရုံ — အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝင်ရိုက်ဖြန့်ချိရေးဆိုင် — တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၅၅၃
ဖူဂျီရွှေဝင်းစင်တာ — အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၁
K&K စတိုး — အမှတ်(၄၅/ခ)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ဖူဂျီရွှေဝင်းစင်တာ ဝင်ရိုင်း — အမှတ်(၅၉၂/၅၉၄)၊ လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၃၇၈၀
ဖူဂျီရွှေဝင်းစင်တာ ဆိုင်ခွဲ (၁) — အမှတ်(၁-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ငံခြားဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆၆
ဖူဂျီရွှေဝင်းစင်တာ ဆိုင်ခွဲ (၂) — အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား၊ ဂုံးကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၃၄၁၊ ၀၂ - ၇၆၃၄၂
ဖူဂျီရွှေဝင်းစင်တာ ဆိုင်ခွဲ (၃) — အမှတ်(၀၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၃၄၅၅၉၊ ၀၂ - ၆၈၇၂၂

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# လူငယ်တွေရဲ့ အခက်အခဲတွေကို ဖော်ကျူးမယ့် လူငယ်ရုပ်ရှင်ပွဲတော်

**ဖွဲ့ဉာဏ်**

**ရန်ကုန်၊ မေ-၂၆**

လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲများကို ရုပ်ရှင်အနုပညာဖြင့် တင်ဆက်ပြသနိုင်ရန် ရည်ရွယ်၍ ပထမအကြိမ် မြန်မာလူငယ်ရုပ်ရှင်ပွဲတော် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌ ကိုဖွဲ့ရန်နိုင်က ပြောသည်။

"ပထမအကြိမ် မြန်မာ့လူငယ်ရုပ်ရှင်ပွဲတော်ကို ဩဂုတ်လ ၁၂ ရက်မှာ ကျရောက်မယ့် နိုင်ငံတကာလူငယ်များနေ့ အထိမ်းအမှတ်အနေနဲ့ တင်ဆက်မှာပါ" ဟု ကိုဖွဲ့ရန်နိုင်က ပြောသည်။

ရုပ်ရှင်အနုပညာသည် လူသားများ၏ ရင်ထဲသို့ ဝင်ရောက်လွယ်သော အရာတစ်ခုဖြစ်သောကြောင့် လူငယ်များ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲကို ပြည်သူများအပါအဝင် အစိုးရ အုပ်ချုပ်သူများ သိရှိနိုင်ရန် ယခုကဲ့သို့ ရုပ်ရှင်ပွဲတော် ပြုလုပ်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ထို့အပြင် လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲကို လူငယ်များကိုယ်တိုင် ဖန်တီးပြသနိုင်ရန် ရည်ရွယ်၍ ပါဝင်ယှဉ်ပြိုင်လိုသူများ၏ အသက်အရွယ်ကို အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်း သတ်မှတ်ထားကြောင်း ၎င်းက ပြောသည်။ယင်းပြိုင်ပွဲတွင် မှတ်တမ်းရုပ်ရှင်၊ဇာတ်လမ်းတိုရုပ်ရှင်နှင့်အန်နီမေးရှင်းရုပ်ရှင်တို့ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် ဇာတ်ကားများကို ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ ဗိုလ်အောင်ကျော်လမ်းရှိ HOME ရုံးခန်းနှင့် မြန်မာနိုင်ငံလူငယ်များ အစည်းအရုံး (ဗဟို) ရုံးချုပ်သို့ ပေးပို့ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဇာတ်ကားများမှ စုစုပေါင်း ဇာတ်ကားသုံးဆယ် ရွေးချယ်၍ ရုပ်ရှင်အမျိုးအစား တစ်ခုချင်းစီအလိုက် ဆုရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကာ ပရိသတ်အကြိုက်ဆုံးဆုကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။ အကဲဖြတ်ဒိုင်များအဖြစ် ဦးဇာဂနာ၊ ဒေါ်ဆွေဇင်ထိုက်၊ ဦးဂျင်မီ၊ ဒါရိုက်တာကြည်ဖြူသျှင်နှင့် ဦးဇော်သက်ထွေးတို့ ပါဝင်ကြောင်း ၎င်းက ပြောသည်။

ဆန်ခါတင် ရွေးချယ်ထားသည့် ဇာတ်ကားများကို ဩဂုတ်လ ၇ ရက်နှင့် ၈ ရက်တွင် Junction Square ရှိ ရုပ်ရှင်ရုံများ၌ အခမဲ့ပြသပေးသွားမည်ဖြစ်ပြီး ဆုပေးပွဲကိုမူ ဩဂုတ် ၁၂ ရက် နိုင်ငံတကာလူငယ်များနေ့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းကို ဖွဲ့ရန်နိုင်က ပြောသည်။

ဆုပေးပွဲကျင်းပမည့် နေရာကိုမူ ရွေးချယ်နေဆဲဖြစ်ပြီး ယင်းဆုပေးပွဲသို့ နိုင်ငံတော်သမ္မတကြီး အပါအဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။



# ပဲပြားသုပ်

ဒီတစ်ပတ်တော့ ဝိုက်ဖီတစ်ယောက် အကြံကုန်လို့ ပဲပြားသုပ်ထားပါတယ်။

အားလုံးသိပြီးဖြစ်ပေမယ့် သက်သတ်လွတ်ဟင်းတစ်ခွက်ဖြစ်ပြီး အသားဓာတ်အပြည့်အဝပေးမယ့် ပဲပြားသုပ်ကို အရသာရှိရှိ သုံးဆောင် ဖြစ်အောင် ပြန်လည်မျှဝေလိုက်ပါသည်။

ပဲပြားတစ်တုံးကို အနေတော်အတုံးလေးတွေတုံးပြီး အရသာမှုန့်နဲ့ နယ်ပြီးကြော်။ ဆီသေချာစစ်ပြီးရင် ရေနွေးဖြောထားတဲ့ ပဲပင်ပေါက်၊ သခွားသီးစိမ်းပါးပါးလှီး၊ ပဲမှုန့်၊ ကြက်သွန်ဖြူဆီချက်၊ မန်ကျည်းရေအနည်းငယ်၊ ငံပြာရည် (သို့မဟုတ်) ဆားတို့ ထည့်ပါ။ ကြက်သွန်နီပါးပါးလှီးနဲ့ ရှောက်ရွက်နုလေးတွေ ပါးပါးလှီးပြီး အရသာရှိတဲ့ ပဲပြားသုပ်တစ်ခွက် သုံးဆောင်နိုင်ပါပြီ။









စာမျက်နှာ (၅)မှ

# နဂါးကြီးကြိုက်တဲ့ ယွမ်တစ်သိန်းတန် မြန်မာသတို့သမီး

အဓမ္မထိမ်းမြားလက်ထပ်ပြီး လိင်ကျွန်ပြုရန်၊ ပြည့်တန်ဆာများအဖြစ် စေခိုင်းရန်၊ လုပ်အားခေါင်းပုံဖြတ်ရန်၊ ကိုယ်လက်အင်္ဂါနှင့် ခန္ဓာကိုယ်တွင်းရှိ ကလီစာများ ရောင်းစားရန်အပါအဝင် ပုံစံခုနစ်မျိုးဖြင့် လူကုန်ကူးမှုများ ဖြစ်ပွားလေ့ရှိသော်လည်း လက်ရှိအချိန်တွင်မြန်မာနိုင်ငံအတွင်းလူကုန်ကူးမှုများအနက် တရုတ်အမျိုးသားများနှင့် အဓမ္မလက်ထပ်ရန်၊ တရုတ်မယားအဖြစ် ရောင်းစားရန် လူကုန်ကူးမှုများမှာ အဆိုးရွားဆုံးဖြစ်နေသည်။

၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူကုန်ကူးမှု ၉၉၉ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ အမျိုးသမီး ၁၈၀၀ ကျော် အပါအဝင် လူ ၂၂၀၀ ကျော်ကို လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ခဲ့သည်။ ယင်းဖြစ်စဉ်များထဲမှ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သော အမှုပေါင်း ၆၀၀ ကျော်မှာတရုတ်နိုင်ငံသို့ အဓိကဦးတည်သော လူကုန်ကူးမှုများဖြစ်သည်ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

ပြည်တွင်းအလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊ စားဝတ်နေရေးအဆင်မပြေခြင်းနှင့်တရုတ်နိုင်ငံတွင် သတို့သမီးလိုအပ်ချက်များပြားနေခြင်းကြောင့် မြန်မာအမျိုးသမီးများ နည်းလမ်းမျိုးစုံဖြင့် စည်းရုံးခံရကာ လူကုန်ကူးခံနေကြရသည်ဟု မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူး မင်းနိုင်က ပြောသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော တရုတ်နိုင်ငံသည် ၁၉၇၅ ခုနှစ်ဝန်းကျင်မှစတင်ကာ တစ်အိမ်ထောင် ကလေးတစ်ဦးနှုန်းသာ ယူရမည့်စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ရိုးရာအစဉ်အလာအရ သားယောကျ်ားလေးကိုသာ တန်ဖိုးထားသည့် တရုတ်မိဘများကြောင့် လက်ရှိ တရုတ်နိုင်ငံတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် သိသာစွာ ပိုမိုများပြားလျက်ရှိနေသည်။ တရုတ်နိုင်ငံအစိုးရ၏ ထုတ်ပြန်မှုများအရ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း တရုတ်အမျိုးသား သန်း ၄၀ မှာ အိမ်ထောင်ပြုရန် သတို့သမီးရှာမရဘဲ ဖြစ်နေသည်။ တရုတ်အမျိုးသားများအတွက် သတို့သမီးလိုအပ်ချက်မှာ ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီးလာမည့် ၂၀၅၀ ပြည့်နှစ်တွင် တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် သတို့သမီး သန်း ၅၀ လိုအပ်မည်ဟု ဆိုသည်။

ကုလသမဂ္ဂ၏ အဆိုအရ ကမ္ဘာတစ်ဝန်း အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုမိုများပြားနေသည်။ တရုတ်နိုင်ငံတွင် အမျိုးသမီး ၁၀၀ လျှင် အမျိုးသား ၁၂၅ ဦးရှိနေသည်ဟု ဆိုသည်။ တရုတ်နိုင်ငံရှိ ကျန်စီ၊ ဂွမ်ဒေါင်း၊ ဟိုင်နန်နှင့် အန်ဟွေးပြည်နယ်များတွင် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ၃၀ ရာခိုင်နှုန်း ပိုများနေသည်။ တရုတ်ရိုးရာဓလေ့အရ ထိမ်းမြားလက်ထပ်စရိတ်ကြီးမြင့်ခြင်းနှင့် အမျိုးသား အမျိုးသမီး အချိုးမညီဖြစ်နေခြင်းများကြောင့် မသန်စွမ်းသူ၊ ဆွံ့အသူ၊ စိတ်ပေါ့သွပ်သူနှင့် အသက်ကြီးသူ တရုတ်အမျိုးသားများမှာ အိမ်ထောင်ဖက်ရရန် ခဲယဉ်းနေသည်။

ထို့အတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်မြောက်ပိုင်းမှ အမျိုးသမီးများသည် တရုတ်တောသားတို့၏ အဓိက ပစ်မှတ်ဖြစ်လာနေသည်။ နိုင်ငံခြားသူကို ဝယ်ယူပြီး ဇနီးမယားအဖြစ် ပေါင်းသင်းခြင်းသည် တရုတ်အမျိုးသားများကြောင့် ပိုမိုကျယ်ပြန့်လာနေသည်ဟု ဆိုသည်။

နိုင်ငံအတွင်းသတို့သမီးရှာမရသော တရုတ်အမျိုးသားများက အိမ်နီးချင်းနိုင်ငံများမှ အမျိုးသမီးများကို ပစ်မှတ်ထားပြီး ငွေပေးဝယ်ယူကာ ဇနီးမယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းသည် တရုတ်နိုင်ငံတွင် ဓလေ့ထုံးစံတစ်ခုသဖွယ် ဖြစ်လာနေသည်ဟု မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲမှူးချုပ် ဝင်းနိုင်ထွန်းက သူ၏ နိုင်ငံဖြတ်ကျော်ငရဲခန်းနှင့် သားကောင်တို့ နားခိုရာဆိုသည့် လူကုန်ကူးမှုပညာပေးစာအုပ်နှစ်အုပ်တွင် ရေးသားထားသည်။

တရုတ်နယ်စပ်တစ်လျှောက်တွင် လူကုန်ကူးခြင်းနှင့် သတို့သမီးအရောင်းအဝယ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာနေပြီး မြန်မာအမျိုးသမီးငယ်များလည်း တရုတ်အမျိုးသားထံ ရောင်းစားရန် နည်းလမ်းမျိုးစုံဖြင့် စည်းရုံးခံနေရသည်ဟု ဆိုသည်။ တရုတ်အမျိုးသားသည် တရုတ်အမျိုးသမီးကို လက်ထပ်ပေါင်းသင်းခွင့်ရရန် အနိမ့်ဆုံးယွမ်ငွေ ငါးသောင်း (အမေရိကန်ဒေါ်လာ ၇၃၀၀) ပေးအပ်ရပြီး မြန်မာအမျိုးသမီးကို ဇနီးမယားအဖြစ် ပေါင်းသင်းရန် ဝယ်ယူမည်ဆိုလျှင် ယွမ်ငွေနှစ်သောင်း (အမေရိကန်ဒေါ်လာ ၃၀၀၀) သာ ပေးချေရသည်ဟု တရုတ်-မြန်မာနယ်စပ်မှ သတို့သမီးအောင်သွယ် လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြောင်း ရဲမှူးချုပ် ဝင်းနိုင်ထွန်း၏ စာအုပ်တွင် ရေးသားထားသည်။

ထိုသို့ ဈေးနှုန်းချိုသာခြင်းကြောင့် တရုတ်မိဘများမှာ လူကုန်ကူးပွဲစားများမှတစ်ဆင့် မြန်မာအမျိုးသမီးများကို ဝယ်ယူကြသည်ဟု ဆိုသည်။ မြန်မာနယ်စပ်အနီး တရုတ်နိုင်ငံအတွင်းရှိ ကျေးရွာအချို့တွင် မြန်မာအမျိုးသမီး ၁၀ ဦးမှ ၁၅ ဦးအထိ ရှိနေသည့် ရွာများပင် ရှိနေကြောင်း မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းနိုင်ထွန်း က သူ၏ လူကုန်ကူးမှု ပညာပေးစာအုပ်များတွင် ရေးသားထားသည်။

တရုတ်အမျိုးသားနှင့် ပေးစားခံရသူ မြန်မာအမျိုးသမီးများမှာ အသက် (၁၈) နှစ်အရွယ်နှင့် (၄၅) နှစ်ကြား အများဆုံးဖြစ်ပြီး တစ်ခါတစ်ရံတွင် အသက် (၁၈) နှစ်အောက် မိန်းကလေးငယ်များပါ ပါဝင်သည်ဟု ဒု-ရဲမှူး မင်းနိုင်က ပြောသည်။ ရှစ်နှစ်အတွင်း တရုတ်အမျိုးသားထံ ရောင်းစားရန် လူကုန်ကူးမှု ၆၀၀ ကျော် ဖြစ်ပွားခဲ့ရာ မြန်မာအမျိုးသမီးများအား တရုတ်မှ အမြင့်ဆုံးပေးဝယ်သည့် ဈေးမှာ ယွမ်ခြောက်သောင်းခွဲဖြစ်သည်ဟု ၎င်းက ပြောသည်။

စာမျက်နှာ (၈)သို့



7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

စာမျက်နှာ (၇)မှ

## နဂါးကြီးကြိုက်တဲ့ ယွမ်တစ်သိန်းတန် မြန်မာသတို့သမီး

တရုတ်သို့ ရောင်းစားခံရပြီး လျှင် အများစုမှာ နေ့ခင်းဘက်တွင် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ရပြီး ညဘက်တွင် တရုတ်မယားအဖြစ် နေထိုင်ကြရသည်။ လူကုန်ကူးခံရပြီး ပြန်လည်လွတ်မြောက်လာသူအချို့သည် အချို့တရုတ်အိမ်များတွင် သားအဖသုံးယောက်ကို လင်တော်ရမှုများထိ ရှိသည်ဟု ဆိုသည်။

"လက်မပါတာ၊ ခြေနှစ်ဖက်ပြတ်နေတာ၊ နားနှစ်ဖက်ကန်းနေတာ၊ စိတ်မနှံ့တာတွေဖြစ်နေတဲ့ ယောကျ်ားတွေနဲ့ ယူကြရတာ။ တချို့ဆို သားအဖသုံးယောက်နေတဲ့ အိမ်ကို ရောက်သွားတာမျိုး ရှိဖူးတယ်။ အဲဒါကျ ပြည့်တန်ဆာဝယ်သလိုကို ဖြစ်သွားပြီ" ဟု ရဲမှူးဖေသိန်းကျော်က ပြောသည်။

လူကုန်ကူးခံရသူ အမျိုးသမီးများ၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်များမှာ တစ်ယောက်တစ်မျိုးစီ မရိုးနိုင်အောင် ရှိနေသည်။ တရုတ်အမျိုးသားအား သားယောကျ်ားလေး မွေးပေးပြီးပါက အခြားတရုတ်အမျိုးသားတစ်ဦးထံ လျှော့ဈေးဖြင့် ပြန်လည်ရောင်းချခံရမှုများလည်း ရှိတတ်သည်။

တရုတ်ဇနီးမယားအဖြစ် လူကုန်ကူးခံရပြီး ပြန်လည်လွတ်မြောက်လာသူများတွင်လည်း HIV၊ AIDS စသည့်ရောဂါများ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ၊ ထိခိုက်မှုများကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်း ဒေသဖွံ့ဖြိုးမှုနည်းသော မြို့ရွာများတွင် နေထိုင်သူများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သူများမှာ လူကုန်ကူးမှု အန္တရာယ် အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည်ဟု မြန်မာနိုင်ငံတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး လာရောက်လုပ်ဆောင်နေသည့် World Vision မှ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေးလက်ထောက် စီမံချက်မန်နေဂျာ ဦးကျော်မြင့်ဦးက ပြောသည်။

အသိပညာ ဗဟုသုတနည်းပါးခြင်းမှာ လူကုန်ကူးမှုများ ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းဖြစ်ပြီး မိသားစုအခက်အခဲနှင့် ဘဝရပ်တည်ရေးအတွက် နေရပ်ပြောင်းရွှေ့လုပ်ကိုင်ကြရာမှ လူပွဲစားများ၏ အခွင့်အရေးယူခြင်းခံရပြီး လူကုန်ကူးခံကြရခြင်းဖြစ်သည်ဟု ဦးကျော်မြင့်ဦးက ပြောသည်။


ဒေသတွင်း တိုက်ပွဲများ ဖြစ်ပွားနေဆဲဖြစ်ပြီး ဘိန်းနှင့်မူးယစ်ဆေးဝါး သုံးစွဲမှု များပြားနေသော တရုတ်နိုင်ငံနှင့် ထိစပ်နေသည့် ရှမ်းပြည်နယ်မြောက်ပိုင်းပလောင် (တအောင်း)ဒေသတွင် လူကုန်ကူးမှုနှင့် ပလောင်အမျိုးသမီးများ တရုတ်အမျိုးသားနှင့် လက်ထပ်မှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေထိရောက်ရှိနေပြီဟုတအောင်းအမျိုးသမီးအစည်းအရုံး အထွေထွေအတွင်းရေးမှူးဒီဒီပိုးစေင် (ဒီဒီပိုကြိမ်း)က ပြောသည်။

တအောင်းအမျိုးသမီးအစည်းအရုံးသည် ပလောင်အမျိုးသမီးများ အခွင့်အရေးအတွက် လှုပ်ရှားလုပ်ကိုင်နေသော အဖွဲ့ဖြစ်သလို ယခင်က ရွှေလီမြို့နှင့် လက်ရှိတွင် မူဆယ်မြို့၌ နားခိုရာ ဂေဟာငယ်လေးများ ဖွင့်ကာ လူကုန်ကူးခံအမျိုးသမီးများအား ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်နေသော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

ပလောင်ဒေသရှိ ကျေးရွာတိုင်းတွင် တရုတ်အမျိုးသားနှင့် လက်ထပ်ထားသူ တိုင်းရင်းသူအမျိုးသမီး အနည်းဆုံး ငါးဦးနှင့် အထက်ရှိနေကြောင်း ၎င်းက ပြောသည်။ ပလောင်အမျိုးသမီးများ တရုတ်အမျိုးသားနှင့် လက်ထပ်ခြင်းသည် အချို့က လူကုန်ကူးခံရ၍ဖြစ်သလို အချို့မှာ နယ်စပ်သို့သွားရောက်လုပ်ကိုင်ရင်းကိုယ်တိုင်သဘောတူ လက်ထပ်ထားသူများလည်း ရှိသည်။

လက်ဖက်စိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သော ပလောင် (တအောင်း) ဒေသတွင် လက်ဖက်ဈေးနှုန်းကျဆင်းခြင်းကြောင့် အလုပ်လက်မဲ့ပြဿနာ ကြီးထွားနေသည်။ ထို့အတွက် ဒေသခံတိုင်းရင်းသူ၊ တိုင်းရင်းသားများမှာ အခြားဒေသများသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်မှုများသည်။ ထို့အပြင် ပလောင်လူငယ်အများစုမှာ မူးယစ်ဆေးစွဲမှုပြဿနာကြောင့် စားဝတ်နေရေးခက်ခဲပြီး အမျိုးသမီးများ ပြင်ပထွက်အလုပ်လုပ်ကိုင်ရာမှ အဆင်မပြေဖြစ်၍ ယခုကဲ့သို့ တရုတ်အမျိုးသားများနှင့် လက်ထပ်ပေါင်းသင်းခြင်းနှင့် လူကုန်ကူးခံရမှု များပြားနေခြင်းဖြစ်ကြောင်း ဒီဒီပိုးစေင် (ဒီဒီပိုးကြိမ်)က ပြောသည်။

"ဒီမှာနေရတာ ဆင်းရဲတယ်။ စားဝတ်နေရေး အဆင်မပြေဘူး။ ဟိုမှာအလုပ်လုပ်ရင်းနဲ့ရောင်းစားခံရတဲ့သူရှိသလို အိမ်မှာနေရင်းနဲ့ ပွဲစားတွေက လာပြီး မြှူဆွယ်စည်းရုံးလို့ ပါသွားပြီးတော့ ရောင်းစားခံရတာတွေလည်းရှိတယ်။ တရုတ်ပြည် ရောက်သွားရင် ချမ်းသာမယ်ဆိုပြီး တရုတ် အမျိုးသားကို ကိုယ်တိုင်သဘောတူပြီး ယူတဲ့လူလည်းရှိတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာတော့ ဟိုရောက်သွားရင် ဒုက္ခရောက်သွားတာများတယ်။ တရုတ်တွေက ကလေးလိုချင်တယ်။ ကလေးမွေးပြီးရင် နောက်တစ်ယောက်ကို လျှော့ဈေးနဲ့ ထပ်ရောင်းတာမျိုးလည်း ရှိ




တယ်" ဟု ၎င်းက ပြောသည်။

လူကုန်ကူးမှုများသည် မြန်မာနိုင်ငံအတွင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖြစ်ပွားလျက်ရှိသည်။ လူကုန်ကူးတားရဲတပ်ဖွဲ့မှ ထုတ်ပြန်သောမြန်မာနိုင်ငံအတွင်းလူကုန်ကူးမှုအဖြစ်အများဆုံး ၄၁ မြို့နယ်တွင် မန္တလေးခရိုင် ခြောက်မြို့နယ်အပါအဝင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေသောကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တရုတ်နယ်စပ်မှ မြို့ရွာများပါဝင်နေသည်။

လူကုန်ကူးမှုနှင့် တရုတ်အမျိုးသားများနှင့် လက်ထပ်ပေါင်းသင်းနေသူများကို တားဆီးထိန်းချုပ်နိုင်မှု မရှိပါက လာမည့်နှစ်များတွင် ပလောင် (တအောင်း) တိုင်းရင်းသားများ လူမျိုးပျောက်မည်ကိုပင် စိုးရိမ်နေရသည်ဟု ဒီဒီပိုးစောင်(ဒီဒီပိုးကြိမ်)က ပြောသည်။

၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ကို သီးခြားဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှု တားဆီးရေး နိုင်ငံတော်အဆင့် အလေးထားလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကုလသမဂ္ဂ (UNIAP) ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် တရုတ်နိုင်ငံ အပါအဝင် မဲခေါင်ခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း လူကုန်တားတပ်ဖွဲ့မှ ဒု-ရဲမှူးမင်းနိုင်က ပြောသည်။ ထို့အတူ တရုတ်နိုင်ငံနှင့်လည်း ပူးပေါင်းပြီး နှစ်နိုင်ငံနယ်စပ်မြို့များဖြစ်သည့် မူဆယ်-ရွှေလီနှင့် လွယ်ဂျယ်-ကျန်းဖုန်းမြို့များတွင် နယ်စပ်ဆက်ဆံရေးရုံးများဖွင့်ကာ လူကုန်ကူးမှု တားဆီးနိုင်ရေးဆောင်ရွက်နေသည်ဟု ဆို သည်။

လူကုန်ကူးမှုများ လျော့ကျစေရန် အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးနေသော်လည်း ဒေသခံအများစုမှာ စိတ်ပါဝင်စားမှုနည်းသည့်အတွက် လူကုန်ကူးမှုတားဆီးနိုင်ရေး အခက်အခဲများ ရှိနေကြောင်း လူကုန်ကူးတား တပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူး မင်းနိုင်က ပြောသည်။

လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရန် အသိပညာပေးဟောပြောပွဲများတွင်တက်ရောက်နားထောင်ရန် လိုအပ်မည်ဖြစ်သလို ဒေသခံလူထုအနေဖြင့် ကိုယ်တိုင်ကြုံမဟုတ်ဘဲ လူကုန်ကူးမှု မသင်္ကာမှုများ တွေ့လျှင်ပင် ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ပေးရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၈) နိုင်ငံသားများ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ (၃၅၈) တွင် လူကုန်ကူးမှုများကို တားမြစ်သည်ဟူသည့်အချက် ပါဝင်သည်။ လူကုန်ကူးမှုများ ပြုလုပ်သည်ကို အထောက်အထားများနှင့်တကွ မိပါကလည်း ထောင်ဒဏ်အနည်းဆုံးဆယ်နှစ်မှ တစ်သက်တစ်ကျွန်း၊ သေဒဏ်အထိ ကျခံရနိုင်ကြောင်း လူကုန်ကူးဥပဒေတွင် ပြဋ္ဌာန်းထားသည်။

သို့သော် အလုပ်အကိုင်အခွင့်လမ်းနည်းပါးခြင်းနှင့် ဆင်းရဲမွဲတေကာ ဘဝရပ်တည်ရေး အခက်အခဲများကြောင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် လူကုန်ကူးမှု ကျူးလွန်ခံခဲ့ရသည့် အမျိုးသမီးအချို့မှာ လူကုန်ကူးမှုများ ပြန်လည်ကျူးလွန်လာကြသည့် ဖြစ်စဉ်များပင် ရှိလာသည်ဟု ရဲမှူးဖေသိန်းကျော်က ပြောသည်။

ထိုသို့ လူကုန်ကူးခံရသူက ပြန်လည်လူကုန်ကူးမှုများတွင် ၎င်းတို့၏တရုတ်အမျိုးသားများ၏ခိုင်းစေမှုများကြောင့် ပါဝင်နေသလို တချို့ဖြစ်စဉ်များတွင် လူကုန်ကူးခြင်းမှာ ငွေကြေးများစွာ အလွယ်တကူ ရရှိနိုင်သည့် နည်းလမ်းဖြစ်ကြောင်းကို သိရှိသွားကြသောကြောင့် အဆင့်ဆင့်လူကုန် ကူးကြခြင်းဖြစ်နိုင်သည်ဟု ရဲမှူး ဖေသိန်းကျော်က သုံးသပ်သည်။

မန္တလေးမြို့တွင် နေထိုင်သည့် မပုံ့ပုံ့သည် လူပွဲစားခေါ်ဆောင်ရာနောက်သို့ လိုက်ရန် သဘောတူလိုက်သည်။ နောက်တစ်နေ့နံနက်တွင် မန္တလေးမှ မူဆယ်သို့ မော်တော်ကားဖြင့် ထွက်ခွာကြမည်ဖြစ်သည်။ သို့သော် မပုံ့ပုံ့မှာ လူကုန်ကူးခံရမည့် ဘေးမှ လွတ်မြောက်ခဲ့သည်။ ၎င်းနှင့် လူပွဲစားတို့ ကားပေါ်ရောက်ပြီးမှ လူကုန်ကူးတားတပ်ဖွဲ့ဝင်များက အချိန်မီတားဆီးကယ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ တားဆီးနိုင်ရန်နှင့် လူကုန်ကူးပွဲစားကို ဖမ်းဆီးနိုင်ရန် မပုံ့ပုံ့က လူကုန်ကူးတားတပ်ဖွဲ့ဝင်များနှင့် ကြိုတင်ညှိနှိုင်းအချိန်းအချက်ပြုလုပ်ထားခြင်းဖြစ်သည်။ တကယ်တော့ မပုံ့ပုံ့သည် လူပွဲစားကို ဖမ်းဆီးနိုင်ရန် လူကုန်ကူးတားတပ်ဖွဲ့မှ စေလွှတ်ထားသည့် အသွင်ယူထားသော တည်ကြက်ပင်ဖြစ်သည်။ ၎င်းက လူကုန်တားတပ်ဖွဲ့ဝင် မဟုတ်ပါ။ အမျိုးသားရေးအတွက် ကိုယ့်စရိတ်နှင့်ကိုယ် လူကုန်ကူးမှုများကို ပူးပေါင်းဖော်ထုတ်ပေးနေသူ ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းက မပုံ့ပုံ့နေထိုင်သော ရပ်ကွက်အတွင်း လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် ဟောပြောပွဲတစ်ခုသို့ တက်ရောက်ခဲ့ပြီး နောက်ပိုင်းမှစ၍ မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ထံသို့ သွားရောက်ကာ ပူးပေါင်းခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်ထိဆိုလျှင် မပုံ့ပုံ့အသွင်ယူပြီး ဖမ်းဆီးခဲ့ပြီးသည့်အမှု သုံးမှုရှိခဲ့ပြီဖြစ်သည်။

# Health

7Day News Journal

Vol.13, No.12 • MAY 28 , 2014


ရဲနောင်

# ဖြိမ်းခြောက်လာသည့် ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ

သုံးစွဲသည့်ပုံစံ မှားယွင်းမှုများကြောင့် ပဋိပဇီဝဆေးယဉ်ပါးခြင်း (သို့)ဆေးမတိုးတော့ခြင်းသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီး၌ ကျန်းမာရေးဆိုင်ရာပြဿနာကြီးတစ်ခုဖြစ်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကသတိပေးပြောကြားထားသည်။

ပဋိဇီဝဆေးများ မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲခြင်း၊ နည်းလမ်းမမှန်သော ပုံစံများဖြင့် ကိုယ်တိုင်ကိုယ်ကျဆေးဝယ်ယူ သောက်သုံးခြင်း၊ ဆေးသောက်သုံးရန် ရောင်းချညွှန်ကြားသူများက ချမှတ်ထားသော စည်းမျဉ်းများကို နားမလည်ခြင်း၊ မလိုက်နာခြင်းတို့ကြောင့် ဆေးမတိုးတော့သည့် ပြဿနာများဖြစ်ပေါ်စေသည်။

"နေမကောင်းလို့ ဆေးခန်းပြတာပဲဖြစ်ဖြစ်၊ အပြင်က ဆေးဆိုင်က ဆေးဝယ်သောက်တာပဲဖြစ်ဖြစ် Antibiotics (ပဋိဇီဝဆေး) ပါတာများတယ်။ ကျွန်တော်တို့ဆီမှာက ရောဂါသက်သာလာရင် ဆေးကိုဆက်မသောက်တော့ဘူး။ သတ်မှတ်ထားတဲ့ Course (ဆေးပတ်ပြည့်မီခြင်း) မပြည့်ဘဲ ရပ်ပစ်လိုက်တယ်။ ဆေးယဉ်ပါးမှုက အဲဒီကနေစဖြစ်ကြတာ"ဟု မင်္ဂလာဒုံမြို့နယ်မှ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာအောင်ကျော်ကပြောသည်။

မြန်မာပြည်သူလူထု၏ အားကိုးရာဖြစ်သော ရပ်ကွက်တွင်း၊ လမ်းတွင်းဆေးဆိုင်များတွင် ဆေးများတွဲစပ်ရောင်းချရာ၌ အမ်ပယ်စီလင်(Ampicillin)၊ အမောက်စလင်(Amoxicillin)၊ တက်ထရာဆိုက်ကလင်း (Tetracycline) စသည့်အသုံးများသော ပဋိဇီဝဆေးများပါရှိနေသော်လည်း တစ်ရက်လျှင် အကြိမ်မည်မျှသောက်ရမည်၊ ဆေးပတ်ပြည့်မီအောင် ဘယ်နှရက်သောက်ရမည်စသည်တို့ကို ဆေးရောင်းချသူများက ညွှန်ကြားပြောဆိုခြင်း မရှိသကဲ့သို့ ဝယ်ယူသူများကလည်း ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ ဆေးဝယ်ယူသောက်သုံးရမည်ဆိုသည်ကို အရေးမကြီးသော ကိစ္စရပ်အဖြစ် ရှုမြင်ကြသည်။

နိုင်ငံတွင်းဆေးရောင်းချသူပေါင်း၈ဝရာခိုင်နှုန်းကျော်မှာဆေးညွှန်းပါ/မပါ၊ ဆရာဝန်ညွှန်ကြားမှုပါ/မပါ စသည်တို့ကို အလေးအနက်မထားဘဲ ရောင်းချနေခြင်း၊ အသက်အရွယ်၊ ရောဂါအမျိုးအစားပေါ်မူတည်၍ ကန့်သတ်ထားသောဆေးများကိုလည်းကန့်သတ်ချက်မထားဘဲ ရောင်းချမှုမှာ ၅၈ ရာခိုင်နှုန်းအထိ ရှိနေကြောင်း ကျန်းမာရေးဦးစီးဌာန (အထက်မြန်မာပြည်)က ဆေးရောင်းချသူများနှင့် စပ်လျဉ်း၍ ပြုလုပ်ထားသော သုတေသနတွင် ဖော်ပြထားသည်။

"ကိုယ်ဖြစ်နေတဲ့ ရောဂါကို လမ်းထိပ်က ဆေးဆိုင်မှာ ပြောပြပြီး ဆေးသုံးခွက်စာ ဝယ်လိုက်တယ်။ ဘာဆရာဝန်ဆေးညွှန်းမှ မလိုဘူး။ ဒီလိုဝယ်နေကျပဲ"ဟု လှိုင်သာယာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း နေထိုင်သူ ဒေါ်ကြင်လှကပြောသည်။

သို့သော် အဆိုပါကိစ္စရပ်များက ပဋိဇီဝဆေးသုံးစွဲသော ပြည်သူလူထုကိုသာမက၊ စနစ်တကျကုသမှုပေးနေရသော ဆေးရုံ၊ ဆေးခန်းများကိုပါ အကျပ်အတည်းရောက်စေသည်ဟု ကျန်းမာရေးဆိုင်ရာပညာရှင်များက ဆိုသည်။

WHO ၏ သုတေသနပြုမှုများအရ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသော ကလေးငယ်များတွင် ဓာတ်ဆားရည်သောက်သုံးခြင်းဖြင့် ရောဂါလက္ခဏာ သက်သာနိုင်သော်လည်း ကလေးငယ် ၁၀ ဦးလျှင် လေးဦးမှာ မလိုအပ်ဘဲ ပဋိဇီဝဆေး သောက်နေရပြီး ဆေးယဉ်ပါးမှုကို ငယ်စဉ်ကတည်းကပင် စတင်ရရှိနေသည်။

ထို့အပြင် ရာသီဥတုအကူးအပြောင်းတွင် ဗိုင်းရပ်စ်ပိုးကြောင့် အဖြစ်များသော ရာသီတုပ်ကွေး အအေးမိ၊ ဖျားနာရောဂါများတွင် ကောင်းစွာအနားယူခြင်း၊ ရေများများသောက်ခြင်း၊ အာဟာရပြည့်ဝစွာ စားသုံးခြင်း၊ အကိုက်အခဲပျောက်ဆေးသုံးစွဲခြင်းတို့ဖြင့် သက်သာနိုင်မည်ဖြစ်သော်လည်း ဆေးလွဲမှားမှု၊ ဘက်တီးရီးယားပိုးသတ်ဆေး(ပဋိဇီဝဆေး)ဖြင့် ကုသခံနေရမှုမှာ လူဦးရေ ၁၀၀ လျှင် ၆၀ ဦးနှုန်းရှိနေသည်။

"ဆေးရုံကို လာကြတဲ့အခါ ရောဂါအခြေအနေကြောင့် Anti–biotics (ပဋိဇီဝပိုးသတ်ဆေး) တင်ရတယ်။ ဒါပေမဲ့တစ်ရက်၊ နှစ်ရက်နဲ့ လူနာက မသက်သာဘူး။ ဒါဆိုရင် First Line(ပထမအဆင့်)ကနေ Second Line(ဒုတိယအဆင့်) ပိုးသတ်ဆေးကိုပြောင်း။ အဲဒါမှ မသက်သာရင် Third Line (တတိယအဆင့်)ကို ပြောင်းပေးရတယ်။ အဓိကကတော့ ရောဂါ အခြေအနေအပြင် လူနာတွေမှာ ပဋိဇီဝဆေးယဉ်ပါးမှု ဖြစ်နေ တာကြောင့်ပါ"ဟု ရန်ကုန်မြို့၊ အင်းစိန်ဆေးရုံကြီးမှအထွေထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

သို့သော်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆင့်မြင့်ပဋိပဇီဝဆေးမျိုးဆက်(တတိယအဆင့်) ဖြစ်သော Cephalosporins၊ Fluoquinolones စသည့် ဆေးယဉ်ပါးမှုဖြစ်နေသော ဝမ်းရောဂါပိုးများ၊ ကာလသားရောဂါပိုးများကို အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများတွင် တွေ့ရှိလာရသည်ဟု သတိပေးထားသည်။

ထို့အပြင် သွေးမှတစ်ဆင့်ကူးစက်တတ်သော ဘက်တီးရီးယားရောဂါပိုးများ၊ ဝမ်းလျှောရောဂါ၊ အဆုတ်အအေးမိရောဂါ၊ ဆီးလမ်းကြောင်းရောဂါပိုးနှင့် ကာလသားရောဂါပိုးများ အပါအဝင် ဘက်တီးရီးယားရောဂါပိုးခုနစ်မျိုးအတွက် ပဋိဇီဝဆေးပြီးမှု၊ ဆေးမတိုးသည့်အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ယခုလအတွင်း WHOက အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့သည်။

"လူထုက ချက်ချင်းပူးပေါင်းဆောင်ရွက်မှု မလုပ်ဘူးဆိုရင် ကမ္ဘာကြီးမှာ ပဋိဇီဝဆေးမတိုးတဲ့ဘက်ကို ဦးတည်သွားလိမ့်မယ်။

**စာမျက်နှာ (၁၉)သို့**



*ပဋိဇီဝဆေးများအား ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးသင့်သည်။*

ဓာတ်ပုံ – ကျော်ဇင်သန်း




7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# တစ်နေ့ကော်ဖီတစ်ခွက်ထက်ပိုသောက်ပါက အရိုးပွနှင့် ကိုယ်တွင်းအဆိပ်အတောက်များ ဖြစ်စေနိုင်

**ယမင်း**

**ရန်ကုန်၊ မေ-၂၄**

ကော်ဖီကိုနေ့စဉ်တစ်ခွက် ထက်ပိုမိုသောက်သုံးပါက အရိုးပွ ရောဂါ၊ ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များဖြစ်စေပြီး နာတာရှည်နှင့်အခြားနောက်ဆက်တွဲ ရောဂါများ ဖြစ်ပွားနိုင်ခြင်းကြောင့် ဆင်ခြင်သောက်သုံးသင့်သည်ဟုဆရာဝန်ကြီးများက အကြံပြုကြသည်။

"ကော်ဖီက အရိုးကျစ်လျစ်မှုကိုလျော့နည်းစေတယ်။ အရိုးကျိုးလွယ်တာတွေ၊ မျက်လုံးရေတိမ်ရောဂါတွေကို စွဲကပ်လာစေနိုင်တယ်။ ကော်ဖီထဲမှာပါတဲ့ ကဖိန်းဓာတ်ကလည်း သွေးကြောနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်ပွားနိုင်လို့ စွဲစွဲလမ်းလမ်း မသောက်သုံးသင့်ဘူး။ ဆင်ခြင်သောက်သုံးသင့်တယ်"ဟု အလုံမြို့နယ်မှ အထွေထွေရောဂါကုဆရာဝန်ဒေါက်တာမြင့်ဦးကပြောသည်။

ထို့ပြင် ကော်ဖီသည် စိတ်ကြည်လင်လန်းဆန်းမှုကိုဖြစ်ပေါ်စေသော်လည်း ကော်ဖီမစ်ထုပ်အချို့ထဲ၌ ဆေးသကြားရောနှောပါဝင်ပါက ရင်ကျပ်ချောင်းဆိုးခြင်းအပြင် နာတာရှည်ရောဂါများစွဲကပ်လာနိုင်သည်ဟုသိရသည်။

"ကော်ဖီမစ်ထုပ်တွေထဲမှာ သကြားပဲထည့်ရင် ပြဿနာမရှိဘူး။ ဆေးသကြားရောထည့်တာကိုသောက်မိရင်တော့ ရင်ကျပ်ချောင်းဆိုးမယ်။ ခန္ဓာကိုယ်တွင်းမှာ အချိုဓာတ်တွေကမောက်ကမဖြစ်မယ်။ နှလုံးအာရုံကြောတွေထိခိုက်ပြီး ရင်တုန်တာတွေဖြစ်မယ်။ အိပ်မပျော်ရောဂါရလာနိုင်ပါတယ်"ဟု အထွေထွေရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာစိုးမင်းကပြောသည်။

ကော်ဖီစွဲလမ်းစွာသောက်သုံးခြင်းဖြင့် အရိုးပွရောဂါနှင့် ခန္ဓာကိုယ်တွင်းအဆိပ်အတောက်များဖြစ်၍ နာတာရှည်ရောဂါများနှင့် ဂနာမငြိမ်ဖြစ်ခြင်း၊ အိပ်မပျော်ခြင်း၊ နှလုံးစည်းချက်မမှန်ခြင်း၊ အစာအိမ်ပူလောင်ခြင်း၊ သွေးပေါင်ချိန်တိုးခြင်း စသည့်ခန္ဓာကိုယ်တွင်းရောဂါများဖြစ်ပွားနိုင်သည့်အပြင် နောက်ဆက်တွဲဆိုးကျိုးအဖြစ် အရိုးပွရောဂါများ စွဲကပ်လာနိုင်ကြောင်းသိရသည်။

ထို့ကြောင့် ကော်ဖီကိုမကြာခဏမသောက်သုံးဘဲတစ်နေ့လျှင်တစ်ခွက်နှုန်းသာသောက်သုံးသင့်ကြောင်း၊ ထိုသို့သောက်ရာ၌လည်း ဘလက်ကော်ဖီကဲ့သို့သောကော်ဖီမျိုးကိုသာ ရွေးချယ်သောက်သုံးသင့်ပြီး တစ်ခါသောက်လျှင်တစ်ငုံနှစ်ငုံသောက်သုံးပေးခြင်းများပြုလုပ်သင့်ကြောင်းဆရာဝန်ကြီးများက အကြံပြုပြောဆိုသည်။

ကော်ဖီတစ်ခွက်လျှင်အင်တီအောက်ဆီးဒင့်ဟုသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင် ကဖိန်းဟုခေါ်သောဓာတ်ပေါင်းပမာဏ ၂၀ ဂရမ်မှ ၁၀၀ ဂရမ်အထိပါဝင်နေသည်။ ယင်းဓာတ်များသည် အဆိပ်အတောက်များကိုပိုမိုများပြားစေနိုင်ပြီး စွဲလမ်းစွာသောက်သုံးပါက နာတာရှည်ရောဂါများဖြစ်ပေါ်စေနိုင်သောကြောင့် နိုင်ငံတကာအားကစားပြိုင်ပွဲ၌ ကော်ဖီထဲတွင် ကဖိန်းဓာတ်သုံးစွဲခြင်းကို တားမြစ်ထားခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ၌ လက်ရှိတွင် ကော်ဖီကိုအရက်အစားထိုး အရည်တစ်မျိုးအဖြစ် တွင်ကျယ်စွာသုံးစွဲလာကြပြီး လူတစ်ဦးသည် တစ်နှစ်အတွင်း ကော်ဖီပမာဏ (၂ဒသမ ၂)ဂါလန်သောက်သုံးနေကြသည်။

မြန်မာနိုင်ငံတွင်မူမြို့နေ လူထုကအစဦးပိုင်း၌ကော်ဖီသောက်သုံးကြသော်လည်း ယခုအခါတောင်ပေါ်ဒေသများထိပါကော်ဖီသောက်သုံးလာကြသည်။ စျေးကွက်အတွင်း၌လည်း တံဆိပ်အမျိုးမျိုးတပ်ကာ ကော်ဖီမစ်တစ်ထုပ်လျှင် ကျပ် ၁၀၀ မှ ၂၀၀ ဝန်းကျင်ကြားစျေးနှုန်းရှိကြောင်း အခြေခံစားသောက်ကုန်စျေးကွက်အတွင်းမှ သတင်းရရှိသည်။

# အရေးပေါ်နံပါတ် ၁၉၂ ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်မည်

**ရှင်းရှင်း၊ ယမင်း**

**ရန်ကုန်၊ မေ-၂၄**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွင်းက အသုံးပြုခဲ့သည့် အရေးပေါ်လူနာတင်ယာဉ်ခေါ်သည့်နံပါတ်၁၉၂ကိုအမျိုးသားအဆင့်စနစ်တစ်ခုရေးဆွဲ၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးမှ သတင်းရရှိသည်။

"အင်္ဂလန်မှာဆိုရင် အရေးပေါ်နံပါတ် ၉၉၉ ရှိတယ်။ ဂျပန်မှာဆိုရင် ၇ မိနစ်၊ ၈ မိနစ်အတွင်း ကားရောက်တယ်။ အဲဒီလိုမျိုးစနစ် မြန်မာနိုင်ငံမှာ မရှိသေးဘူး။ နိုင်ငံတကာမှာ အရေးပေါ်ဖုန်းနံပါတ်တွေက ဂဏန်းသုံးလုံးပဲရှိတယ်။ သေလုမျောပါးဖြစ်နေရင်တောင် အလွယ်တကူခေါ်လို့ရမယ့် ဖုန်းနံပါတ်စီစဉ်ထားတယ်။ အဲဒါကြောင့် ၁၉၂ နဲ့ စအကောင်အထည်ဖော်တာပါ"ဟု ရန်ကုန်ဆေးရုံကြီး အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဇော်ဝေစိုးက ပြောသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲပြီးဆုံးချိန်တွင် အဆိုပါ ၁၉၂ စနစ်မှာ နေပြည်တော်၌သာ အသုံးပြုနိုင်ပြီး ကျန်တိုင်းနှင့်ပြည်နယ်အသီးသီးတွင်မူ အသုံးပြုနိုင်ခြင်းမရှိသေးပေ။ ထို့အပြင် ခေါ်ယူအသုံးပြုနိုင်သည့် ၁၉၂ သည်လည်း ဂျီအက်စ်အမ်နှင့် စီဒီအမ်အေလေးရာ့ငါးဆယ်တို့နှင့်သာ ခေါ်ယူနိုင်သေးပြီး အခြားဖုန်းလိုင်းများအတွက် ခေါ်ဆိုအသုံးပြုနိုင်ရန် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အရေးပေါ်လူနာတင်ယာဉ်ပေါ်၌ စနစ်ကျသောပြုစုစောင့်ရှောက်မှုစနစ်ကို မရရှိခြင်းကြောင့် အရေးပေါ်လူနာရာနှုန်းပြည့်တစ်ရာလျှင် ၃၀ ရာခိုင်နှုန်းမှာ လူနာတင်ယာဉ်များပေါ်တွင် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရသည်ဟု ဆရာဝန်ကြီးအချို့က သုံးသပ်ပြောဆိုသည်။

ထို့ကြောင့် ယခင်ကအသက်မဝင်ခဲ့သော ၁၉၂ ကို ပြန်လည်အသက်ဝင်စေရန် နေပြည်တော်၌ရှိသည့် အရေးပေါ်ဖုန်းဖြေဆိုသူဝန်ထမ်းများကို အမြဲတမ်းဝန်ထမ်းအဖြစ် ထားရှိခြင်း၊ အမြန်လမ်းပေါ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များကိုပြုစုစောင့်ရှောက်နည်းသင်တန်းများပေးခြင်းတို့အပြင် ယင်းလမ်းမကြီး၌ ၂၄ နာရီဝန်ထမ်းများ၊ ဖုန်းနှင့် ကွန်ပျူတာများ၊ ကျန်းမာရေး ဝန်ထမ်းများထားရှိနိုင်ရန်အတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနက ယခုမှစ၍ ဆောင်ရွက်လျက်ရှိသည်။






Regional
7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ဥရုမြစ်ရေတိုက်စားမှု နှစ်စဉ်ကြုံနေရသော နောင်ပိုအောင်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ရေကာတာများတည်ဆောက်

**ကိုစိုင်း**

**ကလေး၊ မေ-၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ရှိ ဥရုမြစ်ကမ်း ကျေးရွာဖြစ်သော နောင်ပိုအောင်ကျေးရွာတွင် မိုးတွင်းကာလ ရေများချိန်ဖြစ်ပါက ကမ်းပါးများ ရေတိုက်စားခံရပြီး မြစ်ကမ်းဘေးနေ လူနေအိမ်ခြေများ ပြောင်းရွှေ့နေရသဖြင့် ကိုယ့်အားကိုယ်ကိုး ရေကာတာနှစ်ခုတည်ဆောက်ခဲ့ကြောင်း နောင်ပိုအောင်ကျေးရွာသားများထံမှ သတင်းရရှိသည်။

ယခင်နှစ်က တည်ဆောက်ခဲ့သော ရေကာတာနှစ်ခုသည် ဥရုမြစ်ရေ များချိန်တွင် ပျက်စီးခဲ့သဖြင့် ယခုနှစ်တွင် ထပ်မံတည်ဆောက်ရခြင်းဖြစ်ကြောင်း နောင်ပိုအောင် ကျေးရွာ ကျောင်းထိုင်ဆရာတော် အရှင်ကောသလ္လက မိန့်ကြားသည်။

"မြစ်ရေတိုက်စားတဲ့အတွက် အိမ်တွေ ပြောင်းရွှေ့နေရပါပြီ။ ဘုန်းကြီးကျောင်းလည်း အခုဆို မြစ်နဲ့ ပေ ၅၀ ပဲ ကွာတော့တယ်။ ဒါကြောင့် နောင်ပိုအောင်ရွာက အလှူရှင်တွေနဲ့ ပေါင်းပြီး ရေကာတာနှစ်ခု တည်ဆောက်ခဲ့ပါတယ်" ဟု အရှင်ကောသလ္လက ပြောသည်။



*ကိုယ်ထူကိုယ်ထရေကာတာတည်ဆောက်နေစဉ်* ဓာတ်ပုံ – ကိုစိုင်း

အဆိုပါ ရေကာတာနှစ်ခုကို ကျပ်သိန်း ၆၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေကာတာတစ်ခုမှာ ပေ ၁၀၀ ကျော်ဖြစ်ပြီး ကျန်တစ်ခုမှာ ပေ ၂၀၀ ကျော်အထိ တည်ဆောက်ခဲ့ရသည်ဟု ဒေသခံ ကျေးရွာသားများက ပြောသည်။

ဥရုမြစ်သည် ကချင်ပြည်နယ်မှ မြစ်ဖျားခံစီးဆင်းသော မြစ်ဖြစ်ပြီး ဟုမ္မလင်းမြို့အောက် သုံးမိုင်ခန့်အကွာတွင် ချင်းတွင်းမြစ်အတွင်းစီးဝင်သော မြစ်ဖြစ်ကြောင်း သိရသည်။

# မုံရွာဒေသတွင် ပဲတီစိမ်းတစ်တင်း ကျပ်လေးသောင်းဝန်းကျင် ဈေးပေါက်

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၂၄**

မုံရွာမြို့နယ်ရှိ ပဲတီစိမ်းစိုက်ခင်းများတွင် ပဲလှိုင်လှိုင်ပေါ်ချိန် မေလကုန်ရက်ပိုင်းအတွင်း ပဲတီစိမ်းတစ်တင်းလျှင် ကျပ်လေးသောင်းဝန်းကျင်အထိ ဈေးမြင့်တက်ခဲ့ကြောင်း ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

"ပဲတီစိမ်းက မေလဆန်းက စကောက်တာ။ အဲဒီအချိန်တုန်းက တစ်တင်းသုံးသောင်းခြောက်ထောင်ဝန်းကျင်ပဲရှိတာ။ အခု မေလကုန်ရက်ပိုင်းမှာ တစ်တင်းလေးသောင်းဝန်းကျင်အထိ ဈေးတက်သွားတယ်။ အရင်နှစ်ကနဲ့ ယှဉ်ရင် ဈေးပိုရတယ်"ဟု မုံရွာမြို့နယ် ဘုဘ ကျေးရွာဒေသခံ ပဲတီစိမ်းစိုက်တောင်သူ ဦးချိုတူးက ပြောသည်။

"ဒီနှစ် ပဲတီစိမ်းပေါ်စကတည်းက တရုတ်နယ်စပ်က ဝယ်လက်ရှိတယ်။ ဒါကြောင့် ဒီနှစ် ပဲတီစိမ်းဈေးကောင်းရတာပါ"ဟု မုံရွာဒေသခံပဲကုန်သည်တစ်ဦးက ပြောသည်။

ရာသီဥတု ပူပြင်းသောကြောင့် ယခုနှစ်ပဲတီစိမ်းစိုက်ပျိုးချိန်တွင် ယခင်နှစ်ကထက် စိုက်ပျိုးရေ ပိုမိုပေးသွင်းရပြီး မိုးရွာသွန်းမှုနည်းပါးသောကြောင့် ပဲတီစိမ်းအထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် စိုက်ပျိုးချိန်သုံးကြိမ်မှ လေးကြိမ်အထိ ရေပေးသွင်းပါက တစ်ဧကလျှင် ပထမအကြိမ်ပဲကောက်ချိန်တွင် ၂၅ တင်းမှ တင်း ၃၀ ဝန်းကျင်အထိ ဒုတိယအကြိမ်ပဲကောက်ချိန်တွင် ၁၅ တင်းမှ တင်း ၂၀ အထိ အထွက်နှုန်းရှိခဲ့ကြောင်း ပဲတီစိမ်းစိုက်တောင်သူများကခန့်မှန်းပြောကြားသည်။

ယခုနှစ်ပဲတီစိမ်းစိုက်ပျိုးရာသီအဖြစ် ဖေဖော်ဝါရီတွင်စိုက်ပျိုးခဲ့ပြီး မေလဆန်းတွင် ပဲစကောက၍ ဇွန်လဆန်းတွင် ဒုတိယအကြိမ်မြောက် ပဲတီစိမ်းကောက်ယူကာ ဈေးကွက်သို့ ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ ယခုနှစ်နွေရာသီတွင် အခြားသီးနှံများထက် ပဲတီစိမ်းစိုက်ခင်းများယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလာကြောင်း ချင်းတွင်းမြစ်ရေဝင်ဒေသ တောင်သူများ ပြောပြချက်အရ သိရှိရသည်။



7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ချင်းတွင်းမြစ်အထက်ပိုင်းဒေသ ဆက်သွယ်ရေးဆက်ကြောင်း တည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မျိုးမင်းဦး**

**မုံရွာ၊**

**မေ- ၂၅**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများဖြစ်သည့် ခန္တီး၊ ဟုမ္မလင်းနှင့် ဖောင်းပြင် မြို့နယ်များတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီမှစတင်ကာ ဆက်သွယ်ရေး ဆက်ကြောင်းလိုင်းသစ် တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆက်သွယ်ရေးဦးစီးဌာနမှူးရုံးမှ သိရှိရသည်။

ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင် မြို့နယ်များရှိ ခန္တီး၊ လင်းဖား၊ ဟုမ္မလင်း၊ ပင်းမာ၊ အုန်းဘက်၊ ဖောင်းပြင်၊ မိုင်းချောင်နှင့် ကျီးပင်ဒေသများတွင် မြန်မာပိတောက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မိုက်ကရိုစခန်းရှစ်ခု၏ ဆက်သွယ်ရေး အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ရေးနှင့် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ချင်းတွင်းမြစ် အထက်ပိုင်းဒေသဆက်သွယ်ရေးဆက်ကြောင်းနေရာ ရှစ်ခုပြီးစီးချိန်တွင် အဆောက်အအုံနှင့် စက်တပ်ဆင်ပြီးပါက ၆၂ မီတာအမြင့်ရှိသော ဆက်သွယ်ရေးတာဝါတိုင် ရှစ်ခုချိတ်ဆက်မှုကြောင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီးဆက်သွယ်ရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်အထက်ပိုင်းဆက်သွယ်ရေးဆက်ကြောင်းစီမံကိန်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဇွန်လအတွင်း အပြီးသတ် တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ချင်းတွင်းမြစ်အထက်ပိုင်းဒေသဆက်သွယ်ရေးဆက်ကြောင်းနှင့် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းရှစ်နေရာ တပ်ဆင်ပြီးစီးပါက ဂျီအက်စ်အမ်မိုဘိုင်းဖုန်းဆက်သွယ်ရေးစခန်းများအဖြစ် ဟုမ္မလင်းမြို့နယ်တွင် နှစ်နေရာ၊ နှောင်ပိုအောင်တွင် တစ်နေရာ၊ နမ့်တောတွင် တစ်နေရာ၊ ခန္တီးမြို့တွင် နှစ်နေရာ အသုံးပြုနိုင်မည်ဖြစ်သည်။

အော်တိုအိတ်ချိန်းစနစ်ဖြင့် ခန္တီးမြို့တွင် တပ်ဆင်ပြီးစီးပါက ဆက်သွယ်ရေးကြိုးဖုန်းများ ချထားပေးမည်ဖြစ်ပြီး ခန္တီးမြို့တွင် ကြိုးဖုန်းလိုင်း ၃၀၀၊ ဟုမ္မလင်းမြို့တွင် ကြိုးဖုန်း ၂၀၀ တပ်ဆင်အသုံးပြုမည်ဖြစ်သည်။

တယ်လီဖုန်းလိုင်းနံပါတ်များအဖြစ် ဟုမ္မလင်းမြို့တွင် ၀၇၃–၂၄၆…စသည့် ဂဏန်း ခြောက်လုံး၊ ခန္တီးမြို့တွင် ၀၇၃– ၂၄၈ စသည့် ဂဏန်းခြောက်လုံး ဖြစ်ပြီး အော်တိုတယ်လီဖုန်းများ ဖြစ်သည်။



# ပြည် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ရဟန်းရှင်လူ တစ်ထောင်ကျော်ဝင်ရောက်ဖြေဆို

**ဇော်မင်းထိုက်**

**ပြည်**– မေလ ၂၅ရက်မှ စတင်ဖြေဆိုရသော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲတွင် ပြည်မြို့နယ်အတွင်းမှ ရှင်သာမဏေနှင့်လူပုဂ္ဂိုလ်ပေါင်း တစ်ထောင်ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

"စာမေးပွဲဝင်ရောက်ဖြေဆိုတာ ထောင့်ခုနစ်ရာကျော်တယ်။ ဖြေဆိုသူတွေကို အသက်အရွယ်၊ အတန်းပညာကန့်သတ်ချက်မရှိပါဘူး။ ဗုဒ္ဓရဲ့အဆုံးအမတွေကိုသိရှိလာပြီး နောင်အနာဂတ်လူတော်လူကောင်းတွေဖြစ်လာစေဖို့၊ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်လာစေဖို့ အခုလိုသင်တန်းတွေပို့ချ၊ စာမေးပွဲတွေဖြေဆိုခိုင်းခြင်းဖြစ်တယ်" ဟု ပြည်မြို့အောင်တော်မူဒွေးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တမိကဇတိက မိန့်ကြားသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအား ၃ရက်ကြာ ကျင်းပခဲ့ပြီး ယဉ်ကျေးမှု၊ ကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာမြန်မာစာနှင့်အဘိဓမ္မာ မြန်မာစာဘာသာများကို ဖြေဆိုသွားရမည်ဖြစ်သည်။ စာမေးပွဲအားပြည်မြို့နယ်သံဃမဟာနာယကအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး (၃၁)ကြိမ်မြောက်ဖြစ်ကြောင်း၊ ပြည်မြို့နယ်အတွင်းရှိ သာသနာ့ဗိမာန်၊ မြို့သစ်(၈)လမ်းရှိ ဓမ္မောဒယကျောင်းတိုက်၊ စကြံနံတောင်ကျောင်းတိုက်၊ နတ္တလင်းကျေးရွာမူလတန်းကျောင်း၊ ဝက်ထီးကန်ဇောဓိကျောင်းတိုက်တို့တွင် စာစစ်ဌာနများထားရှိကာ စစ်ဆေးခဲ့သည်။

# ကလေးမြို့ စံသာသုသာန် ရွှေ့ပြောင်းရာတွင် ငွေကြေးမတတ်နိုင်သူများအတွက် အလှူငွေကောက်ခံမည်

**ကိုစိုင်း**

**ကလေး၊ မေ- ၂၅**

ကလေးမြို့နယ် သဇင်ရပ်ကွက်ရှိ စံသာသုသာန်မြေနေရာတွင် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတည်ဆောက်မည်ဖြစ်၍ မြှုပ်နှံထားသော အုတ်ဂူများရွှေ့ပြောင်းပေးမည်ဖြစ်ရာ ရွှေ့ပြောင်းရန် ငွေကြေးမတတ်နိုင်သူများအတွက် စံသာသုသာန် ထိန်းသိမ်းရေးကော်မတီက အလှူငွေကောက်ခံလှူဒါန်းသွားမည် ဖြစ်ကြောင်း ဦးလန့်ခန်ခိုင်ကပြောသည်။

"စံသာသုသာန်က ၂၅ ရက်ဆိုရင် အဖျက်ခံရတော့မှာပါ။ ဒီသုသာန်မှာ အုတ်ဂူစုစုပေါင်း တင်ထောင်ကျော်ရှိပါတယ်။ မြေအောက်မှာရှိတဲ့အလောင်းပေါင်းကလည်း မနည်းပါဘူး။ ငွေကြေးတတ်နိုင်တဲ့သူတွေကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ရွှေ့နိုင်ပေမယ့် မတတ်နိုင်တဲ့သူတွေကတော့ရွှေ့ဖို့မလွယ်ပါဘူး"ဟု စံသာသုသာန်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးလန်ခန့်ခိုင်ကပြောသည်။ စံသာသုသာန်သည် ကလေးမြို့နယ် သဇင်ရပ်ကွက်အတွင်း တည်ရှိပြီး ၁၉၉၆ ခုနှစ်တွင် သုသာန်မြေအဖြစ် စတင်အသုံးပြုခဲ့သည်။ ထိုသို့ဖယ်ရှားရာတွင် သုသာန်မြေကိုသာ ဘူဒိုဇာများဖြင့် ညှိသွားမည်ဖြစ်ပြီး အုတ်ဂူရွှေ့ပြောင်းလိုသူများ အနေဖြင့် ဒိုဝိုင်းချောင်းသင်္ချိုင်းမြေသို့ မိမိအစီအစဉ်ဖြင့် ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်သည်။

"မရွှေ့ပြောင်းချင်ဘူးလို့ပြောလို့မှ မရတော့တာ။ ရွှေ့ရမယ်ဆိုရင်လည်း တစ်သိန်းခွဲလောက်ကုန်မှာဆိုတော့ မတတ်နိုင်တော့ဘူး။ လုပ်ချင်လည်း ဒီအတိုင်းလုပ်ကြဆိုပြီး ထားထားရတော့မှာပဲ"ဟု ယင်းသုသာန်တွင် မြှုပ်နှံထားသူတို့၏ ဆွေမျိုးတစ်ဦးဖြစ်သော ဦးအွမ်ဇဒါလ်ကပြောသည်။

ကလေးမြို့နယ်တွင် စံသာသုသာန်အပါအဝင် သုသာန် ၁၀ ခု၏မြေနေရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအသုံးပြုနိုင်မည့် အဆောက်အအုံများ တည်ဆောက်ရန်အတွက် ပိတ်သိမ်းမှုများပြုလုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကညွှန်ကြားထားသည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
KYAW KYAW NAING FAMILY TECHNICAL SERVICES CO.,LTD

အောင်ချမ်းမြေ့
ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း
(JAPANESE LANGUAGE TRAINING CENTRE)

အမှတ်(၂၄၉)၊ (2B, 5B, 6B, 7B)၊ ဗားဂရာလမ်းမ၊
မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
Open - 7:00 Am to 7:00 Pm ပိတ်ရက်မရှိပါ။
aungchanmyae.myanmar@gmail.com

အပတ်စဉ်(၁၈) 10-6-2014 နေ့မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။
အပတ်စဉ်(၁၉) 19-6-2014 နေ့မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။

- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 04:00 PM (Break (1)hour)
- သင်တန်းကာလ (၅)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့သွားရောက် အလုပ်လုပ်မည့်သူများ၊ ကျောင်းတက်မည့်သူများအတွက် ဂျပန်စာ၊စကား နာရီပေါင်း(၅၀၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိ ရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများ တွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက် ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

စိုက်ပျိုးရန်အသင့် မြန်မာ့မျိုးကောင်းမျိုးသန့်
(၁) ကျွန်းပျိုးပင်
(၂) ကျွန်းငုတ်တက်
(၃) ကျွန်းမျိုးစေ့များ ရောင်းရန်ရှိသည်။

Adress : Royal Tree Services Company Limited
Building 7+1D, Room 308, Parami Condo, Hlaing Township,
Yangon, 11051, Myanmar.
Tel : 951 654857, 959 450046440, 959 8640326
Website : www.royaltreeservices.biz

7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ၂ နှစ်ကြာသည့်တိုင် မငြိမ်းသေးသောမီး

အောင်ခိုင်



*စစ်တွေမြို့လယ်ကို ၂၀၁၂ က တွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အနောက်ဘက် တံခါး၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့တွင် မီးလောင်ကွင်းပြင်များ၊ မီးသင့်အဆောက်အအုံများနှင့် ပျက်စီးနေသောလူနေအိမ်များကို ယခုတိုင် မြင်တွေ့နေရဆဲဖြစ်သည်။ ထို့အပြင် လက်နက်အပြည့်အစုံဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်းလမ်းဆုံလမ်းခွများ၊ အချက်အချာကျသည့် နေရာများတွင် သတိအနေအထားဖြင့် နေရာယူထားကြဆဲဖြစ်သည်။

၂၀၁၂ ခုနှစ် ပဋိပက္ခများဖြစ်ပွားပြီးချိန်မှစတင်၍ ယခုအချိန်ထိ စစ်တွေမြို့ အနေအထားမှာ ပုံမှန်အခြေအနေသို့ မရောက်ရှိသေးပေ။

အဆိုပါ မြင်ကွင်းမျိုးကို စစ်တွေမြို့တွင်သာမက မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ ကျောက်ဖြူ စသည့်မြို့များအပါအဝင် ရခိုင်ပြည်နယ်ရှိမြို့အများစုတွင် မြင်တွေ့ရမည်ဖြစ်သည်။

၂၀၁၂ မေလ ၂၈ ရက်တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်မှ စတင်ခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခမှာ ယခုအခါ ၂နှစ်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် ပြဿနာကိုမဖြေရှင်းနိုင်သေးပါ။ ကျောက်နီမော်မှစတင်သောမီးမှာ ရခိုင်ပြည်နယ်ကျော်လွန်ကာ နိုင်ငံတစ်ဝန်း၊ ထိုမှဒေသတွင်းနိုင်ငံများသို့တိုင် ကူးစက်ခဲ့ပါသည်။ လူမျိုးရေး၊ ဘာသာရေးမီးမှာ ယနေ့တိုင်လည်း အချိန်မရွေးထတောက်နိုင်သောအခြေအနေဖြစ်နေဆဲ။

၂၀၁၂ ဇွန်လနှင့်အောက်တိုဘာတွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများကြောင့် ရခိုင်ပြည်နယ်တွင် လူဦးရေ ၁၉၂ ဦး သေဆုံး၍ ၂၆၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ဘာသာရေး အဆောက်အအုံနှင့် စာသင်ကျောင်းများအပါအဝင်လူနေအိမ်ခြေကိုးထောင်နီးပါး ပျက်စီးဆုံးရှုံးခဲ့ပြီး လူဦးရေ တစ်သိန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

ထို့အပြင် ယမန်နှစ်စက်တင်ဘာလနှောင်းပိုင်းက သံတွဲမြို့နယ်အတွင်း ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံး၍ ငါးဦးဒဏ်ရာ ရရှိခဲ့သည်။ ဘာသာရေး အဆောက်အအုံနှစ်လုံး အပါအဝင် နေအိမ် ၆၀ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

၂၀၁၂ ဇွန်လ မတိုင်မီက ထိုမျှ ရက်စက်ကြမ်းကြုတ်သော ဖြစ်စဉ်မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာမည်ဟု မည်သူမျှထင်မထားခဲ့။ အဆိုပါပဋိပက္ခများကြောင့်နိုင်ငံတကာအထိ ဂယက်ရိုက်ခဲ့သော ရခိုင်ပဋိပက္ခကို အစိုးရက မဖြေရှင်းနိုင်မီ နောက်ဆက်တွဲပြဿနာများ ဆက်လက်ဖြစ်ပွားခဲ့ပြီး တိုင်းပြည်ဂုဏ်သိက္ခာကျဆင်းခဲ့ရပြန်သည်။

**အကြမ်းဖက်မှုများ**

ရခိုင်ပြည်နယ် ပဋိပက္ခများ ဖြစ်ပွားချိန်မှစ၍ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသော အမုန်းစကားများ ပျံ့နှံ့လာခဲ့သည်။ ယင်းအကျိုးဆက်အဖြစ် ၂၀၁၃ အတွင်း၌ မိတ္ထီလာ၊ လားရှိုး၊ ဥက္ကံအပါအဝင် မြို့ပေါင်း ၂၀ ခန့်၌ လူမျိုးရေး၊ ဘာသာရေး အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ ယင်းအကြမ်းဖက်မှုများကြောင့် လူဦးရေ ၅၀ ခန့်သေဆုံးပြီး အဆောက်အအုံပေါင်း ၂,၀၀၀ ခန့်ပျက်စီးခဲ့ရသည်။ လူဦးရေတစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ ထပ်မံဖြစ်ခဲ့ရပြန်သည်။

အကြမ်းဖက်မှုများမှာ ပြည်တွင်းသာမက နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ ဆက်လက်ဖြစ်ပွားခဲ့သည်။ ယမန်နှစ်အတွင်းက မလေးရှားနိုင်ငံရှိ မြန်မာ အလုပ်သမားများကို ဆက်တိုက်အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပြီး ၁၀ ဦးနီးပါးသေဆုံး၍ ၁၂ ဦးကျော် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်ရခိုင်မျိုးနွယ်စုများ ဆက်တိုက်အကြမ်းဖက်ခံရပြီးလူဦးရေ ၂,၀၀၀ခန့် မောင်တောဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြန်သည်။

**ရခိုင်ပြည်နယ်၌ လုံခြုံရေးတပ်ဖွဲ့များနှင့် ဘင်္ဂါလီလူမျိုးတို့ကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ**

၂၀၁၂ ပဋိပက္ခများပြီးနောက် လုံခြုံရေးကြောင့် ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးတို့ သီးခြားစီခွဲ၍နေထိုင်ကြသည်။ ယမန်နှစ် ဧပြီလနှောင်းပိုင်းက စစ်တွေမြို့ အနောက်ပိုင်းတွင် လူဦးရေစာရင်းကောက်ယူ (ဆွဲတင်စစ်) လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဘင်္ဂါလီလူမျိုးများက လူစုလူဝေးဖြင့် အကြမ်းဖက်ကန့်ကွက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံမှုများစတင်ဖြစ်ပွားခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂါလီလူမျိုးတို့ကြား ထိပ်တိုက်ရင်ဆိုင်မှု ၇ ကြိမ်ခန့်ဖြစ်ပွားခဲ့သည်။ တရားဝင်ထုတ်ပြန်ချက်များအရ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦးသေဆုံးပြီး ၁၇ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

ယင်းကဲ့သို့ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ ဖြစ်ပွားနေခြင်းသည် ပြဿနာကိုပိုမိုကြီးထွားစေနိုင်ပြီး ဒေသတည်ငြိမ်ရေးကို ထိခိုက်စေနိုင်ကြောင်း ရခိုင်အရေး စောင့်ကြည့်သူများကသုံးသပ်သည်။

မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ် ထိတွေ့တိုက်ပွဲများပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မောင်တောမြို့နယ် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ကို ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ဟုယူဆရသော လက်နက်ကိုင်အဖွဲ့က ဝင်ရောက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လေးဦးကျဆုံးပြီး အရာရှိတစ်ဦးဒဏ်ရာရရှိခဲ့သည်။

တိုက်ပွဲများအပြီး နယ်စပ်၌ ပြုလုပ်သော မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်ရဲတပ်ဖွဲ့အလံတင်ဆွေးနွေးပွဲတွင် ၎င်းတို့နိုင်ငံအခြေစိုက် RSO အဖွဲ့မရှိကြောင်း ဘင်္ဂလားဒေ့ရှ်ဘက်မှ ငြင်းဆိုခဲ့သည်။

သို့သော်လည်း ရခိုင်ပြည်နယ် ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာတွင်မူ တစ်ဖက်နိုင်ငံနယ်စပ်အခြေစိုက် လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုသမိုင်းကို ယခုကဲ့သို့ဖော်ပြထားသည်။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်တွင် ရခိုင်ပြည်နယ်မှ ခွဲထွက်ရေး ဆောင်ရွက်နေသော ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးတပ်ဦးနှင့် ရိုဟင်ဂျာ မျိုးချစ်တပ်ဦးတို့၏ မြေအောက်လှုပ်ရှားမှုများကို ဖော်ထုတ်နိုင်ခဲ့၍ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေချလှုပ်ရှားမှုများ ရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဝင်ရောက်လာသော RSO လက်နက်ကိုင်အဖွဲ့မှ အင်အား ၈၀ ခန့်သည် မောင်တောမြို့နယ်တောင်ပိုင်း မောရဝတီရွာသို့ စီးနင်းတိုက်ခိုက်သဖြင့် ရခိုင်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရကာ မြန်မာ့တပ်မတော်မှ လိုက်လံရှင်းလင်းခဲ့ရသည်။

၁၉၉၈ ခုနှစ်တွင် ရိုဟင်ဂျာလွတ်မြောက်ရေးအဖွဲ့ (RLO)ဦးဆောင်သော ဘင်္ဂါလီအင်အား ၅,၀၀၀ ကျော်မှာ မောင်တောမြို့သို့ ဝင်ရောက်လာပြီး အကြမ်းဖက်သိမ်းပိုက်ခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ခုခံတားဆီးကာကွယ်နိုင်ခဲ့သည်ဟုဖော်ပြထားသည်။

တိုင်းရင်းသား လူဦးရေမှာ ဆယ်ရာခိုင်နှုန်းပင် မပြည့်သည့် နယ်စပ်ဝင်ပေါက်မောင်တောဒေသ လုံခြုံရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အင်အားပိုမိုတိုးမြှင့်ချထားပြီး ခေတ်မီလက်နက်များ တပ်ဆင်ပေးသင့်ကြောင်း ဒေသခံပြည်သူများက တောင်းဆိုထားသည်။ ထို့အပြင် နယ်မြေလုံခြုံရေးအတွက် အခြားဒေသများကဲ့သို့ ရခိုင်ပြည်နယ်စပ်များတွင် ပြည်သူ့စစ်အဖွဲ့များကို အစိုးရကယုံကြည်စွာ ဖွဲ့စည်းခွင့်ပြုသင့်ကြောင်းလည်းဆက်တိုက်တောင်းဆိုမှုများ ပြုလုပ်ထားသည်။

**နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့များကို ဆန့်ကျင်မှုတိုးပွားလာခြင်း**

ရခိုင်တိုင်းရင်းသားများ အနေဖြင့် ယခင်ကပင် နိုင်ငံတကာအဖွဲ့အစည်းများ၏ရပ်တည်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမြင်မကြည်လင်မှုများ ရှိခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ဘင်္ဂါလီလူမျိုးများကိုသာ တစ်ဖက်သတ်အကူအညီများပေးနေခြင်း၊ ဖြစ်ပွားခဲ့သည့် ပြဿနာများတွင် ပါဝင်ပတ်သက်နေခြင်းနှင့် MOU နှင့် မသက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကြောင့် ၎င်းတို့ လုပ်ရပ်များသည် ပဋိပက္ခကို ပိုမိုကြီးထွားစေနိုင်သည်ဟုယူဆပြီးအမြင်မကြည်ခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

ပြီးခဲ့သည့်မတ်လနှောင်းပိုင်းကုလနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ နေအိမ်၊ ရုံးခန်းနှင့်ဂိုထောင် ၃၀ ခန့်ကို ဒေသခံများကအကြမ်းဖက်ပျက်ဆီးမှု စစ်တွေမြို့၌ဖြစ်ပွားခဲ့ပြီး ယင်းအဖွဲ့များ၏လုပ်ငန်းများကို ခေတ္တရပ်နားခဲ့ရသည်။ ဧပြီလတတိယပတ်မှစတင်ပြီးကုလနှင့် အခြားအဖွဲ့အစည်းအချို့၏လုပ်ငန်းများကို ရခိုင်ပြည်နယ်တွင်ပြန်လည်စတင်နိုင်ခဲ့သော်လည်း ထပ်မံ၍ပြဿနာများမဖြစ်ပွားစေရန် ယင်းအဖွဲ့အစည်းများ အနေဖြင့် မျှမျှတတပွင့်လင်းမြင်သာမှုရှိစွာ လုပ်ငန်းများကိုဆောင်ရွက်ရန်လိုအပ်ကြောင်း အစိုးရနှင့် ရခိုင်အရေးစောင့်ကြည့်သူများက ဆိုသည်။

မည်သည့် အတွက်ကြောင့်ဖြစ်စေ ကုလကဲ့သို့အဖွဲ့အစည်းမျိုးကိုပါ တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် ရခိုင်တိုင်းရင်းသားများ၏ ပုံရိပ်သာမက နိုင်ငံ၏ပုံရိပ်ပါ ကမ္ဘာတွင်ကျဆင်းခဲ့ရကြောင်း လေ့လာသူများနှင့်အစိုးရကပြောကြားမှုများရှိခဲ့သည်။

**စာမျက်နှာ**(A6) **သို့**

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



ဓာတ်ပုံ – နစ်ကီ

# မြန်နှုန်းမြင့် ငွေဖောင်းပွမှု

ပြည်သိမ်း၊ သိမ့်သိမ့်စိုး

စားဖတ်သူမကြာခဏစားနေသော အမဲသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ကြက်သား တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ စီ၊ ယခင်နှစ်ကထက် ဈေးတက်သွားသည်။ ၂၀၁၃ ခုနှစ်က အမဲသားတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ရှိရာမှ ယခုနှစ်တွင် ကျပ် ၈၀၀၀ ဖြစ်သွားသည်။ ကြက်သားမှာ ကျပ် ၆၀၀၀ မှ ကျပ် ၈၀၀၀ ဈေးတက်သွားသည်။ ဝက်သားမှာ ကျပ် ၇၀၀၀ မှ ၈၀၀၀ ဖြစ်သွား၏။

အခြားကုန်စည်နှင့်ဝန်ဆောင်ခအများစုမှာလည်း ထိုနည်းအတိုင်းပင် တစ်နှစ်ထက် တစ်နှစ် ဈေးတက်နေသည်။ စစ်အစိုးရလက်ထက်မှ ဦးသိန်းစိန် ဦးဆောင်သော ဒီမိုကရေစီအစိုးရလက်ထက်သို့ ပြောင်းသော်လည်း တက်နေသော ကုန်ဈေးနှုန်းကရပ်မသွားပါ။

အခြား ဒီမိုကရေစီနိုင်ငံ အများစုတွင် ထိုသို့ ကုန်ဈေးနှုန်းများတက်လျှင် အကြီးအကျယ် ဂယက်ရိုက်သော်လည်း မြန်မာအတွက်တော့ မထူးဆန်းတော့ပေ။ လက်ထဲတွင် ရှိနေသော ငွေစက္ကူများက အချိန်နှင့်အမျှတန်ဖိုးသေးငယ်သွားသည်။ ငွေဖောင်းပွမှုနှုန်းကမြင့်မားနေပြီးအစိုးရလခတိုးကာမီတာခတက်သော ယခုလပိုင်းတွင် ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေဖောင်းပွမှုက ပိုများသည်။

မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ယခင်နှစ်က ခုနစ်ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင်လည်း ဆက်လက်မြင့်တက်မည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ပညာရှင်များက ခန့်မှန်းထားသည်။ စက်မှု ဖွံ့ဖြိုးသည့် တိုင်းပြည်ကြီးများတွင် ငွေကြေးဖောင်းပွမှုကို နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းကြားထားရှိသော်လည်း ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်နေသော နိုင်ငံများတွင် တစ်ဆယ်ရာခိုင်နှုန်းဝန်းကျင်ထိ ရှိတတ်ကြောင်း ကမ္ဘာ့ဘဏ်မှ ပညာရှင်များက သုံးသပ်ထားသည်။

ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်၍ လျှော့ချရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့(IMF)မှ ပညာရှင်တစ်ဦးက နိုင်ငံတကာမှ ချေးငွေများ လျှော့ယူရန်နှင့် နိုင်ငံခြားအရန်ငွေတိုးမြှင့်ထားရန် တိုက်တွန်းခဲ့သည်။

“ငွေကြေးဖောင်းပွမှုကို လျှော့ချဖို့ ဗဟိုဘဏ်ကလုပ်နေသလိုသက်ဆိုင်ရာနေရာဒေသ အလိုက်တာဝန်ရှိသူတွေက လုပ်ဖို့လိုအပ်တယ်။ ဗဟိုဘဏ်တစ်ခုတည်းက လုပ်နေလို့မရဘူး”ဟုဗဟိုဘဏ်ကတာဝန်ရှိသူတစ်ဦးကဆိုသည်။

ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် နိုင်ငံခြားငွေလဲနှုန်းကို စောင့်ကြည့်ခြင်း၊ ဈေးကွက်ထဲတွင် ငွေဖြစ်လွယ်ကူသော အခြေအနေများကို လေ့လာခြင်း၊ ပြည်တွင်း၌ ငွေအလွန်အကျွံပိုလျှံမှုရှိ၊မရှိခြင်းကို စောင့်ကြည့်ခြင်းတို့ ပြုလုပ်နေကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

နိုင်ငံတစ်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုများခြင်းမှာ အစိုးရအနေဖြင့် မိမိရရှိသော ဝင်ငွေထက် အသုံးစရိတ်ကပိုများနေခြင်းသည် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ သမ္မတ ဦးသိန်းစိန်အစိုးရတက်ပြီးနောက် အစိုးရအသုံးစရိတ်မှာ ဝင်ငွေထက် လေးနှစ်အတွင်း ကျပ်ဘီလီယံ ၉၀၀၀ ကျော်ပိုများသည်။ ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တစ်နှစ်တည်းမှာပင် အစိုးရအသုံးစရိတ်သည် ဝင်ငွေထက် ဘီလီယံ ၆၀၀ ကျော်ပိုများခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရ စတင်တာဝန်ယူချိန်တွင် မြန်မာနိုင်ငံ၌ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ချေးငွေများ အပါအဝင် အကြွေးငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိသည်။ သို့သော် အစိုးရသစ်၏ ပြုပြင်ပြောင်းလဲရေးကြောင့်ဂျပန်နိုင်ငံမှ အကြွေးငွေများစွာလျော်ပေးခဲ့သကဲ့သို့ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများကလည်း အကြွေးငွေအားလုံးနီးပါးလျော်ပေးခဲ့သည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ငွေပေးချေရန်အတွက် နိုင်ငံတကာဘဏ်များ၌ နိုင်ငံခြားအရန်ငွေအမေရိကန်ဒေါ်လာ ၇ဒသမ ၆ဘီလီယံထားရှိကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်ကပြောကြားသည်။

“ဘတ်ဂျက်လိုငွေများက ငွေကြေးဖောင်းပွမှုကို ဖြစ်ရတဲ့ အကြောင်းထဲက တစ်ခုပေါ့။ ဒါကို လျှော့ချဖို့က အစိုးရ ဝင်ငွေများဖို့လိုတယ်”ဟု စီးပွားရေးပညာရှင်ဦးလှမောင်ကပြောကြားသည်။

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ကလည်း သူ၏ လက်ထက်တွင် ဘတ်ဂျက်လိုငွေလျော့နည်းအောင် လျှော့ချနိုင်ရန် ဘက်စုံမှ ကြိုးစားနေသည်။ သို့သော်ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများစွာ လုပ်ကိုင်နေသဖြင့် ဘတ်ဂျက်လိုငွေမှာ အတိုင်းအတာတစ်ခုအထိရှိနေမည်ဖြစ်ကြောင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းကဆိုပါသည်။

“ဝန်ကြီးဌာနတွေက အသုံးငွေခန့်မှန်းတာ အမှန်တကယ်သုံးမှာထက် ပိုများတယ်။အတိအကျ ခန့်မှန်းပေးနိုင်မယ်ဆိုရင်တော့ လိုငွေလျော့သွားမှာပါ”ဟု ဘဏ္ဍာ ခွန်ဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်ကပြောကြားသည်။

မြန်မာနိုင်ငံ၏ အတိတ်ကာလတွင် ဘတ်ဂျက်လိုငွေကြောင့် ငွေတိုက်စာချုပ်များ ဗဟိုဘဏ်သို့ ရောင်းပြီး ငွေရိုက်ထုတ်ခဲ့သဖြင့် ပြည်တွင်း၌ ငွေကြေးအလွန်အကျွံဖောင်းပွမှုများဖြစ်ခဲ့ကြောင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးစိုးသိန်းက ပြောကြားသည်။

“မြန်မာ လူမျိုးတွေက ငွေဖောင်းပွမှုနဲ့ ပတ်သက်ပြီး သိပ်ပြီး မကြောက်ကြတော့ဘူး။ အတိတ်မှာတုန်းကဆိုတစ်ရာခိုင်နှုန်းကျော်အထိ ငွေဖောင်းပွမှုနှင့် ကြုံခဲ့ရတယ်”ဟု ပြည်ပသို့ဆန်တင်ပို့နေသော ဦးမျိုးသူရအေးက သူ၏ အတွေ့အကြုံကိုပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများစတင်ပြီးနောက် ၁၉၉၈ ခုနှစ်မှစတင်၍ ၂၀၁၂ ခုနှစ် လေးနှစ်တာအတွင်း ငွေကြေးဖောင်းပွမှုမှာ ၁၀၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင်ကျပ် ၁၀၀ ကျော်သာရှိပြီး ၂၀၀၂ ခုနှစ်တွင် အမေရိကန် တစ်ဒေါ်လာကိုကျပ်၁၃၀၀ထိဖြစ်ခဲ့သည်။

ပြည်တွင်းစီးပွားရေးကဏ္ဍတွင် ငွေကြေးဖောင်းပွမှုများခြင်းအပေါ် ကြိုက်နှစ်သက်သော လုပ်ငန်းရှင်များရှိသော်လည်း စားသုံးသူပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများစွာရှိနေသည်။ စီးပွားရေးလုပ်ငန်းအများစုသည် ချေးငွေဖြင့် လုပ်ကိုင်နေကြသဖြင့် ငွေကြေးဖောင်းပွမှုကြောင့် ငွေတန်ဖိုးမြင့်တက်ပြီး အကျိုးအမြတ်များစွာရှိနေသည်။

လတ်တလောပြည်တွင်းကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုကို တွန်းအားတစ်ခုဖြစ်လာသည့် ဝန်ထမ်းလစာ တိုးမြှင့်မှု၊ မီတာခနှုန်းထားများ မြင့်တက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းမိသားစုများမှ အသံများ ညံလာသည်။ လက်လီဈေးများတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုမှာ ပြည်သူများအတွက် ပိုမိုခက်ခဲကျပ်တည်းစေခဲ့သည်။

မြန်မာပြည်သူများ၏ အဓိကစားသောက်ကုန်ဖြစ်သော ဆန်မှာ တစ်နှစ်အတွင်း တစ်အိတ်လျှင် ငါးရာခိုင်နှုန်းမှ ဆယ်ရာခိုင်နှုန်းကြား ပျမ်းမျှဈေးတက်လာသည်။ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ၁၅၀၀ ကြားဈေးမြင့်လာသည်။

ထို့နည်းတူ သားငါးဈေးနှုန်း၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းတို့မှာလည်း ဈေးတက်သည်။ နေထိုင်မှုနှင့် ပတ်သက်၍ အိမ်ခန်းငှားခများမှာ ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြားဈေးမြင့်တက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောကြားသည်။

“လစာတိုးပေမယ့် ကုန်ဈေးနှုန်းတက်တော့ မထူးပါဘူးဗျာ။ အစိုးရကသူ့ဘက်ပါအောင်နှစ်စဉ်လစာတိုးပေးပေမယ့် ကုန်ဈေးနှုန်းလျှော့ပေးဖို့၊ ထိန်းပေးဖို့ပြောချင်တယ်” ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စာရေးတစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားခမြင့်တက်မှု၊ ပြည်တွင်း ဝယ်လိုအားတိုးမြင့်လာမှုတို့ကြောင့် ငွေကြေးဖောင်းပွမှုမှာ ဆက်လက်မြင့်တက်နေမည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ပညာရှင်များက သုံးသပ်ထားသည်။ ငွေကြေးဖောင်းပွမှုရိုက်ခတ်ခြင်းကိုပိုခံနိုင်ရည်ရှိရန် နိုင်ငံတကာအရန်ငွေထားရှိရန်၊ ဗဟိုဘဏ်ကို အားဖြည့်ပေးရန်၊ နိုင်ငံတော် အာဏာပိုင်များအနေဖြင့် အာရုံစိုက်လုပ်ကိုင်ရန် လိုအပ်ကြောင်း IMF က အကြံပြုထားသည်။

ထို့အပြင် ကြွေးမြီများကို မိမိစီမံနိုင်သည့် အဆင့်တွင် သာထားပြီး ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေးတိုးမြှင့်ဖို့ ဘတ်ဂျက်ကို ကောင်းမွန်စွာ အသုံးပြုရန် လိုအပ်သည်။

ကုစားမှုပိုင်းတွင် အခွန်ငွေတိုးမြှင့်ကောက်ခံမှုပေါ် မူတည်နေပြီး လူတိုင်းက မိမိတို့ ဝေပုံကျအချိုးအတိုင်း ပေးဆောင်ရန် မူဝါဒချမှတ်ခြင်း၊ အခွန်ငွေကို ကောင်းမွန်ထိရောက်စွာ ကောက်ခံရေးစနစ်တစ်ရပ်ချမှတ်ခြင်းတို့ လိုအပ်သည်။ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် တိုးတက်မှုကို ဖန်တီးနိုင်မည့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးကဏ္ဍ ခေတ်မီအောင် ပြုပြင်ရန်လိုအပ်သည်ဟု အကြံပြုထားသည်။

ထို့အပြင် အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုကို လျှော့ချစေချင်ပါက တိုင်းပြည် ဝင်ငွေတိုးတက်လာစေသော ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းလုပ်ဆောင်နေရုံသာမက နိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သော လယ်ယာ၊သားငါး၊ သတ္တုကဏ္ဍများကို တိုးတက်ထုတ်လုပ်နိုင်အောင် ဦးစားပေး လုပ်ဆောင်သင့်ကြောင်း စီးပွားရေးပညာရှင်ဦးဇော်ဖေဝင်းက ပြောကြားသည်။

ငွေကြေး ဖောင်းပွမှုသည် တိုင်းပြည်တစ်ခုအတွက် ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးများလည်း ရှိသည်။ သို့သော်စားသုံးသူပြည်သူများအတွက်မူ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် အကြွေးသံသရာလည်နေသည်။

“တိုးပေးမယ်အသံ ကြားရချိန်မှာ ပျော်ခဲ့သလောက် အခုတော့ အကြွေးနဲ့ပဲ နပန်းလုံးနေရတယ်”ဟု လယ်/ဆည်မှ စာရေးကြီးကမှတ်ချက်ပြုသည်။

ပြည်မြို့မှ မိသားစုဝင် ငါးဦးရှိသော အိမ်ရှင်မ ဒေါ်သင်းသင်းစိန်က သူ၏ဆန္ဒကိုပြောသည်။

“ကုန်ဈေးနှုန်းတက်တဲ့ဒဏ်ကို အောက်ကလူတွေခံနေရတာ သမ္မတကြီးသိစေချင်တယ်။ သမ္မတကြီးက လုပ်ပေးလို့ရမယ်ဆိုရင် ကုန်ဈေးထပ်တက်နိုင်မယ့် ကိစ္စတွေ၊ ကုန်ဈေးနှုန်းကို ထိန်းပေးပါလို့ပြောချင်တယ်”။ ။

# Education

7 DAY NEWS JOURNAL

Vol.13, No.12 • MAY 28 , 2014




## ကလေးများ သင်ယူမှုစွမ်းရည်အပေါ် ကွန်ပျူတာများက လွှမ်းမိုးမှုရှိဟုဆို

ဘဲလ်ဖက်စ်၊ မေ-၂၃

စာသင်ကျောင်းများတွင် ကလေးများ၏သင်ယူနိုင်မှုစွမ်းရည်အပေါ် ခေတ်ပေါ်နည်းပညာ၏လွှမ်းမိုးမှုနှင့်ပတ်သက်၍ အရေးတကြီးကိုင်တွယ်ဖြေရှင်းရန် မြောက်အိုင်ယာလန် ဆရာ၊ ဆရာမများသမဂ္ဂကတိုက်တွန်းလိုက်သည်။

စာသင်ကျောင်းပြင်ပတွင် ကလေးငယ်များကွန်ပျူတာများနှင့်ဒစ်ဂျစ်တယ်ပစ္စည်းများမည်မျှကြာကြာသုံးစွဲပြသည်ဆိုခြင်းကို ဆရာ၊ဆရာမများနှင့်ကထိကများအဖွဲ့အစည်း (ATL)က စိုးရိမ်နေသည်။

တပည့်အချို့မှာ အာရုံမစိုက်နိုင် (သို့မဟုတ်) လူမှုရေးလှုပ်ရှားမှုများတွင် သေသေချာချာမပါဝင်နိုင်ဟု ATL ကပြောသည်။ ဒစ်ဂျစ်တယ်နည်းပညာလွှမ်းမိုးမှုကို မေလ ၂၂ ရက်တွင် ဘဲလ်ဖက်စ်မြို့၌ ကျင်းပခဲ့သော ATL နှစ်ပတ်လည်ဒေသဆိုင်ရာညီလာခံတွင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

စာသင်ကျောင်းသို့ရောက်လာသောအလွန်ငယ်ရွယ်သည့်ကလေးများသည်ဒစ်ဂျစ်တယ်ဂိမ်းများ (သို့မဟုတ်) လူမှုရေးမီဒီယာများကို အချိန်များစွာကြာအောင်သုံးစွဲကြသောကြောင့် အာရုံစိုက်ရန် (သို့မဟုတ်) လူမှုရေးလှုပ်ရှားမှုများမလုပ်နိုင်ဆိုသောသတင်းများရရှိထားသည်ဟု သမဂ္ဂကပြောသည်။

ကလေးငယ်များယင်းပစ္စည်းကိရိယာများကို အများဆုံးမည်မျှကြာကြာသုံးသင့်သည်ဆိုသောလမ်းညွှန်ချက်များ ကျောင်းသားမိဘများအတွက် ပညာရေးဌာနကထုတ်ပေးစေလိုသည်ဟု သမဂ္ဂကပြောသည်။

ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ပညာရေးဝန်ကြီးနှင့်တွေ့ဆုံစဉ်တောင်းဆိုသွားမည်ဟုပြောသည်။ ဒစ်ဂျစ်တယ်နည်းပညာက ကလေးများအတွက် အကျိုးများစွာရှိနိုင်သည်ကို မိမိတို့ တန်ဖိုးထားသော်လည်းအန္တရာယ်ရှိသောအလားအလာများနှင့်ပတ်သက်၍ အမှန်တကယ်သတိမမူမိ ပုံပေါ်သည်ဟုသမဂ္ဂမှမက်လန်းဟားမားကပြောသည်။

ယင်းကိစ္စကို မိဘများပိုမိုသတိပြုမိလာစေရန် ပညာရေးဌာနက ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်ဟုထင်မြင်ပါကြောင်းသမဂ္ဂကပြောသည်။ —Ref: BBC

## မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောင်းမထားနိုင်သည့် ကလေးငယ်များအား လမ်းဘေးစာသင်ဝိုင်း (ရန်ကုန်) အခမဲ့ပညာသင်ကြားပေးမည်

ဇော်မျိုးလှိုင်

ရန်ကုန်၊ မေ-၂၄

မြောက်ဥက္ကလာပမြို့နယ်အစွန်အဖျားရပ်ကွက်မှ အမှိုက်ကောက်၊ ဈေးရောင်း၊ စားပွဲထိုးစသည့် ကလေးငယ်များအား လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော လမ်းဘေးစာသင်ဝိုင်း(ရန်ကုန်)ကလာမည့် ဇွန်လအတွင်း အခမဲ့ပညာသင်ပေးသွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

လမ်းဘေးစာသင်ဝိုင်း (ရန်ကုန်) အဖွဲ့က အဆိုပါ ရပ်ကွက်ရှိ အသက်(၁၃)နှစ်အောက် အလုပ်လုပ်ကိုင်နေသည့် ကလေးငယ်များနှင့် မိဘများက ကျောင်းမထားနိုင်သဖြင့် ပညာတစ်ပိုင်းတစ်စကလေးငယ်များအားအဆင့်သုံးဆင့်ခွဲ၍ အတန်းပညာ၊ အသိပညာနှင့် ဗဟုသုတများကို ည ၇ နာရီမှ ၉ နာရီဝန်းကျင်အထိ နှစ်လကြာသင်ကြားပေးသွားမည်ဖြစ်သည်။

"လောလောဆယ် အဲဒီရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ဆွေးနွေးပြီးပြီ။ ရပ်ကွက်ထဲက ကလေးတွေနဲ့ မိဘတွေကို စည်းရုံးပြီး စသင်တော့မယ်။ အွန်လိုင်းက သူငယ်ချင်းတွေနဲ့ စုပြီးတော့ သင်ပေးဖြစ်တာပါ" ဟု လမ်းဘေးစာသင်ဝိုင်း(ရန်ကုန်) အဖွဲ့တည်ထောင်သူတစ်ဦးဖြစ်သည့် ကိုဇော်ရဲထွန်းက ပြောသည်။

လမ်းဘေးစာသင်ဝိုင်း (ရန်ကုန်) အဖွဲ့မှ လုပ်အားပေး သင်ကြားပေးနိုင်မည့် လူများကို အွန်လိုင်းမှတစ်ဆင့်အကူအညီတောင်းထားပြီး ယခုအခါ လုပ်အားပေးသင်ပေးမည့် ဆရာ ၂၀ ဦးခန့် ရရှိနေပြီဖြစ်သည်။

"သင်ကြားပေးမယ့် လုပ်အားပေးတွေက ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေ ပါတယ်။ သူတို့တတ်နိုင်တဲ့ ဘာသာနဲ့ သင်ပေးနိုင်တဲ့ အတန်းတွေကို တာဝန်ခွဲပြီးတော့ သင်ပေးကြမှာပါ" ဟု ကိုဇော်ရဲထွန်းကပြောသည်။

အလုပ်လုပ်နေသည့် ကလေးများအတွက် အလုပ်ချိန် အတွင်း အခက်အခဲမရှိစေရန် ကလေးငယ်များ စာသင်နေစဉ်အတွင်း ၎င်းလုပ်ကိုင်နေသည့် အလုပ်များကို လမ်းဘေးစာသင်ဝိုင်း (ရန်ကုန်) အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက အစားထိုးဝင်ရောက်လုပ်ကိုင်ပေးသွားမည် ဖြစ်သည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းစာ မသင်နိုင်ဘဲ အလုပ်လုပ်နေရတဲ့ ကလေးတွေကို အခုလိုလိုက်သင်ပေးတာ ကောင်းပါတယ်။ အသိပညာတိုးလာတာနဲ့ အမျှ သူတို့ဘဝတွေလည်း တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေနိုင်တာပေါ့" ဟု မြောက်ဒဂုံ မြို့နယ်ရှိ အထက်တန်းပြဆရာမတစ်ဦးကပြောသည်။

အလားတူလူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာရွှေ့လျားသင်ကြားရေး ပရောဂျက် (Myanmar Mobile Education Project) သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာပထမအပတ်မှစတင်၍ ၂၀၁၄ ခုနှစ် ဇွန်ဒုတိယအပတ်အထိ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုး ကလေးငယ် ၁၄၀ ဝန်းကျင်ခန့်ကို ညနေ ၆ နာရီမှ ၈ နာရီအထိ သင်ကြားပေးလျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ယခုပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းနှစ်စုံသာ ထုတ်မည်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မေ-၂၄**

လာမည့် ၂၀၁၄-၁၅ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းကို ပြည်တွင်းနှင့် ပြည်ပစာစစ်ဌာနအတွက် မေးခွန်းနှစ်စုံသာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက ပြောကြားသည်။


"ဆရာတို့တုန်းကဆို မေးခွန်းတစ်စုံတည်းထုတ်ပြီး ဖြေရတာ။ အဲဒါက ပြည်ပမှာ ဖြေရတာက အချိန်ကစောနေတော့ မေးခွန်းတွေကြိုသိတာတို့အဲဒီလိုပြဿနာတွေဖြစ်လို့ အခုဒီတစ်ခါကို နှစ်စုံထုတ်ဖြစ်တာ" ဟု ဒေါက်တာစိုးဝင်းက ပြောသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းများကို ယခင်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်ဝင်တန်းမေးခွန်းတစ်စုံသာ ထုတ်ဝေခဲ့ရာမှ ၁၉၉၁ ခုနှစ်မှစတင်၍ ပြည်နယ်နှင့်တိုင်းအလိုက် မေးခွန်း ၁၀ စုံနှင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာသံရုံးများမှ သံရုံးမိသားစုဝင်များ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုနိုင်ရန် စီစဉ်ထားသည့် ပြည်ပစာစစ်ဌာနအတွက်ကိုလည်း တစ်စုံ စုစုပေါင်း မေးခွန်း ၁၁ စုံ ပြောင်းလဲထုတ်ဝေခဲ့သည်။

"ဒီလိုထုတ်တာက ပြည်နယ်နဲ့တိုင်းအလိုက် မေးခွန်းတွေ ထုတ်တာထက် တစ်ပြေးညီဖြစ်သွားတဲ့အတွက် ကျောင်းသားတွေအနေနဲ့ တစ်ခုတည်းသော ယှဉ်ပြိုင်မှုဖြစ်တာပေါ့။ အကျိုးသက်ရောက်မှုကလည်း ညီတူမျှတူဖြစ်တယ်လို့ ယူဆပါတယ်" ဟု မြောက်ဥက္ကလာပမြို့နယ်ရှိ ACA ပညာရိပ်ငြိမ် ပညာရေးအကြံပေး ဦးဆန်းဝင်းက ပြောသည်။

ပြည်တွင်းအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းတစ်စုံတည်းသာ ထုတ်ဝေခဲ့ပါက ရန်ကုန်မှ ကျောင်းသူ၊ ကျောင်းသားများမှာ သင်ခန်းစာအကုန် သင်ကြားနိုင်သောကြောင့် စိတ်ပူစရာမရှိဘဲ နယ်မှ ကျောင်းသူ၊ ကျောင်းသားများသည် စာအုပ် မစုံလင်ခြင်း၊စာသင်ပေးနိုင်သည့်ဆရာအင်အားနည်းသောကြောင့် အခက်အခဲဖြစ်လာနိုင်ကြောင်း မြောက်ဥက္ကလာပမြို့နယ်မှ အထက်တန်းပြဆရာမတစ်ဦးက ပြောသည်။

၂၀၁၃-၁၄ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကာ ကျောင်းသူ၊ ကျောင်းသားပေါင်း ငါးသိန်းလေးသောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်စာရင်းကို လာမည့် ဇွန်လဆန်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# ၂၀၁၄ - ၁၅ ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းလိုင်စင်များ ဇွန်လအတွင်း ထုတ်ပြန်မည်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မေ-၂၄**

ယခုပညာသင်နှစ်အတွက် ကိုယ်ပိုင်အထက်တန်းကျောင်းလိုင်စင်များ ဇွန်လအတွင်း ထုတ်ပြန်သွားရန်ရှိကြောင်း အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းဇော်က ပြောကြားသည်။

ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများကို ၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ဇန်နဝါရီ ၁၃ ရက်မှစ၍ ၃၀ ရက်အထိ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူး၊ ညွှန်ကြားရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားခွင့်ပြုခဲ့သည်။

ရန်ကုန်မြို့တွင် ကိုယ်ပိုင်အထက်တန်းကျောင်းလျှောက်ထားသည့် ကျောင်းများကို အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ နှစ်ကြိမ်စီ လိုက်လံစစ်ဆေးခဲ့သည်။

"ကိုယ်ပိုင်ကျောင်းတွေ အများကြီးချထားတဲ့အတွက်ကျောင်းသားတွေ ရွေးချယ်စရာအခွင့်အလမ်းတွေ ပေါ်လာတော့ ကောင်းတယ်လေ။ ဖွင့်လှစ်တဲ့ ကိုယ်ပိုင်ကျောင်းတွေလည်းတစ်ကျောင်းနဲ့တစ်ကျောင်းမတူအောင်အပြိုင်အဆိုင်လုပ်လာတဲ့ အတွက် ကလေးတွေ ပိုပြီးအကျိုးအမြတ်ရှိလာမယ်လို့မြင်ပါတယ်"ဟု ဦးသန်းစိန် (သချာ) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမ ဒေါ်ဇင်နီမြင့်က ပြောသည်။

ရန်ကုန်မြို့တွင် ၂၀၁၃-၁၄ ပညာသင်နှစ်အတွက် လိုင်စင်ရကိုယ်ပိုင်အထက်တန်းကျောင်း၅၇ ကျောင်းရှိပြီး တစ်နှစ်သက်တမ်းလိုင်စင်ရ ကျောင်း ၄၄ကျောင်းနှင့် ၂နှစ်သက်တမ်းလိုင်စင်ရကျောင်း ၁၃ ကျောင်းရှိခဲ့သည်။ ယခု ပညာသင်နှစ် ၂၀၁၄-၁၅အတွက် အသစ်ထပ်မံ လျှောက်ထားသည့် ကိုယ်ပိုင် အထက်တန်းကျောင်း ၄၅ ကျောင်းနှင့် တစ်နှစ်သက်တမ်းကုန်သွား သည့် ကိုယ်ပိုင်ကျောင်း ၄၄ ကျောင်းစုစုပေါင်း ၈၉ ကျောင်းကိုမေလအတွင်းလိုက်လံစစ်ဆေးပြီးဖြစ်ကြောင်းအမှတ် (၃) အခြေခံပညာဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းလိုင်စင်ကို တစ်နှစ်၊ ၂ နှစ်နှင့် အားလုံးပြည့်စုံပါကအများဆုံးသုံးနှစ်အထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဦးမင်းဇော်ကပြောကြားသည်။

ပုဂ္ဂလိက အထက်တန်းကျောင်းများ(သို့) ကိုယ်ပိုင် အထက်တန်းကျောင်းများ ဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်၌ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ပညာရေးဝန်ကြီးဌာနက ၂၀၁၀-၁၁ ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်အထက်တန်းကျောင်းများကို စမ်းသပ်ကာလတစ်နှစ်သက်တမ်း၊ ယာယီကာလ နှစ်နှစ်သက်တမ်းနှင့် ပုံမှန်ကာလ ငါးနှစ်သက်တမ်းအသီးသီးခွင့်ပြုခဲ့သည်။

# စင်ကာပူရောက် အိမ်အကူအမျိုးသမီးတစ်ရာကျော်အခြေအနေ စစ်တမ်းကောက်ယူ

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၂၄**

စင်ကာပူနိုင်ငံရှိ မြန်မာအိမ်အကူ အမျိုးသမီးလုပ်သားများ ဖိနှိပ်ခံနေရမှု အထောက်အထားရရှိရန် လုပ်သားတစ်ရာကျော်ကို ခြောက်လကြာ စစ်တမ်းကောက်ခံမှု ပြုလုပ်ခဲ့ကြောင်း စင်ကာပူအခြေစိုက် Humanitarian Organization for Migration Economics (HOME) မှ ဒါရိုက်တာ ဒေါက်တာ သန်းသန်းဝင်းက ပြောသည်။

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအိမ်အကူ အလုပ်သမားများအပေါ် အိမ်ရှင်များကမတရားဖိနှိပ်စေခိုင်းမှုများရှိ၊မရှိအပါအဝင်လတ်တလောတွေ့ကြုံနေရသည့် အခက်အခဲများသိရှိရန် HOME သင်တန်းကျောင်းမှ ပထမအကြိမ်စစ်တမ်းကောက်ခံခဲ့ခြင်းဖြစ်သည်။



*စင်ကာပူတွင် ပြည်ပနိုင်ငံမှလာရောက်လုပ်ကိုင်နေသောအိမ်အကူတစ်ဦးချက်ပြုတ်နေစဉ်*

မြန်မာအိမ်အကူလုပ်သားများအပြင် အခြားနိုင်ငံခြား လုပ်သားများကိုပါ စာရင်းကောက်ခံခဲ့ရာ စုစုပေါင်းလူဦးရေ ၇၀၀ ကျော်ကောက်ခံရရှိခဲ့ပြီး အဆိုပါ အချက်အလက်များကို သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရထံ တင်ပြပြီး စာတမ်းပြုစုသွားမည်ဟု ဆိုသည်။

"အဓိကကတော့ သက်သေအထောက်အထား လိုချင်လို့ပေါ့။ အိမ်အကူ မိန်းကလေးတွေက နှိပ်စက်ခံရတယ်။ အခက်အခဲတွေရှိတယ်ဆိုတာ တကယ်ဟုတ်၊ မဟုတ် သတင်းအချက်အလက် အဖြေလိုအပ်တယ်။ အဖြေပေါ်မှတည်ပြီး စင်ကာပူအစိုးရကို တင်ပြမယ်။ တချို့အိမ်ရှင်တွေက လစာမပေးဘဲ ခိုင်းနေတာ၊ နှိပ်စက်ညှဉ်းပန်းတာတွေ ရှိတယ်" ဟု ဒေါက်တာ သိန်းသန်းဝင်းက ပြောကြားသည်။

ယင်းကဲ့သို့စာရင်းကောက်ခံရာတွင် အလုပ်သမားများထံမှ အချက်အလက်ရရှိရန် အခက်အခဲရှိနေသည်။ ထိုသို့ကောက်ခံမှုကိုပြီးခဲ့သည့် ၂၀၁၃ အောက်တိုဘာမှ ၂၀၁၄ မေလဆန်းအထိ ကောက်ခံခဲ့ပြီး စင်ကာပူနိုင်ငံရှိ ပန်နီဆူလာ ပလာဇာနှင့် HOME သင်တန်းကျောင်းတို့ ကောက်ခံခဲ့ခြင်းဖြစ်သည်။

ယခုကောက်ခံရရှိထားသော အချက်အလက်များကို တစ်လအတွင်း သတင်းထုတ်ပြန်မည်ဖြစ်ပြီး သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရထံ တင်ပြမည်ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် တရားဝင် မြန်မာအိမ်အကူလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်သကဲ့သို့ တရားမဝင်သွားရောက်လုပ်ကိုင်နေသူများလည်း ရှိပြီး တရားမဝင်လုပ်သားများမှာ တစ်လလျှင် စင်ကာပူဒေါ်လာ ၃၀၀ ဝန်းကျင်သာ ရရှိကြပြီး ဖိနှိပ်ချုပ်ချယ်မှုများ ခံနေရသည်ဟု သိရသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

Marketing M/F (5) Posts
Accountant F (3) Posts
Office Staff M/F (3) Posts
Driver M (3) Posts
Security(လုံခြုံရေး) M (3) Posts

ဖုန်း-၀၁-၃၇၇၃၄၃

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင်ကျွမ်းကျင်ဝန်ထမ်း (၁)ဦး အလိုရှိသည်။ (တရုတ်စကားပြော ကျွမ်းကျင်ရမည်)

(YUDING HotPot)

ဖုန်း-၀၉-၃၀၁၈၀၀၀၀

---

**ဝန်ထမ်းအလိုရှိသည်**

ဝန်ထမ်းမ (၅) ဦးအလိုရှိသည်။ အသက် ၃၀ အောက်၊ အခြေခံပညာအထက်တန်းအဆင့်၊ လစာ ခုနစ်သောင်း။ ပါကင်ထုပ်ခြင်း၊ ပစ္စည်းရွေးခြင်း၊ အရေအတွက် အမျိုးအစား ခွဲခြားစစ်ဆေးခြင်းများ လုပ်ကိုင်ရန်။

ဖုန်း-၀၁ ၃၈၇၇၂၆

---

**ဝန်ထမ်းအလိုရှိသည်**

Marketing M/F (5) Posts
Accountant F (3) Posts
Office Staff M/F (3) Posts
Driver M (3) Posts
Security(လုံခြုံရေး) M (3) Posts

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး၊ (၃၉ လမ်းထောင့်) တိုက်အမှတ် (၅၀၆)။

ဖုန်း-၀၁ ၃၇၇၃၄၃

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေးမ (၃) ဦး
ယာဉ်မောင်း (၃) ဦး

ဖုန်း-၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၄) ဦး
အသက် (၂၀) အထက်နှင့် (၅၀) နှစ်ထက်မကြီးသူ၊ လုပ်သက် (၂) နှစ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ။

အခန်းအမှတ် (၅၀၈)၊ ၅ လွှာ၊ လပြည့်ဝန်းပလာဇာ၊ အမှတ် (၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၃၈၂၅၃၀

---

**ဝန်ထမ်းအလိုရှိသည်**

Project Manager M (1) Post
Project Architect M (2) Posts
BE (Civil Engineer) M (1) Post
QS (Quality Surveyor) M/F (2) Posts
Driver (Auto ဂီယာကျွမ်းကျင်) M (5) Posts

ဖုန်း-၀၉ ၃၁၅၈၇၂၂၁

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing ဝန်ထမ်း (၂) ဦး အလိုရှိသည်။

ဖုန်း-၀၉ ၅၅၀၃၀၂၀၊ ၅၀၆၇၂၅၁

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်း(ကျွမ်းကျင်) ကျား (၃) ဦး

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

**စာရင်းစစ်လုပ်ငန်း**

Admin Assistant F (3) Posts
Secretary F (1) Post

နောက်ဆုံးထားပေးပို့ရန်-30.6.2014။

အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၆၅၇၈၃၀

---

**ဝန်ထမ်းအလိုရှိသည်**

Sales Supervisor ကျား/မ (၁) ဦး
Sales Representative ကျား/မ (၅) ဦး
Driver (စာသိမ်းယာဉ်မောင်း) (၂) ဦး

UCS-တရားဝင် အမြန်ချောစာပို့မှ အမြန်အလိုရှိသည်။

တိုက်-၄၊ အခန်း-၄၂၊ ဒုတိယထပ်၊ ၈ မိုင်လမ်းဆုံ၊ မြို့ပြအိမ်ရာတောင်ခြမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၀၇၃၀၉၉

---

**အလိုရှိသည်**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများအလိုရှိသည်။ အသက် (၄၀) နှစ်အောက်။

အမှတ် (၂၆)၊ ပထမထပ်၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

Majestic Trading Co.,Ltd

Sales Associate M/F (5) Posts

အခန်းအမှတ် (၀၂၀၆)၊ တတိယထပ်၊ ဒိုင်းမွန်းကွန်ဒို၊ တာဝါ(ဘီ) ပြည်လမ်း၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၉ ၈၅၀၂၄၈၈

---

**အလိုရှိသည်**

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)၊ အလုပ်သမားအလိုရှိသည်။ အသက် (၃၀) အောက်၊ Vinyl ရိုက်ဖူးသူ။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

Assistant Account F (1) Post
Telephone & Computer Operator F (1) Post
External Relations M (1) Post

Email:linnesai@gmail.com

PH:09 5045278

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Cashier ကျား (၃) ဦး
Waiter ကျား (၁၀) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဂိတ်ကြေးကောက်စာရေး မ (၅) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၇) ဦး
အကင်ဆရာ ကျား (၂) ဦး
ဓားကိုင် ကျား (၂) ဦး
အကြော်ဆရာ ကျား (၃) ဦး

ဖုန်း-၀၉ ၅၀၉၃၈၇၀

---

**ဝန်ထမ်းအလိုရှိသည်**

Administrative Assistant မ (၁) ဦး ဘွဲ့ရ(သို့) ဆယ်တန်းအောင်အလိုရှိပါသည်။ Grand Fortuna Co.,Ltd

ဖုန်း-၀၉ ၂၅၀၃၅၉၂၉၉

---

**ဝန်ထမ်းအလိုရှိသည်**

မြဝတီမြို့ပေါ်တွင် လုပ်ကိုင်နိုင်သော ကျွမ်းကျင်စားပွဲထိုး အလိုရှိသည်။ ကျန်းမာရေးကောင်းရမည်။ နေ၊ စားငြိမ်း။ တစ်လ- ရှစ်သောင်း။

ဖုန်း-၀၉ ၅၆၆၁၁၉၈

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးယာဉ်မောင်းအလိုရှိသည်။ မော်ဒယ်မြင့်အော်တိုဂီယာအိမ်စီးကား။ ညှိနှိုင်းလစာပေးမည်။

ဖုန်း-၀၉ ၇၃၁၇၉၂၈၅

---

**ဝန်ထမ်းအလိုရှိသည်**

လုံခြုံရေးဝန်ထမ်း (၄) ဦး
Driver (၄) ဦး
သန့်ရှင်းရေးဝန်ထမ်း (၂) ဦး

အမှတ် (၁၀၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။

ဖုန်း-၀၉ ၄၂၁၁၇၆၂၃၁

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင်စာရင်းကိုင် ကျား/မ (၅) ဦး
ရွှေဆိုင်အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
ယာဉ်မောင်း ကျား (၂) ဦး

အမှတ်-(၁၈)၊ Junction Square Shop House အပြင်ဘက်တန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

နယ်အရောင်းမန်နေဂျာ ကျား (၁) ဦး
ယာဉ်မောင်း ကျား (၁) ဦး
စာရင်းကိုင် မ (၂) ဦး

Apple Production Co.,Ltd.

အမှတ် (အေ-၂၉)၊ ဦးဝိစာရလမ်း၊ ၃၄ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်။

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်း(ကျွမ်းကျင်) ကျား (၃) ဦး

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

Summer **အပ်ချုပ်ဆိုင်**

စက်ချုပ်ကျွမ်းကျင်သူ မ (၅) ဦး
စိတ်ရှည်၍ သေသပ်လှပစွာချုပ်နိုင်သူ၊ စိတ်ကူးစိတ်သန်းကောင်းသူ၊ ကြိုးစား၍ သင်ယူလိုစိတ်အထူးရှိရမည်။

၂ လမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။

ဖုန်း-၀၉ ၅၀၁၉၅၇၉

---

**ဝန်ထမ်းအလိုရှိသည်**

Winning Security Group Co.,Ltd

ယာဉ်မောင်း (၁) ဦး
လုံခြုံရေးဝန်ထမ်း (၁၀၀) ဦး

အသက် (၁၈) မှ (၅၀) နှစ်အတွင်း၊ ကျန်းမာသန်စွမ်း၍ စိတ်ပါဝင်စားသူ။

တိုက်အမှတ် (၂၁၇-၂၁၉)၊ (၆လွှာ အေ) ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

**မြင့်မြတ်ကြယ်ကုမ္ပဏီလီမိတက်**

အရောင်းကြီးကြပ်ရေးမှူး ကျား(၁)၊ မ (၂) ဦး
အရောင်းဝန်ထမ်း ကျား (၃) ဦး၊ မ (၅) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း မ (၇) ဦး
အရောင်းအကူဝန်ထမ်း ကျား (၅) ဦး

ဖုန်း-၀၉-၅၀၄၆၂၁၇

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# အခြေခံဥပဒေ ဘယ်လောက်ထိပြင်နိုင်မလဲ

**ရန်မျိုးနိုင်**

ကြားဖြတ်နှင့် ၂၀၁၅ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလှုပ်ရှားမှုများကို ဒီမိုကရေစီအင်အားစုများက ပိုမိုအရှိန်မြှင့်လာသည်။

လာမည့်တစ်နှစ်ကျော်ကာလသည် မြန်မာ့နိုင်ငံရေးတွင် အခြေခံဥပဒေနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးမည့်ကာလ ဖြစ်သော်လည်း ဒီမိုကရက်တစ်အင်အားစုများ လိုလားသောအတိုင်းအတာအထိ အခြေခံဥပဒေပြင်ဆင်နိုင်မည်လားဟု နိုင်ငံရေးစိတ်ဝင်စားသူတိုင်းက စောင့်ကြည့်နေကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဒီမိုကရက်တစ်အင်အားစုများ ကြိုးပမ်းနေချိန်တွင် အာဏာရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်အချို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သမ္မတအရည်အချင်းသတ်မှတ်ချက်အချို့ကို မပြင်ဆင်ရန် ဆန္ဒထုတ်ဖော်မှုများကလည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်းဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အခြေခံဥပဒေနှင့်ပတ်သက်၍ လှုပ်ရှားမှုနှစ်ခုမှာ တစ်ခုက ပုဒ်မ ၄၃၆အပါအဝင် အချက်အများစုကို ပြင်ဆင်ရန်နှင့်တစ်ခုက ပုဒ်မ ၅၉(စ) မပြင်ရန် လှုပ်ရှားမှုဖြစ်သည်။

"ဖွဲ့စည်းပုံပြင်ဆင်ရေးက ၂၀၁၅ရွေးကောက်ပွဲမတိုင်မီတော့ ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ အပြည့်အဝကြီးတော့ ကျွန်တော်တို့ လိုချင်သလောက်တော့ မရနိုင်ပါဘူး။ အကန့်အသတ်တွေရှိလာနိုင်တယ်လေ"ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF) ဥက္ကဋ္ဌဦးခင်မောင်ဆွေကပြောသည်။

လက်ရှိအချိန်တွင် စစ်အစိုးရရေးဆွဲခဲ့သော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရာတွင် အဓိကအသက်သွေးကြောဖြစ်သည့် ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရေး ဟောပြောပွဲများပြုလုပ်ခြင်းအပြင် ဆန္ဒသဘောထား ကောက်ခံခြင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(ငြိမ်း/ပွင့်)တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

NLD နှင့် ၈၈ ငြိမ်း/ပွင့်တို့သည် ရန်ကုန်၊ မန္တလေးနှင့်ဟင်္သာတမြို့တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလူထုဟောပြောပွဲများကို ပြုလုပ်ခဲ့သည်။ ထို့အပြင် မြို့ပေါင်းကိုးမြို့တွင်လည်းပြုလုပ်မည်ဖြစ်ကာ မေလ ၂၇ရက်မှ ဇူလိုင်လ ၁၉ရက်အထိ ပြည်သူလူထုထံမှ ပုဒ်မ ၄၃၆ကို ပြင်ဆင်လိုကြောင်း ဆန္ဒလက်မှတ်များကို ကောက်ခံမည်ဖြစ်သည်။



*ဗိုလ်စိန်မှန်ကွင်းတွင် ပြုလုပ်သော အခြေခံဥပဒေပြင်ဆင်ရေး ဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဟောပြောနေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ပုဒ်မ ၄၃၆ကို ပြင်ဆင်လိုကြောင်း ပြည်သူလူထု လက်မှတ်ရေးထိုးကာ ဆန္ဒပြုထားမှုများကို ပြည်သူ့အသံကို အလေးထားနားထောင်သည်ဆိုသော ပြည်ထောင်စုလွှတ်တော်သို့တင်ပြကာဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် တရားဥပဒေဘောင်အတွင်းမှ လုပ်ဆောင်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့က ထုတ်ဖော်ပြောကြားထားသည်။

"ဒီပုဒ်မ ၄၃၆ကို ပြင်နိုင်ဖို့က အဓိကပါပဲ။ ဒီပုဒ်မကို ပြင်နိုင်မယ်ဆိုရင် ကျွန်တော်တို့မလိုလားတဲ့ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့အချက်တွေကို ပြင်လို့ရမယ်ပေါ့။ ဒါတွေကို ပြင်နိုင်ဖို့ ၄၃၆က အခုအခြေအနေမှာအတားအဆီးတစ်ခုဖြစ်နေတယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းသူက ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေါ်အောင်ဆန်းစုကြည်နိုင်ငံတော် သမ္မတ မဖြစ်နိုင်ရန် ထည့်သွင်းထားသည့် ပုဒ်မ ၅၉(စ)၊ တပ်မတော်ကိုအခွင့်ထူးခံ လူတန်းစားတစ်ရပ်အဖြစ် ရပ်တည်နိုင်အောင်ပေးထားသည့်ပုဒ်မများ၊ တိုင်းရင်းသားလူမျိုးများ လိုလားသော ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရာတွင် အခက်အခဲဖြစ်စေနိုင်သည့်ပုဒ်မများ၊ တရားစီရင်ရေး၏ လွတ်လပ်မှုကိုကန့်သတ်ထားမှုများအပါအဝင် ပုဒ်မပေါင်း ၁၆၀ကျော်ကို ပြင်ဆင်ရန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က လွှတ်တော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီသို့ တင်ပြထားသည်။

လွှတ်တော်တွင် အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အများစု၊ အတိုက်အခံအင်အားအနည်းအကျဉ်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်ရမည့်အကြောင်းအရာများကို ဆွေးနွေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီကို ဖွဲ့စည်းထားသည်။

ပြင်ပတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လှုပ်ရှားမှုများပြားလာပြီး ပြည်သူလူထု၏ စိတ်ဝင်စားမှုများမြင့်တက်လာချိန်တွင် ယင်းကော်မတီက ပုဒ်မ ၄၃၆ကို ပြင်ဆင်ရန်အတွက် ဆုံးဖြတ်လိုက်ကြောင်းသတင်းများမေလတတိယပတ်က ထွက်ပေါ်လာသည်။ ထိုသတင်းမှာ အခြေခံဥပဒေ ပြန်ဆင်ရန် လူထုအတွင်း အာရုံစူးစိုက်မှုကို လျှော့ပါးအောင်လှည့်ကွက်ဟုနိုင်ငံရေးလေ့လာသူအချို့က သုံးသပ်သည်။

"လက်ရှိ အခြေခံဥပဒေပြင်ဆင်နိုင်ရေးကော်မတီရဲ့ လုပ်ဆောင်နေမှုအရတော့ ဒီ ၂၀၁၄ နှစ်ကုန်အထိ အခြေခံဥပဒေပြင်ဆင်နိုင်မယ့်အလားအလာမတွေ့ရသေးဘူး။ ကော်မတီရဲ့ လုပ်ငန်းတွေက အင်မတန်မှ နှေးကွေးနေတယ်"ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီဝင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သူ ရခိုင်အမျိုးသားပါတီဒုခေါင်းဆောင် ဒေါက်တာအေးမောင်ကပြောသည်။

တိုင်းရင်းသားများအနေဖြင့် စစ်မှန်သည့် ပြည်ထောင်စုစနစ်တည်ထောင်နိုင်ရေးအတွက် ပုဒ်မ ၄၃၆ကို ၂၀၁၅မတိုင်မီ ပြင်ဆင်နိုင်ပါက အဆင့်တစ်ဆင့်အောင်မြင်ခြင်းပင်ဖြစ်သည်ဟု ဒေါက်တာအေးမောင်ကသုံးသပ်သည်။

သို့သော် ပုဒ်မ ၄၃၆ကို ပြင်ဆင်နိုင်ရန်ကြိုးပမ်းရာတွင် ယင်းပုဒ်မတွင်ပင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံရမည်ဆိုသောအဆင့်ကို ပထမဦးစွာကျော်ဖြတ်ရမည်ဖြစ်သည်။

ယင်းပြဋ္ဌာန်းချက်အရ ဒီမိုကရေစီအင်အားစုများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ထောက်ခံမဲတစ်မဲမှ မရရှိပါက ပြင်ဆင်နိုင်မည်မဟုတ်ပေ။

ပုဒ်မ ၄၃၆ကို ပြင်ဆင်နိုင်ပါက နိုင်ငံရေးတွင် စစ်တပ်မှ ဦးဆောင်ကာ ပါဝင်ပတ်သက်နေမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး မြန်မာ့တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံများ၏ အခြားသော ပရော်ဖက်ရှင်နယ်တပ်မတော်များအတိုင်းနိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ အဓိကထမ်းဆောင်လာမည်ဖြစ်သည်။

"ဖွဲ့စည်းပုံပြင်ဆင်တဲ့အပေါ်မှာ တပ်ကလည်းပါဝင်လာရင် အရမ်းကောင်းမှာပါ။ ဒီလိုမှမဟုတ်ဘဲ မပါဘူးလို့ ဘူးခံငြင်းနေရင်တော့ အကျပ်အတည်းပေါ်လာနိုင်တယ်"ဟု ၈၈မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေးကပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များကြောင့်တိုင်းပြည်တွင် ဆူဆူပူပူဖြစ်မည်ကို စိုးရိမ်မိကြောင်း ယခုလအတွင်း ၎င်း၏ မန္တလေးတိုင်းဒေသကြီးခရီးစဉ်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မေ ၂၂ ရက်စွဲဖြင့် မန္တလေးမြို့ အောင်ပင်လယ်ကွင်းတွင် ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်ကို စိန်ခေါ်ပြောဆိုမှုများသည် အခြေခံဥပဒေက ခွင့်ပြုထားသည့် အတိုင်းအတာကို ကျော်လွန်နေသည့်အတွက် သတိပြုဆောင်ရွက်ရန် သတိပေးခဲ့သည်။ ထို့ကြောင့် အခြေခံဥပဒေနှင့် ပတ်သက်၍ အားပြိုင်မှုများ၊ ပွတ်တိုက်မှုများ ပိုမိုမြင်တွေ့ရဖွယ်ရှိသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန်ကြိုးပမ်းနေခြင်းမှာ တိုင်းပြည်မငြိမ်သက်အောင်လုပ်ဆောင်နေခြင်းမဟုတ်ဘဲ ဒီမိုကရက်စံနှုန်းနှင့်မကိုက်ညီသည့်အချက်များကို ပြင်ဆင်ပြီး ဒီမိုကရေစီနိုင်ငံကို လက်တွဲပူးပေါင်းတည်ထောင်လိုခြင်းသာဖြစ်သည်ဟု ဦးမြအေးကဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံမှုကို ငြင်းပယ်ထားသူများလည်းဖြစ်သည်။

ထို့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် တပ်မတော်က လိုလိုလားလားပါဝင်လာရန်အနေအထားရှိ၊ မရှိကိုလည်း စဉ်းစားရတော့မည့်အပြင် တပ်မတော်အားအခွင့်ထူးခံပေးထားသည့်ပုဒ်မ ၄၃၆ကို ပြင်ဆင်ရန် လိုလားခြင်းရှိ၊ မရှိကိုလည်း ဆန်းစစ်လေ့လာရမည်ဟု အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များကထုတ်ဖော်ပြောကြားမှုများရှိလာသည်။

"တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေလည်းပါလာမှာပါ။အခုလည်း လွှတ်တော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီမှာ သူတို့ပါနေတာပဲ။ ဖွဲ့စည်းပုံမှာတော့ ပြင်သင့်တဲ့အချက်တွေရှိသလို၊ မပြင်သင့်တဲ့အချက်တွေလည်း ရှိတယ်"ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရေးမှူးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းက သုံးသပ်သည်။

ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ခြင်းမရှိပါက နိုင်ငံတော်သမ္မတအရည်အချင်းသတ်မှတ်ချက်၊ တပ်မတော်အနေဖြင့် ကာကွယ်ရေးကိုသာအဓိက မလုပ်ဆောင်ဘဲ နိုင်ငံရေးတွင် ဦးဆောင်ပါဝင်နေဦးမည်ဆိုသောအချက်နှင့် တိုင်းရင်းသားများလိုလားသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ကန့်သတ်ထားသည့်ပုဒ်မများကိုလည်း ပြင်ဆင်နိုင်တော့မည် မဟုတ်ပေ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းတို့နှင့်သာ သက်ဆိုင်သည့် ကိစ္စမဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ နိုင်ငံရေးပါတီများ၊ ပြည်သူလူထုအားလုံး၏အကျိုးစီးပွားများနှင့်လည်း ဆက်နွှယ်နေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူကပြောသည်။

"ဒီအာဏာရှင်ဆန်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဘဲဒီအတိုင်းဆက်သွားရင် တိုင်းပြည်က ဒီလိုပဲ ဟိုမရောက် ဒီမရောက်ရပ်တန့်နေမယ်။ ပြည်တွင်းငြိမ်းချမ်းရေးရဖို့က ဖွဲ့စည်းပုံပြင်ဆင်တဲ့ အပေါ်မှာပဲမူတည်တယ်။တိုတိုပြောရရင် မပြင်ရင် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံမဖြစ်နိုင်တော့ဘူး"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



# လန်ဒန်တွင် ကျင်းပမည့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအဆုံးသတ်ရေးဆွေးနွေးပွဲ၌ မြန်မာအကြောင်းဆွေးနွေးမည်

**ထွန်းခိုင်**

**ရန်ကုန်၊ မေ-၂၆**

လာမည့်လတွင် လန်ဒန်၌ကျင်းပမည့် ပဋိပက္ခဖြစ်စဉ်များအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အဆုံးသတ်ရေး ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတွင်း ပဋိပက္ခဖြစ်ပွားနေသည့်နေရာများ၌ ဖြစ်ပွားနေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအကြောင်း ထည့်သွင်း ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇွန်လ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် အဆိုပါဆွေးနွေးပွဲတွင် ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကာကွယ်ရန် ဥပဒေကြောင်းအရ ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လေ့လာဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲသို့ ဖိတ်ကြားခံရသူ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ဒါရိုက်တာ ဒေါ်မေစံပယ်ဖြူက ပြောသည်။

"တခြားနိုင်ငံတွေမှာ ဖြစ်နေတာတွေ သူတို့ဘယ်လိုဖြေရှင်းတယ်ဆိုတာကိုလည်း လေ့လာမယ်"ဟု ဒေါ်မေစံပယ်ဖြူက ပြောသည်။

ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်အင်ဂျလီနာဂျိုလီအပါအဝင် ထင်ရှားသူများတက်ရောက်မည့် ယင်းဆွေးနွေးပွဲတွင် လူ့အသိုက်အဝန်းနှင့် လူမှုဘဝများကို ဆုံးရှုံးပျက်စီးစေသည့် ပဋိပက္ခဖြစ်စဉ်များအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အစီအစဉ်များခွဲပြီး ဆွေးနွေးမည်ဖြစ်ကြောင်း ဆွေးနွေးပွဲစီစဉ်သူများက ထုတ်ပြန်ထားသည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံအတွင်းရှိ လူသိများသည့် နိုင်ငံရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူ ၁၀ ဦးခန့် ဖိတ်ကြားခံခဲ့ရကြောင်း သတင်းရရှိသည်။

စာမျက်နှာ (၉)မှ

## ခြိမ်းခြောက်လာသည့် ပဋိဇီဝဆေး ယဉ်ပါးမှုပြဿနာ

အဲဒီအခါကျရင် ဆယ်စုနှစ်များစွာကုသပျောက်ကင်းခဲ့တဲ့အဖြစ်များတဲ့ ကူးစက်ရောဂါတွေနဲ့ သာမန်ထိခိုက်ဒဏ်ရာလေးတွေက လူတွေကို တဖန်ပြန်ပြီး သေစေလိမ့်မယ်"ဟု WHO ၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ပဋိဇီဝဆေးယဉ်ပါးမှုအခြေအနေ၏ စိုးရိမ်ရမှုကို အဆိုပါအစီရင်ခံစာတွင် ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် အဆိုပါပဋိဇီဝဆေးယဉ်ပါးမှုများအပြင် ကူးစက်ရောဂါကြီးများဖြစ်သောတီဘီနှင့် ငှက်ဖျားရောဂါတို့တွင် ဆေးယဉ်ပါးမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေရသည်။ တီဘီရောဂါအတွက်သတ်မှတ်ထားသောဆေးများ မတိုးတော့သည့် MDR–TB လူနာများကို တွေ့ရှိလာရပြီး ငှက်ဖျားဆေးယဉ်ပါးမှုကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိထားစောင့်ကြည့်နေရသည့်အခြေအနေတွင်ရှိနေသည်။

ဆေးယဉ်ပါးမှုကြောင့် လူနာများတွင် ကျန်းမာရေးအသုံးစရိတ်ပိုမိုကုန်ကျခြင်း၊ မှားယွင်းစွာအသုံးပြုမိသောဆေးများကြောင့် ရောဂါပိုမိုပြင်းထန်ခြင်း၊ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်မှုမရှိဘဲ ယုံကြည်မှုပျောက်ဆုံး၍ စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်နိုင်သည်ဟု ကျန်းမာရေးဆိုင်ရာပညာရှင်များကပြောသည်။

"ပြည်သူတွေကို Antibiotics (ပဋိဇီဝဆေး)တွေရဲ့ ဘေးထွက်ဆိုးကျိုးကို အသိပညာပေးဖို့နဲ့ ဆေးဆိုင်တွေကို ကြီးကြပ်ဖို့က လုပ်ဖို့လိုနေပြီ"ဟု အထွေထွေရောဂါကုဆရာဝန် ဒေါက်တာပြည့်ဖြိုးကပြောသည်။

ဖြစ်ပွားနေသည့် ရောဂါအတွက် မှန်ကန်သော ဆေးဝါးအသုံးပြုမှုမျိုးမရှိခြင်းသည် ဆေးမတိုးတော့သည့် ပြဿနာများဖြစ်ပေါ်စေပြီး ဆေးပတ်ပြည့်မီရန် ဝယ်သောက်ရသည့် ငွေကြေးအား လူနာများက မတတ်နိုင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအလုပ်ဝန်ပိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတမပြည့်စုံမှု၊ ဆေးကုမ္ပဏီကြီးများ၏ကျင့်ဝတ်ဖောက်ဖျက်၍မလျော်ကန်သောနည်းလမ်းများဖြင့် ဆေးရောင်းချမှု၊ ပဋိဇီဝပိုးသတ်ဆေး ဝယ်ယူရန် အတားအဆီးမရှိ ခွင့်ပြုမှုများနှင့်ဆေးဆိုင်များ၏အကျိုးအမြတ် ဦးစားပေးမှု၊ နိုင်ငံအဆင့်ဆေးဝါးအက်ဥပဒေကို အကောင်အထည်ဖော်ရာ၌ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းစသည့် အချက် (၇) ချက်မှာ ဆေးယဉ်ပါး၊ ဆေးမတိုးမှုများ၏ ရင်းမြစ်များဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စာရင်းပြုစုထားသည်။

## ဟန်းဆက်စျေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 2၄၅,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 342,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ စျေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 382,000 |
| Xperia J | 158,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 772,000 |
| iPhone 5s(16GB) | 672,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 128,000 |
| G 610c (CDMA) | 145,000 |
| Y 300c (CDMA) | 99,000 |

မေလ (၂၄) ရက် စျေးနှုန်းများဖြစ်ပြီး စျေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းစျေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | စျေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါစျေးနှုန်းများမှာ မေလ (၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများစျေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | စျေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၇၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၃၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ်(၈ပေါက်အုတ်) (အထိုင်စျေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၈၅ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၁၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၄၁၀ |

အထက်ပါစျေးနှုန်းများမှာ မေလ (၂၄) ရက်တွင် ကောက်ယူထားသော စျေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်စျေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | စျေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၈၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၃၀–၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၉၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်စျေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | စျေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မေလ (၂၄) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးစျေးကြီးမှ ကောက်ယူထားသော လက်ကား စျေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီစျေးနှုန်းများ

| စျေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May (28) | 815 | 940 | 920 | 950 |
| May (29) | 815 | 940 | 920 | 950 |
| May (30) | 815 | 940 | 920 | 950 |
| May (31) | 815 | 940 | 920 | 950 |
| Jun (1) | 815 | 940 | 920 | 950 |
| Jun (2) | 815 | 940 | 920 | 950 |
| Jun (3) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ စျေးနှုန်းများဖြစ်ပါသည်။ စျေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



*ထိုင်းစစ်တပ်နှင့် ထိုင်းပြည်သူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားနေစဉ်* NICOLAS ASFOURI/AFP

# အာဆီယံဥက္ကဋ္ဌကို အခက်တွေ့စေသော စိန်ခေါ်မှုများ

**အေးသူစံ**

မြန်မာနိုင်ငံကသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌဖြစ်ချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် အာဆီယံ ဒေသတွင်း ပြဿနာကြီးနှစ်ခု ပေါ်ပေါက်ခဲ့သည်။ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့၏ တောင်တရုတ်ပင်လယ်ပိုင်နက် အငြင်းပွားမှုနှင့် ဒေသတွင်းလည်းဖြစ် အိမ်နီးချင်းနိုင်ငံလည်းဖြစ်သော ထိုင်းတွင် စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက ယင်းပြဿနာများကို ဝေဖန်တိုက်တွန်းမှုများပြုလုပ်နေသော်လည်း အာဆီယံ ဥက္ကဋ္ဌ မြန်မာက နှုတ်ဆိတ်နေသည်။

အထူးသဖြင့် ထိုင်းအာဏာသိမ်းမှုဖြစ်စဉ်တွင် အတိုက်အခံနှင့် အစိုးရ အဖွဲ့များ ထိန်းသိမ်းခံရခြင်း၊ မီဒီယာကို ထိန်းချုပ်ခြင်း၊ တပ်အာဏာသိမ်းခြင်းကို ဝေဖန်သူများနှင့် ဆန္ဒပြသည့် ရုပ်နီများကို အကြမ်းဖက်လူစုခွဲခြင်းစသည့်တို့အတွက် အမေရိကန်နှင့် နိုင်ငံတကာက ဝေဖန်ရှုတ်ချနေသော်လည်း မြန်မာကမူ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရဆိုသည့် အာဆီယံပဋိညာဉ်ကို မြေဝယ်မကျ လိုက်နာသည်။

ပိုင်နက် အငြင်းပွားနေသည့် ကျွန်းစုတွင် ရေနံတူးစင်လာဆောက်သည့်အတွက် နှစ်နိုင်ငံတင်းမာခဲ့ပြီး တရုတ်နိုင်ငံသားအချို့သေဆုံးကာ ထွက်ပြေးနေရသော ဗီယက်နမ်နှင့် တရုတ်တို့ အငြင်းပွားမှုတွင်လည်း ကြေညာချက်လေးတစ်စောင်သာ တာဝန်ကျေထုတ်ပြန်ခဲ့သည်ဟု နိုင်ငံတကာမီဒီယာများ၏ ဝေဖန်မှုခံရသည်။ ပိုင်နက်အငြင်းပွားမှုတွင် အာဆီယံမှာ ခုံရုံးမဟုတ်သည့်အတွက် ယခုရပ်တည်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

သို့သော် ထိုင်းနိုင်ငံရေးတွင်မူ ကိုယ်တိုင်ပြုပြင်ပြောင်းလဲရေးများ လုပ်နေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးပမ်းနေသည့် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအနေဖြင့် ယခုထက်ပိုသော ပွင့်လင်းသည့် သဘောထားရပ်တည်ချက်မျိုးပြောသင့်ကြောင်း ပြောဆိုဝေဖန်လာကြသည်။

အာဆီယံဥက္ကဋ္ဌ အနေဖြင့် ဒေသတွင်း အရေးကိစ္စများတွင် ယခုထက်ပိုပြီး တက်တက်ကြွကြွနှင့် ပဋိညာဉ်ကို မထိခိုက်ဘဲ သဘောထားအမြင်များကို ထုတ်ပြန်သင့်ကြောင်း အာဆီယံလူထုဖိုရမ်၏ ဆက်သွယ်ရေးတာဝန်ခံ ဦးကျော်လင်းဦးက အကြံပြုသည်။

“ထိုင်းမှာ အာဏာသိမ်းတယ်ဆိုတာ သမားရိုးကျဖြစ်ပေါ်တိုးတက်မှုမှ မဟုတ်တာ။ ပဋိညာဉ်ကိုလည်း မထိခိုက်အောင် ထိုင်းပြည်သူတွေရဲ့ ဆန္ဒကို ရှေ့တန်းတင်ပြီး ဒီမိုကရေစီနဲ့ ပြည်သူကိုယ်စားပြုတဲ့ အုပ်ချုပ်ရေးပုံစံ အပြောင်းအလဲမဖြစ်လာရင် စိုးရိမ်ပါတယ်ဆိုတဲ့ သဘောထားမျိုးလောက်ကတော့ ထုတ်ပြန်လို့ရပါတယ်။ ဒါမှ နိုင်ငံတကာကလည်းမြန်မာကို ပိုအလေးထားမယ်။ ဂုဏ်သိက္ခာလည်း ပိုရှိမယ်လို့မြင်တယ်”ဟု ၎င်းကပြောသည်။

ထိုင်းနိုင်ငံသည် မြန်မာနှင့် ကုန်းမြေနယ်နိမိတ်ချင်းထိစပ်နေပြီး ပြည်တွင်းစစ်ကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၊ မြန်မာအလုပ်သမားသိန်းပေါင်းများစွာကို ခိုလှုံခွင့်ပေးထားသည့် နိုင်ငံဖြစ်သည်။ အိမ်နီးချင်းနိုင်ငံ၏ အကျပ်အတည်းအပေါ် မြန်မာက အတုံ့အလှည့်အနေဖြင့် လက်ရှိအာဏာသိမ်း အစိုးရကို ထိုင်းပြည်သူများ၏ ဆန္ဒအပေါ် အလေးထားသည့်တိုက်တွန်းမှုများ ပြုလုပ်သင့်သည်။

“ကျွန်တော်တို့က သူများပြည်တွင်းရေးကို သွားပြောရင် ကျွန်တော်တို့ ပြည်တွင်းရေးကိုလည်း သူတို့က ပြောလာမှာပဲ။ ဝေဖန်တယ်ဆိုတာက လွယ်ပါတယ်။ ပြီးခဲ့တဲ့ ထိပ်သီးအစည်းအဝေးမှာဆို ထိုင်းနဲ့ ပတ်သက်လို့ ဝန်ကြီးတွေ အား လုံး သဘော တူ ညီ ရအောင် ကြိုးစားပြီး ကြေညာချက်တစ်စောင်ထုတ်ပေးခဲ့တယ်။ ဒါလုပ်လေ့လုပ်ထမရှိဘူးလေ”ဟု နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျကပြောပါသည်။

မြန်မာလက်နက်ကိုင်တပ်ဖွဲ့များစွာမှာ မြန်မာ–ထိုင်းနယ်စပ်တစ်လျှောက် မှီခိုနေခြင်း၊ စီးပွားရေးအရ တတိယကုန်သွယ်ဖက်အကြီးဆုံးနိုင်ငံဖြစ်နေသည့် ထိုင်းက နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးလာမည်ကို စိုး၍ မိတ်မပျက်သည့် နိုင်ငံခြားရေးမူဝါဒကိုသာ မြန်မာက ၎င်း၏ အကျိုးစီးပွားအတွက် ဆက်လက်ဆုပ်ကိုင်နေသည်ဟုဝေဖန်ခံနေရပြီဖြစ်သည်။

“ကျွန်တော်တို့ကြားမှာ အဆင့်ဆင့်ထိတွေ့မှုတွေအများကြီးရှိတယ်။ ဒီလိုဖြစ်လာစရာမရှိပါဘူး။ ဘက်လိုက်လို့မရဘူး။ ပူအာထိုင်းကို ထောက်ခံတာနဲ့ ဒီမိုကရက်ကို မလိုလားတာမဟုတ်ဘူး။ ကျွန်တော်တို့က အိမ်နီချင်းဆက်ဆံရေးကို ကောင်းမွန်အောင် ထိန်းထားရတာပါ။ ဒါအကျိုးစီးပွားကို ကာကွယ်တာ မဟုတ်ဘူး”ဟု ဦးကျော်ဇေယျကပြောသည်။

မည်သည့်နိုင်ငံနှင့် မဆို မည်သည့်အစိုးရတက်တက် မြန်မာက တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုသာ ဆက်လက်ဆုပ်ကိုင်မည်ဖြစ်ကြောင်း ကောင်စစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးက ဆိုသည်။

နှစ်ပေါင်း ငါးဆယ်နီးပါး အာဏာရှင်စနစ်အောက်တွင်ရှိခဲ့သည့် မြန်မာက အချိန်တိုအတွင်း ဒီမိုကရေစီအပြောင်းအလဲများ ပြုလုပ်နိုင်သည့်အတွက် အာဆီယံဥက္ကဋ္ဌအဖြစ် စိန်ခေါ်မှုများကို မဖြေရှင်းနိုင်စရာမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၏ ဒုတိယသံအမတ် မစ္စတာ မာရုယာမက အပြုသဘော တုံ့ပြန် ပြောကြားသည်။

“လွန်ခဲ့တဲ့ ၂ နှစ်က ဒီတောင်တရုတ်ပင်လယ်ကိစ္စအငြင်းပွားမှုဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်က ဥက္ကဋ္ဌနိုင်ငံအနေနဲ့ ကြေညာချက်ထုတ်တာမျိုးထုတ်လို့ မရခဲ့ဘူး။ အခုမြန်မာဥက္ကဋ္ဌကာလမှာ ထိပ်သီးအစည်းအဝေးအတွင်း တောင်တရုတ်နဲ့ ပတ်သက်လို့ကြေညာချက်ထုတ်နိုင်တာ ကြိုဆိုပါတယ်။ ထိုင်းဆိုရင်လည်း နိုင်ငံခြားရေးဝန်ကြီးတွေအားလုံး သဘောတူအောင် မြန်မာက လုပ်နိုင်ပြီး ကြေညာချက်ထုတ်နိုင်တယ်။ ဒါကြောင့် နောက်ထပ် စိန်ခေါ်မှုတွေကို မြန်မာက ဖြေရှင်းနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်”ဟု ၎င်းကပြောသည်။

သို့သော် ထိုင်းအကျပ်အတည်းမှာ လာမည့် နောက်တစ်ကြိမ် ထိပ်သီးအစည်းအဝေးကာလအထိ မပြီးပြတ်ပါက အမေရိကန်နှင့် ၎င်းတို့ဆွေးနွေးဖက်နိုင်ငံများကြား ထိပ်တန်း ဆွေးနွေးရမည့်ကိစ္စ ဖြစ်လာဖွယ်ရှိကြောင်း ၎င်းကပြောသည်။

ရှစ်လနီးပါးနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် ထိုင်းတပ်မတော်က အခြားရွေးချယ်စရာနည်းလမ်းမရှိဟု ထင်မြင်ပြီး ထိုင်းစစ်တပ်အနေဖြင့် ဒီမိုကရေစီစနစ်ကို အမြန်လွှဲပြောင်းပေးရန်သာ မျှော်လင့်ကြောင်း အာဆီယံပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ဆိုသည်။

“နိုင်ငံရေးပါတီတွေ အနေနဲ့ ဖွဲ့စည်းပုံကို အခြေခံ ဥပဒေဘောင်ထဲကနေ ဖြေရှင်းမယ့်အစားအကျပ်ကိုင်တဲ့ နည်းလမ်းကို သုံးတဲ့အခါ မဖြစ်စေချင်တဲ့ ပြောင်းပြန်အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့တာပဲ။ ဒါကို သင်ခန်းစာယူပြီး ရှေ့ဆက်မယ်လို့ထင်ပါတယ်” ဟု ၎င်းကဆိုသည်။

အမေရိကန်သမ္မတအိုဘားမား လာရောက်မည့် နောက်တစ်ကြိမ် ထိပ်သီးအစည်းအဝေးအထိ ယင်းပြဿနာနှစ်ခု မဖြေရှင်းနိုင်ပါက ထိပ်သီး အစည်းအဝေးကာလအတွင်း ခေါင်းဆောင်များအတွက် ထိပ်တန်းဆွေးနွေးရမည့်ကိစ္စအဖြစ် တောင်တရုတ်ပိုင်နက်အငြင်းပွားမှုနှင့် ထိုင်းနိုင်ငံရေးက နေရာယူနေဦးမည်ဖြစ်ပါသည်။



## ဝန်ကြီးဌာနများအတွက် 10GB ရှိ အင်တာနက်ဖိုက်ဘာဆက်ကြောင်း တိုးချဲ့တပ်ဆင်မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၂၄**

နေပြည်တော်ရှိဝန်ကြီးဌာနများနှင့် အစိုးရရုံးများတွင် E-Government လုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် 10 GBရှိသည့် အဓိက ဖိုက်ဘာဆက်ကြောင်းတစ်ခု တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

မြန်မာတစ်နိုင်ငံလုံး၌ လက်ရှိတွင် အင်တာနက်အသုံးပြုသည့် ပမာဏမှာ 14 GB သာရှိသေးပြီး နေပြည်တော်မြို့ တစ်ခုလုံးတွင် အသုံးပြုသည့် ပမာဏမှာ 1.4 GB ခန့်သာရှိသေးသည်။ နောင်တွင် ထပ်မံတိုးချဲ့စရာမလိုရန်အတွက် 10GB ရှိသည့် အဓိက ဖိုက်ဘာကို တိုးချဲ့ခြင်းဖြစ်သည်။

“အရင်က ဝန်ကြီးဌာနရုံး ၁၅ ခုလောက်အပေါ်မှာပဲ အခြေခံပြီးတော့ ဖိုက်ဘာဆက်ကြောင်းကို ဆွဲခဲ့တာ။ အခုကျဌာနဆိုင်ရာတွေက များလာတဲ့အတွက် ထပ်ပြီး တိုးချဲ့ရတာပါ။ တကယ်အသုံးပြုမှာကတော့ အဲဒီလောက် မများသေးပါဘူး။ ထပ်ပြီး တိုးစရာမလိုအောင်လို့ပါ”ဟု Internet Service Provider ဌာနမှ အင်ဂျင်နီယာချုပ်ဦးမျိုးဆွေကပြောသည်။

အဆိုပါအဓိကဖိုက်ဘာဆက်ကြောင်းမှတစ်ဆင့် တစ်စက္ကန့်လျှင် 1GB (1000 MB) မြန်နှုန်းရှိသည့်ဖိုက်ဘာဆက်ကြောင်းများနှင့် နေပြည်တော်ရှိဝန်ကြီးဌာနများနှင့် အစိုးရဌာန ပေါင်း ၅၀ ခန့်ကို ချိတ်ဆက်ပေးသွားမည်ဖြစ်သည်။

ဖိုက်ဘာဆက်ကြောင်းမှတစ်ဆင့် အသုံးပြုနိုင်သည့် ပမာဏကို တိုးချဲ့သွားမည်ဖြစ်သလို ဖိုက်ဘာဆက်ကြောင်းတစ်ခုချို့ယွင်းပါက အခြားဆက်ကြောင်းသို့ ပြောင်းလဲအသုံးပြုနိုင်စေရန် အရန်ဆက်ကြောင်းများ တပ်ဆင်သွားမည်ဟုဆိုသည်။

“အခုလိုတိုးချဲ့လိုက်မယ်ဆိုရင် ဌာနဆိုင်ရာတွေက လုပ်ငန်းလုပ်တဲ့အခါမှာ ပိုပြီးတွင်ကျယ်လာမှာဖြစ်ပါတယ်။ ဒါပေမဲ့ 1GB ရှိတဲ့ အင်တာနက်မြန်နှုန်းကို ကောင်းကောင်းကိုင်တွယ်ပြီး လုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် ဌာနဆိုင်ရာက ဝန်ထမ်းတွေကိုလည်း အရည်အသွေးမြှင့်တင်ပေးဖို့လိုအပ်ပါတယ်”ဟု E-Government လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ထားသည့် Bandwidth ပမာဏမှာ 27 GBခန့်ရှိပြီး ထိုင်းနိုင်ငံမြဝတီနယ်စပ်ဖိုက်ဘာဆက်ကြောင်းမှ 18 GB၊ တရုတ်နိုင်ငံ မူဆယ်နယ်စပ်ဖိုက်ဘာဆက်ကြောင်းမှ 2GB၊ ပင်လယ်ရေအောက်ဖိုက်ဘာဆက်ကြောင်းမှ 7 GB ဖြင့် အသီးသီးချိတ်ဆက်ထားသည်။

“အခုလိုမျိုးမြန်နှုန်းမြင့်တဲ့ အင်တာနက်ကို ပေးထားတယ်ဆိုရင် တန်အောင်သုံးနိုင်ဖို့တော့ လိုတယ်။ မတန်ရင်တော့ ငွေကုန်တာပေါ့။ Fiber Cable ဆိုတာ လမ်းဖောက်သလိုပဲ။ လမ်းမကျယ်ကြီးဖောက်ထားပြီး သွားမယ့် ကားမရှိရင်တော့ အလကားပဲလေ”ဟု မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနာယက ဦးရဲမြတ်သူကပြောသည်။

ပြည်တွင်း၌ အင်တာနက်အသုံးပြုခြင်းကို ယခုထက်ပို၍ မြန်ဆန်စွာ အသုံးပြုနိုင်ရန် ယခုနှစ်အတွင်း bandwidth ပမာဏ 20GB ခန့်ထပ်မံတိုးချဲ့သွားရန်လည်းစီစဉ်လျက်ရှိကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Internet Service Provider ဌာနမှ သတင်းရရှိသည်။

## အူရီးဒူးမှ ဆာဗေးကောက်ယူခြင်းမှာ အများစုသုံးနေသည့် ဟန်းဆက်နှင့် 3G စနစ်အဆင်ပြေ၊ မပြေသိရန် ကောက်ယူခြင်းဟုဆို

**နိုင်လင်းအောင်၊ ဆွေမွန်**

**ရန်ကုန်၊ မေ-၂၅**




*အူရီးဒူးမှတာဝန်ရှိသူတစ်ဦးက မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းစဉ်* ဓာတ်ပုံ – ကျော်ဇင်သန်း

အူရီးဒူးမြန်မာမှ မိုဘိုင်းဖုန်းဆိုင်များတွင်ပြည်သူလူထုထံမှကောက်ယူနေသည့် ဆာဗေးဖောင်များမှာ ဆင်းမ်ကတ်ရောင်းချခြင်းအတွက် Register ပြုလုပ်ရန် ကောက်ယူခြင်းမဟုတ်ဘဲ ပြည်သူများကြားတွင် အများစုသုံးနေသည့် ဟန်းဆက်အမျိုးအစားနှင့် မည်ကဲ့သို့ဝန်ဆောင်မှုမျိုးပေးရမည်ကို သိရှိရန်အတွက် ကောက်ယူခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ အခုလိုကောက်နေတာဟာဆာဗေးဖောင်ကောက်ယူတာပဲဖြစ်ပါတယ်။ Register လုပ်ဖို့အတွက် ကောက်တာမဟုတ်ပါဘူး။ လူတွေရဲ့ လက်ထဲကို 3G စနစ်နဲ့ ဘယ်လိုဝန်ဆောင်မှုပေးရမလဲဆိုတာကို သိနိုင်ဖို့အတွက် ကောက်တာဖြစ်ပါတယ်။ ဆင်းမ်ကတ်ဝယ်ဖို့အတွက်ဆိုရင် ဖောင်ဖြည့်ဖို့ မလိုပါဘူး”ဟု အူရီးဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Ross Cormack ကပြောသည်။

လက်ရှိတွင် ပြည်တွင်းရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်အချို့တွင် အူရီးဒူးမှ ပေးထားသော ဖောင်များကို ဖြည့်ပါက ဆင်းမ်ကတ်ရောင်းသည့်အခါတွင် ရရှိမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် ယခုလို ရှင်းလင်းဖြေကြားခြင်းဖြစ်ပြီး ပြည်တွင်း၌ လူအများစုသုံးနေသည့်ဟန်းဆက်များသည် ၎င်းတို့မှ ဝန်ဆောင်မှုပေးသည့် 3G စနစ်ကို ပြည့်ဝစွာထောက်ပံ့မှုပေးနိုင်ခြင်း ရှိ၊မရှိကို သိရှိနိုင်ရန်အတွက် ကောက်ယူခြင်းလည်းဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်တော်ရဲ့ 3G ကွန်ရက်ဝန်ဆောင်မှုကိုအပြည့်အဝသုံးနိုင်ဖို့ဆိုရင် 3G စနစ်ကို အထောက်အပံ့ပေးတဲ့ ဟန်းဆက်တွေကို သုံးဖို့လိုပါတယ်။ တချို့ဟန်းဆက်တွေက 3Gဆိုပေမယ့်အပြည့်အဝအသုံးပြုလို့မရတာကို တွေ့ရတဲ့အတွက် အခုလို ဆာဗေးကောက်ယူတာဖြစ်ပါတယ်”ဟု Ross Cormack ကဆိုသည်။

အူရီးဒူးမြန်မာအနေဖြင့် လက်ရှိတွင် လူဦးရေ ငါးထောင်ဝန်းကျင်ခန့်ကို ဆာဗေးဖောင်ကောက်ယူထားပြီး ဆင်းမ်ကတ်များရောင်းချရာတွင်လည်း အသုံးပြုသူများအနေဖြင့် 3G စနစ်အား အပြည့်အဝ ထောက်ပံ့ပေးနိုင်မည့် ဟန်းဆက်များကို ဝယ်ယူအသုံးပြုနိုင်ရန်အတွက် ၎င်းတို့၏ အရောင်းကိုယ်စားလှယ်ဆိုင်များမှတစ်ဆင့် ပြည်သူများကို ရှင်းပြပေးမည့် စနစ်ကိုလည်း ကျင့်သုံးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# မိခင်နှင့်ကလေးစောင့်ရှောက်မှုသတင်းအချက်အလက် မိုဘိုင်းဖုန်းများသို့ ဖြန့်ဝေမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၂၄**

မြန်မာနိုင်ငံ၌ မိခင်နှင့် ကလေးစောင့်ရှောက်မှုဆိုင်ရာ ကျန်းမာရေးသတင်းအချက်အလက်များကို မိုဘိုင်းဖုန်းမှတစ်ဆင့် မြန်မာဘာသာဖြင့် ပြန်လည်မျှဝေသွားရန် အပြည်ပြည်ဆိုင်ရာပရဟိတအရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Population Service International (PSI) နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အူရီးဒူးမြန်မာမှ သတင်းထုတ်ပြန်သည်။

အဆိုပါဝန်ဆောင်မှုတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများ နေ့စဉ်ဆောင်ရွက်ရမည့် ကျန်းမာရေးအကြံပြုချက်များနှင့်ဆောင်ရန်ရှောင်ရန်သတင်းအချက် အလက်များကိုမိုဘိုင်းဖုန်းပေါ်မှပုံမှန်ရရှိနိုင်မည်ဖြစ်ပြီး ကြီးမားသောကျန်းမာရေးချို့တဲ့သည့် အမျိုးသမီးများအတွက် မည်သည့် ဆရာဝန်၊ဆရာမများနှင့်ကိုယ်တိုင်သွားရောက်ပြသသင့်ကြောင်း ရည်ညွှန်းချက်များပါဝင်သောစနစ်ကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"PSI ရဲ့အတွေ့အကြုံနဲ့ဗဟုသုတတွေဟာ ကျွန်တော်တို့ရဲ့ Software Application တီထွင်မှုတွေနဲ့ ပေါင်းလိုက်မယ်ဆိုရင် ဒီဝန်ဆောင်မှုဟာ ပြီးပြည့်စုံသွားပါပြီ။ ကျွန်တော်တို့ဆက်သွယ်ရေးကွန်ရက်ဖြန့်ကျက်တာကို ဆောင်ရွက်ရင်းနဲ့ ဒီဝန်ဆောင်မှုတွေကိုပြည်တွင်းကသုံးစွဲသူ အမျိုးသမီးတွေတဖြည်းဖြည်းများလာအောင် ဝန်ဆောင်မှုပေးသွားမှာပါ"ဟု အူရီးဒူးမြန်မာအမှုဆောင်အရာရှိချုပ် Mr.Ross Cormack က ပြောသည်။

လက်ရှိတွင် အဆိုပါဝန်ဆောင်မှုအား မိုဘိုင်းဖုန်းများတွင် မြန်မာဘာသာဖြင့်ရိုးရှင်းလွယ်ကူစွာအသုံးပြုနိုင်ရန်နှင့် အချက်အလက်များအပြန်အလှန်ဖလှယ်နိုင်စေရန်အတွက် အူရီးဒူးမြန်မာနှင့် PSI တို့သည် ပြည်တွင်းမှ အင်တာနက်ကုမ္ပဏီတစ်ခုဖြစ်သည့် Koe Koe Tech နှင့်ပူးပေါင်း၍ မိုဘိုင်း Application များရေးဆွဲလျက်ရှိကြောင်းသတင်းရရှိသည်။

"အူရီးဒူးမြန်မာရဲ့အစီအစဉ်တွေကို ကျွန်တော်တို့နဲ့အတူလက်တွဲပြီးမျှဝေတဲ့အတွက်ကြောင့် မရှိမဖြစ်အရေးပါတဲ့ ကျွန်တော်တို့ရဲ့ဝန်ဆောင်မှုတွေက မြန်မာနိုင်ငံရဲ့အပြောင်းအလဲကို အထောက်အကူပြုစေမှာပါ" ဟု Population Service Interna tional (PSI)အမှုဆောင်အရာရှိချုပ် Karl Hofomann ကပြောသည်။

အဆိုပါဝန်ဆောင်မှုကို မကြာမီလပိုင်းအတွင်း တရားဝင်ဖြန့်ဝေသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စတင်အသုံးပြုနိုင်သည့်အချိန်တွင် ပြည်သူလူထုအား အသိပေးမိတ်ဆက်သွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။

# ဆင်းမ်ကတ်ရောင်းမည့် ကုမ္ပဏီနှစ်ခု ဖုန်းဆိုင်များကို အပြိုင်အဆိုင်ကမ်းလှမ်း

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၅**

ပြည်ပဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီနှစ်ခုမှ မကြာမီတွင် ၎င်းတို့ရောင်းချပေးမည့် မိုဘိုင်းဆင်းမ်ကတ်များဖြန့်ဖြူးရောင်းချပေးရန် မိုဘိုင်းဖုန်းဆိုင်များကို မက်လုံးပေး၍ အပြိုင်အဆိုင်ကမ်းလှမ်းနေမှုများရှိနေကြောင်း သတင်းရရှိသည်။



*ရန်ကုန်မြို့ရှိ ဟန်းဆက်အရောင်းဆိုင်တစ်ဆိုင်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

တယ်လီနောမြန်မာနှင့်အူရီးဒူးမြန်မာကုမ္ပဏီများမှ ၎င်းတို့မိုဘိုင်းဆင်းမ်ကတ်များ ရောင်းချပေးရန်နှင့် ဖြန့်ဖြူးပေးရန်မိုဘိုင်း ဖုန်းဆိုင်များသို့ကမ်းလှမ်းမှုများ ဆောင်ရွက်နေပြီး ဆင်းမ်ကတ်ရောင်းချပေးမှုအပေါ်မူတည်၍ ရာခိုင်နှုန်းအလိုက် အကျိုးခံစားခွင့်ပေးခြင်း၊ ဆိုင်စရိတ်ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းချထားပေးခြင်း၊ ဆိုင်အပြင်အဆင်ပံ့ပိုးပေးခြင်းများဖြင့် ကမ်းလှမ်းနေပြီဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီနှစ်ခုစလုံးက ဆိုင်များသို့ ကမ်းလှမ်းရာတွင် ရောင်းချလိုပါက ပြိုင်ဘက်ကုမ္ပဏီ၏ ဆင်းမ်ကတ်အား ဖြန့်ဖြူးခြင်းမပြုရန်ဟူသော ကန့်သတ်ချက်ထားရှိပြီး ယင်းကန့်သတ်ချက်အား ဆိုင်အချို့က မနှစ်သက်ကြောင်း မိုဘိုင်းဖုန်းဆိုင်များမှ စုံစမ်းသိရှိရသည်။

အချို့သော မိုဘိုင်းဖုန်းဆိုင်များသို့ ကမ်းလှမ်းရာတွင် ဆိုင်ခန်းဌာရမ်းခများ ထောက်ပံ့ခြင်း၊ ဖြန့်ဖြူးရောင်းချမည့် ဖုန်းဆိုင်များတွင် သက်ဆိုင်ရာ အော်ပရေတာကုမ္ပဏီများမှ ဝန်ထမ်းတစ်ဦးချထားပေးခြင်း၊ ရောင်းချပေးမည့်ကုမ္ပဏီများအတွက် ရန်ပုံငွေပြုလုပ်ပြီးရောင်းချနိုင်မှုများပြားသည့်ကုမ္ပဏီများအားအကျိုးခံစားခွင့်ပေးခြင်းများပြုလုပ်သွားဟု ကမ်းလှမ်းမှုများရှိကြောင်း သတင်းရရှိသည်။

"အခုတယ်လီနောရဲ့ ဆင်းမ်ကတ်တွေကို ဖြန့်ဖြူးပေးဖို့ ညှိနှိုင်းပြီးပြီ။ မြို့နယ်လေးမြို့နယ်က ဆိုင်တွေကို အစ်ကိုတို့ကပဲ ဖြန့်ပေးရမယ်။ အကျိုးခံစားခွင့်တွေကတော့ ညှိနှိုင်းနေတုန်းပဲ။ သူတို့ဆင်းမ်ကတ်ရောင်းပေးတဲ့ လက်လီရော၊ လက်ကားဆိုင်အားလုံးကတော့ ဆင်းမ်ကတ်ရောင်းချတဲ့ ရာခိုင်နှုန်းအလိုက် အကျိုးခံစားခွင့်ရမှာပါ"ဟု မိုဘိုင်းဖုန်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ရောင်းချဖြန့်ဖြူးပေးသည့်ဆိုင်အလိုက် ၎င်းတို့ရောင်းချပေးသည့် အော်ပရေတာကုမ္ပဏီများ၏ ဆင်းမ်ကတ်များကိုသာ ရောင်းချပေးရမည်ဖြစ်ပြီး လက်လီဆိုင်များကသာ မည့်သည်ဆင်းမ်ကတ်မဆိုရောင်းချနိုင်မည့်အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း မိုဘိုင်းဖုန်းဆိုင်များမှ စုံစမ်းသိရသည်။

ဖြန့်ဖြူးရောင်းချရာ၌ မိုဘိုင်းဖုန်းအရောင်းဆိုင်ဖြစ်ရမည်ဖြစ်ပြီး သတ်မှတ်ထားသည့်အချက်အလက်များနှင့် ကိုက်ညီပြီး ရောင်းချလိုသည့်ဆိုင်များကို ညှိနှိုင်းခြင်းဖြစ်ရာ ၎င်းတို့ဆန္ဒရှိသည့်အလျှောက် စည်းကမ်းသတ်မှတ်ချက်များနှင့် အကျိုးခံစားခွင့်များ မတူညီခြင်းများရှိသည်ဟု အူရီးဒူး မြန်မာကုမ္ပဏီမှ အရောင်းမြှင့်တင်ရေးဒါရိုက်တာဦးမြင့်ဇော်က ပြောသည်။

လက်ရှိတွင် ပြည်ပဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီနှစ်ခုအနေဖြင့် ဖြန့်ဖြူးရောင်းချပေးမည့် မိုဘိုင်းဖုန်းဆိုင်များအတွက် အကျိုးခံစားခွင့်များ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညှိနှိုင်းနေမှုများကို တရားဝင်ထုတ်ပြန်ကြေညာမှုမရှိသေးပေ။



# အဆင့်မြင့်စွမ်းရည်များပါဝင်သည့် သင်ပုန်းကွန်ပျူတာတစ်မျိုး ဂူးဂဲလ်ထုတ်လုပ်

**ဆန်ဖရန်စစ္စကို၊ မေ-၂၃**

3D ပုံရိပ်များရိုက်ကူးနိုင်သောမျက်နှာပြင်အကျယ် ၇ လက်မရှိသည့်သင်ပုန်းကွန်ပျူတာတစ်မျိုးကို ဂူးဂဲလ်ကုမ္ပဏီကထုတ်လုပ်နေပြီး လာမည့်လဆန်းပိုင်းတွင် ယင်းသင်ပုန်းကွန်ပျူတာပေါင်း ၄,၀၀၀ ခန့်အစမ်းထုတ်လုပ်ရန် စီစဉ်နေသည်ဟု ဝေါလ်စထရိဂျာနယ်က ဂူးဂဲလ်ကုမ္ပဏီ၏အစီအစဉ်ကိုသိထားသူများအားကိုးကား၍ဖော်ပြသည်။

ယင်းသင်ပုန်းကွန်ပျူတာတွင် ကျောဘက်၌ကင်မရာနှစ်ခုပါရှိမည်ဖြစ်ကာ သာမန်မျက်စိဖြင့်မမြင်နိုင်သောအလင်းတန်းများကို အာရုံခံကိရိယာများနှင့် အရာဝတ္ထုတစ်ခုကိုသုံးဖက်မြင် ရိုက်ကူးနိုင်သည့် 3D ကင်မရာအဆင့်မြင့်ဆော့ဖ်ဝဲတစ်မျိုးပါရှိကြောင်းဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

ဂူးဂဲလ်ကုမ္ပဏီ၏ Project Tango ဟုအမည်ပေးထားသောဌာနခွဲက Andriod ဖုန်းများနှင့် သုံးဖက်မြင်ဓာတ်ပုံများရိုက်ကူးနိုင်ရန် တီထွင်ထားသည့်သင်ပုန်းကွန်ပျူတာများ၊ အနီးတစ်ဝိုက်ပတ်ဝန်းကျင်မြေပုံကိုဖော်ပြနိုင်သောပစ္စည်းကိရိယာများထုတ်လုပ်နေသောဌာနဖြစ်သည်။

ယင်းဌာန၏ဖေဖော်ဝါရီလအတွင်း မိတ်ဆက်ခဲ့သော စမတ်ဖုန်းတစ်မျိုးတွင်အလားတူအာရုံခံကိရိယာများပါဝင်ပြီး အသုံးပြုသူ၏ပတ်လည်ရှိ သုံးဖက်မြင်မြေပုံကိုဖော်ပြရန် တီထွင်ထားသည်ဟု ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။


မိုဘိုင်းဖုန်းများဖြင့် အင်တာနက်အသုံးပြုမှုဆက်လက်မြင့်တက်လာစဉ် ဂူးဂဲလ်ကုမ္ပဏီနှင့် မိုက်ကရိုဆော့ဖ်နှင့်အမေဇုန်တို့ကဲ့သို့ ဟာ့ဒ်ဝဲထုတ်လုပ်ခြင်းမရှိသည့်ကုမ္ပဏီများကလည်း မိုဘိုင်းဖုန်းများထုတ်လုပ်ရန်ကြိုးစားလာကြသည်။ *—Ref: Reuters*



7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# တွက်ကိန်းမှားတဲ့ ဟိုဗေဒင်ဆရာလိုများ

သင်းရီ




နိုင်ငံတော် သမ္မတကြီးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၎င်းတို့ရရှိခံစားနေကြသော လစာငွေများထဲမှ ၂၅ ရာခိုင်နှုန်းကို ကျေးလက်ပြည်သူလူထုဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် လစဉ်ထည့်ဝင်လှူဒါန်းကြ မည်ဆိုသော သတင်းတစ်ခု သည်ရက်ထဲမှာ ကြားရသည်။ ယင်းရန်ပုံငွေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဟုဆိုသဖြင့် သာဓုခေါ်မိလိုက်ရသည်။

“တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား”ဆိုသည့် သီချင်းကို ကိုယ်တို့ကလေးဘဝကတည်းကပင် မိဘများထံမှ ကြားခဲ့ရဖူးသည်။ ကိုယ်တိုင်ဆိုလို့လည်း ခံတွင်းတွေ့ခဲ့ဖူးသည်။ မြန်မာပြည်သူပြည်သားတွေ ဆိုသည်က ပင်ကိုကတည်းကပင် ရသည့်ငွေကို သုံးပုံ ပုံလျက် တစ်ပုံကိုစား၊ တစ်ပုံကိုစု၊ တစ်ပုံကို လှူဆိုသလို အလှူရေစက် လက်နှင့်မကွာခဲ့ကြသည့် လူမျိုးဖြစ်သည်မဟုတ်လား။

ဗြိတိန်နိုင်ငံအခြေစိုက် Charities Aid Foundation (CAF)၏ ၂၀၁၃ တွင် စစ်တမ်းကောက်ယူမှုအရ ကမ္ဘာပေါ်မှ ငွေကြေးအလှူဒါန်းဆုံးနိုင်ငံသားစာရင်း World Giving Index တွင် မြန်မာနိုင်ငံက ထိပ်ဆုံး၌ ရှိနေကြောင်း ဖော်ပြထားသည်ကိုလည်း မှတ်သားထားခဲ့ဖူးသည်ဖြစ်၍ လှူရေးတန်းရေးမှာတော့ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံက မထွက်နိုင်သေးပေမင့် ဘယ်ခေလို့တုံးဟု နည်းနည်းပင်ရင်ကော့မိခဲ့ဖူးသေး၏။

ယခုနိုင်ငံတော်သမ္မတကြီးနှင့် သူ၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သူတို့ရသော လစာငွေများထဲမှ ၂၅ ရာခိုင်နှုန်းကို နိုင်ငံထဲမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လှူဒါန်းကြမည်ဆိုသည့်အခါ၌လည်း ဝမ်းသာစိတ်ဖြင့် သာဓုခေါ်မိလိုက်ရသေးသည်။

အစိုးရအဖွဲ့ထဲတွင် ဝန်ကြီးဌာနက ၃၆ ခုဆိုသည့်အခါ ဝန်ကြီးက ၃၆ ပါး၊ ဒုဝန်ကြီးက တချို့ဝန်ကြီးဌာနတွေမှာ နှစ်ပါးလောက်ရှိသည်တဲ့ဆိုသဖြင့် ၅၉ ပါးဆိုသည့်အခါ ဝန်ကြီး၊ ဝန်ကလေးစုစုပေါင်း ၉၅ ပါး။ ဝန်ကြီးရသည့် လစာက သိန်း ၃၀၊ ဝန်ကလေးရသည့် လစာက သိန်း ၂၀၊ သမ္မတကြီးက သိန်း ၅၀၊ ဒုသမ္မတက သိန်း ၄၀နှင့် နှစ်ယောက်ဟု ၂၅ ရာခိုင်နှုန်းစီတွက်ကြည့်လိုက်သည့်အခါ တစ်လ၊ တစ်လ ဘယ်နည်းလို့တုံးတွေးမိသည်။ စုစုပေါင်း သိန်း ၆၀၀၀ နီးပါးတော့ မရှိနွမ်းပါးသူတွေ လတိုင်းရနေမည်မို့ ဝမ်းသာစရာကောင်းနေသည်တော့လည်း အမှန်ပင်ဖြစ်၏။

ခုဆို မြန်မာနိုင်ငံထဲမှ ဆင်းရဲနွမ်းပါးသူများ၏ ပညာရေး၊ ကျန်းမာရေးတွေအတွက် ဗိုလ်ချုပ်အောင်ဆန်းဖောင်ဒေးရှင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ဦးဝင်းတင်ဖောင်ဒေးရှင်းစသည်ဖြင့် ဖောင်ဒေးရှင်းတွေ ထူထောင်ကာ ကူညီနေသည့်အထဲသို့ သမ္မတကြီးတို့ ဆင်းရဲနွမ်းပါးလျှော့ချရေးဖောင်ဒေးရှင်းတစ်ခု ထပ်တိုးလာပြီဖြစ်၏။

မင်းသားကြီးကိုကျော်သူတို့၊ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်တို့ဆောင်ရွက်နေကြသည့် နာရေးကူညီမှုအသင်းတို့လို၊ အခမဲ့ဆေးကုခန်းတို့လိုမျိုးတွေ အပါအဝင် ပြေတီဦးတို့လိုအနုပညာရှင်တွေ တစ်ဦးချင်းစီ ထူထောင်ထားကြသည့် ဆင်းရဲနွမ်းပါးသူတို့၏ ပညာရေး၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းတွေနှင့်ဆို ကိုယ်တို့မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသူ လူတန်းစားများ၏ပညာရေး၊ ကျန်းမာရေးကို ကူညီထောက်ပံ့ပေးနေကြသည့် ဖောင်ဒေးရှင်းတွေ အဖွဲ့အစည်းတွေ မနည်းတော့ဟု ထင်ပါသည်။

အနယ်နယ်အရပ်ရပ်မှ လူမှုအဖွဲ့အစည်းတွေက ဦးဆောင်လျက် ပညာဒါနတို့၊ အခမဲ့ဆေးကုခန်းတို့၊ နာရေးကူညီမှုအသင်းတို့လို့ တစ်နိုင်တစ်ပိုင်တော့ဖြင့် ဆင်းရဲနွမ်းပါးသူတွေကို ဝိုင်းကြ၊ ဝန်းကြ ကူညီနေကြသည်များလည်း ရှိနေကြသေးသည်။

ဒေသအတော်များများ၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ၊ သီလရှင်ဆရာကြီးတွေကလည်း မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးကလေးငယ်များကို တာဝန်ယူကာ စားရေး၊ သောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဝတ်ရေးနှင့် နေရေးမကျန် တာဝန်ယူထမ်းဆောင်ပေးနေကြရသည်များကလည်းအများအပြားပင်ရှိနေကြသကဲ့သို့ အခြားကိုးကွယ်ရာ ဘာသာများဖြစ်ကြသော ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်တွေကလည်း မရှိဆင်းရဲနွမ်းပါးသူတွေ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် ကူညီဆောင်ရွက်နေကြတာတွေ အများအပြားရှိနေကြသည်။

စာပေအသိုင်းအဝိုင်းမှ တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်အခြေစိုက် ONE MORE အဖွဲ့ဆိုလျှင်လည်း မြန်မာနိုင်ငံတစ်နံတစ်လျားမှ လူတစ်ဦး တစ်လ ငွေတစ်ထောင်စီ ဝိုင်းဝန်းလှူဒါန်းလိုက်ကြသည့် အလှူငွေများသို့ တစ်ပြားမချန် စရိတ်မသုံးဘဲ အနယ်နယ်အရပ်ရပ်မှ လိုအပ်နေသော ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးဒဏ်နှင့် စစ်ဘေးဒဏ်ခံ ဒေသများသို့ လှူဒါန်းနေသည်မှာလည်း တစ်လ၊ တစ်လကို သိန်း (၁၅၀) ပတ်ဝန်းကျင်နှင့် ယခုဆို သုံးနှစ်ပြည့်ရန် သုံးလအလို၌ ကျပ်သိန်းပေါင်း ၄၀၀၀ ကျော်ခဲ့ပြီဖြစ်၏။

ONE MORE ကို နည်းယူကာ ကိုယ့်နယ်ကိုယ့်ဒေသအလိုက် တစ်လတစ်ထောင်စီ ရန်ပုံငွေ စုဆောင်းကြလျက် ကိုယ့်နယ်မြေအတွင်းမှ ဆင်းရဲနွမ်းပါးပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို တတ်နိုင်သလောက် ကူညီဖြည့်ဆည်းပေးနေကြသည့် အဖွဲ့လေးတွေလည်း သူ့နယ်နှင့် သူပေါ်ပေါက်လာခဲ့ကြသည်မှာ မနည်းလှ။

မဇ္ဈိမလှိုင်းအဖွဲ့မှ ဂီတအနုပညာသမားကြီး ကိုရဲလွင်ဦးဆောင်သည့် “ပန်းရဲ့ လမ်း”ဂီတအဖွဲ့က အဆိုအတီးဖြင့် ရန်ပုံငွေရှာပြီး ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များတွင်သာမက စစ်ဘေးဒုက္ခသည်များထံထိ အရောက်သွားကာ ကူညီလှူဒါန်းခဲ့ကြသည့်အလှူငွေပေါင်းကလည်း ခုဆို ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်သွားပြီဟု ကြားရသည်။

ဆင်းရဲနွမ်းပါးသူများအတွက် ရည်ရွယ်လျက် အင်အားကောင်းနိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က မြို့နယ်များအလိုက် ဦးစီးဖွင့်လှစ်ပေးနေကြသော စာရေးကိရိယာမှ အစအခမဲ့တာဝန်ယူကူညီသင်ကြားပေးသော ပညာဒါနစာသင်ကျောင်းတွေ၊ အခမဲ့ဆေးကုခန်းတွေလည်း တိုင်းပြည်အနှံ့မှာ အပြိုင်အဆိုင်ပေါ်ပေါက်လာခဲ့ ကြသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် ကိုယ်မသိသေးသော သည်လိုကုသိုလ်ဖြစ် ပညာဒါနလေးတွေ၊ ဆေးပေးခန်းလေးတွေရှိနေကြလိမ့်ဦးမည်မှာလည်း သေချာသည်။ တစ်ဖွဲ့မကျန် စစ်စစ်ပေါက်ပေါက် ရေတွက်ကြည့်လျှင် ပရဟိတရန်ပုံငွေ လှူဒါန်းကူညီနေကြသည့် အဖွဲ့ကြီး၊ အဖွဲ့ငယ်အင်အားက ကိုယ်တို့မြန်မာပြည်ထဲမှာ နည်းလေမည်မဟုတ်။

သည်အဖွဲ့တွေအကြောင်းကို သတ္တုချပြီး အသေအချာတွေးမိတော့ သည်လို ကုသိုလ်ဖြစ် လူမှုကူညီရေးအဖွဲ့လေးတွေ တစ်နိုင်ငံလုံးမှာ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ဆိုသလို အလျှိုအလျှိုပေါ်ထွက်လာခဲ့သည်ကပင် ခေတ်ကို ထင်ဟပ်နေသော ပုံရိပ်စစ်တစ်ခုပါပဲဟု မြင်လာမိသည်။

စင်စစ်တွင်တော့ သည်အဖွဲ့လေးတွေ၏“ကုသိုလ်ဖြစ် ဆိုသည်ကို ပင်ကိုရှိသော မြန်မာတို့၏သဒ္ဓါစိတ်ဟု ဆိုရသော်ငြားလည်း ကူသူ၊ ထူသူ၊ တာဝန်ယူသူ၊ တာဝန်ခံသူကင်းမဲ့နေသည့်ခေတ်ကြီးကို နှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ကြရရာမှ ဘဝပေးအသိဖြင့် အလိုလိုပေါ်ပေါက်လာခဲ့ရကြသည့် အဖွဲ့အစည်းလေးတွေပါပဲဟု ဆိုသည်က ပို၍ မှန်မည်ထင်သည်။ ကိုယ့်ကိုယ့်ကိုယ်ဆွဲထူပြီး ဇွတ်အတင်းကုန်းရုန်းထနေကြရသည့် အဖြစ်တွေသာဖြစ်၏။ စကားလုံးလှလှနှင့် ယဉ်အောင်ပြောတော့ “ကိုယ်ထူ ကိုယ်ထ”ဟု ပြောကြရသည်။

တကယ်တော့ ဆယ်စုနှစ်များစွာကြာအောင် မှိုခိုရာကမ်းကို ကျုံ့လိုက်၍ အစားခံရသလို တစ်ရစ်ပြီးတစ်ရစ်၊ တစ်ထစ်ပြီး တစ်ထစ် နစ်သည်ထက်နစ်ပြီး ကိုယ်ကျိုးနည်းလာခဲ့ကြရသော ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသားတွေ၏ စီးပွားရေးချွတ်ခြုံကျမှုနှင့် ပညာရေး၊ ကျန်းမာရေးအောက်တန်းနောက်တန်းနိုင်မှုများမှ ကြံ့ကာဖန်ကာနှင့် ရုန်းထွက်ကြည့်နေရမှုတွေသာဖြစ်သည်။

သည်လိုမှ ဥစ္စာရင်လို ဥစ္စာရင် မခဲကြလျှင် မဖြစ်တော့ပေဘူးဟု တွေးမိကြသူများက မုဆိုးမသားရှင်ပြုကို ရန်ပုံငွေလေးဖြင့် ဝိုင်းကြ၊ ဝန်းကြရသလိုမျိုး၊ သဘော်နစ်ရာ ပင်လယ်ထဲ ကောက်ရိုးလေး တစ်မျှင်ကို မျှော်ကြည့်ကြသလိုမျိုး လုပ်မိလုပ်ရာ လုပ်ကြရတာတွေပဲဖြစ်သည်။ တကယ်တမ်းမှာတော့ ချွတ်ခြုံကျနေသည့် တစ်တိုင်းပြည်လုံးကိစ္စထဲကို ဆင့်ခံတွင်း နှမ်းပက်ဝနိုးနိုး လုပ်ကြည့်ကြရတာတွေပဲဖြစ်သည်။

စာမျက်နှာ(၃၂) သို့

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

(ယခင်အပတ်မှအဆက် . . . )

# မင်းဒင်ရဲ့ သက်ခိုင်(၂)

**မင်းဒင်**

**အခန်း (၃၆)**
**ထိုင်းနိုင်ငံ၏ အာဏာသိမ်းရက်စွဲများ**

၂၀၁၄ ခုနှစ် မေလ ၂၀ ရက် ။

ဤရက်ပိုင်းများအတွင်း ထူးထူးခြားခြား အသံတိတ်နေသော ကိုသက်ခိုင်ထံမှ နံနက် ၅ နာရီ မထိုးမီ ကျွန်တော့်ထံဖုန်းဆက်လာသဖြင့် ကျွန်တော်အိပ်ချင်မူးတူးဖြင့် ဖုန်းကိုင်လိုက်ရသည်။

"ကိုမင်းဒင်။ ထိုင်းစစ်တပ်က အာဏာသိမ်းလိုက်ပြီတဲ့ဗျ"

"အာ၊ ဟုတ်ရဲ့လား။ ကိုသက်ခိုင်ရာ။ အခုမှ ငါးနာရီတောင် မထိုးသေးတဲ့ဥစ္စာ။ခင်ဗျား ပြောလိုက်မှဖြင့် အဆန်းချည်းပဲ"

"ကဲပါဗျာ။ ထိုင်းမှာ အာဏာသိမ်းတာ အဆန်းတော့ မဟုတ်လှပါဘူး။ ခင်ဗျား မျက်နှာသစ်လိုက်ပေတော့။ ဘစ်စီဘေးနားက ထိုင်းစားသောက်ဆိုင်မှာ ဒင်မ်ဆမ်းလေးဘာလေးစားရင်း စကားပြောကြတာပေါ့။ ကျွန်တော်စောင့်နေမယ်"

ကိုသက်ခိုင်၏ လုပ်ပေါက်သည် အမြဲတစေ ဤနည်းနှင် နှင်ချည်းဖြစ်၏။ ညက အိပ်ရာဝင်နောက်ကျသော ကျွန်တော်သည် မထချင်ထချင်နှင့် ကမန်းကတန်း မျက်နှာသစ်ရင်း ဈေးဆိုင်အတွက် လိုအပ်သည်များကို တူတော်မောင်အား မှာကြားကာ ကိုသက်ခိုင်ချိန်းဆိုရာသို့ ထွက်လာခဲ့ရသည်။ ကိုသက်ဆိုင်ချိန်းဆိုသော ဆိုင်သည် စင်စစ်လမ်းဘေးဆိုင် သာသာမျှသာ ဖြစ်သည်။ သို့သော် သန့်ရှင်းသပ်ရပ်မှုရှိသည့်အပြင် ဈေးနှုန်းသည်လည်း အထိုက်အလျောက်ချိုသာ၏။ ထူးခြားချက်မှာ အဆိုပါဆိုင်မှ ဗမာရွှေ့ပြောင်းအလုပ်သမားစားပွဲထိုးကလေးများသည် ကိုသက်ခိုင်နှင့် တရင်းတနှီးအဖွဲ့ကျနေခြင်း ဖြစ်သည်။ ကိုသက်ခိုင်သည် ထိုင်းစကားကိုမွှတ်နေအောင်ပြောတတ်သော်ငြား အဆိုပါစားပွဲထိုး ကလေးများနှင့် လူကြိတ်ကြိတ်တိုးနေသည့် ဆိုင်တွင်း၌ပင် ဗမာစကားဖြင့် ပြောဆို၏။ အမှန်တော့ ထိုင်းရောက်ဗမာအလုပ်သမားအတော်များများသည် လူပုံအလယ်မှာ ဗမာစကားကို ခပ်ဟဟ ပြောဆိုရန်ပင် ဝန်လေးတတ်ကြသည်။ ဗမာအလုပ်သမား ဗမာစကားပြောသည်ကို ထိုင်းဆိုင်ရှင်က မကြိုက်တတ်သလို၊ ဗမာစကားသံကြား၍ ဗမာအလုပ်သမားရှိကြောင်း သိလျှင်လည်း နောက်ဆက်တွဲ ပြဿနာမျိုးစုံရှိတတ်သည်။ ကျွန်တော်တို့ ဆိုင်သို့ ရောက်သွားချိန်တွင် ကိုသက်ခိုင်သည် ဆိုင်၏ဘေးကျကျ စားပွဲတစ်လုံးမှာ ထိုင်ရင်းစွပ်ပြုတ် တစ်မျိုးကို တစ်ဇွန်းချင်း ခပ်ဖြည်းဖြည်းသောက်လျက်ရှိသည်။

"လာထိုင်၊ ကိုမင်းဒင်၊ ဘာထပ်မှာဦးမလဲ။ ဒင်မ်ဆမ်းနဲ့ စွပ်ပြုပ်တော့မှာထားတယ်"

အိပ်ချင်စိတ် မပြေသေးသော ကျွန်တော်က ပါးစပ်ဝမှာ လက်ပိတ်၍သန်းဝေချင်စိတ်ကို ထိန်းရင်း ဘာမှထပ်မမှာတော့ဘဲ လုံလောက်ပြီးဖြစ်ကြောင်း လက်ကာရင်းခေါင်းရမ်းပြလိုက်ရသည်။

"ဒီမနက် သုံးနာရီလောက်မှာ သိမ်းတာဗျ။ ထိုင်းတီဗီချန်နယ်မှာ ကျွန်တော်ကြည့်လိုက်ရတယ်။ ထိုင်းရုပ်မြင်သံကြားလိုင်းတချို့တော့ အပိတ်ခံရသတဲ့"

"နဂိုကမှ ထိုင်းတစ်နိုင်ငံလုံး စီးပွားပျက်သလို ဖြစ်နေတာဗျာ။ ဘာတွေများ ရှုပ်ရှုပ်ထွေးထွေးတွေ ဆက်ဖြစ်လာဦးမှာပါလိမ့်"

"ခင်ဗျားက ဗမာစစ်တပ်အာဏာသိမ်းတာကို စိတ်စွဲနေဟန်တူပါရဲ့။ မတူဘူးဗျ။ အခုဟာက ထိုင်းစစ်တပ်ဟာ အာဏာသိမ်းတယ်လို့တောင် မဆိုနိုင်ဘူး။ မာရှယ်လောထုတ်ပြီး လုံခြုံရေးချတယ်။ လမ်းပေါ်က အရှုပ်တွေကို ရှင်းတယ်။ အုပ်ချုပ်ရေးပိုင်းမှာ အိမ်စောင့်အစိုးရတစ်ခုတည်း မနိုင်မနင်းဖြစ်နေတာကို ဝင်ထိန်းပေးတဲ့ သဘောလောက်ပဲဗျ။ ထိုင်းစစ်တပ်ကောင်းလှချည်ရဲ့ ကျွန်တော်မဆိုချင်ပေမယ့် ၁၉၇၆ ခုနှစ်မှာ ထိုင်းတက္ကသိုလ်ကျောင်းသားတွေကို အကြမ်းဖက်နှိမ်နင်းတဲ့ လုပ်ရပ်မျိုးကတော့ ရာဇဝင်ထဲမှာ ကျန်ရစ်ခဲ့တာအမှန်ပဲဗျာ။ ထိုင်းနိုင်ငံရေး အကျပ်အတည်းဟာ ဘာအဖြေမှ မထွက်ဘဲ အီခံနေခဲ့တာကြာပြီဗျာ။ ထိုင်းနိုင်ငံရေးရှေ့ဆက်ရမယ့် ခရီးမှာ ဉာဏ်ဦးစီးဖို့တော့ လိုလိမ့်မယ်"ကိုသက်ခိုင်က ထိုင်းနိုင်ငံရေးနှင့် အာဏာသိမ်းသည့်ကိစ္စရပ်ကို အာရုံရောက်နေသော်ငြား ကျွန်တော်ကမူ စိတ်ထဲတွင်မတင်မကျ ဖြစ်နေသည့် အကြောင်းခြင်းရာတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်မိသည်။

"ဒါနဲ့ စကားမစပ် ခင်ဗျားလည်း ပျောက်ချက်သားကောင်းလိုက်တာ။ ဆရာမောင်စိန်ဝင်းတို့အဖွဲ့နဲ့ ဆုံပြီးကတည်းက အသံတိတ်နေပါလား" ကိုသက်ခိုင်သည် ခေါင်းကိုတဆတ်ဆတ်



ညိတ်ရင်း ပြုံးယောင်ယောင်မျက်နှာပေးဖြင့် ကျွန်တော့်ကိုငေးကြည့်နေပြန်လေသည်။ လွန်ခဲ့သော တစ်ပတ်ကျော်ခန့်က ဖူးခက်သို့ ဗမာပြည်မှ စာရေးဆရာများ လာရောက်၍ ဟောပြောကြရာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ဂျက်ကွမ်းခြံကုန်း(ခ) ဆရာမောင်သာချိုနှင့် ညီမင်းညိုတို့ ပါဝင်သည်။ စာပေဟောပြောပွဲအတွက် လိုအပ်သည်များညှိနှိုင်းတိုင်ပင်နိုင်ရန် ကိုသက်ခိုင်ကို ကျွန်တော်ဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်ခဲ့သည်။ သူ၏ပြန်ကြားချက်မှာ လိုတိုရှင်းဖြစ်၏။

"စာရေးဆရာတွေ ဖူးခက်ကိုရောက်လာဖို့ လေယာဉ်စရိတ်က အစ၊ အားလုံးကျွန်တော့်တာဝန်သာ ထားလိုက်ဗျာ။ ဖူးခက်က ကိစ္စတွေကိုတော့ ခင်ဗျားဘာသာ ကျုတ်ကျက်လိထားပေတော့" ဟုဆိုသည်။ ကိုသက်ခိုင်သည် သူ့ကတိစကားအတိုင်းပင် စာရေးဆရာအဖွဲ့ ဖူးခက်အရောက် ဗမာငွေဆယ်သိန်းကျော် အကုန်အကျခံ၍ စပွန်ဆာပေးသည်။ ပွဲဖြစ်မြောက်ရေးအတွက်မူ ဘာဆိုဘာမှ မလုပ်ချေ။ သူ့လက်သုံးစကားမှာ "ခင်ဗျားဘာမှ မသိသေးပါဘူးဗျာ။ လုပ်မှာသာ လုပ်ထားစမ်းပါ"ဟူသတည်း။

ဆရာမောင်စိန်ဝင်းတို့ အဖွဲ့ရောက်ရှိပြီး နှစ်ရက်အကြာတွင် ကိုသက်ခိုင်က ကျွန်တော့်အိမ်မှာပင် ညစာစားပွဲတစ်ပိုင်း ဒကာခံချင်သည်ဆို၍ စီစဉ်ပေးခဲ့ရသေး၏။ ထိုနေ့ည ၇ နာရီခန့် ကျွန်တော့်အိမ်မှာ အာဖရိကဝိုင်ဖြင့် ဧည့်ခံအပ်သည့် စားဝိုင်းသောက်ဝိုင်းတွင် ကိုသက်ခိုင်၊ ကျွန်တော်နှင့် စာရေးဆရာတစ်သိုက်ဆုံဖြစ်ခဲ့ကြရာ သူက ဆရာမောင်စိန်ဝင်းကို အစ်ကိုဟုခေါ်သည်။ ဂျက်ကွမ်းခြံကုန်းနှင့် ကိုသက်ခိုင်မှာ သက်တူရွယ်တူဖြစ်၍ ကိုသာချို၊ ဆရာဂျက်ဟုလည်းကောင်း သူသုံးသည်။ ညီမင်းညိုကိုမူ ကိုညီမင်းညိုဟုသာ ဆိုသည်။ ကိုသက်ခိုင်ကို ကြည့်ရသည်မှာ ဗမာပြည်က စာရေးဆရာများကို တွေ့ဆုံရခြင်းအတွက် ဂုဏ်ယူကျေနပ်နေဟန်ရှိသည်။ ထိုဝိုင်းတွင် ကိုသက်ခိုင်သည် အသက်အရွယ်ကွာဟချက်ကြောင့်လော မဆိုနိုင်။ စကားလမ်းကြောင်း အတော်များများကို ဆရာမောင်စိန်ဝင်းဆီသို့သာ ဦးတည်သည်။

"စိတ်မရှိနဲ့အစ်ကိုရာ။ ကျွန်တော်ဖူးခက်ကို ရောက်နေတာကိုက လောကဓံတရားရဲ့ ကျီစယ်မှုပါပဲ။ တချို့ကိစ္စတွေမှာကျွန်တော်နဲ့ ဒီက ကလေးတွေ ကင်းကွာနေတာ အမှန်ပဲ။ ခဏတစ်ဖြုတ် အလည်ရောက်တဲ့ အစ်ကိုတို့ကို ရှင်းပြရင်လည်း ရုတ်တရက်နားလည်လက်ခံဖို့ မလွယ်ပြန်ဘူး"

ကိုသက်ခိုင်က ထိုမျှသာ စကားဟဟဆိုခဲ့ပြီး စာရေးဆရာတို့ ပြောဆိုသည့် အလွှာပ၊ သလ္လာပစကားတို့ကိုသာ ငြိမ်သက်စွာ နားထောင်နေခဲ့၏။

ဆရာမောင်စိန်ဝင်း၏ ဟန်ပန်စရိုက်သည် မျှော်လင့်ထားသည်နှင့် လုံးဝကွဲလွဲနေသည်။ စကားများများမဆိုဘဲ တစ်ခွန်းမေးတစ်ခွန်းဖြေ၊ လိုအပ်သည်ဟု ထင်မြင်သည့်အခါမှ အနည်းငယ်အကျယ်ချဲ့၏။ နှုတ်နည်းသည်။ ဆရာဂျက်ကမူ သူ့စာတွေထဲက လိုပဲ ခပ်သောသော ခပ်ရွှန်းရွှန်းဖြစ်၏။ အသက်လေးဆယ် ပြည့်သည်မှာ မကြာသေးသော ကိုညီမင်းညိုကား ထိုအထဲတွင် အသွက်ဆုံးဖြစ်၏။ တိမ္မွေးကုဘွဲ့ရ၊ အဟောကောင်း၊ အပြောကောင်း စာရေးဆရာလူငယ်သည် ပျော်စရာစုံလှသည့် ဖူးခက်မြေကို အလည် ရောက်ရခြင်းအတွက်ကြောင့် လောမဆိုနိုင်။ ဖျတ်လတ်တက်ကြွလျက်ရှိ၏။ ကိုညီမင်းညိုသည် သူ့ထက် အသက်အရွယ်အရ၊ စာပေဝါစဉ်အရ ကြီးမြင့်သည့် ဆရာမောင်စိန်ဝင်းနှင့် ဆရာဂျက်တို့ကို ရှေ့တန်းတင်လေးစားသည့် အမူအရာတို့အား ကျွန်တော်သဘောကျမိသည်။ စာပေဟောပြောပွဲကား အောင်မြင်ခဲ့ပါ၏။ သို့သော် ပွဲကို ဦးဆောင်စီစဉ်သူများနှင့် ကျွန်တော့်အကြားအချေအတင်ကိစ္စအတော်များများ ကြုံခဲ့ရသဖြင့် ကိုသက်ခိုင် ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည်ကို အပြစ်မဆိုသာချေ။

ကိုသက်ခိုင်တစ်ယောက် ကျွန်တော့်အမေးအပေါ် တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ ခပ်ဆိတ်တုံဏှိဘာဝေဖြစ်နေသောကြောင့် ကျွန်တော်ထပ်ဆင့် မေးခွန်းထုတ်လိုက်မိပြန်သည်။

"ဟေ့လူ၊ ဖြေဦးလေဗျာ။ စာရေးဆရာတွေ မလာခင်ကလည်း ရှောင်ဖယ်ဖယ်၊ ပြန်သွားတော့လည်း အသံတိတ်နေ၊ ဘာဖြစ်နေတာတုံး"

ငေါင်စင်းစင်းနှင့် နှုတ်ဆိတ်နေသော ကိုသက်ခိုင်သည် သတိပြန်လည်လာသည့် လူမမာနှင့်တူနေပြန်သည်။

"ခက်တယ်ကိုမင်းဒင်။ ကက်ဆက်ထဲမှာ စီဒီပြားထည့်ဖွင့်လို့ မရဘူးလေ။ ကွန်ပျူတာတစ်လုံးမှာ ပရိုဂရမ်တစ်ခုထည့်သွင်းမယ်ကြံရင် မော်ဒယ်ချင်းကိုက်၊မကိုက်၊ စနစ်ညီ၊ မညီ အရင်စစ်ရတာမျိုး မဟုတ်လား။ အခုဟောပြောပွဲ လုပ်ကြည့်တော့ ကိုယ်တွေ့အခက်ကြုံပြီမဟုတ်လား"

"ဘာဆိုင်လို့လဲ ကိုသက်ခိုင်ရာ။ ခင်ဗျားလည်းဗမာ၊ ဖူးခက်ရောက် ဗမာအလုပ်သမားတွေလည်း ဗမာပဲဥစ္စာ။ ခင်ဗျားလို ပေါက်ပေါက်ရောက်ရောက်လူက ထဲထဲဝင်ဝင် ပံ့ပိုးနိုင်ရင်ပိုမကောင်းဘူးလားဗျာ"

"ခင်ဗျားနှယ် ခက်ချက်ဗျာ။ ထဲထဲဝင်ဝင် အဆင့်တင် မကဘူး။ ဟိုဘက်ပေါက်ထွက်သွားတဲ့အထိပါ။ ကျွန်တော်လုပ်ခဲ့ပြီးပြီဗျ။ ဘယ်သူ့ကိုမှ အပြစ်ပြောစရာ မရှိပါဘူး။ ကျွန်တော့်ပါရမီနည်းသေးတယ်လို့သာ မှတ်ပါတယ်"

"ခင်ဗျားက ဘာတွေများလုပ်ခဲ့လို့တုံး ရှင်းပါဦးကိုယ့်ဆရာရယ်"

"ဒီကိစ္စတွေကို ကျွန်တော်နောက်ကြောင်း မပြန်တော့ဘူး။ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် ခင်ဗျားရဲ့ စောင်းနေတဲ့အမြင်ကို တည့်လို တည့်ငြား ပြောရသေးတာပေါ့ဗျာ။ အမှန်တော့ ဖူးခက်မှာ ဗမာအသိုင်းအဝိုင်းနဲ့ ကျွန်တော်ခပ်ကင်းကင်း နေရတာဟာ အကြောင်းရှိတယ်ဗျ။ ဟိတ်ကြီးဟန်ကြီးလုပ်တာတော့ မဟုတ်ရပါဘူး။ ဒီလိုပါ"

ထိုသို့လျှင် မိုးညို့နေသည့် ဖူးခက်၏ တစ်ခုသော နံနက်ခင်း (Big C) ဘစ်စီအနီးရှိ ထိုင်းစားသောက်ဆိုင်တစ်ခုတွင် ကိုသက်ခိုင်နှင့် ကျွန်တော်နံနက်စာအဖြစ် ဒင်မ်ဆမ်းစားနေကြချိန်တွင် ဖူးခက်မြို့ရောက်ဗမာအသိုင်းအဝိုင်းနှင့် ကိုသက်ခိုင်တို့အကြား သမားရိုးကျဆက်ဆံရေး မရှိခြင်းအပေါ် ကိုသက်ခိုင်၏ ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"ကျွန်တော်ဖူးခက်ကို စရောက်တာ ၂၀၀၃ နိုဝင်ဘာလဗျ။ ရောက်စကတော့ ဗမာမိတ်ဆွေများများစားစား မရှိလှပါဘူး။ မရှိဆို ဗမာတွေ ဒီလောက်များများရောက်နေမှန်းလည်း ကျွန်တော်မှ မသိတာကိုး။ တစ်နှစ်ကျော်လောက်လည်းရှိရော ဗမာတွေ သိန်းချီပြီး ရှိနေတယ်ဆိုတာ ကျွန်တော်သိလာရတယ်။ကျွန်တော်က နေရာတကာ ဟိုစပ်စပ်ဒီစပ်စပ် လုပ်ချင်တဲ့ကောင်ဆိုတော့ ဒီလောက်များတဲ့ ဗမာအုပ်စုကြီးအတွက် ငါဘာများလုပ်ပေး နိုင်ပါလိမ့်ဆိုပြီးမကြာခဏ အတွေးဝင်မိတယ်။

**အချပ်ပို** (A7) **သို့**

# ဘင်ဂလာလမ်းကို ဖြတ်လျှောက်ခြင်း

မောင်သာချို



*ဘင်ဂလာလမ်းတစ်နေရာက ကိုယ်ဟန်ပြနေသည့် အမျိုးသားများ*

(တစ်)

ဖူးခက် (Phuket) ကို ရောက်မှဖြင့် ဘင်ဂလာလမ်း (Bangla Road) ကိုတော့ လျှောက်ဖြစ်အောင် လျှောက်လိုက်ဦးဟု ဖူးခက်နေ မြန်မာမိတ်ဆွေအများအပြားက တိုက်တွန်းလာပါသည်။ သာမန်ကာလျှံကာ နှိုးဆော်ပုံမျိုးမဟုတ်။ တော်တော့်ကို လေးလေးနက်နက်ဖြင့် တွန်းတွန်းတိုက်တိုက် နှိုးဆော်လာခြင်းဖြစ်ပါသည်။

ဘင်ဂလာ (Bangla) တဲ့။ ဘယ်လိုလမ်းအမျိုးအစားပါလိမ့်။ တစ်ခေါက်တော့ လျှောက်ဖြစ်အောင် လျှောက်သွားဦးမှဟု စိတ်ထဲ၌ တေးပြီး အားခဲထားခဲ့ရာ တစ်ညသား၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကိုပင်လျှင် ဘင်ဂလာ (Bangla) လမ်းရှိရာသို့ ရောက်ရှိခဲ့ပါလေသည်။

(နှစ်)

ဖူးခက် (Phuket) က ကျွန်းမြို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ တောင်ဘက် အစွန်ဆုံးတွင်ရှိသည့် အပန်းဖြေစခန်းဒေသပင် ဖြစ်ပါ၏။ ပင်လယ်ထဲတွင် တောင်မြောက်ရှည်မျောမျောပုံသဏ္ဍာန်ရှိပြီး ပြည်မကြီးနှင့် ဆာယက်ဆင် (Sarasin) ဟူသော တံတားတစ်စင်းတည်းနှင့်သာ ဆက်သွယ်ထားသော ဒေသဖြစ်ပါသည်။ ဖူးခက်ကျွန်းက ဧရိယာ စတုရန်းမိုင်ပေါင်း ၂၀၉ ဒသမ ၇ မိုင်ရှိပြီး ကီလိုမီတာနှင့် တွက်ပါက ဧရိယာ ၅၄၃ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၃၆ ပေတွင် တည်ရှိပြီး တောင်ကုန်းတောင်တန်း လျှိုမြောင်ချောင်ချပ် အလွန်ထူထပ်သည့် ဒေသတစ်ခုပဲဖြစ်ပါသည်။

ကမ်းခြေပေါင်း ငါးဆယ်ဝန်းကျင်ခန့်ရှိသည်ဟုဆိုသော်လည်း နာမည်ကျော် ကမ်းခြေက နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ရေပတ်လည်ဝိုင်းထားသည့် ကျွန်းကြီးဖြစ်သဖြင့် ကမ်းခြေများက ကျွန်းကို ဝိုင်းထားသည်ဟု ဆိုသော်လည်း ကမ်းခြေအများစုက ကျွန်း၏အနောက်ဘက်ခြမ်း၌သာ တည်ရှိနေကြခြင်းဖြစ်ပါသည်။

နာမည်ကျော်ကမ်းခြေများထဲ၌ Potong Beach ပါဝင်ပါသည်။ ဖူးခက်၌ လူသိအများဆုံးကမ်းခြေ၊ နာမည်အကြီးဆုံးကမ်းခြေ၊ အစည်းကားဆုံးကမ်းခြေတစ်ခုဖြစ်ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ တွင် လှုပ်ခတ်ခဲ့သော ဆူနာမီ (Tsunami) လှိုင်း၏ ဒဏ်ကို အထိခိုက်ဆုံးခံစားခဲ့ရသည့် ကမ်းခြေလည်း ဖြစ်ပါသည်။

ဘင်ဂလာ (Bangla) လမ်းသည် ပတောင် (Patong) ကမ်းခြေ၌ ရှိပါသည်။ ပတောင် (Patong) ကမ်းခြေကို ပတ်ထားသည့် လမ်းမကြီးဖြစ်သော Tha wee wong လမ်းကို ဦးတိုက်ထားသည့်လမ်းပဲဖြစ်ပါသည်။ ထို့ကြောင့် ပင်လယ်ကို ခေါင်းထိုးထားသည့် လမ်းဟုပဲ ဆိုကြပါစို့။ လမ်းအရှည်မှာ ရန်ကုန်မြို့လယ်ရှိ လမ်းသွယ်နှစ်ခုစာနီးနီးလောက် ရှည်လျားပါသည်။ လမ်းအကျယ်ကမူ လသာလမ်းလောက် မရှိတရှိ။

ဘင်ဂလာ.....တဲ့။

သည်လမ်းကို လျှောက်ဖို့ အိပ်ရာဝင်နောက်ကျသော ညတစ်ည၌ ဖူးခက်ကမ်းခြေရှိရာဆီသို့ ထွက်ခဲ့မိခြင်းဖြစ်ပါသည်။

(သုံး)

ဘင်ဂလာလမ်းဆိုသည်မှာ မည်ကဲ့သို့ လမ်းအမျိုးအစားပါလဲဟု မေးခဲ့ပါက တိုတိုရှင်းရှင်းနှင့် လိုရင်းကိုဖြေရသော် လိင်ဈေးတန်းကြီးပဲဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကာမဂုဏ်လမ်းမကြီး။ ရမ္မက်တွေ ခြေချင်းလိမ်နေသည့် လမ်းမ။

လမ်းတစ်လျှောက်လုံးတွင် လမ်းဘေးဝဲယာ၌ စားသောက်ဆိုင်တွေချည်းပဲ ဖြစ်ပါသည်။ ယမကာမျိုးစုံရရှိနိုင်သည့် ဆိုင်တွေ။ ဝီစကီမျိုးစုံ၊ ဝိုင်မျိုးစုံ၊ ဘီယာမျိုးစုံ။ ပင်လယ်စာနှင့်တကွ မြည်းစမ်းကြည့်စရာ အစားအစာမျိုးစုံ။ စီးကရက်မီးခိုးငွေ့များက ထောင်းထောင်းထလျက်။ တေးဂီတဖျော်ဖြေပွဲများတွင် ဇာတ်စင်တစ်နေရာရာဆီက ပေါ်ထွက်၍ လာတတ်သော မီးခိုးငွေ့များကလည်း ဟိုဆိုင်သည်ဆိုင်များဆီမှ မကြာခဏ ထွက်ထွက်၍ လာတတ်ပေရာ ဘင်ဂလာလမ်းမကြီးတစ်လျှောက်လုံးတွင် တစ်နေရာမဟုတ် တစ်နေရာဆီ၌ မီးခိုးငွေ့များအူ၍ နေပါသည်။ တချို့ဆိုင်တွေက အပုံစား song box ကြီးများဖြင့် သွေးညှိကြွစရာ တေးဂီတများကို ဖွင့်လှစ်၍ ထားပေရာ ထိုဂီတသည် ဖွင့်ထားသည့်ဆိုင်တစ်ခုတည်းအတွက်သာမကဘဲ ဆိုင်နားနီးချင်းများကပါ မျှဝေသုံးစွဲသကဲ့သို့ ဖြစ်နေပြီး ဟိုဘက်ဆိုင်က ဂီတနှင့် သည်ဘက်ဆိုင်က ကချင်လည်း ကလို့ရသည့် အနေအထားမျိုး ဖြစ်ပါသည်။ လျှပ်စစ်မီးက ရောင်စုံဖြစ်ပါသည်။ တချို့နေရာတွေမှာက လင်းတစ်ခါ မှိန်တစ်လှည့်။ ဆိုင်တိုင်းလိုလို စားပွဲတိုင်းလိုလို၌ လူတွေဖြင့် ပြည့်နေလေ့ရှိပြီး ဘင်ဂလာလမ်းတစ်လျှောက်လုံးမှာလည်း အစုန်အဆန်ပွဲဈေးတန်းလျှောက်သလို လျှောက်နေကြကာ ရပ်ငေးသူ၊ ရပ်မေးသူတို့ဖြင့် ပျားပန်းခပ်၍ နေပါသည်။

ဆိုင်တစ်ဆိုင်ကမူ သုံးထပ်တိုက်ဖြစ်ပါသည်။ တိုက်မျက်နှာစာ၌ အထပ်တိုင်းတွင် စင်္ကြံကလေးတွေ ထည့်ထားပါသည်။ အထက်အောက်စင်္ကြံတစ်ခုနှင့် တစ်ခုကို သံမဏိပိုက်လိုင်းများဖြင့် တွယ်တက်၊ တွယ်ဆင်း၍ ရပါသည်။ စင်္ကြံတစ်ထပ်ချင်းဆီမှာက ယောက်ျားသုံးယောက်စီ။ စွပ်ကျယ်ချိုင်းပြတ်ကို လက်တစ်ဖက် ဖြုတ်ထားကြလေရာ သူတို့၏တောင့်တင်းသော လက်မောင်းသားများနှင့် ရင်အုံများကို မြင်နေရပါသည်။ ထို့ပြင် သူတို့အားလုံးက ဘောင်းဘီအတိုများနှင့် ဖြစ်ရာ ပေါင်နှင့် ခြေသလုံးဆီမှ ကြွက်သားများကိုလည်း အမြောင်းလိုက် တွေ့နေရပါသည်။ အားလုံးအသက်ခပ်ရွယ်ရွယ် လူငယ်တွေချည်း ဖြစ်ကြပြီး စင်္ကြံတစ်ထပ်နှင့် တစ်ထပ်ကို သံမဏိပိုက်လိုင်းများမှတစ်ဆင့် တွယ်တက်သွားလိုက်ကြ၊ တွယ်ဆင်းလာလိုက်ကြ၊ မိမိတို့ ဖွားဖက်တော်ရှိရာဆီသို့ လက်နှင့် နှိုက်ပြလိုက်လုပ်နေကြခြင်းဖြစ်ပါသည်။ ယင်းကိုကြည့်ကာ အဘယ်သို့သော အမျိုးကောင်းသားကို ခေါ်သွားရလျှင် ကောင်းလေမလဲဟု အကဲဖြတ်နေသူတွေက မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်ရှိ ဘီယာစားပွဲဝိုင်းဆီမှ နိုင်ငံခြားသားတွေချည်း ဖြစ်ပါသည်။ ယောက်ျားတွေ လည်းပါရဲ့။ မိန်းမတွေလည်း ပါရဲ့။ ကိုယ့်အလိုဆန္ဒကို ဖြည့်စွက်ပေးမည့် အားကောင်းမောင်းသန် ယောက်ျားပြည့်တန်ဆာကို လာရှာသည့်သူတွေ။

ဆိုင်တစ်ဆိုင်ကမူ ကျွန်းစားပွဲအဝိုင်းကြီးတွေနှင့်ဖြစ်ပါသည်။ ထိုစားပွဲကြီးများ၏ အလယ်ဗဟို၌မူ သံမဏိပိုက်လိုင်းတစ်ချောင်းက ဆိုင်မျက်နှာကြက်ရှိရာဆီသို့ တက်သွားပါသည်။ ထိုတိုင်ကိုဖက်ကာ စားပွဲခုံပေါ်၌ တွန့်လိမ်ပြီး ကနေသူတွေက မိန်းမလျာတွေ။ ရုပ်ချောချော အရုပ်အမောင်းကောင်းကောင်းတွေချည်း။ ပေါ်မုန်းကို စားလည်းစား၊ ထိုးလည်းထိုးလို့ပေလား (သို့မဟုတ်) ဆီလီကွန်တွေပင် ထည့်သွင်းထား၍ ပေလား မပြောတတ်။ တကယ့်မိန်းမလှနှင့် မခြားလောက်အောင် လုံးဝန်းပြည့်ကားသည့် ရင်သားများကို ဗလာကျင်းကာ စကတ်အတိုကလေးများ၊ လက်တစ်ဝါးသာသာ ဘောင်းဘီကလေးများဖြင့် ကပြနေကြခြင်းဖြစ်ပါသည်။ လူတွေက စားပွဲခုံ နှုတ်ခမ်းသားများပေါ်၌ ယမကာခွက်ကို ချကာ ဆူပွက်သည့်ဂီတအောက်၌ ကသူကို မော့ကြည့်ငေးမျှော်ရင်း ထိုညအတွက် ဝယ်၊ မဝယ် ဆုံးဖြတ်ကြခြင်းဖြစ်ပါသည်။ အကြိုက်ကြီးကြိုက်ခဲ့သော် ဖူးခက်ကမ်းခြေ၌ အနားယူစဉ် တစ်ပတ်ဆယ်ရက် တန်သည်ဖြင့် ဝယ်ယူထား၍လည်း ရနိုင်သည့် ဈေးကွက်ဖြစ်ပါသည်။

အမျိုးသမီးအစစ်များကလည်း ဖီးလိမ်းဝတ်စားပြင်ဆင်ကာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်၊ တစ်စားပွဲကနေ တစ်စားပွဲကူးကာ အကြည့်ဖြင့်၊ အပြုံးဖြင့်၊ စကားလုံးဖြင့် ဈေးဝယ်သူကို ရှာကြခြင်းဖြစ်ပါသည်။ တချို့ဆိုင်များကမူ ဆိုင်တွင်းက ဆူပွက်သော ဂီတသာမကဘဲ ဆိုင်ထဲက လူတွေပါ ဘင်ဂလာလမ်းပေါ်သို့ လျှံကျလာပြီး လမ်းပေါ်၌ပင် ကနေကြပြန်ပါသည်။

ညဥ့်နက်လာလေလေ ဘဝရမ္မက်က အခိုးအလျှံများ ထွက်လာလေလေ။ ညဥ့်သန်းခေါင်ကူးလေလေ ဘဝအမှောင်ကူးလေလေ။ ဘင်ဂလာလမ်းဟာ နှုတ်ခမ်းကြီးတွေတွဲလို့။ မျက်လုံးကြီးတွေရွဲလို့။ စကားသံက မသဲမကွဲ။ မိန်းမ၊ ယောကျ်ား ဘင်ဂလာလမ်းပေါ်မှာ ဘာမှ မကွဲပြားပါလေတော့။

(လေး)

တစ်ည ဘင်ဂလာလမ်းကို ဖြတ်လျှောက်တော့ တစ်လမ်းလုံး တိတ်ဆိတ်၍ နေပါသည်။ တစ်ဆိုင်မှ မဖွင့်။ လူသူတစ်ဦးတစ်ယောက်မှ မရှိ။

"ကဆုန်လပြည့်နေ့လေ"

ဒေသခံက အံ့သြနေသည်ဟု ထင်သွားလို့လားမသိ။ မမေးဘဲနှင့် ဖြေခြင်းဖြစ်ပါသည်။

ထိုင်းဘုရင်၏ မွေးနေ့လို၊ ထိုင်းမိဖုရား၏ မွေးနေ့လို၊ ကဆုန်လပြည့်နေ့လို၊ ဝါဆိုလပြည့်နေ့လို၊ သီတင်းကျွတ်လပြည့်နေ့လို၊ အခါကြီးရက်ကြီးများ၌ ဘင်ဂလာလမ်းကို ထိုသို့ သန်းခေါင်အထိ ပိတ်ထားလေ့ရှိသည်ဟု ဆိုပါသည်။

သန်းခေါင်က နည်းနည်းကလေးကျူးသည်နှင့် ယစ်မူးရီဝေဖို့ရာ အဆင်သင့်။ ညို့ယူဖမ်းစားဖို့ရာ အဆင်သင့်။

ထို့ကြောင့် ထင်ပါ၏။ ပိတ်ထားသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် နိုင်ငံခြားသားတစ်ယောက် သူ့လက်ပတ်နာရီကို ငုံ့ငုံ့ပြီး ကြည့်လို့။ သန်းခေါင်ယံရောက်ဖို့ စောင့်နေလိုက်တာ။ ကဆုန်လပြည့်တော့ ဘာဖြစ်သလဲဆိုသည့် အလိုမကျသည့်မျက်နှာ။

ဩော်...ဘင်ဂလာ.. ဘင်ဂလာ။ ညလုံးပေါက် လူဈေးတန်းခင်းကျင်းကြရာ ဘင်ဂလာ။ ပင်လယ်ကြီးဆီသို့ ဦးတိုက်ထားရာ ဘင်ဂလာ။ အိပ်ရေးမှ ဝပါရဲ့လား အို... ဘင်ဂလာ။ ။

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ပေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ကြုံခဲ့ဖူးသည့်"မဲပင်း"ကော်မတီ

**မြင့်မိုရ်ဆွေ**




လွန်ခဲ့သော ရက်သတ္တပတ်က သတင်းထူးတစ်ရပ်ကို ဂျာနယ်အတော်များများတွင် ဖတ်ရှုခဲ့ရ၏။ ရွေးကောက်ပွဲနှင့် နယ်ကျော်စည်းရုံးခြင်းအကြောင်းဖြစ်၏။ "နယ်ကျော်"ဟူသော စကားလုံးကိုကြားလျှင် စာရေးသူမှာ အစဉ်အမြဲခေါင်းနားပန်းကြီးသွား၏။ အဘယ်ကြောင့်ဆိုသော် စာရေးသူတို့နိုင်ငံ၌ နယ်ကျော်သည့်ဒဏ်အမျိုးမျိုးကို နယ်ပယ်များစွာတွင် ပြည်သူတို့ခါးသီးစွာ တွေ့ကြုံခံစားခဲ့ရ၏။

၂၀၀၈ ခုနှစ်က မကြုံစဖူး နယ်ကျော်ဝင်ရောက်လာသည့် နာဂစ်မုန်တိုင်းကြောင့် သိန်းနှင့်ချီသော ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ သေကျေပျက်စီးဆုံးရှုံးခဲ့၏။ အရှေ့ဘက်မှ နယ်ကျော်လာသူများကြောင့် အထက်မြန်မာပြည် မန္တလေးမြို့ကြီးရှိ ပြည်သူများစွာမှာ မြို့စွန်မြို့ဖျားသို့ ရောက်ရှိကုန်ကြ၏။ ကုန်သွယ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းစသည်များ အားလုံးနီးပါးမှာ သူတို့မျိုးနွယ်များ၏ လက်ဝါးကြီးအုပ်မှုဒဏ်ကို ခံရ၏။ မြန်မာအမျိုးသမီးများကို နယ်ကျော်ပို့ဆောင်စေပြီး သူတို့မယားပြုခဲ့ကြ၏။ ပြုကြဆဲဖြစ်၏။ မကြာမီရက်ပိုင်းကပင် လက်နက်မျိုးစုံနှင့် သူတို့လူမျိုးရှစ်ဦး အရှေ့နယ်စပ်မှ နယ်ကျော်ဝင်ရောက်လာသည်မှာ အနောက်ဘက်အိန္ဒိယနယ်စပ် တမူးမြို့ အထိရောက်၏။ စာရေးသူတို့နိုင်ငံ၏ လုံခြုံရေးစနစ်ကလည်း အရှေ့ဘက်နယ်စပ်မှ ပြည်နယ်ကြီးတစ်ခု၊ တိုင်းဒေသကြီးနှစ်ခုကိုဖြတ်သန်း၍ စုစုပေါင်း မိုင် ၅၀၀ ကျော်ခရီးကို မော်တော်ကားနှင့် လက်နက်များတင်ပြီး ဝင်ရောက်လာသူများကို လမ်းခရီး၌ လုံးဝဖမ်းဆီးနိုင်ခဲ့ခြင်းမရှိပေ။ စစ်ဆေးရေးဂိတ်များက အိပ်ပျော်နေကြသည်ထင်၏။ ဤကဲ့သို့ အကျင့်စရိုက်များ ထုံမွမ်းသောဝလေ့ကြောင့် လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်ခန့်မှစ၍ အနောက်တောင်ဘက်နယ်စပ်စည်းရိုးကျိုးပေါက်ပြီး အလုံးအရင်းဖြင့် နယ်ကျော်ဝင်ရောက်လာသူများက လူဦးရေသန်းနှင့်ချီတိုးပွားလာခဲ့လေ၏။ ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးပဋိပက္ခ၊ ဆူနာမီလှိုင်းများက ရခိုင်ကမ်းခြေဒေသတစ်ခုလုံးသာမက မြေလတ်ပိုင်းကုန်းခေါင်ခေါင်ဒေသများအထိ လွှမ်းမိုးခဲ့၏။ သတ်ပွဲဖြတ်ပွဲများအောက်တွင် တရားပျောက်၍ ဓားကောက်ခဲ့ရသည့်ဘဝနှင့်ကြုံခဲ့ကြ၏။ မျက်မှောက်ကာလအထိ ငြိမ်းအေးမှုမရှိသေးပေ။

စီးပွားရေးအရ မြန်မာ့သစ်တောများကိုမှောင်ခို၍ နယ်ကျော်သယ်ယူသူများက ယနေ့အထိ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုအမွေများကို ပေးအပ်လျက်ရှိပြီး အရက်၊ ဘီယာ၊ ဒီဇယ်၊ ဆိုင်ကယ်၊ မော်တော်ယာဉ်စသည်များကို မှောင်ခို၍ နယ်ကျော်တင်သွင်းသူများကလည်း လစ်လျှင်လစ်သလို ခေါင်းထောင်နေကြဆဲဖြစ်၏။ ထို့ကြောင့် "နယ်ကျော်"ဟူသော စကားလုံးသည် စာရေးသူတို့တိုင်းပြည်အား နှိပ်စက်ချင်တိုင်းနှိပ်စက်လေ့ရှိခြင်းကြောင့် ၎င်းအသံကြားလျှင် ခေါင်းထောင်ကြည့်မိသည်မှာ အကျင့်ဖြစ်နေပေသည်။

ဤဆောင်းပါးအစ၌ ဖော်ပြခဲ့သည့် နယ်ကျော်စည်းရုံးခြင်းမှာမူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက် (၁/၂၀၁၄) မူကြမ်းတွင် မဲဆန္ဒနယ်တစ်ခု၌ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် သူ၏ကိုယ်စားလှယ်သာ စည်းရုံးဟောပြောခွင့်ရှိပြီး အခြားသူများ (ပါတီခေါင်းဆောင်အပါအဝင်) ဟောပြောမည်ဆိုပါက ကော်မရှင်၏ ခွင့်ပြုချက်ယူရမည်ဆိုသည့် ကန့်သတ်ချက်ကို ဆိုလိုကြောင်း ဂျာနယ်ပေါင်းစုံမှ ရေးသားချက်များကို အထပ်ထပ်ဖတ်ရှုခြင်းဖြင့် ပြည့်ပြည့်စုံစုံသဘောပေါက်လာရပေသည်။ ထိုအခါ စာရေးသူတို့နိုင်ငံတွင် နယ်မကျော်သင့်သည့်ကိစ္စရပ်များက အလုံးအရင်းနှင့်ကျော်ဝင်၊ ကျော်ထွက်ပြုနေကြပြီး နယ်ကျော်သင့်သည့်ကိစ္စရပ်ကိုမူ တားမြစ်ရန်၊ ကန့်သတ်ရန် ကြိုးပမ်းမှုများ ပေါ်ထွန်းနေပါပြီကောဟု ကောက်ချက်ချမိပါသည်။

စာရေးသူတက္ကသိုလ်ဝင်ကျောင်းသားအရွယ် ၁၉၆၀ ပြည့်နှစ်တွင် တည်မြဲ ဖ.ဆ.ပ.လ နှင့် သန့်ရှင်း ဖ.ဆ.ပ.လ အဓိကအားပြိုင်သော ရွေးကောက်ပွဲအကြိုမဲဆွယ်ဟောပြောပွဲများနှင့် ကြုံခဲ့ဖူးပါသည်။ ဦးနု၏ အာဇာနည်ကုန်းဟောပြောပွဲ၊ သိမ်ဖြူကွင်းဟောပြောပွဲ၊ ဦးဗဆွေ၏ သဃ်န်းကျွန်းအသင်းတိုက် (ယခု ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန်လမ်း လမ်းဆုံ သာခုခြံအိမ်ရာအနီး) ဟောပြောပွဲ၊ ဦးကျော်ငြိမ်း၏ တာမွေမြို့နယ် နန္ဒဝန်ကွင်းဟောပြောပွဲများသို့ တက်ရောက်နားထောင်ခဲ့ဖူးပါသည်။ စာရေးသူတို့ ဗဟန်းမြို့နယ်မှ သန့်ရှင်း ဖ.ဆ.ပ.လ အမတ်လောင်းမှာ သီရိပျံချီဦးသန်းစိန်ဖြစ်ပြီး သူ၏ဟောပြောပွဲကို ကမ္ဘာအေးကုန်းမြေတွင် နားထောင်ခဲ့ဖူးလေ၏။ အားလုံးလွတ်လပ်စွာ ဟောပြောခွင့်ရှိပါသည်။ စည်းရုံးရေးနှင့်ပတ်သက်၍ ပါတီခေါင်းဆောင်များကို ရည်ရွယ်တားမြစ်သည့် ကန့်သတ်ချက်တစ်ခုမျှမရှိ၊ ဟောပြောပွဲကို လုံးဝမချုပ်ချယ်။ ရွေးကောက်ပွဲကြီးမှာလည်း ပြဿနာတစ်စုံတစ်ရာမရှိ တစ်နိုင်ငံလုံးတွင် အေးချမ်းစွာပြီးစီးခဲ့၏။ ယခင် ဒီမိုကရေစီခေတ်နှင့်နှိုင်းယှဉ်ပြီး ယနေ့မျက်မှောက်ခေတ် ဒီမိုကရေစီရွေးကောက်ပွဲကော်မရှင်၏ လက်ထက်တွင်မှ ကန့်သတ်မှုများကို တစ်နည်းမဟုတ်တစ်နည်း အဘယ်ကြောင့်ပြုလုပ်ရန် ကြိုးကုတ်အားထုတ်နေပါသနည်း ဟူသော မေးခွန်း၏အဖြေကို စဉ်းစား၍ မရနိုင်ပေ။ စာရေးသူက ဉာဏ်မမီ၍လား၊ လုပ်ရပ်များက ဒီမိုကရေစီ "စံ"နှင့်မညီ၍လားဟုလည်း အထပ်ထပ်စဉ်းစားမိ၏။

ထို့အပြင် မဲဆန္ဒနယ်တစ်ခုတွင် ဆန္ဒမဲပေးမည့်ပြည်သူတို့မည်သည့်ကိုယ်စားလှယ်လောင်းများသာမက သက်ဆိုင်ရာပါတီခေါင်းဆောင်များကိုယ်တိုင် နိုင်ငံရေးလမ်းစဉ်များကို အနီးကပ်လာရောက်တွေ့ဆုံပြီး ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောဆိုသည်ကို နားထောင်လိုကြသည်သာဖြစ်၏။ နားထောင်ပိုင်ခွင့်လည်းရှိကြ၏။

စာမျက်နှာ(၃၂) သို့

Business
7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# အခက်အခဲများကြောင့် မြန်မာတွင် ဂျပန်ဒိုင်ဝါကုမ္ပဏီ၏ စတော့အိတ်ချိန်း တည်ထောင်ရေး အရှိန်တန့်နေ

**တိုကျို၊ မေ- ၂၆**

မြန်မာနိုင်ငံတွင်လာမည့် ၂၀၁၅ အောက်တိုဘာ၌ စတော့အိတ်ချိန်းတစ်ခု တည်ထောင်ပေးရန် စီစဉ်ထားသော ဂျပန် ဘဏ္ဍာရေးကုမ္ပဏီသည် အိတ်ချိန်းအတွက် သင့်လျော်သည့် ဝန်ထမ်းများနှင့် စတော့ဈေးကွက်အတွင်း စာရင်းဝင်မည့် ပုဂ္ဂလိကကုမ္ပဏီနည်းပါးသည့် ပြဿနာများကြောင့် လုပ်ငန်းအရှိန်တန့်နေကြောင်း သိရသည်။

ဒိုင်ဝါသည် ၁၉၉၃ ခုနှစ်တွင် မြန်မာအစိုးရနှင့် သဘောတူစာချုပ်ချုပ်ဆိုကာ စတော့ဈေးကွက်တစ်ခုဖွံ့ဖြိုးရေး နားလည်မှု စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက်ဒိုင်ဝါ၏ လုပ်ငန်းတွင် တိုကျိုစတော့ အိတ်ချိန်းက ၂၀၁၀ တွင်ပူးပေါင်းပါဝင်လာခဲ့သည်။

ဒိုင်ဝါသည် မြန်မာအစိုးရနှင့် ပူးပေါင်း၍ ၂၀၁၁ နှစ်လယ်မှစကာ အတွေ့အကြုံရင့်သော အစိုးရဝန်ထမ်းများကို ခေါ်ယူကာ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် စတော့ဈေးကွက်ဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်ပေးခဲ့သည်။ "လေ့ကျင့်ရေး သင်တန်းပြီးထားတဲ့ အစိုးရအရာရှိတွေဟာ စီစဉ်ထားတဲ့ စတော့ဈေးကွက်မှာ အလုပ်လုပ်ရဖို့တော့ မလိုအပ်ဘူးပေါ့" ဟု ဒိုင်ဝါတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ စတော့အိတ်ချိန်းတည်ထောင်ရေးအတွက် အရာရှိများအား လေ့ကျင့်ပေးသော်လည်း မြန်မာတွင် အများစုမှာ အစိုးရအလုပ်က ပုဂ္ဂလိက အလုပ်ထက် ပိုအာမခံချက်ရှိသည်ဟု အမြင်ရှိကြသောကြောင့် အိတ်ချိန်းအတွက် ကျွမ်းကျင်ဝန်ထမ်းရရေးမှာ ခက်ခဲနေသည်။ ထို့အပြင် ဝန်ထမ်းလေ့ကျင့်ရေးတွင် ကွန်ပျူတာစနစ်ဖြင့် ဆက်သွယ်ချိန်ဆက်ထားသည့် ကုန်သွယ်ရေးစနစ်ဖော်ဆောင်ရေးမှာလည်း နည်းပညာကျွမ်းကျင်မှု နည်းပါး၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဂျပန်ကုမ္ပဏီ ဒိုင်ဝါကြုံတွေ့ရသော နောက်ထပ်ပြဿနာတစ်ခုမှာ မြန်မာကုမ္ပဏီများအား စတော့အိတ်ချိန်းတွင် စာရင်းသွင်းရေးအတွက် ဆွဲဆောင်ရခက်နေခြင်းဖြစ်သည်။ အကြောင်းမှာ စတော့အိတ်ချိန်းဝင်လိုက်သော ကုမ္ပဏီများသည် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်အသေးစိတ်များကို ဖော်ထုတ်ပြရသောကြောင့် အိတ်ချိန်းသို့ မဝင်ကြတော့ခြင်းဖြစ်သည်။ "ကုမ္ပဏီတော်တော်များများက အများပြည်သူရှေ့မှာ ပွင့်ပွင့်လင်းလင်းဖြစ်ဖို့ထက် ပုဂ္ဂလိကပိုင်ဖြစ်ဖို့ပဲ ရွေးချယ်နေကြပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့ကြောင့် ဒိုင်ဝါသည် စတော့ဈေးကွက်တွင် စာရင်းဝင်သော ကုမ္ပဏီများအတွက် အခွန်သက်သာခွင့်များပါဝင်သော စနစ်ဖြင့် မိတ်ဆက်ပေးရန် ကြိုးစားနေသည်ဟု ဆိုသည်။

တောင်ကိုရီးယား အစိုးရသည် လာအိုနှင့် ကမ္ဘောဒီးယားတို့တွင် ၂၀၁၁ နှင့် ၂၀၁၂ ၌ စတော့အိတ်ချိန်းများ တည်ထောင်နိုင်ရန်ကူညီပေးခဲ့သော်လည်း ယခုအခါ ထိုအိတ်ချိန်းများတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများမှာအနည်းငယ်သာရှိကြောင်း သိရသည်။ *Ref:Bangkok Post*



***ယခင်ဗဟိုဘဏ်နှင့်မြဝတီဘဏ်ဖွင့်လှစ်ခဲ့ဖူးပြီး စတော့အိတ်ချိန်းဖွင့်မည့် အဆောက်အအုံ*** ဓာတ်ပုံ – ကျော်ဇင်သန်း

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၂ | ၉၇၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၃ | ၇၇၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၅ | ၁၃၂၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇၅ | ၂၉. ၉၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၂ | ၁၅၄ | ကျပ် |

၂၀၁၄ မေ ၂၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း


| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၈၀၉၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃၃၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁.၉၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၄၆၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၈.၅၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၂၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၄.၄၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၁၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၅၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၅၉၃.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၂၅.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၆၀၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၈၂၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၇၀၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၈၅၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၁၁ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၃.၄၀ |
| ရေနံစိမ်း | စည် | ၁၁၀.၆၇ |
| ငွေ | အောင်စ | ၁၉.၃၇ |
| ကြေးနီ | ပေါင် | ၃.၁၇ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၃၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မေ ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# နိုင်ငံခြားသားမြေပိုင်ဆိုင်ခွင့် ထိန်းချုပ်ထားသည့် ကွန်ဒိုဥပဒေ လာမည့်ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုဖွယ်ရှိ

**မိုးညို**

**ရန်ကုန်**–ကွန်ဒိုတိုက်ခန်းများကို နိုင်ငံခြားသားများ ဝယ်ယူပါက မြေယာပိုင်ဆိုင်ခွင့်ကို ထိန်းချုပ်မည့် ကွန်ဒိုမီနီယံဥပဒေကို ယခု စတင်မည့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က ပြောသည်။

"ဒီဥပဒေအရ နိုင်ငံခြားသားပိုင်ဆိုင်ခွင့်က ရှိလာတော့မယ်လေ။ နိုင်ငံခြားသားက အခန်းဝယ်ရင် ဒီမြေကိုသူပိုင်သလို ဖြစ်နေမှာပေါ့။ ဒါကြောင့် နိုင်ငံခြားသားပိုင်ဆိုင်ခွင့်ကို Control လုပ်မယ်။ ကိုယ့်အမျိုးသားအကျိုးကာကွယ်ဖို့ မြေကို မဆုံးရှုံးအောင်လို့ ဒီဥပဒေမှာ အသေးစိတ်ရေးဆွဲထားတယ်။ ၂၀၁၄ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုနိုင်ဖို့ ရည်ရွယ်ထားတယ်" ဟု ဒေါ်အေးအေးမြင့်က ဆိုသည်။

ထို့ကြောင့် အဆိုပါ ကွန်ဒိုမီနီယံဥပဒေတွင် နိုင်ငံခြားများ ကွန်ဒိုဝယ်ယူလိုပါက ခြောက်ထပ်နှင့်အထက် အခန်းကိုသာ စတင်လွှဲပြောင်းဝယ်ယူနိုင်မည်ဖြစ်ပြီး ၎င်းအနေဖြင့် အဆိုပါအခန်းကိုမူ လွှဲပြောင်းငှားရမ်းရောင်းချခွင့် ရရှိမည်ဖြစ်ပြီး မြေပိုင်ဆိုင်မှုအတွက်မူ ရရှိရန် မသေချာကြောင်း ၎င်းက ခန့်မှန်းပြောဆိုသည်။

၂၀၁၃ ခုနှစ်က စတင်ရေးဆွဲခဲ့သည့် အဆိုပါဥပဒေကို အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် မရှိစေရဘဲ ကွန်ဒိုတိုက်ခန်း ဝယ်ယူလိုသူ မြေယာပိုင်ဆိုင်ထားသူ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ နိုင်ငံခြားသားများအတွက် အားလုံးအဆင်ပြေနိုင်မည့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းရေးဆွဲထားပြီး ယခုနှစ် ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းပါက လွှတ်တော်အတွင်း၌လည်း လွှတ်တော်အမတ်များမှ အကြိမ်ကြိမ် ဆွေးနွေးမှုများ ပြုလုပ်ဦးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဥပဒေမှာ နိုင်ငံခြားသားမြေယာပိုင်ဆိုင်ခွင့်နဲ့ပတ်သက်ပြီး ဘယ်လိုအတည်ပြုသတ်မှတ်ပေးမလဲဆိုတာ ကျွန်တော်တို့ စိတ်အဝင်စားဆုံးပဲ" ဟုမြမြင့်မိုရ် ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ဆိုသည်။

အစိုးရသစ်လက်ထက် ရန်ကုန်တွင် ကွန်ဒိုတိုက်ခန်း တည်ဆောက်မှုနှုန်း သက်တမ်းတစ်လျှောက် အမြင့်မားဆုံးဖြစ်ပြီး ဈေးကွက်၏ သဘောသဘာဝအရ နိုင်ငံခြားသား လုပ်ငန်းရှင်များက ကွန်ဒိုတိုက်ခန်းများ ဝယ်ယူရန် စောင့်ဆိုင်းနေကြသည်ဟု UNITED GOLDEN PALACE မှ စီအီးအို ဒေါက်တာအောင်ကျော်ဝင်းက ဆိုသည်။

ပြီးခဲ့သည့်လက ရန်ကုန်မြို့ရှိ ကွန်ဒိုတိုက်ခန်းများအား နိုင်ငံခြားသားများ ဝယ်ယူနေထိုင်ခွင့်ရှိသည်ဟု ဆိုပြီး မပြဋ္ဌာန်းရသေးသည့် ဥပဒေတွင်ပါဝင်ကြောင်း သတင်းများ ထွက်ပေါ်လာသဖြင့် အမည်ခံဝယ်ယူသူ ဈေးကစားလိုသူများ၏ လက်ထဲတွင် ကွန်ဒိုတိုက်ခန်း အများစုဝယ်ယူစုဆောင်းထားပြီဖြစ်ကြောင်း ကွန်ဒိုတိုက်ခန်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

ထို့ပြင်လက်ရှိ ရန်ကုန်တွင် ဆောက်လုပ်ရန်စီစဉ်နေသည့် ကွန်ဒိုတိုက်ခန်းများအပေါ် နိုင်ငံခြားသားများက ကြိုတင်ဝယ်ယူထားချင်သော်လည်း လတ်တလောအခြေအနေအရ ဝယ်ယူခွင့်မရှိသဖြင့် စီမံကိန်းပြီးစီးချိန်နှင့် ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ချက်ချင်းဝယ်ယူနိုင်ရန် ဆောက်လုပ်ရေး ကုမ္ပဏီများအား ကြိုတင်စာရင်းပေး မှာယူမှုများလည်း ရှိနေပြီဖြစ်သည်။






ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



# တူရကီကျောက်မီးသွေးမိုင်းသင်ခန်းစာ

ကြည်နေဝင်းမင်း




STR/REUTERS

ပြီးခဲ့သည့်သီတင်းပတ်က တူရကီနိုင်ငံ ဆိုမာကျောက်မီးသွေးမိုင်းပေါက်ကွဲမှုမှနေ၍ တူရကီစီးပွားရေး မဟာခုန်လွှားမှု၏ အမှောင်ဘက်ခြမ်းကို မီးမောင်းထိုးပြနေသည်။ ညံ့ဖျင်းသော လုပ်ငန်းခွင်အခြေအနေ၊ စက်မှုလုပ်ငန်းများတွင် ဘေးကင်းလုံခြုံရေး အဆင့်အတန်းနိမ့်ကျမှု၊ အထူးသဖြင့် နိုင်ငံ၏ စွမ်းအင်အများစုကို ထောက်ပံ့ပေးနေသော ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းတွင် ယင်းသို့ ချို့ယွင်းချက်များရှိနေသည်။

တူရကီသုတေသနစင်တာတစ်ခုဖြစ်သော Tepav အဖွဲ့၏ အချက်အလက်များအရ တူရကီနိုင်ငံတွင် နှစ်စဉ် ကျောက်မီးသွေးတန်တစ်သန်းထုတ်တိုင်း အမေရိကန်နိုင်ငံထက် အလုပ်သမားအသေအပျောက်နှုန်း ၃၀၀ ရာခိုင်နှုန်း မြင့်မားသည်။ "တူရကီနိုင်ငံဟာ ကျောက်မီးသွေးထုတ်လုပ်ရာမှာ လူသားကုန်ကျစရိတ် (လူသေဆုံးမှု) ကမ္ဘာ့ခေါင်းဆောင်နိုင်ငံဖြစ်ပါတယ်"ဟု Tepav အဖွဲ့ ဒါရိုက်တာဂူဗင်ဆက်စ်က မှတ်ချက်ပေးသည်။

ဆိုမာမိုင်းတွင်းတွင် ယင်းကဲ့သို့ ဘေးကင်းလုံခြုံရေး ကင်းမဲ့မှုဒေါသူပုန်ထစရာ နမူနာတစ်ခုမှာ ကနေဒါ၊ ဩစတြေးလျ၊ အမေရိကန်နှင့် တောင်အမေရိကရှိ မိုင်းများတွင်ပုံမှန်အသုံးပြုသောအထူးတည်ဆောက်ထားသည့် ခိုလှုံစရာအခန်းများ ထည့်သွင်းမထားခြင်းဖြစ်သည်။

တူရကီစက်မှုလုပ်ငန်းရှင်များတွင် ယင်းကဲ့သို့သော အမြော်အမြင်မရှိပေ။ ပြီးခဲ့သည့် သီတင်းပတ်က လူ ၃၀၁ ဦး အသက်ဆုံးရှုံးခဲ့သော မိုင်းတွင်းပိုင်ရှင် Soma Holding ကုမ္ပဏီသူဌေးအက်ဂါကန်က ဆိုမာမိုင်းတွင် အထက်ပါလုံခြုံရေး ခိုလှုံစရာအခန်းများ ထည့်သွင်းတည်ဆောက်ထားသည်ဟု လွန်ခဲ့သည့်တစ်နှစ်က ရုပ်သံပေါ်တွင် ကြွားလုံးထုတ်ခဲ့သည်။ သို့သော် မိုင်းတွင်း မီးလောင်ပြီးချိန်၌ တွေ့ရှိရသည်မှာ တစ်ခုတည်းသော ခိုလှုံစရာအခန်းကို မိုင်း၏ အသုံးမပြုတော့သော ဘက်ခြမ်းတွင် တည်ဆောက်ထားပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။

အမှန်တကယ်ထိုကဲ့သို့သော ခိုလှုံစရာအခန်းများ၏ ကျေးဇူးကြောင့် ၂၀၁၀ ပြည့်နှစ်က မြေအောက်တွင် ၆၉ ရက်ကြာ ပိတ်မိနေသော ချီလီနိုင်ငံမှ မိုင်းလုပ်သား ၃၃ ဦးကို ထူးဆန်းအံ့ဩဖွယ် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုမာမိုင်းတွင် မီးလောင်မှုမဖြစ်ပွားမီ ရက်များအတွင်း မိုင်းအတွင်းသာမန်ထက်လွန်ကဲသော အပူချိန် ခံစားနေရသည်ဟု ၎င်း၏ အထက်လူကြီးများကို သတိပေးခဲ့ကြောင်း မိုင်းပေါက်ကွဲမှု အသက်ရှင်ကျန်သူများက မီဒီယာများအား ပြောသည်။ သို့သော် ၎င်းတို့၏ သတိပေးမှုကို လျစ်လျူရှု၍ အလုပ်ဆက်လုပ်ကြရန်သာ အမိန့်ပေးခြင်း ခံခဲ့ကြရသည်။

ယင်းသို့ ကြောက်မက်ဖွယ်ရာ လစ်ဟင်းပေါ့လျော့မှုများကြောင့် တူရကီနိုင်ငံသား သန်းပေါင်းများစွာက Sama Holding ကို ဒေါသဖြစ်ကြသည်။ (ကုမ္ပဏီမှ မန်နေဂျာတချို့ကို ဖမ်းထားသည်။) တူရကီနိုင်ငံသားများက အစိုးရကို ဒေါသထွက်ကြပြီးအထူးသဖြင့် ဝန်ကြီးချုပ်အာဒိုဂန်ကို မကျေနပ်ကြပေ။

မိုင်းတွင်းဘေးဒုက္ခပေါ်ထွက်ပြီး အာဒိုဂန်၏ မှားယွင်းသော ခြေလှမ်းများက ၎င်းအပေါ် ဒေါသထွက်မှုကို ရှင်းလင်းပြသနေသည်။ မိုင်းတွင်းပေါက်ကွဲပြီး နောက်တစ်ရက်က အာဒိုဂန်က ဆိုမာဒေသသို့ သွားရောက်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်လုပ်ကာ ၎င်း၏ ရေရှည်ရပ်တည်ချက်ဖြစ်သော ယင်းကဲ့သို့ မတော်တဆမှုများမှာ မိုင်းလုပ်ငန်း၏ သဘောသဘာဝဖြစ်သည်ဟု ပြောကြားသည်။ ထို့အပြင် အခြားနိုင်ငံများတွင် လူအများအပြား သေဆုံးခဲ့ရသည့် မိုင်းအဖြစ်အပျက်များကို ၎င်းက ကိုးကားဖော်ပြသည်။ ဥပမာအားဖြင့် အင်္ဂလန်နိုင်ငံတွင် ၁၈၆၂ နှင့် ၁၈၆၆ ခုနှစ်အဖြစ်အပျက်၊ ပြင်သစ်နိုင်ငံမှ ၁၉၀၆ ခုနှစ် အဖြစ်အပျက်၊ အမေရိကန်နိုင်ငံမှ ၁၉၀၇ ခုနှစ် မတော်တဆမှုတို့အကြောင်း ပြောသည်။ ဝန်ကြီးချုပ်အနေဖြင့် ခေတ်သစ်စံနှုန်းများနှင့် အဆင့်မြင့်နည်းပညာများအကြောင်း မပြောဘဲ အဘယ်ကြောင့် ပြီးခဲ့သည့် ရာစုနှစ်က ရှေးကျသောအခြေအနေများအကြောင်း ပြောနေသနည်းဟု လူအများအပြားက တွေးတောခဲ့ကြသည်။

ယင်းနောက်တွင် အာဒိုဂန်က ဆိုမာမြို့အတွင်းလမ်းလျှောက်ကြည့်ရှုခဲ့ရာ ဒေါသထွက်နေသော မျက်နှာများ မြင်တွေ့ရ၍ လူထု၏ လှောင်ပြောင်သရော်မှု ရင်ဆိုင်ခဲ့ရသဖြင့် အာဒိုဂန်တစ်ယောက် ထိတ်လန့်သွားပုံရသည်။ ထိုမှနေ၍ ကိုယ်ရံတော်များ ဝန်းရံထားသော ဝန်ကြီးချုပ်နှင့် ကန့်ကွက်ဆန္ဒပြသူများကြား ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သည်။ အပျော်တမ်းသမားတစ်ယောက် ရိုက်ကူး၍ အွန်လိုင်းတင်ထားသော ဗီဒီယိုတွင် "ဒီနိုင်ငံက ဝန်ကြီးချုပ်ကို လှောင်ပြောင်ရင် ခင်ဗျားတို့ ပါးရိုက်ခံရလိမ့်မယ်"ဟု အာဒိုဂန်က အော်ပြောသည်ကို ကြားရသည်။ ဝန်ကြီးချုပ်က အမှန်တကယ်ပင် ပါးရိုက်ခဲ့သည်ဟု လူအုပ်ထဲမှ လူတစ်ယောက်က နောက်ပိုင်းတွင် ပြောပြသည်။ နောက်နှစ်ရက်အကြာတွင်မူ ယင်းအမျိုးသားက ရိုက်နှက်ခံရမည့်အရေးမှ ဝန်ကြီးချုပ်က ၎င်းကို ကယ်တင်ခဲ့သည်ဟု ဇာတ်လမ်းပြောင်းသည်။ ယခုအခါတွင်မူ ယင်းအမျိုးသားက ၎င်းကို ဝန်ကြီးချုပ်က ပါးရိုက်ခဲ့သလို ကိုယ်ရံတော်များကလည်း ရိုက်နှက်ခဲ့သည်ဟုပြောပြီးမြို့နယ်အာဏာပိုင်များက ခြိမ်းခြောက်ခဲ့၍ ၎င်း၏ကနဦး ပြောကြားမှုကို ပြောင်းလဲခဲ့ရသည်ဟု သိရသည်။

ထိုအတောအတွင်းမှာပင်ဆိုမာမြို့နှင့် အခြား တူရကီမြို့ကြီးများတွင် လမ်းပေါ်ထွက်၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ထုံးစံအတိုင်းပင် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များဖြင့် နှိမ်နင်းခဲ့သည်။ ဆိုမာမြို့တွင် ဆန္ဒပြမှုအားလုံးကို ပိတ်ပင်လိုက်ပြီး မြို့၏ ဝင်ပေါက်နေရာများတွင် စစ်ဆေးရေးဂိတ်များ ထားရှိလိုက်သည်။

အကယ်၍များသာ အစိုးရအနေဖြင့် ထိုကဲ့သို့ဒေါသစွက်ကာ ဗရုတ်သုတ်ခ ထွက်မလာဘဲ နှိမ့်ချမှု၊ ကိုယ်ချင်းစာမှုတို့နှင့်သာ ကိုင်တွယ်ခဲ့ပါက ပိုမိုအပြုသဘောဆောင်သော တုံ့ပြန်မှုရရှိခဲ့မည်ဖြစ်သည်။ ယင်းအတွက်ကြောင့်ပင် မိုင်းမတော်တဆမှုဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို မမောနိုင်မပန်းနိုင် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သော အစိုးရအဖွဲ့ဝင် စွမ်းအင်ဝန်ကြီး တာနာယီလ်ဒစ်မှာ ကျယ်ပြန့်သော ကရုဏာသက်မှုနှင့် ထောက်ခံမှု ရရှိခဲ့ခြင်းမှာ မထူးဆန်းလှပေ။

တူရကီလူထုက အစိုးရနှင့် ပတ်သက်သည့် အရာမှန်သမျှကို မုန်းတီးကြခြင်းမဟုတ်ပေ။ တူရကီအများစုမှာ "မင်းထက် မြင့်မြတ်တယ်"ဆိုသော သဘောထားစိတ်ကြီးဝင်မှု၊ ဝေဖန်မှုအပေါ် မကြားချင်ယောင်ဆောင်ခြင်း၊ ဝေဖန်သူမှန်သမျှကိုအစိုးရအပေါ် မကောင်းကြံစည်မှုဟစ်တိုင်ဟူ၍ရှုတ်ချခြင်းများကို မုန်းတီးကြသည်။

ဆိုမာမြို့မှ ထွက်ပေါ်လာသော သင်ခန်းစာမှာ တူရကီခေါင်းဆောင်များအနေဖြင့် မောက်မာမှုနှင့် သံသယကြီးမှု အဆိပ်ဖော်စပ်ခြင်းကို အဆုံးသတ်ရမည်ဟူ၍ ဖြစ်သည်။ အာဒိုဂန်အနေဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း တူရကီနိုင်ငံအတွက် ကြီးမားသော တိုးတက်မှုများရရှိအောင် လုပ်ဆောင်ခဲ့သည်။ ကျန်းမာရေးကဏ္ဍမှ သယ်ယူပို့ဆောင်ရေးအထိ တိုးတက်မှုရှိခဲ့သည်။ သို့သော် ရှေ့ဆက်သွားဖို့ရန်နှင့် လူသန်းပေါင်းများစွာ၏ဘဝကို ဆက်လက် တိုးတက်လာစေဖို့ရာအတွက် အာဒိုဂန်အနေဖြင့် အစိုးရကို ဝေဖန်နိုင်သော အုပ်ချုပ်သူရေပေါ်ဆီများက အတိုက်အခံများကို ဘီလူးသရဲအဖြစ် ပုံမဖော်ဘဲ နားထောင်တတ်သော ကျန်းမာကြံ့ခိုင်သော ဒီမိုကရေစီကို ခွင့်ပြုပေးရန် လိုအပ်ပါသည်။

*—Ref: New York Times*

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

7DAY BOOK REVIEW

## ပွင့်သောပန်းတိုင်း လှစေချင်

## (ဒေါက်တာစိုးလွင်)




ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့်ဆေးလောက ဇာတ်ခုံပေါ်က အတွေ့အကြုံများ၊ ချစ်တတ်မှ ကလေးရနှင့် သားသမီးရတနာရစေကြောင်း နည်းလမ်းကောင်းများ၊ မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာနှင့် ဖဲမွေ့ရာပေါ်က ယောက်ျားမဟုတ်သောစက်ရုပ် စသည်ဖြင့် ဆေးလောကအတွေ့အကြုံစာအုပ်ပေါင်း (၂၀)ကျော်ရေးသားပြုစုခဲ့သည့် သားဖွားမီးယပ်ဆရာဝန်ကြီးဒေါက်တာစိုးလွင်၏အမျိုးသမီးကျန်းမာရေးပြဿနာအဖြာဖြာအား ပြန်လည်ဖြေဆိုရေးသားထားသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် အမျိုးသမီး ကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းများကို ပြန်လည်ဖြေဆိုဟန်ဖြင့် ဆောင်းပါးများရေးသားထားပြီး ဆောင်းပါးစုစုပေါင်း (၁၆) ပုဒ်ပါဝင်သည်။ ဆောင်းပါးအများစုမှာ ဒေါက်တာစိုးလွင် စာစတင်ရေးသားစဉ်က ကနဦးဆောင်းပါးများဖြစ်ပြီး အမေး၊ အဖြေကဏ္ဍကို ထပ်တိုးချဲ့၍ ရသဟန်ရောစွက်ကာ အချို့နေရာများ၌ ဖတ်ရှုသူမပျင်းရိစေရအောင် ခပ်သောသောလေး ရေးထားသည်။ ကျွန်တော်လား ကျွန်မလား ရှင်းရှင်း ပြောပါလား၊ မျှော်တော်ဇောနဲ့ မောရပြီ၊ နုနယ်တဲ့မျက်နှာလေး အကျည်းတန်တော့မှာလားတို့တွင် အဆိုပါခပ်သောသော အရွှမ်းဖောက်ရေးဟန်ကိုမြင်ရသည်။ ကိုယ်ဝန်ဆောင်နှင့်ဆေးတည့်အောင်ပေး ပျောက်ရေးမခက်ပါ၊ ကြောက်မက်ဖွယ်နေရာမှားယွင်းမှု၊ ရိုးရိုးမွေးနဲ့ဗိုက်ခွဲမွေး သင်နှစ်သက်ရာရွေး၊ သားဥကင်ဆာ (သို့မဟုတ်)တိတ်တဆိတ်ရောက် လာတတ်သော လူသတ်သမား၊ သားအိမ်ခေါင်းကင်ဆာကြောက်စရာညီညာဖြဖြကာကွယ်ကြစသည့်ဆောင်းပါးများမှာ အမျိုးသမီးထုအတွက် မဖတ်မဖြစ်ဖတ်သင့်သောကျန်းမာရေးအသိပညာပေးလေးနက်သည့် ဆောင်းပါးများဖြစ်သည်။စာရေးသူဒေါက်တာစိုးလွင်သည် ရသအခံရှိသူတစ်ဦးဖြစ်၍ ဆောင်းပါးများဖတ်ရှုရသည့်အခါ လိုရင်းကို တုံးတိဒက်ခနဲမဆိုဘဲ သိုင်းကာဝိုင်းကာ စီကာပတ်ကုံး အနားလာပြောနေသလိုသိမြင်ခံစားရပါသည်။ တစ်ဆက်တည်း လူနာအပေါ်၊ စာဖတ်သူအပေါ်ထားရှိသော ၎င်း၏စေတနာကိုစာ၌မြင်တွေ့ရပါသည်။

စာရေးသူဒေါက်တာစိုးလွင်၏အမှာတွင် စာရေးဖြစ်ခြင်း ရည်ရွယ်ချက်ကို အောက်ပါအတိုင်းရေးသားထားသည်။ 'ဆေးရုံသို့ရောက်လာသောလူနာအများစုကိုကြည့်မြင်မိတော့ ဆေးပညာဗဟုသုတမပြည့်ဝမှုကြောင့်အန္တရာယ်ကိုအန္တရာယ်မှန်းမသိကြပုံ၊ ရောဂါတွေကိုမည်သို့ကာကွယ်ရမှန်းမသိကြပုံ၊ ရောဂါဖြစ်လာပြီဆိုလျှင်လည်း ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပြသကုသကြဖို့ ပျက်ကွက်ကြပုံ၊ အသိမှားအမြင်မှား အထင်မှားတွေကြောင့် တွေ့ရာမြင်ရာဆေးမြီးတိုများ၊ထုံမန်း၊ ရေမန်းများအားကိုးနှင့်ကုသကြရင်း ဆေးရုံသို့ရောဂါကျွမ်းမှ ရောက်လာကြပုံ၊ ထိုကဲ့သို့သောအဖြစ်မျိုးစုံကို နေ့စဉ်ကြုံဆုံမြင်တွေ့ရဖန်များလာသောအခါတွင်ကား သူ့ရင်ထဲမချင့်မရဲဖြစ်လာတော့၏။ ပြည်သူတစ်ရပ်လုံးသည် ကျန်းမာအောင် မည်သို့နေထိုင်စားသောက်ပြုမူကြရမည်ကို သိမြင်ကြမည်။ ရောဂါတို့၏သဘာဝ မည်သို့ကြိုတင် ကာကွယ်ရမည်၊ ရောဂါဖြစ်လျှင်လည်း ဖြစ်မှန်းသိမည်၊ မည်သို့ကုသရမည်ကိုလည်း အမှန်အတိုင်း သိမြင်ကြမည်ဆိုပါလျှင် သူ့မျက်စိရှေ့မှောက်မသေသင့်ဘဲသေဆုံး၊ ရေတိမ်နစ်ခဲ့ရသော လူနာများတစ်စထက် တစ်စနည်းပါးသွားလိမ့်မည်ဟုသူယုံကြည်မိပါတော့သည်'ဆိုသည့် စေတနာနှင့် ယုံကြည်ချက်ကိုဖတ်ရှုရပါသည်။ စာအုပ်ကို စိုးဇင်စာပေက တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

Knowledge ဗဟုသုတ

## ရေမိုင်တစ်မိုင်မှာ ဘယ်နှမီတာရှိသလဲ

ရေမိုင်ခေါ် Nautical Miles များမှာ သင်္ကေတအမှတ်အသား NM (သို့ မဟုတ်) nmi ဖြင့် ပြလေ့ရှိသော ရေကြောင်းခရီးဆိုင်ရာ အတိုင်းအတာတစ်ခုဖြစ်သည်။ ရေမိုင်တစ်မိုင်တွင် အကွာအဝေးမည်မျှရှိသည်ကို ၁၉၂၉ခုနှစ်မတိုင်မီအထိ သတ်မှတ်နိုင်ခြင်းမရှိဘဲ အငြင်းပွားခဲ့ကြသည်။ သို့သော်ထိုနှစ်အတွင်း ကျင်းပသော ပထမဆုံးအကြိမ် နိုင်ငံတကာ ပင်လယ် ရေပြင်တိုင်းတာမှုပညာရပ်ဆိုင်ရာကွန်ဖရင့်တွင် ရေမိုင်တစ်မိုင်၌ ၆,၀၇၆ ပေ (၁,၈၅၂ မီတာ) ရှိရမည်ဟု သတ်မှတ်နိုင်ခဲ့သည်။ ယခင်ကမူ အမေရိကန်တွင် ရေမိုင်တစ်မိုင်လျှင် ၆,၀၈၀ ဒသမ ၂၀ ပေ (၁,၈၅၃မီတာ) ဟု သတ်မှတ်တွက်ချက်ခဲ့ပြီး ၁၉၅၄ တွင် ထိုသတ်မှတ်ချက်ကို ပယ်ခဲ့ပြီး နိုင်ငံတကာစံနှုန်းအတိုင်း လက်ခံသုံးစွဲခဲ့သည်။ ဗြိတိန်တွင်မူ ရေမိုင်တစ်မိုင်လျှင် ၆,၀၈၀ ပေ (၁,၈၅၃ ဒသမ ၁၈ မီတာ) ရှိသည်ဟု သတ်မှတ်ခဲ့ပြီး ၁၉၇၀ တွင်မူ ရေမိုင်တစ်မိုင်တွင် ၁,၈၅၃ မီတာရှိသည်ဟု အတိအကျ သတ်မှတ်ကာ သုံးစွဲခဲ့သည်။ သို့သော် ရေမိုင်တစ်မိုင်တွင် အလျား ၁,၈၅၂ မီတာရှိသည်ဟူသော အသုံးမှာမူ နိုင်ငံတကာ လက်ခံသော အတိုင်းအတာအဖြစ် ယနေ့တိုင် ကျယ်ပြန့်စွာ သုံးစွဲနေကြသည်။

—Ref: http://geography.about.com

## တစ်ပတ်တာကံကြမ္မာ

မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ပေါ်ပေါက်လာသောအခွင့်အရေးသစ်များကိုလက်ခံသင့်သည်။ ငွေလက်လွှန်မည်။ အပျောက်အရှများမည်။ ခရီးကိစ္စ၊ လူမျိုးကွဲနှင့်ဆက်စပ်သောအကြောင်းအရာမှန်သမျှဆောင်ရွက်အဆင်ပြေမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ ဆက်စပ်နေသောဝန်းကျင်တွင်လည်းကောင်း ခြံ၊ ကား၊ အခန်းအလဲအလှယ်၊ အပြောင်းအလဲကိစ္စများကြုံမည်။ ခရီးဝေးနှင့်ဆက်သွယ်လုပ်သောကိစ္စများအဆင်ပြေမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ရည်ရွယ်ချက်နှင့်ဆန္ဒများပြည့်ဝအောင်မြင်မည်။ အလုပ်တိုးတက်မည်။ မိသားစုနှင့်ပတ်သက်သော သတင်းစကားကောင်းများကြုံမည်။ ဦးတည်ချက်ပြောင်းလဲလုပ်ကိုင်၍ အကျိုးကောင်းရမည်။ ယှဉ်ပြိုင်လာသူများကိုကျော်ဖြတ်အနိုင်ရရှိမည်။ ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်များရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ပြဿနာဟောင်းများဖြေရှင်းနိုင်မည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဒေါသအမျက်ထွက်စရာများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ စိတ်အလိုမကျစရာများဖြစ်လာမည်။ ပစ္စည်းများပျောက်ရှခြင်း၊ ပျက်စီးခြင်းကြုံမည်။ ရင်းနှီးသူများနှင့်စကားများရမည်။ သူတစ်ပါးကြောင့် ရည်မှန်းထားသည်များ၊ ဦးတည်ချက်များပြောင်းလဲရခြင်းရှိမည်။ မိဘအကြီးအကဲကျန်းမာရေးအတွက် စိုးရိမ်ပူပန်ခြင်းရှိမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်ရှေ့တိုးဆောင်ရွက်သည်များမှ ထူးခြားစွာတိုးတက်ခြင်းကြုံမည်။ ကာလအတန်ကြာဆောင်ရွက်ထားသောကိစ္စများမှ ထူးခြားသောအကျိုးဆက်များရရှိလာမည်။ နေထိုင်သောဝန်းကျင်နှင့် ဆက်ဆံရသောသူများအတွင်း အပြောင်းအလဲများဆက်တိုက်ဖြစ်လာမည်။ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်နှင့်ဆောင်ရွက်ခြင်းမှ ထင်ရှားစွာအောင်မြင်မှုများဖြစ်ပေါ်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ပြဿနာကြားမှတိုးတက်မှုရရှိမည်။ ရပ်ဝေးနှင့်ဆက်သွယ်၍ ဆောင်ရွက်သောကိစ္စများမှ အကျိုးဆက်ကောင်းများရရှိမည်။ ရုံးရောက်ဂါတ်ရောက်ကိစ္စများပါဝင်ပတ်သက်ရမည်။ အမှုနိုင်သည်။ လက်လွှန်ထားသောငွေပြန်ရမည်။ ကတိစကားသစ်များပေးရခြင်း၊ စာချုပ်အသစ်များချုပ်ဆိုရခြင်းနှင့် ငွေကြေးကံကောင်းခြင်းများအထင်အရှားဖြစ်ပေါ်မည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးအတွက်အချိန်ကုန်လူပန်းဖြစ်မည်။ ထွက်ပေါက်ရှာပြီးငွေကုန်မည်။ ဒုက္ခရောက်နေသူအားကူညီရင်း မိမိတွင်ပင် ပြဿနာဖြစ်လာနိုင်မည်။ မှန်းဆချက်နှင့်လက်တွေ့ကပြောင်းကပြန်ဖြစ်လင့်ကစား အလုပ်တိုးတက်ခြင်းနှင့် ခါတိုင်းထက်ပို၍ ငွေကြေးဝင်ခြင်းများရှိမည်။ အရေးပါသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ရပ်ဝေးသို့ခရီးသွားရခြင်းရှိမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

နာရေးကိစ္စများပါဝင်ပတ်သက်ရမည်။ ကိုယ်တိုင်တွင်လည်း မတော်တဆထိခိုက်မှုဖြစ်ပေါ်တတ်သည်။ ဆောင်ရွက်ထားသောကိစ္စအလုံးစုံတွင် ရက်တရက်အချိန်ကျဆင်းသွားခြင်း၊ ရပ်တန့်ခြင်းများဖြစ်ပေါ်နိုင်သည်။ အတတ်ပညာပိုင်းတွင် ထင်ရှားသောတိုးတက်မှုများဖြစ်ပေါ်မည်။ အလုပ်အကြံသစ်များ၊ စီးပွားလမ်းကြောင်းသစ်များကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်အောင်မြင်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

လက်ပြောင်းလက်လွှဲပြုရမည်။ တစ်ပါးသူဇယားရှုပ်ထားသည်များကိုဖြေရှင်းရမည်။ တာဝန်ယူ၊ အာမခံမှားယွင်းမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ အရောင်းအဝယ်ကိစ္စ၊ အရှုပ်အထွေးများနှင့်ပတ်သက်ဖြေရှင်းရမည်။စကားမတည်သူများ၊ ကတိပျက်သူများနှင့်ပတ်သက်ရမည်။အပြောင်းအလဲနှင့်တက်လမ်းရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ ဝယ်ယူသောပစ္စည်းများ စနစ်တကျစစ်ဆေးပြီးမှလက်ခံပါ။




### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများအတွက်ဆောင်ရွက်ရန်အခါကောင်းကျရောက်သည်။ ကိုယ့်အတွက်ထက်သူတစ်ပါးအတွက်ကို ရင်ခုန်ပူပန်ရကိန်းဆိုက်မည်။ စနစ်တကျကြိုးစားဆောင်ရွက်ထားလင့်ကစား ရင်ဆိုင်ကြုံတွေ့ရမည့်အရာများအတွက် တွက်ဆပူပင်ရလိမ့်မည်။ ကျန်းမာရေးအားနည်းမည်။ ချုချာနာဖျားခြင်းများဖြစ်လွယ်မည်။ တစ်ပါးသူစကားနားယောင်ပြီး လမ်းမှားလိုက်မိတတ်သည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ကြိုးစားဆောင်ရွက်ထားသည့်ကိစ္စမှန်သမျှ အောင်မြင်သောအကျိုးဆက်ကောင်းရရှိမည်။ အဆုံးသတ်ခါနီးမှကြုံတွေ့ရမည့်ပြဿနာများကို စနစ်တကျဖြေရှင်းနိုင်မည်။ ခေါင်မိုး(သို့)အိမ်အပေါ်ထပ်မျက်နှာကြက်တွင်မီးလောင်ကျွမ်းတတ်သည်။သိုလှောင်ထားသောပစ္စည်းများ ဈေးကျဆင်းတတ်သည်။တန်ဖိုးကြီးသောပစ္စည်းများဝယ်ယူခြင်းမသင့်။ နေ့တွင်းချင်း၊ နာရီပိုင်းအတွင်းဈေးကျဆင်း၍အရှုံးပေါ်တတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

ခက်ခဲသောကိစ္စတစ်ခုအား ပြီးမြောက်ပြေလည်အောင်ဖြေရှင်းနိုင်မည်။ လူမျိုးကွဲနှင့်ပတ်သက်ဆက်နွှယ်သောကိစ္စများဆောင်ရွက်ပါကအဆင်ပြေမည်။ ကြယ်ပွင့်ပုံတံဆိပ်ပါသောပစ္စည်းလက်ဆောင်ရကလည်းကောင်း၊ လာနေကျမဟုတ်သောငှက် အနီးအပါးလာ၍ တွန်ကျူးခြင်းဆက်တိုက်ပြုကလည်းကောင်း အထူးကံကောင်းသည်။ အလုပ်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည့်ပြဿနာနှစ်ခု ရှင်းလင်းနေဆဲ အငိုက်ဖမ်း၍ထပ်မံတိုက်ကွက်သစ်နှင့် နှောင့်ယှက်မှုအသေးစားတစ်ခုပေါ်မည်။ စိုးရိမ်ဖွယ်မရှိပါ။ အမျိုးသမီးအကြီးအကဲတစ်ဦးထံမှ ကူညီစောင့်ရှောက်မှုရရှိကာ အခက်အခဲအားလုံးပြေလည်သွားမည်။ ရေနှင့်နီးသောနေရာများတွင် ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းအန္တရာယ်ဖြစ်တတ်သည်။အပြိုင်အဆိုင်များမည်။အနီးကပ်လူဒုက္ခပေးတတ်သည်။

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

**စာမျက်နှာ(၂၃) မှ**

## တွက်ကိန်းမှားတဲ့ ဟိုဗေဒင်ဆရာလိုများ

ထိုကြောင့်လည်း အလှူဒါနပြုနိုင်ခြေအားထက် အလှူခံလိုသူအင်အားကကိုယ့်နိုင်ငံထဲမှာပိုများနေရော့သလားလည်း တွေးမိလာရသည်။

၂၀၁၃ နိုဝင်ဘာလထဲတုန်းက ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့တွင် စတင်ဖွင့်လှစ်သော သီတဂူသဲကုန်းဆရာတော်ကြီး အရှင်ဉာဏိဿရ၏ "သီတဂူရွှေဥ ရာစုသစ်"စက္ခုဒါနဆေးရုံသို့မျက်စိကုရန်အတွက် ဒေသခံပတ်ဝန်းကျင်မှ ဝေဒနာရှင်များသာမက မြန်မာနိုင်ငံအရပ်ရပ် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှပင် လာရောက်ကာ ကုသမှုခံယူကြရသည့် မျက်စိဝေဒနာရှင်များအပါအဝင် ဝေဒနာရှင်စုစုပေါင်းက ဆေးရုံစဖွင့်သည့် ပထမရက်မှာပင် ထောင်ဂဏန်းရှိသည်ဟု ကြားရသည်။

ဆရာဝန်၊ ဆရာမတွေ အင်အားတောင့်တောင့်ဖြင့် ကြည့်ရှုကုသခဲ့စိတ်ပေးနေသည့် ကြားမှပင် ကုလို့သလို့လက်မလည်နိုင်အောင်ဖြစ်ကာ ရက်ချိန်းတွေ ထပ်ချိန်းပေးရသေးသည်ဟုဆို၏။ ခန့်မှန်းထားသည်ထက် လူနာပိုများနေသဖြင့်လိုအပ်သည့်ဆေးဝါးတွေကိုလည်း ရန်ကုန်သို့ အရေးပေါ်ပြန်မှာရသည်ဟုကြားခဲ့ရသေး၏။

ဤသည်ပင် အလှူခံပုဂ္ဂိုလ်အင်အားက ပိုများနေသည်ကို ပြဆိုနေခြင်းဖြစ်၏ဟု မြင်သည်။ တစ်နည်းဆိုရလျှင် ဤအဖြစ်အပျက်များကပင် တိုင်းပြည်ထဲမှ ပြည်သူတစ်ဦးချင်းစီ၏ ဆင်းရဲနွမ်းပါးမှုကို ကွင်းကွင်းကွက်ကွက်ရှိအောင် မီးမောင်းထိုးပြဆိုနေခြင်းလည်းဖြစ်လေသည်။

သည်အမြင်ကို စူးစမ်းသောအားဖြင့် ONE MORE အဖွဲ့၏ အခြေအနေကို စူးစမ်းမိတော့လည်း တိုင်းပြည်တစ်နံတစ်လျားမှ အလှူခံပုဂ္ဂိုလ်တွေက များလွန်းသဖြင့် ONE MORE မှာ တန်းစီပြီး စောင့်နေကြရသည်ဟု သိရသည်။

နယ်ဘက်မှာ ပရဟိတကျောင်းလေးဖွင့်ထားသည့် ဆရာရင်း၊ ဒကာရင်း ဆရာတော်တစ်ပါးက ဟိုတစ်လောက ဖုန်းဆက်သည်။ "ဒကာရေ ကျုပ်တော့ ဒုက္ခအကြီးအကျယ်တွေ့နေပြီ"တဲ့။ ဘယ်လိုကြောင့်ပါလိမ့် လျှောက်မိတော့ ဆရာတော် တတ်နိုင်သည့် အင်အားနှင့် လာရောက်အားကိုးကြသူ ကျောင်းသူ၊ ကျောင်းသားအားကအချိုးအဆက္ကာလွန်းသဖြင့် စရိတ်တွေထောင်းကာ ကျောင်းကိုထားပြီး ထွက်ပြေးချင် စိတ်ပင်ပေါက်နေတော့သည်တဲ့။လာအားကိုးကြသည့် မရှိဆင်းရဲသား၊ သားသမီး၊ ကလေးတွေကိုလည်း လျစ်လျူရှုမပစ်ရက်နိုင်တော့ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်လိုအခြေအနေမျိုး ရောက်နေရသည်တဲ့။

ယခုတော့နယ်တွေမှာ သူ့ထက်ငါအားတက်သရောဆိုသလို အပြိုင်အဆိုင်လုပ်ခဲ့ကြသည့် ပညာဒါနတို့၊ အခမဲ့ဆေးကုခန်းတို့ဆိုတာတွေထဲက အတော်များများလည်း ခြေကုန်လက်ပန်းကျတဲ့သူတွေကကျကုန်ကြပြီဟုကြားလာနေရသည်။ ကူနိုင်အားနှင့် အကူလိုသူအားကမမျှတော့ လက်ဖဝါးချင်းပွတ်ပြီး လက်ပူ တိုက်ထားရသည့် အာပူမှုတ်ကုထုံးက မတိုးတော့သလို ဖြစ်လာနေသည်။

အခုသမ္မတကြီးတို့ အစိုးရအဖွဲ့ခြိုးခြိုးခြံခြံစားကာ လှူဒါန်းကြသည့် ၂၅ ရာခိုင်နှုန်းဆိုသည်ကလည်း အာဏာလက်မဲ့၊ သာမန်အရပ်သားလေးတွေ လုပ်ကြသလိုမျိုး အာပူမှုတ်ကုထုံးအတွက် ၂၀၁၅ သီသီနီးခါမှ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး လက်ပူအကူတိုက်ပေးသလိုမျိုးကြီးများလားလည်း ထင်သည်။

တကယ့်တော့လည်းတစ်မျိုးသားလုံးအတိုင်းအတာနှင့် နစ်နေသည့် ဆင်းရဲနွမ်းပါးခြင်း နွံတောကြီးထဲမှာ စုံးစုံးမြုပ်နေသော ပညာရေး၊ ကျန်းမာရေးဆိုသည်က လက်ပူတိုက်ရုံနှင့်မရ။ တကယ့်ပညာရှင်ကြီးတွေ ရေးဆွဲသည့် နှစ်တိုနှစ်ရှည် စီမံကိန်းကြီးတွေနှင့်မှ ကယ်နိုင်၊ ဆယ်နိုင်မည့် ကိစ္စဖြစ်သည်ကို သမ္မတကြီးတို့လည်း မသိမဟုတ် သိတန်ရာသည်။

ထို့ကြောင့် လွန်ခဲ့သည့် တစ်နှစ်ကျော်၊ ၂ နှစ်က နိုင်ငံတော်သမ္မတကြီးက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းတစ်ရပ်ရေးဆွဲအကောင်အထည်ဖော်မည်ကြားရတော့ မကြော်ရေသေးသည့် မုန့်ဆီကြော် အသာထားလို့ နှုတ်ခမ်းကွဲနှင့်ပင် ကြိုမိခဲ့သေး၏။ အိပ်မက်ထဲလည်း ဝမ်းသာမိခဲ့ရသေး၏။

သို့သော်နိုင်ငံတော်အစိုးရအဖွဲ့ကြီး၏ သက်တမ်းကုန်ဖို့ တစ်နှစ်ကျော်ကျော်သာ ကျန်တော့သည့်အခုချိန်ထိ ဆင်းရဲနွမ်းပါးခြင်း နွံတောထဲမှ မည်မည်ရရ သိသိသာသာ ထနိုင်သေးသည်ကို မတွေ့ရသေးဘူးဟုပဲမြင်သည်။

သည်တုန်းမှာ နိုင်ငံတော်သမ္မတကြီးအပါအဝင် အစိုးရအဖွဲ့ဝန်ကြီးများက ၎င်းတို့ရရှိခံစားနေကြသည့် လစာငွေများထဲမှ ၂၅ ရာခိုင်နှုန်းကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ရန်ထည့်ဝင်လှူဒါန်းကြမည်ဟုကြားရပြန်သောအခါသမ္မတကြီးတို့၏မြန်မာ့စေတနာ ကုသိုလ်စိတ်ကို ထုံးတမ်းစဉ်လာအတိုင်း သာဓုခေါ်မိရသည့်တိုင် မိန်းမ ရကိုရရမည်ဟု တွက်ကိန်းများပြီး အာမခံလိုက်မိသဖြင့် ကိုယ့်အာမခံချက်နှင့် ကိုယ်မိကာ တူမကို ပေးစားလိုက်ရသည့် ဗေဒင်ဆရာပြက်လုံးနှယ် ကိုယ့်အိတ်ထဲက ဖားကို ကိုယ်ထုတ်ရိုက်ပေးရသလိုများ ဖြစ်သွားလိုက်တာများလားလဲ စိတ်မကောင်းစွာဖြင့် အတွေးမေးခွန်း ထုတ်မိလိုက်ရပြန်ပါသေးတော့၏။

**စာမျက်နှာ(၂၆) မှ**

## ကြုံခဲ့ဖူးသည့် ''မဲပင်း''ကော်မတီ

ပြည်သူတို့သည် အသည်းကြားမှမဲတစ်ပြားကို "နားထောင်၊ စဉ်းစား၊ ဆုံးဖြတ်"ဟူသော လုပ်ငန်းစဉ် အဆင့်သုံးဆင့်ကိုကျော်ဖြတ်၍အကောင်အထည်ဖော်ကြရမည် မဟုတ်ပါလော။ စည်းရုံးဟောပြောမှုများကို ကန့်သတ်ရန် အား ထုတ်မှုမှန်သမျှသည် မဲဆန္ဒရှင်ပြည်သူတို့၏ ကျယ်ပြန့်စွာ နားထောင်ခွင့်ဟူသော ဒီမိုကရေစီ အခွင့်အရေးကို ကန့်သတ်ရာလည်း ရောက်ပေမည်။နားထောင် ခွင့်ကန့်သတ်ခြင်းက နောက်ဆုံးအဆင့်ဆုံးဖြတ်ချက် ကျဉ်းမြောင်းလာစေရန်အတွက် ဘောင်ခတ်ပေးသကဲ့သို့ ရှိပေမည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲစည်းရုံးရေးကာလအတွင်း ပြည်သူတို့၏ သောတာရုံ ဒီမိုကရေစီကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်မည့် အစီအစဉ် မှန်သမျှ လုံးဝကင်းပျောက်စေချင်ပါသည်။

အလားတူပင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍လည်း ကန့်သတ်မှုများ ရှိဦးမည်ဟုကြားသိနေရပြန်ပေရာ တရားမျှတမှုအားနည်းရေးကို မလွဲကန်အကျိုးသက်ရောက်စေမည်ဟု ရှုမြင်မိ၏။ ကမ္ဘာပေါ်တွင် လာဘ်ပေး၊ လာဘ်ယူနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံအစိုးရများက ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ကြသည်မှာ မီဒီယာလွတ်လပ်မှု၏ ကျေးဇူးကြောင့်ဖြစ်၏။ မီဒီယာလွတ်လပ်မှု မြင့်မားလေ အဂတိလိုက်စားမှုများကို အရေးယူချေမှုန်းနိုင်မှု မြင့်မားလေဖြစ်ပေသည်။ ရွေးကောက်ပွဲများ တရားမျှတမှုဟူသည်မှာလည်း အဂတိတရားများ ကင်းဝေးမှသာ တည်ရှိနိုင်မည်ဖြစ်၏။ ထို့ကြောင့် မီဒီယာလွတ်လပ်ခွင့် အဆင့်မြင့် မားသည်နှင့်အမျှ ရွေးကောက်ပွဲကော်မရှင်နှင့် မီဒီယာများ တွေ့ဆုံဆွေးနွေးမှုများသည် အဆိုပါ ကန့်သတ်မှုများလျှော့ပါးရေးသို့ဦးတည်မည်ဟု ယုံကြည်မိပါသည်။

မ.ဆ.လ ခေတ်က စာရေးသူတို့ရပ်ကွက်တွင် အိမ်ထောင်စုကော်မတီဥက္ကဋ္ဌတစ်ဦးရှိခဲ့၏။ ဒူးယားစီးကရက်၊ ရွှေဝါဆပ်ပြာ၊ ဖဲထီး၊ သကြား၊ နို့ဆီစသည့် ထိုခေတ်ကရှားပါးသော အိမ်ထောင်စုအသုံးအဆောင်ပစ္စည်းများကို အမြဲတမ်းမဲနှိုက်ပေးရလေ့ရှိ၏။ ဥက္ကဋ္ဌကြီးက သမာသမတ်ကျအောင် မဲနှိုက်ပေးမည်ဟု အမြဲကြေညာ၏။ ရပ်ကွက်ရှိသက်သေများ ရှေ့မှောက်၌ ကိုယ်တိုင်နှိုက်ပေးလေ့ရှိ၏။ မဲလိပ်များအနက် ပေါက်မဲကို သူကသိသာသည့်နည်းဖြင့် လိပ်ထားလေ့ရှိပြီး နှိုက်ပေးရာတွင် သူအပါအဝင် သူနှင့်အဆင်ပြေသောသူများ၊ သူ၏ဆွေမျိုးများသာ အမြဲတမ်းမဲပေါက်၏။ ၎င်းတို့အုပ်စု လုံးဝဗလာမကျစေရန် တိုးတိုးတိတ်တိတ် ကတိပေးလေ့ရှိပြီး "ငါ့အကြောင်းသိတယ်မဟုတ်လား။ မင်းပဲ ရစေရမယ်စိတ်ချ" ဟု ပြောကြားလေ့ရှိ၏။ ထို့ကြောင့် သူ့အားအတွင်းသိပုဂ္ဂိုလ်များက "မဲပင်းဥက္ကဋ္ဌ"ဟု မကြားတကြား ခေါ်ကြ၏။ ထိုအခါ စာရေးသူက "မဲတွေကို သူလိုတဲ့ဘက်ရအောင် လုပ်ပြီး 'ပင်း'စားလို့လား"ဟုမေးမြန်းရာအဆိုပါဓာတ်သိများက "အေးမှန်တယ်၊ အဲဒါတင်မက ဘူး 'မဲပင်းတော့မင်းပဲ' လို့ ဆိုလိုတာဟ့။ မင်းပဲရစေရမယ်လို့တာဝန်ယူတာကို ပြောတာကွ"ဟု ရှင်းပြပါလေသည်။

စာရေးသူတို့ နိုင်ငံတွင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲနှစ်ရပ်အနက် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကြိုတင်မဲစာရင်းမမှန်၊ မဲလိမ်သည်၊ မဲပင်းသည်ဟူသော အသံများ ပွက်လောညံခဲ့သော်လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အဆိုပါအသံများ ထွက်ပေါ်လာခြင်းမရှိသလောက်နီးပါး ဖြစ်ခဲ့၏။ သို့သော် ၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်တွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပုသိမ်ခရီးစဉ်၌ ၂၀၁၂ မဲဆွယ်စည်းရုံးရေးကာလအတွင်း ကြယ်ငါးပွင့်အလံကို အသုံးပြုခြင်းစသည့်ဥပဒေနှင့်မညီသော Election Campaign လှုပ်ရှားမှုများကို ထောက်ပြ၍ လွတ်လပ်မှုလွန်လွန်းပြီး မမျှတသော ရွေးကောက်ပွဲဟု ပြောခဲ့ကြောင်း ဂျာနယ်များတွင် ဖတ်ရှုခဲ့ရသည်မှာ လွန်စွာအံ့သြဖွယ်ကောင်းလှပေသည်။ ရွေးကောက်ပွဲမျှတမှုရှိ၊ မရှိကို Campaign သက်သက်ဖြင့် တိုင်းတာမည်လောဟု မေးခွန်းထုတ်ဖွယ်ရှိလာ၏။ ရွေးကောက်ပွဲအကြိုစည်းရုံးမှုများသည် တရားဥပဒေနှင့်မညီပါက သက်ဆိုင်ရာအဖွဲ့အစည်းများက တိတိကျကျဖော်ထုတ်အရေးယူရန်သာဖြစ်၏။ မဲလိမ်ခြင်း၊ မဲခိုးခြင်း၊ မဲပင်းခြင်းဟူသော ကာယကံမြောက်မသမာမှုများကင်းရှင်းခဲ့ခြင်းသည်ရွေးကောက်ပွဲကော်မရှင်၏ ထိုစဉ် ကာလမျှတစွာ ဆောင်ရွက်နိုင်မှုစွမ်းအားမြင့်မားလာခြင်းကြောင့်ဟု ဆိုရမည်သာဖြစ်၏။ ဤစွမ်းအားကို ဆက်လက်ထိန်းသိမ်းနိုင်သည်နှင့်အမျှ နောင်လာမည့် ရွေးကောက်ပွဲများသည် တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်မည်မှာ အလွန်သေချာ၏။ သို့ရာတွင် မလိုလားအပ်သောကန့်သတ်မှုများနှင့်အစိုးရိမ်လွန်ကဲသော ထိန်းချုပ်မှုများကြောင့် တရားမျှတမှုဂုဏ်သတင်းကျော်ကြားသော မူလလမ်းကြောင်းပေါ်မှ စာရေးသူဖော်ပြခဲ့သည့် "မဲပင်းကော်မတီ"လမ်းကြောင်းပေါ်သို့ တရွေ့ရွေ့နယ်ကျော်ဖြတ်သန်းနေပြီလောဟု သံသယအမြင်လွှမ်း မိုးခြင်းခံရမည်ကို လွန်စွာစိုးရိမ်မိပါကြောင်း....။

**စာမျက်နှာ(၃၃) မှ**

## ပြည်တွင်းစစ်ကြောင့် ကျားထိန်းသိမ်းရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

ယင်းတို့အနက် ဟူးကောင်းချိုင့်ဝှမ်းနယ်မြေတွင် ဘင်္ဂလားကျားမျိုးစိတ်များ နေထိုင်ကျက်စားလျက်ရှိပြီး ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သော သတင်းအချက်အလက်စာရင်းများအရ ကျားကောင်ရေ ၇၀ မှ ၈၀ ခန့် အတွင်း ကျန်ရှိနေသေးကြောင်း ခန့်မှန်းထားသည်။

ယင်းမှာ ၂၀၁၁ခုနှစ်ကတည်းက ကောက်ယူထားသော စာရင်းများဖြစ်ပြီးလက်ရှိအချိန်ထိ ကချင်ပြည်နယ်တွင်နယ်မြေမငြိမ်သက်၍ သုံးနှစ်တာကာလအတွင်းကောက်ယူနိုင်ခြင်းမရှိ၍ ကျားကောင်ရေမှာယင်းထက်လျော့နည်းလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ထို့အပြင် ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် နယ်မြေအေးချမ်းမှု မရှိသည့် အချိန်တွင် ငွေကြေးရယူလိုမှုအတွက် တရားမဝင် အမဲလိုက်သတ်ဖြတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကူးသန်းရောင်းဝယ်ခြင်းတို့ကြောင့် ကျားကောင်ရေ ကျဆင်းမှုအတွက် အဓိကခြိမ်းခြောက်နေကြောင်း ယင်းတာဝန်ရှိသူက ပြောသည်။

ကျားထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုကျားများကျက်စားကျန်ရှိနေသည့် နိုင်ငံ ၁၃ နိုင်ငံတို့ ပူးတွဲကြေညာသည့် ၂၀၁၀ ခုနှစ် စိန့်ပီတာစဘာ့စ်ကြေညာစာတမ်းတွင် လာမည့် ၂၀၂၀ တွင် တစ်ကမ္ဘာလုံးကျားကောင်ရေနှစ်ဆတိုးလာစေရေး၊ ကမ္ဘာလုံးဆိုင်ရာ ကျားမျိုးစိတ်များပြန်လည်တိုးပွားရေးအစီအစဉ်အရ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိရာ ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ကိုင်မှုအတွက် ထိုသို့ရပ်တန့်နေပါက ရေရှည်တွင် ကျားမျိုးစိတ်ရှင်သန်ရေးကို ထိခိုက်လာနိုင်ကြောင်း ၎င်းက ဆိုသည်။

ဟူးကောင်းချိုင့်ဝှမ်း ဒေသသည် ချင်းတွင်းမြစ်၏ ရေဝေရေလဲဒေသ၊ ရေအရင်းအမြစ် မြစ်ဖျားခံရာ ဒေသဖြစ်ပြီး ယင်းဒေသတွင် စီးပွားရေးစိုက်ခင်းများ ဖော်ဆောင်ခြင်းကြောင့် သစ်တောပြုန်းတီးမှုများလည်းဖြစ်ပေါ်လျက်ရှိသည်။

ထို့အပြင် ရွှေလုပ်ကွက်များ စည်းစနစ်ကျစွာ တူးဖော်ခြင်းမရှိသည့်အတွက် ယင်းရွှေလုပ်ကွက်များမှ အသုံးပြုသည့် အဆိပ်အတောက်ဖြစ်စေသောစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပေါ်နေပြီး သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုနေသည့် ဂေဟစနစ်ကိုပါ ထိခိုက်ပျက်စီး၍သားငှက်တိရစ္ဆာန်များပါထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ကျားများကို တိုက်ရိုက်သတ်ဖြတ်ခြင်းမပြုသော်လည်းကျား၏ အစာဖြစ်သည့် သတ္တဝါများကို သတ်ဖြတ်ခြင်း၊ ကျားကျက်စားသည့် နေရင်းဒေသ သဘာဝတောတောင်များ၊ သစ်တောကြိုးဝိုင်းများကို အခြားမြေများအဖြစ် ပြောင်းလဲခြင်း၊ လူတို့ကျူးကျော်နေထိုင်ခြင်းကြောင့် ကျက်စားရာနယ်မြေများ လျော့နည်းလာခြင်း၊ ကျားနှင့်ကျားအစိတ်အပိုင်းများကို ဆေးဝါးအဖြစ် အသုံးပြုလိုခြင်းတို့ကလည်းကျားကောင်ရေလျော့ပါး စေသည့်အချက်ဖြစ်ကြောင်း ၎င်း က ဆက်လက်ပြောသည်။

ဟူးကောင်းချိုင့်ဝှမ်းနယ်မြေ အေးချမ်းသွားပါက ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သဘာဝအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဝင်ငွေတိုးတက်စေရန်သဘာဝအခြေခံခရီးသွားလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနယ်မြေကို ၂၀၀၁ ဧပြီတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၀ မေလတွင် သစ်တောရေးရာဝန်ကြီးဌာန မှ ထပ်မံတိုးချဲ့ခဲ့ရာ စတုရန်းမိုင် ၆၇၃ ကျယ်ဝန်း၍ကျား၊ ဆင်၊ ကျားသစ်၊ ပြောင်၊ ဆတ်၊ ဝက်ဝံ၊ တောဝက်၊ တောဆိတ်တို့ နေထိုင်ကျက်စားလျက်ရှိသည်။

Environment
7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ပြည်တွင်းစစ်ကြောင့် ကျားထိန်းသိမ်းရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

**ခိုင်ခိုင်စိုး**

သုံးနှစ်တာကာလ ကြာမြင့်လာပြီဖြစ်သော ကချင်ပြည်နယ်တွင်း စစ်ပွဲများကြောင့် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေး ဟူးကောင်းနယ်မြေတွင် ကျားထိန်းသိမ်းရေး လုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ကျားများကို ထိန်းသိမ်းရန် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လကတည်းက ဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် ကချင်ပြည်နယ်၊ အနောက်မြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းနယ်မြေတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်ကတည်းက ရပ်ဆိုင်းထားခဲ့ရသည်။

တိုက်ပွဲများကြောင့် နယ်မြေအခြေအနေ မငြိမ်မသက် ဖြစ်နေသဖြင့် ကျားထိန်းသိမ်းရေးလုပ်ငန်းများ ရပ်နားထားရကာ တရားမဝင် အမဲလိုက်ခြင်းများနှင့် တောရိုင်း တိရစ္ဆာန်များ တရားမဝင်



*ကင်မရာထောင်ချောက်မှ ရယူနိုင်ခဲ့သော ဟူးကောင်းနယ်မြေမှ ကျားတစ်ကောင်*

ဓာတ်ပုံ – ဝန်းကျင်သားငှက်

ရောင်းဝယ် ဖောက်ကားမှုများဖြစ်ပွားနေသည်။

ယင်းတို့မှာ ကျားကောင်ရေများ လျင်မြန်စွာ လျော့ကျစေမည့် အဓိကခြိမ်းခြောက်မှုများဖြစ်နေကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နှစ်စဉ်စာရင်းမကောက်နိုင်တော့ ကျားကျန်ရှိ ကျက်စားမှုအခြေအနေကိုလည်း မဖော်ထုတ်နိုင်တော့ဘူး။ ကျားတွေကို အမဲလိုက် သတ်ဖြတ်နေမှုရှိ၊ မရှိကိုလည်း ကင်းလှည့်နိုင်မှု မရှိတော့ဘူး" ဟု ၎င်းက ပြောကြားသည်။

တစ်ကမ္ဘာလုံးတွင် ကျားကျန်ရှိသောနိုင်ငံ ၁၃ နိုင်ငံသာရှိတော့၍ မြန်မာနိုင်ငံသည် ကျားကောင်ရေ အများဆုံးကျန်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျားမျိုးစိတ်နှစ်မျိုး နေထိုင်ကျက်စား၍ ဘင်္ဂလားကျားမျိုးစိတ်မှာ ကောင်ရေ ၁၀၀ ရှိပြီး အင်ဒိုချိုင်းနားကျားမျိုးစိတ်မှာ ကောင်ရေ ၅၀ သာကျန်ရှိတော့သည်ဟု GTI–World Bank ၏ စာရင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဟူးကောင်းချိုင့်ဝှမ်းနယ်မြေ၊ ထမံသီ ဘေးမဲ့တော၊ တနင်္သာရီ သဘာဝကြိုးဝိုင်းတို့တွင် ကျားများ ထိန်းသိမ်းထားပြီး ယင်းတို့အနက် ဟူးကောင်းနယ်မြေတွင် ကျားကောင်ရေ အများဆုံးရှိကြောင်း သိရသည်။

**စာမျက်နှာ(၃၂) သို့**

# ကျွန်းစိုက်ခင်းအတွက် သစ်တောခုတ်နေခြင်း လွှတ်တော်သို့တင်ပြကန့်ကွက်မည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ-၂၃**

ရခိုင်ပြည်နယ်၊ ကျိန္တလီ မြို့နယ်တွင် ကျွန်းစိုက်ခင်းအတွက်ဟုဆိုကာ သစ်တောများ ခုတ်ထွင်ရှင်းလင်းနေခြင်းကို လာမည့်လွှတ်တော်တွင်တင်ပြသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ကျိန္တလီမြို့နယ်၊ ရှောက်ကုန်းကျေးရွာအနီးရှိ ဧက တစ်သိန်းခြောက်သောင်းကျော်သစ်တောဧရိယာကို ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများက ကျွန်းစိုက်ခင်းထူထောင်မည်ဖြစ်ပြီး လက်ရှိတွင် ဧကနှစ်ထောင်ကျော် ခုတ်ထွင်ရှင်းလင်းနေသဖြင့် ဒေသခံများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ကန့်ကွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ယင်းသို့ သစ်တောများရှင်းလင်းနေခြင်းကို ပြည်သူ့ လွှတ်တော်တွင် တင်ပြဆွေးနွေးမည်ဖြစ်ပြီး ကွင်းဆင်းလေ့လာလျက်ရှိကြောင်း ဂွမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက ပြောသည်။

ထိုသစ်တော နေရာသည် ယခင်က ရော်ဘာစိုက်ပျိုးရန်ခွင့်ပြုထားရာမှ ကျွန်းစိုက်ခင်းပြောင်းလဲ စိုက်မည်ဆိုကာ သစ်တောများ ခုတ်နေခြင်းဖြစ်ပြီး ဒေသခံများကလည်း ကန့်ကွက်လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှုများ ပြုလုပ်နေကြောင်း ယင်းဒေသတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ပြုစုစောင့်ရှောက်ရေးအသင်း (RCA) မှဒေါက်တာမောင်မောင်ကြည်က ပြောသည်။

"အခုကတော့ မခုတ်တော့ဘူး။ တောခုတ်တဲ့ ရာသီမဟုတ်တော့လို့ ခုတ်ပြီးသားနေရာကိုပဲ ကျွန်းစိုက်ဖို့လုပ်နေတယ်။ ဒေသခံတွေကတော့ နောက်ဆက်မခုတ်နိုင်အောင် ကန့်ကွက်သွားမှာ" ဟု ဒေါက်တာ မောင်မောင်ကြည်က ပြောသည်။

ထိုသို့ သစ်တောခုတ်ထွင်မှုများကြောင့် ယင်းနေရာရှိမြေဆီလွှာများ ပျက်စီးနိုင်ပြီး တောကိုမှီခိုကျက်စားနေသည့် တောနေသတ္တဝါများလည်း ပျောက်ဆုံးသွားမည်ဟု ဒေါက်တာ မောင်မောင်ကြည်က ဆက်ပြောသည်။



# Tourism

7 DAY NEWS JOURNAL

Vol.13, No.12 • MAY 28 , 2014


## ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အသုံးချခရီးသွားလုပ်ငန်းတားဆီးရေး အရှိန်မြှင့်လုပ်ဆောင်မည်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၂၄**

ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အသုံးချသော ခရီးသွားလုပ်ငန်းကို တားဆီးရေးအတွက် ဆွစ်ဇာလန်နိုင်ငံနှင့် The Code အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာအသုံးချသော ခရီးသွားလုပ်ငန်း(Child Sex Tour–ism) ကို တားဆီးရန်အတွက် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ပုံငွေချပေးပြီး The Code အဖွဲ့မှ လုပ်ဆောင်ရန် သဘောတူထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဖြိုးဝေရာဇာက ပြောသည်။

Child Sex Tourism မဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ဆွစ်ဇာလန်အစိုးရနှင့် The Code အဖွဲ့တို့ ပူးပေါင်းကာ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်တည့်တံ့ခိုင်မြဲသော တာဝန်သိခရီးသွားလုပ်ငန်းဖိုရမ်ကို မေလ ၁၉ ရက်က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှကလေးသူငယ်များအပေါ် လွဲမှားစွာ အသုံးချသည့် ခရီးသွားလုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများ ဖြစ်လာနိုင်သောကြောင့် ကလေးသူငယ်များ၏ ဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် The Code အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန် သံအမတ်ကြီး မစ္စတာခရစ်တော့ ဘာ့ဂနာက ယင်းဖိုရမ်တွင်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ လုပ်ဆောင်ဖို့အတွက် အသင်းဝင်တွေရှာရမယ်။ သင်တန်းပေးတာတွေ ဆောင်ရွက်သွားဖို့ရှိတယ်"ဟု ဦးဖြိုးဝေရာဇာကပြောသည်။

ယင်းဆောင်ရွက်မှုတွင် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အသုံးချမခံရရန် ကာကွယ်တားဆီးအရေးယူနိုင်ရန်အတွက် ဟိုတယ်များ၊ ည့ေလမ်းညွှန်များ၊ ခရီးသွားကုမ္ပဏီများစသော ခရီးသွားလုပ်ငန်းအတွင်းမှ လုပ်ကိုင်နေသူများ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။

"ဒီလိုအမှုမျိုးတွေလုပ်ချင်တဲ့သူတွေက ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပစ်မှတ်ထားလုပ်ကြတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်ဖို့လိုတယ်"ဟု ဦးဖြိုးဝေရာဇာကဆိုသည်။

The Code အဖွဲ့သည် မြန်မာ အပါအဝင် အသင်းဝင်နိုင်ငံပေါင်း ၅၀ ကျော်မှ ပါဝင်ဖွဲ့စည်းထားပြီး ကလေးသူငယ်များလိင်ပိုင်းဆိုင်ရာအသုံးချသော ခရီးသွားလုပ်ငန်းမဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီး အသိပညာပေးသောအဖွဲ့ဖြစ်သည်။

## ခရီးသွားလုပ်ငန်းဝင်ငွေ ပြည်သူ့ထံ ၈၅ ရာခိုင်နှုန်း တိုက်ရိုက်ရောက်ဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ မေ-၂၄**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းကြောင့် ရရှိသော ဝင်ငွေ၏ ၈၅ ရာခိုင်နှုန်းသည် ပြည်သူလူထုထံသို့ တိုက်ရိုက်ရောက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင်က ပြောသည်။

"မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းကရတဲ့ အမျိုးသားဝင်ငွေကနေ ၈၅ ရာခိုင်နှုန်းဟာ ပြည်သူလူထုထဲမှာ ရှိပါတယ်။ ၁၅ ရာခိုင်နှုန်းကတော့ နိုင်ငံတော်ဝင်ငွေ ဖြစ်ပါတယ်။ ဒီကိန်းဂဏန်းတွေက ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်က ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေမှာလည်း အပါအဝင်ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်ကုန်တွင် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုမှာ ၂ဒသမ ၀၄ သန်းရှိခဲ့ပြီး ယင်းတို့မှ ရရှိသော အမျိုးသားဝင်ငွေသည် အမေရိကန်ဒေါ်လာ ၉၂၆ သန်းရှိကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

တစ်နှစ်လုံးရရှိခဲ့သော ဝင်ငွေ ကျပ် ၉၂၆ သန်းသည် နိုင်ငံခြားသားတစ်ဦး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ပျမ်းမျှတစ်ယောက်လျှင်တစ်ရက်သုံးစွဲငွေ အမေရိကန်ဒေါ်လာ ၁၄၅ ဒေါ်လာဖြင့် တွက်ချက်ထားခြင်း ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင်လည်း နိုင်ငံခြားသားဧည့်သည့်ဝင်ရောက်မှုသည် သုံးသန်းအထိပင် ရောက်နိုင်မည်ဟု ခန့်မှန်းထားသော်လည်း ပထမလေးလအတွင်း ဧည့်သည်ဝင်ရောက်မှုသည် တစ်သန်းကျော်အထိ ရှိနေခဲ့သည်။

"ပွင့်လင်းရာသီရောက်တဲ့အခါမှာ တိုးတက်လာမှာပါ။ အခုအတိုင်း သွားနေမယ်ဆိုရင် မနှစ်က ၅၀ ရာခိုင်နှုန်းတိုးတက်မှုကို အေးအေးဆေးဆေးလေး ရသွားမှာပါ" ဟု ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။




*ကမ္ဘာလှည့်ခရီးသွားများကို ရန်ကုန်မြို့တော်ခန်းမအနီးတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)




7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# Cartoon





























7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



# “စစ်တိုက်ရတာက စေ့စပ်ညှိနှိုင်းရတာထက်ပိုပြီး ပေါ်ပြူလာဖြစ်နေတာကိုး”

## ကိုလံဘီယာသမ္မတနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအကြောင်း တွေ့ဆုံမေးမြန်းခြင်း

**ကျော်မျိုး**

ကိုလံဘီယာသမ္မတ ဟွမ်မန်နျူရယ်ဆန်းတိုစ်ဟာ စီးပွားရေးပညာရှင်၊ ဂျာနယ်လစ်တစ်ဦးလည်းဖြစ်ခဲ့သူပါ။ သူသည် အစိုးရရာထူးတာဝန်တွေ မထမ်းဆောင်ခင်က ဘိုဂိုတာမြို့တော်က မိသားစုပိုင် El Tiempo သတင်းစာမှာ လုပ်ကိုင်ခဲ့သလို အစိုးရရာထူးနေရာ တော်တော်များများမှာလည်း ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးပါတယ်။ သူနောက်ဆုံးလုပ်ခဲ့တဲ့ ရာထူးကတော့ ယခင်သမ္မတဟောင်း အယ်ဗာရိုယူရစ် လက်အောက်မှာ ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းခဲ့တာပဲ ဖြစ်ပါတယ်။ သမ္မတဆန်းတိုစ်ဟာ ရာထူးပထမသက်တမ်းမှာပဲ ၁၉၆၄ ကတည်းက အစိုးရကို ပုန်ကန်နေတဲ့ လက်ဝဲသူပုန်အဖွဲ့ “ကိုလံဘီယာတော်လှန်သော တပ်မတော် (FARC)”နဲ့ ၂၀၁၂ မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေစတင်ခဲ့ပြီးဒီနှစ်ထဲမှာငြိမ်းချမ်းရေးရမယ်လို့ မျှော်လင့်ထားပါတယ်။ ဒ့ါအပြင် ယခုတစ်ပတ် မေလ ၂၅ ရက်မှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပွဲမစတင်မီ ဆန်းတိုစ် အနိုင်ရမယ်လို့ စစ်တမ်းတွေမှာ ခန့်မှန်းနေကြတာကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာက သူနဲ့ အင်တာဗျူးထားတာကို ကောက်နုတ်ဖော်ပြလိုက်ရပါတယ်။

**သမ္မတဆန်းတိုစ်ရှင့် သမ္မတဟာ အခုဆိုရင် ကမ္ဘာ့အရှည်ကြာဆုံး ပဋိပက္ခတစ်ခုဖြစ်တဲ့ ကိုလံဘီယာ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်တော့မယ့် အခြေအနေကို ရောက်နေပါပြီ။ FARC သူပုန်အဖွဲ့နဲ့ ငြိမ်းချမ်းရေးစာချုပ်ဟာ တကယ်ပဲ ဖြစ်လာနိုင်ပါသလား။**

ဒီနေ့မှာတော့ ပြီးခဲ့တဲ့တစ်နှစ်ကထက်ပိုပြီး ကျွန်တော်အကောင်းမြင်လာပါပြီ။ ကျွန်တော်တို့မကြုံဖူးတဲ့ တိုးတက်မှုတွေ လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုထွေပြားတဲ့ ပဋိပက္ခမျိုးအတွက်တော့ ဖြေရှင်းချက်တစ်ခု ရနိုင်ဖို့မလွယ်လှဘူးပေါ့။ ကျွန်တော်တို့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို ဒီနှစ်ထဲမှာ အပြီးသတ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

**သမ္မတအနေနဲ့ မနှစ်တုန်းကလည်း နှစ်ကုန်ရင် ငြိမ်းချမ်းရေးစာချုပ် ချုပ်နိုင်မယ်လို့ ပြောဖူးပါတယ်။ ဘာကြောင့် ဒီကိစ္စက ကြာရှည်နေရပါသလဲ။**

အတိအကျ အချိန်သတ်မှတ်ချက်တွေ မပေးဖို့ ကျွန်တော် ဂရုစိုက်ပါတယ်။ အခု ရွေးကောက်ပွဲကာလ မစတင်မီမှာပဲ အပြီးသတ်ဆွေးနွေးမှုတွေ လုပ်နိုင်မယ် မျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က သိပ်ပြီးအကောင်းမြင်လွန်းတယ်။ အနှစ် ၅၀ ကြာလာတဲ့ ပဋိပက္ခကို ၅၂ ပတ်တည်းနဲ့တော့ မဖြေရှင်းနိုင်ဘူးပေါ့။

**သမ္မတဟာ ကာလရှည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရဘဲ သူပုန်တွေနဲ့ စေ့စပ်ဆွေးနွေးနေခဲ့တယ်နော်။ မတော်တဆဖြစ်ရပ်လေးတစ်ခုက ဒီစေ့စပ်ရေးဖြစ်စဉ်ကို နှောင့်ယှက်နိုင်မယ်လို့ရော မစိုးရိမ်မိဘူးလား။**

ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးမပြီးခင်မှာ အပစ်အခတ်ရပ်စဲရေးကို လက်မခံနိုင်ဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချထားပါတယ်။ တကယ်လို့ အကြောင်းတစ်ခုကြောင့် ဆွေးနွေးမှုတွေပျက်သွားခဲ့ရင် သမိုင်းမှာ ကျွန်တော့်ကို ပြောက်ကျားသူပုန်တွေကို အင်အားစုခွင့်ပေးလိုက်တဲ့၊ ဆက်တိုက်ခွင့်ပေးလိုက်တဲ့၊ မိုက်မဲတုံးအတဲ့ သမ္မတတစ်ဦးအဖြစ် မြင်ကြမှာ မလိုချင်ပါဘူး။ ကျွန်တော်တို့ FARC နဲ့ ဟာဗာနားမှာ ဆွေးနွေးနေစဉ်မှာပဲ ကိုလံဘီယာမှာတော့ တိုက်ပွဲတွေဖြစ်နေတာကို လူများစုက နားမလည်နိုင်ကြဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ အရင်အစ္စရေးဝန်ကြီးချုပ်ဟောင်း ရစ်ဇက်ရာဘင်ပြောတဲ့ စကားလုံးတွေကို ကျွန်တော် လိုက်နာကျင့်သုံးနေပါတယ်။ အဲဒါတွေကတော့ “ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ မရှိတဲ့သဘောနဲ့ အကြမ်းဖက်ဝါဒကို ကျွန်တော် တိုက်တယ်။ အကြမ်းဖက်ဝါဒဆိုတာ မရှိဘူးဆိုတဲ့ သဘောနဲ့ ကျွန်တော် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စေ့စပ်ဆွေးနွေးတယ်”ဆိုတဲ့ စကားပါ။

**ယခင်သမ္မတဟောင်း ယူရစ် လက်အောက်မှာ ကာကွယ်ရေးဝန်ကြီးအနေနဲ့ လူကြီးမင်းတာဝန်ယူတုန်းက ပြောက်ကျားတပ်ဖွဲ့တွေနဲ့ တိုက်ရာမှာ အရှုံးများခဲ့တယ်နော်။**

ပြီးခဲ့တဲ့လေးနှစ်တာအတွင်း သမ္မတအနေနဲ့ တာဝန်ယူစဉ်မှာ ပိုပြီးတောင် အရှုံးများခဲ့ပါသေးတယ်။ ဒါပေမဲ့ စစ်ကိုဖန်တီးဖို့ အချိန်နဲ့ ငြိမ်းချမ်းရေးကို ဖန်တီးဖို့ အချိန်တွေက အများကြီးရှိနေပါသေးတယ်။

**ပြောက်ကျား သူပုန်တော်တော်များများက ပုံမှန်ပညာရေးလည်း သင်ကြားမှုရှိထားသူတွေ မဟုတ်ကြပါဘူး။ သူတို့က တောနက်ထဲမှာပဲ ငယ်ငယ်ကတည်းက ကြီးပြင်းလာကြရတာ။ သူတို့အနေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းထဲကို ဘယ်လိုဝင်ဆံ့မလဲ။ ဘယ်လိုအလုပ်တွေ ရှာနိုင်မလဲ။**

ဟုတ်ကဲ့။ ငြိမ်းချမ်းရေးရှိလာရင် နိုင်ငံတကာအကူအညီ အများကြီး လိုလာပါလိမ့်မယ်။ ပဋိပက္ခလွန်ကာလကတော့ စေ့စပ်ဆွေးနွေးရေးလုပ်တဲ့ဖြစ်စဉ်လိုပဲ ရှုတ်ထွေးထွေပြားပါလိမ့်မယ်။ ဒါပေမဲ့ တပ်အဖွဲ့အစည်းတွေကို ဘယ်လိုဖျက်သိမ်းပစ်ရတယ်ဆိုတာ ကျွန်တော်တို့ လေ့လာသင်ယူထားပါတယ်။ ဒ့ါအပြင် ကိုလံဘီယာစီးပွားရေးကလည်း အရမ်းအားကောင်းနေပါတယ်။ လက်တင်အမေရိကမှာ အမြင့်ဆုံးနှုန်းနဲ့ တိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ အလုပ်အကိုင်တွေ ရှိလာပါလိမ့်မယ်။

**ဘာကြောင့် ကိုလံဘီယာသားနည်းနည်းလောက်ကပဲ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ စိတ်လှုပ်ရှားစွာနဲ့ ပါဝင်စေ့စပ်နေကြရပါသလဲ။**

ကျွန်တော့်နိုင်ငံရေးပြိုင်ဘက်တွေက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ သံသယမျိုးစေ့တွေ ကြဲတဲ့နေရာမှာတော့ ထိရောက်ကြပါတယ်။ စစ်တိုက်ရတာကလည်း စေ့စပ်ညှိနှိုင်းရတာထက်ပိုပြီး ပေါ်ပြူလာဖြစ်တာကိုး။ ဘာကြောင့်လဲဆိုတော့ အပေးအယူလုပ် ညှိဖို့မှ မလိုဘဲကိုး။ သူတို့ကို FARC က ပါလီမန်မှာ ဝင်ပါတာ ကြိုက်လားလို့ မေးကြည့်ရင် မကြိုက်ဘူး ဖြေလိမ့်မယ်။ ဒါပေမဲ့ ကိုယ်က ဖြစ်စဉ်တစ်ခုလုံးကို လုပ်ပေးနိုင်ရင်တော့ သူတို့ကြိုက်တယ် ပြောလာမှာပါ။

**ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သမ္မတရဲ့ အဓိကပြိုင်ဘက် ယူရစ်ရဲ့ပါတီက ထောက်ခံမှုတွေ တိုးနေတယ်နော်။ ရွေးကောက်ပွဲက ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆုံးသတ်သွားစေနိုင်ပါသလား။**

ကျွန်တော်တို့အနိုင်ရမယ်လို့ ယုံကြည်မှုရှိပါတယ်။ ပြည်သူတွေဟာ သူတို့ ဒီစစ်ပွဲကို ဆက်ဖြစ်ချင်လား။ ဒါမှမဟုတ် မဲမပေးဘူးလား ဆိုတာကို ဆုံးဖြတ်ရပါတော့မယ်။ ဒါပေမဲ့ အဆုံးမှာတော့ လက်ယာအစွန်းရောက်တွေက လူနည်းစုပဲ ဖြစ်မယ် ထင်ပါတယ်။

**သမ္မတအနေနဲ့ နိုင်ငံတွင်းမှာ ဒုတိယမြောက် ပြောက်ကျားသူပုန်အုပ်စုဖြစ်တဲ့ ELN နဲ့ရော ငြိမ်းချမ်းရေးဆွေးနွေးဖို့ စဉ်းစားနေပါသလား။**

ဟုတ်တယ်။ စဉ်းစားနေတာပေါ့။

**ဒါဆိုငြိမ်းချမ်းရေးရလာရင် သမ္မတအနေနဲ့လည်း နိုင်ငံ့ဘဏ္ဍာတွေ အများကြီး ချွေတာလာနိုင်မှာပါ။ ဒီရန်ပုံငွေတွေကို ဘယ်လိုသုံးမယ်လို့ စီမံထားပါသလဲ။**

အများပြည်သူအတွက် အိမ်ရာဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိစ္စတွေမှာ သုံးမှာပေါ့။ ဒါတွေက ကျွန်တော် ဦးစားပေးလုပ်ဖို့ သတ်မှတ်ထားတာတွေပါ။ ၂၀၂၅ ရောက်ရင် လက်တင်အမေရိကတိုက်မှာ ကိုလံဘီယာလူငယ်တွေဟာ ပညာအတတ်ဆုံး ဖြစ်နေတာကို ကျွန်တော် မြင်ချင်ပါတယ်။

*—Ref: Colombian President Santos– 'Waging War Is More Popular than Negotiating', Spiegel:21st May.*

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

## ဘင်ဂါဇီမြို့ တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဂျွန်ကယ်ရီ သက်သေခံမည်

**ဝါရှင်တန်၊ မေ-၂၄**

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့တွင် ဖြစ်ပွားခဲ့သည့် ဆိုးရွားသော တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက လွှတ်တော်ကော်မတီရှေ့မှောက်တွင်သက်သေထွက်ဆိုမည် ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ရရှိသည့်စာတွင် ဖော်ပြထားသည်။

အမေရိကန် လွှတ်တော်ကော်မတီ ရှေ့မှောက်တွင် ဂျွန်ကယ်ရီ သက်သေထွက်ဆိုမည်ဆိုခြင်းကြောင့် ၎င်းသည် လတ်တလော ဖွဲ့စည်းထားသော လစ်ဗျားနိုင်ငံက ရွေးချယ်ထားသည့် ကော်မတီ ရှေ့မှောက်တွင် သက်သေထွက်ဆိုရန် လိုအပ်မည်မဟုတ်ဟု ကန်နိုင်ငံခြားရေး ဝန်ကြီးဌာနအရာရှိများက ပြောသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာအတွင်း ဖြစ်ပွားခဲ့သည့် လစ်ဗျားနိုင်ငံရှိ အမေရိကန်သံရုံး တိုက်ခိုက်ခံရမှုအတွင်း ကန်သံတမန်တစ်ဦးနှင့် အခြားဝန်ထမ်းသုံးဦးသေဆုံးခဲ့သည်။

ယင်းတိုက်ခိုက်မှု၏သဘောသဘာဝနှင့် ပတ်သက်၍ သမ္မတအိုဘားမား၏ အစိုးရအဖွဲ့ဝင် ဒီမိုကရက်များက ပြည်သူများကို လှည့်စားခဲ့သည်ဟု ရီပက်ဘလေကန် ပါတီဝင် လွှတ်တော်အမတ်များက ပြောသည်။

ရီပက်ဘလေကန်ပါတီ၏ နိုင်ငံရေးလှုံ့ဆော်မှုဟု ပြောကြားသော်လည်း ကန်လွှတ်တော်မှ ဒီမိုကရက်များက ဘင်ဂါဇီမြို့ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး အထူးအဖွဲ့တစ်ဖွဲ့ကို လွှတ်တော်အမတ်ငါးဦးဖြင့် ဖွဲ့စည်းခဲ့သည်။

တိုက်ခိုက်ခံရချိန်က နိုင်ငံခြားရေးဝန်ကြီး မဟုတ်သေးသော ဂျွန်ကယ်ရီကို မေလနှောင်းပိုင်းတွင်သက်သေထွက်ဆိုရန်အဆိုပါကော်မတီက ယခင်က တောင်းဆိုခဲ့သည်ဟု ယင်းစာတွင် ဖော်ပြထားသည်။

သို့သော် ယူကရိန်းပြဿနာကြောင့် ၎င်းမှာ သက်သေထွက်ဆိုရန် လာရောက်နိုင်ခြင်းမရှိခဲ့ပေ။

ဘင်ဂါဇီမြို့တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ကန်လွှတ်တော်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်မှုနှင့် ပတ်သက်သည့် မေးခွန်းများကိုဖြေရန် သင့်လျော်သော မျက်မြင်သက်သေများ ရှိသည်ဟု မိမိတို့ ယုံကြည်ကြောင်း မေလ ၂၃ ရက်စွဲတပ်ထားသည့် ယင်းစာတွင် ဖော်ပြပါရှိသည်။ —Ref: BBC



## Leader's Profile

## အိန္ဒိယ ဝန်ကြီးချုပ်ဖြစ်လာမည့် နာရန်ဒရာမိုဒီ

ရဲမင်း

အိန္ဒိယနိုင်ငံ၏ ၂၀၁၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဘာရာတီယာ ဂျာနာတာပါတီ (BJP) ပြတ်ပြတ်သားသား အနိုင်ရရှိအောင် ဦးဆောင်ခဲ့ပြီးနောက် နာရန်ဒရာမိုဒီသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို ရယူတော့မည့်သူဖြစ်သည်။ ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် လေးကြိမ်ဆက်တာဝန်ယူထားသူလည်းဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန် ယူရန်ပြည်နယ်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည်ဟု မျှော်လင့်ထားသည်။

မိုဒီကို ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်တွင် ယခင်က ဘုံဘေအပိုင် ယခုအခါ ဂူဂျာရတ်ပြည်နယ်ဗက်နာဂါဒေသ၌ သာမန်ဈေးသည်မိသားစုမှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဖခင်နှင့်အတူ ဘူတာရုံတွင် လက်ဖက်ရည်ကူရောင်းခဲ့သည်။ အထက်တန်းကို ၎င်းမွေးဖွားရာ ဗက်နာဒါဒေသမှာပင် တက်ရောက်ခဲ့ပြီး ဒေလီတက္ကသိုလ်မှ အဝေးသင်နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ ဂူဂျာရတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံမဟာဘွဲ့ရရှိခဲ့သည်။

ငယ်စဉ်ကပင် လူမှုရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ဂူဂျာရတ်ပြည်နယ် BJP ပါတီစည်းရုံးရေးအဖွဲ့အတွင်းရေးမှူးဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ် BJP ပါတီဂူဂျာရတ်ပြည်နယ် အောင်ပွဲတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ယင်းနှစ်မှာပင် ၎င်းသည် BJP ပါတီအမျိုးသားအတွင်းရေးမှူးဖြစ်လာခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပြည်နယ်ဝန်ကြီးချုပ် BJP ပါတီခေါင်းဆောင်ကီရှူဘိုင်ပါတေး ကျန်းမာရေးချို့ယွင်းလာခဲ့ပြီးနောက် မိုဒီမှာ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဂူဂျာရတ်တွင်မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများဖြစ်ပေါ်ပြီး ခန့်မှန်းခြေလူပေါင်းတစ်ထောင်ကျော် သေဆုံးခဲ့၍ ၎င်း၏အစိုးရအပြစ်တင်ခံရသော်လည်း နောက်ပိုင်းစုံစမ်းစစ်ဆေးမှုများအရ မိုဒီမှာ အကြမ်းဖက်မှုများကိုအားပေးခွင့်ပြုခဲ့သော အထောက်အထားမတွေ့ခဲ့ရပေ။

ဒုတိယအကြိမ် ဂူဂျာရတ်ပြည်နယ်အစိုးရကို ဦးဆောင်ချိန်တွင် မိုဒီသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခဲ့သည်။ တတိယအကြိမ်သက်တမ်းတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်လုပ်ဆောင်ခဲ့ပြီး ဂူဂျာရတ်မှာ အိန္ဒိယပြည်နယ်များအနက် အဖွံ့ဖြိုးဆုံးပြည်နယ်ဖြစ်လာခဲ့သည်။ မိုဒီအစိုးရသည် ပြည်နယ်အတွင်း ကျေးရွာတိုင်းသို့လည်း လျှပ်စစ်မီးသွယ်တန်းနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဂူဂျာရတ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲတွင်လည်း BJP ပါတီကသာ ထပ်မံအောင်ပွဲခံခဲ့သည်။

မစ္စတာမိုဒီသည် ၂၀၀၉ ခုနှစ် အမျိုးသားအထွေထွေရွေးကောက်ပွဲမဲဆွယ်ကာလတွင် ထင်ရှားသောခေါင်းဆောင်ဖြစ်လာခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လတွင် BJP ပါတီ၏ အမြင့်ဆုံး ဆုံးဖြတ်ချက်ချမှတ်ရေး ပါလီမန်ဘုတ်အဖွဲ့တွင် ပါဝင်လာခဲ့သည်။ ယင်းနှစ်ဇွန်လတွင် ၂၀၁၄ အထွေထွေရွေးကောက်ပွဲအတွက် BJP ပါတီ၏ ဗဟိုရွေးကောက်ပွဲမဲဆွယ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာတွင် BJP ပါတီက ၂၀၁၄ လွှတ်တော်ရွေးကောက်ပွဲ BJP ပါတီ၏ ဝန်ကြီးချုပ်လောင်းအဖြစ် မစ္စတာမိုဒီအား ရွေးချယ်ကြောင်း ကြေညာခဲ့သည်။

၂၀၁၄ ရွေးကောက်ပွဲတွင် မိုဒီသည် မဲဆန္ဒနယ်နှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်နေရာစလုံးတွင် အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲတွင်လည်း BJP ပါတီဦးဆောင်သော အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDA)က အာဏာရအိန္ဒိယ အမျိုးသားကွန်ဂရက်ပါတီကိုအပြတ်အသတ်အနိုင်ရရှိခဲ့သည်။


မစ္စတာနာရန်ဒရာမိုဒီသည် သက်သတ်လွတ်သမားတစ်ဦးဖြစ်ကာ ခြိုးခြိုးခြံခြံနေထိုင်တတ်သူဖြစ်ပြီး မနားမနေအလုပ်လုပ်သူဖြစ်သည်။

—Ref: Wikipedia

## ဗင်နီဇွဲလားသမ္မတ တွစ်တာမိတ်ဆွေ နှစ်သန်းရှိသော်လည်း ဟူဂိုချားဗက်ဇ်ထက် နည်းနေသေး

**ကာရာကတ်စ်၊ မေ-၂၄**

ဗင်နီဇွဲလားသမ္မတ မာဒူရိုကို တွစ်တာဝက်ဘ်ဆိုက်တွင် မိတ်ဆွေဖွဲ့ထားသူ အရေအတွက် နှစ်သန်းပြည့်ပြီဖြစ်သော်လည်း အင်တာနက်တွင် ၎င်းကို လူကြိုက်များမှုမှာ ၎င်း၏ဆရာ ဟူဂိုချားဗက်ဇ်ထက်များစွာနည်းနေဆဲဖြစ်သည်။



တွစ်တာ ဝက်ဘ်ဆိုက် အကောင့်ဖွင့်ထားသည်မှာ တစ်နှစ်မျှသာ ရှိသေးသော်လည်း ၎င်းကို မိတ်ဆွေဖွဲ့ထားသူ အရေအတွက် ယနေ့ နှစ်သန်းပြည့်ပြီဟု တက္ကသိုလ်ကျောင်းသားများအား မိန့်ခွန်းပြောကြားစဉ် မာဒူရိုက ပြောကြားသည်။

ချားဗက်ဇ်ကဲ့သို့ပင် မာဒူရိုက တွစ်တာဝက်ဘ်ဆိုက်မှာ ကိုယ်ပိုင်ပုံစံ ပြုလုပ်ထားသည့် ဆိုရှယ်လစ်နိုင်ငံနှင့် မကိုက်ညီသော အမေရိကန်နိုင်ငံ ဦးဆောင်သည့် အရင်းရှင်စနစ်ကိုယ်စားပြု ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သည်ဆိုကာ မကြာခဏ ဝေဖန်ထိုးနှက်ခဲ့သည်။

လူအများကို မက်ဆေ့ချ်ရေးသားပေးပို့ခွင့်ပြုသော အမေရိကန်အခြေစိုက် လူမှုကွန်ရက်တွစ်တာကိုဗင်နီဇွဲလားနိုင်ငံ၏ခေါင်းဆောင်နှစ်ဦးစလုံး စိတ်အားထက်သန်စွာ သုံးစွဲကြသည်။

ချားဗက်ဇ်ကို တွစ်တာဝက်ဘ်ဆိုက်တွင် မိတ်ဆွေဖွဲ့ထားသူ လေးသန်းရှိသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ရန်သူ အမေရိကန်နိုင်ငံရှိ ပြည်သူများအား ဗင်နီဇွဲလားအစစ်အမှန်ကို ဖော်ပြရန် တွစ်တာဝက်ဘ်ဆိုက်က ကူညီပေးသည်ဟု မာဒူရိုက ပြောသည်။

တွစ်တာဝက်ဘ်ဆိုက်တွင် မာဒူရိုကို မိတ်ဆွေဖွဲ့ထားသူ နှစ်သန်းအနက် ၃၀ ရာခိုင်နှုန်းမှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး မိမိ၏ မက်ဆေ့ချ်များ ၎င်းတို့ထံသို့ နေ့စဉ်ရောက်ရှိနေသည်ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့်သုံးလကြာ ဆန္ဒပြပွဲများနောက်ကွယ်တွင် အမေရိကန်နိုင်ငံ ပါဝင်သည်ဟု ဗင်နီဇွဲလားအစိုးရက ပြောသည်။

မေလ ၂၃ ရက်က တောင်အမေရိက နိုင်ငံများသမဂ္ဂ (UNASUR) အစည်းအဝေးတစ်ခုတွင် စူပါအင်အားကြီးအမေရိကန်ကို ဗင်နီဇွဲလားနိုင်ငံက တရားဝင်တိုင်တန်းထားသည်။

—Ref: Reuters

## တရုတ်နှင့် ဇိမ်ခံကားကိစ္စ အငြင်းပွားမှု WTO ဆုံးဖြတ်ချက် အမေရိကန်အနိုင်ရ

**ဂျီနီဗာ၊ မေ-၂၄**

အမေရိကန်ဇိမ်ခံကားများကို အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အငြင်းပွားမှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ဆုံးဖြတ်ချက်တွင် အမေရိကန်နိုင်ငံက အနိုင်ရရှိခဲ့သည်။

၂၀၁၁ မှ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံက အခွန်အကောက်များ ချမှတ်ခဲ့မှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အခြေခံအကြောင်းရင်း ရှာမတွေ့ခဲ့ပေ။

ယင်းမှာကြီးမားသောအောင်ပွဲဟု အမေရိကန်က ပြောသည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒများကိုလက်တုံ့ပြန်သည့်အနေဖြင့် ၂ ဒသမ ၅ လီတာ အင်ဂျင်နှင့်အထက် မိသားစုစီးကားများနှင့် လမ်းကြမ်းစီးကားများအပေါ် တရုတ်နိုင်ငံက အခွန်အကောက်များ စတင်ကောက်ခံခဲ့သည်။

တရုတ်နိုင်ငံကမူ ၎င်းတို့ အခွန်အကောက်များ ချမှတ်စဉ်က ဂျင်နရယ်မော်တာ (GM)နှင့် ခရိုင်ခလာကဲ့သို့ အမေရိကန်ကားကုမ္ပဏီများသည် အစိုးရ၏ ထောက်ပံ့ကြေးများ ရရှိနေပြီး တရုတ်ဈေးကွက်အတွင်းသို့ ကားများ ပုံအောသွင်းခဲ့သည်ဟု ချေပပြောဆိုသည်။

ယင်းအတွက် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်ကားဈေးကွက်ကို ထိခိုက်သည်ဟုလည်း တရုတ်နိုင်ငံက ပြောသည်။

တရုတ်နိုင်ငံက အခွန်ကောက်ရာတွင် စည်းကမ်းများကို မလိုက်နာခဲ့ဟု အမေရိကန်က ပြောကြားပြီး WTO သို့ တိုင်ကြားသည်။

—Ref: BBC

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

## နှစ် ၂၀ ကြာ ရေပိုင်နက် အငြင်းပွားမှုပြဿနာ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား သဘောတူညီမှုရ

**ဂျကာတာ၊ မေ-၂၄**

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့သည် နှစ်နိုင်ငံကြားနှစ်ပေါင်း ၂၀ကြာရေပိုင်နက် အငြင်းပွားမှုပြဿနာကို သဘောတူညီမှု ရယူဖြေရှင်းနိုင်ခဲ့သည်။

အင်ဒိုသမ္မတ ယူဒိုယိုနိုက ထိုသို့ သဘောတူနိုင်ခြင်းမှာ အင်အားမသုံးဘဲအချုပ်အခြာအာဏာ ပြဿနာများကို ဖြေရှင်းနိုင်သည့် နမူနာကောင်းဖြစ်ကြောင်း ပြောသည်။

ဤအတောအတွင်းဖိလစ်ပိုင်သမ္မတအကွီနိုကလည်းၾငင်းတို့နိုင်ငံသည် အခြားသော ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများကိုတရားရေးဆိုင်ရာငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ဖြေရှင်းလိုကြောင်း ဆိုသည်။

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးများသည် ဖိလစ်ပိုင်တောင်ပိုင်းရှိမင်ဒါနာအိုနှင့် စီလီဘီပင်လယ် စီးပွားရေးဇုန်များကြား ထပ်နေသော ရေကြောင်းနယ်နိမိတ်များကို နှစ်နိုင်ငံညှိနှိုင်းပြီး နယ်နိမိတ်သတ်မှတ်လိုက်သည့်စာချုပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက်အချို့ကို ပိုင်ဆိုင်မှုအတွက် တရုတ်နှင့် အငြင်းပွားနေပြီး နိုင်ငံတကာတရားရုံးတွင် ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေသည်။

ဖိလစ်ပိုင်နိုင်ငံအပြင် ဘရူနိုင်း၊ တိုင်ပေ၊ မလေးရှား၊ ဗီယက်နမ်တို့ကလည်း ထိုဒေသအတွင်း ကျွန်းစုများနှင့် ရေပိုင်နက်များကို ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိရာ ယခုနှစ်ပိုင်းအတွင်း တင်းမာမှုများ ဖြစ်ပေါ်လာနေသည်။

—*Ref: BBC*

## မြို့တော်ဈေး တိုက်ခိုက်ခံရမှုတွင် သေဆုံးသူများအတွက် တရုတ်အစိုးရ လျော်ကြေးပေးရန်စီစဉ်

**ဘေဂျင်း၊ မေ-၂၄**

တရုတ်အစိုးရသည် ကြာသပတေးနေ့က ရှင်ကျန်းပြည်နယ် မြို့တော် အူရမ်ကီတွင် အကြမ်းဖက်သမားများ၏ ကားဖြင့်ဝင်တိုက်ကာ အသေခံဗုံးခွဲခဲ့မှုတွင် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် လျော်ကြေးပေးရန် စီစဉ်နေသည်။

အဆိုပါ လေဟာပြင်ဈေးထဲတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူများအပြင် ဒဏ်ရာရရှိသူဦးရေမှာလည်း အနည်းဆုံး ၉၄ ဦးရှိခဲ့သည်။

ဒေသခံအစိုးရသည် ထိုဈေးထဲတွင်ရှိခဲ့သော ဈေးသည်များကို ၎င်းတို့၏ ဆုံးရှုံးမှုများအကြောင်း တင်ပြရန် ညွှန်ကြားထားပြီး တရုတ် ဗဟိုအစိုးရသည်လည်း သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအား ပြုစုစောင့်ရှောက်နိုင်ရန် အထူးအလုပ်အဖွဲ့ဖွဲ့စည်းထားကြောင်း ဆိုသည်။



STR/REUTERS

*မေလ ၂၃ ရက်က ရှင်ကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်အူရမ်ကီတွင် အကြမ်းဖက်တိုက်ဖျက်ရေးကျမ်းသစ္စာကျိန်ဆိုမှုလုံ့ဆော်ပွဲအတွင်း စစ်ဘက်အရန်ရဲတပ်ဖွဲ့ဝင်များကို သယ်ဆောင်သွားသော ထရပ်ကားများအား ဒေသခံများ ကြည့်ရှုနေစဉ်*

အကြမ်းဖက်သမားများက ဈေးအတွင်း ဝင်တိုက်ခဲ့သည့် ကားတစ်စီးနှင့်တိုးမိပြီး ကုန်ပစ္စည်းများ ပျက်စီးခဲ့ရသည့် ဈေးသည်တစ်ဦးဖြစ်သူ ရှောက်တုန်ဖန်းက အာဏာပိုင်များကဆုံးရှုံးခဲ့သည့်ပစ္စည်းများ တန်ဖိုးတွက်ချိုင်းပြီး ပြန်ပေးမည်ဟုပြောကြောင်းအတည်ပြုသည်။

ယခုအခါ ရှင်ကျန်းဒေသမြို့တော်တွင် လုံခြုံရေးကို အထူး တင်းကျပ်ထားပြီး အခြေအနေ ပုံမှန်အတိုင်းဖြစ်စေရန် အာဏာပိုင်များက ကြိုးပမ်းနေသည်။

ထို့အပြင် စနေနေ့တွင် တရုတ်တာဝန်ရှိသူများက ထိုဖြစ်ရပ်ကို ဖန်တီးခဲ့သည့် အကြမ်းဖက်သမားငါးဦး အမည်ဖော်ထုတ်နိုင်ပြီး ထိုသူများထဲမှ လေးဦးမှာ ဈေးတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ပြီဖြစ်သည်။

—*Ref: Asiaone/China Daily*

## ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး စင်ကာပူခရီးစဉ်အတွင်း ကာစီနိုလုပ်ငန်းသို့ သွားရောက်လေ့လာမည်

**တိုကျို၊ မေ-၂၄**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် လာမည့်လအတွင်း စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးစဉ်အတွင်း ကာစီနိုနှင့် အပန်းဖြေစခန်း တွဲဆောက်ထားသော အဆောက်အအုံတစ်ခုရှိရာနေရာသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ဂျပန်ဝန်ကြီးချုပ်သည် ထိုအဆောက်အအုံသို့ သွားရောက်ကာ ကာစီနိုလုပ်ငန်း၏ အကျိုးအပြစ်များနှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်နိုင်မှုများကို လေ့လာမည်ဖြစ်သည်။

အာဘေးသည် ဂျပန်လွှတ်တော်တွင် စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ကာစီနိုရုံများကို တရားဝင်ခွင့်ပြုရေး ဥပဒေကြမ်းတင်သွင်းမှု ရှိနေသဖြင့် ထိုသို့ လေ့လာခြင်းလည်း ဖြစ်သည်။

ကာစီနိုရုံတစ်ခု တည်ဆောက်ရေးဥပဒေကြမ်းကို ဂျပန်လွှတ်တော်တွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၊ ပါတီငယ်များဖြစ်သော ပြည်သူ့ဘဝပါတီနှင့် ဂျပန်ပြန်လည်တည်ဆောက်ရေးပါတီတို့က ပြီးခဲ့သည့် ဒီဇင်ဘာတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၂၀၀၅ တွင် ကာစီနိုရုံများအား ပိတ်ပင်ထားခြင်းကို ပြန်ဖျက်ခဲ့ပြီး နိုင်ငံတွင်း၌ အမေရိကန်နှင့် မလေးရှားကုမ္ပဏီများအား ကာစီနိုနှင့်တွဲလျက် အပန်းဖြေစခန်းနှစ်ခု တည်ဆောက်ခွင့်ပေးခဲ့သည်။

ထိုစဉ်မှစ၍ စင်ကာပူနိုင်ငံတွင် ကာစီနိုအခြေခံစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးလာခဲ့ပြီး အလုပ်အကိုင်နေရာပေါင်း ၇၀,၀၀၀ ကိုလည်း ဖန်တီးပေးနိုင်ခဲ့သည်။

ဂျပန်နိုင်ငံတွင်လည်း ထိုအတိုင်း တိုကျိုနှင့် အိုဆာကာဒေသခံ အစိုးရများက ကာစီနိုလုပ်ကိုင်ခွင့်များရရှိရန် မျှော်လင့်နေခြင်းဖြစ်သည်။

အာဘေးသည်စင်ကာပူနိုင်ငံတွင် မေလ ၃၀ ရက်၌ အာရှလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်ရှိသည်။

—*Ref: Bangkokpost*










Entertainment

7DAY NEWS JOURNAL

Vol.13, No.12 • MAY 28 , 2014



# အိပ်မက်မက်ရာကနေ ဖြစ်တည်လာတဲ့ ချမ်းချမ်းရဲ့ ''အိပ်မက်''

ဖွဲ့ညဏ်

**ရန်ကုန်**-တတိယတစ်ကိုယ်တော်ခွေ၏အခွေအမည် အိပ်မက်သီချင်းသည် အိပ်မက်မက်ရာမှရရှိခဲ့သော သီချင်းဖြစ်ပြီး အမှတ်တရများစွာရှိကြောင်း အဆိုတော်ချမ်းချမ်းကပြောသည်။

"လူတွေအများကြီးလာ ကြည့်တဲ့ ဖျော်ဖြေပွဲတစ်ခုကို အစ်မအိပ်မက်မက်တယ်။ အဲဒီဖျော်ဖြေပွဲမှာ အစ်မကိုယ်တိုင် စန္ဒာရားတီးပြီး သီချင်းဆိုတယ်။ အဲဒီသီချင်းရဲ့ စာသားတွေရော၊ အလိုက်တွေရော မှတ်မိနေလို့ ရေးလိုက်တာ နာရီဝက်လောက်ပဲကြာတယ်"ဟု ချမ်းချမ်းကပြောသည်။

ယင်းအခွေတွင် ကိုယ်ပိုင်သံစဉ်သီချင်းများပါဝင်မည်ဖြစ်ပြီး စုစုပေါင်း သီချင်း ၁၅ ပုဒ်ပါဝင်မည်ဖြစ်ကာ စုံတွဲအဆိုရှင်များအဖြစ် ဇော်ပိုင်၊ ဟန်ထွန်းနှင့် ဂျီလတ်တို့ ပါဝင်သီဆိုထားသည်။

ထို့အပြင် ရှေးခေတ်ဘုရား သီချင်းတစ်ပုဒ်ဖြစ်သော ဗုဒ္ဓပူဇနီယသီချင်းကိုလည်း ခေတ်ပေါ်ပုံစံတီး၍ သီဆိုထားပြီး ရဲတိုက်သရုပ်ဆောင်ကာပရိသတ်အားပေးမှုရရှိသည့်"ရွာ"ဇာတ်ကားမှ သားချော့တေးသီချင်းကိုလည်း ပြန်လည်ထည့်သွင်းထားကြောင်း ချမ်းချမ်းကပြောသည်။ ယင်းအခွေကို တစ်နိုင်ငံလုံးတွင် မဖြန့်ချိမီ မန္တလေးနှင့် ပြင်ဦးလွင်တွင် စတင်ဖြန့်ချိခဲ့ရာ ပရိသတ်အားပေးမှုရရှိခဲ့ပြီး ယင်းကဲ့သို့ဖြန့်ချိခဲ့ခြင်းသည် ယခင်ကခွေ များဖြန့်ချိသည့် သမားရိုးကျပုံစံမှ ဆန်းသစ်ခြင်းဖြစ်သလို ပရိသတ်များ၏စိတ်ဝင်စားမှုပိုမိုရရှိစေရန် လုပ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

# ''ထမင်းရှင် ပြည်သူတွေအတွက် မှန်ကန်တဲ့ဘက်က မားမားမတ်မတ် ရပ်တည်ပေးသင့်တယ်''

■ ဒါရိုက်တာ ကြည်ဖြူသျှင်နှင့်တွေ့ဆုံခြင်း



ဓာတ်ပုံ-နစ်ကီ

**ကြူကြူဟန်**

ဒါရိုက်တာကြည်ဖြူသျှင်သည်အမျိုးသမီးရုပ်ရှင်ဒါရိုက်တာတစ်ဦးအဖြစ်မှသည် တစ်ဖက်တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီတွင် တာဝန်ထမ်းဆောင်ကာ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနေသူဖြစ်သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် ထောက်ခံသည့် လက်မှတ်များကို အနုပညာရှင်များထံမှ ကောက်ခံသော ပွဲတစ်ခုကို မေလ ၂၃ ရက်က တော်ဝင်နှင်းဆီခန်းမ၌ ဒါရိုက်တာကြည်ဖြူသျှင်၏ ဦးဆောင်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဒါရိုက်တာကြည်ဖြူသျှင်နှင့် ရပ်တည်မှု၊ နိုင်ငံရေးသမားတစ်ဦးအဖြစ်နှင့် အနုပညာရှင်တစ်ဦး၏ လှုပ်ရှားမှုများကို မည်ကဲ့သို့ချိန်ညှိလုပ်ဆောင်သွားမည်လဲဆိုသည်ကို တွေ့ဆုံမေးမြန်းထားပါသည်။

**လက်ရှိမှာ NLD ရဲ့ ဘယ်ကဏ္ဍမှာ ဘယ်လိုတာဝန်ယူထားလဲဆိုတာ အရင်ဆုံး ပြောပြပေးပါဦးလား။**

အခုလက်ရှိအစ်မက NLD ဗဟိုပြန်ကြားရေးကော်မတီမှာ အဖွဲ့ဝင်အနေနဲ့ပါတယ်။ နဂိုက ကျောက်တံတားမြို့နယ်မှာလည်း ဥက္ကဋ္ဌ။ ဒါပေမဲ့ အစ်မနုတ်ထွက်လိုက်တယ်။ တာဝန်နှစ်ခုကျတော့ အစ်မမနိုင်တော့ဘူး။ တစ်ဖက်ကလည်း ကိုယ့်အလုပ်ဖြစ်တဲ့ ဇာတ်ကားတွေလည်း ရိုက်တယ်ဆိုတော့ မြို့နယ်ဥက္ကဋ္ဌ တာဝန်ကနေ နုတ်ထွက်ပြီးတော့ ဗဟိုပြန်ကြားရေးမှာ တာဝန်တစ်ခုပဲ ယူထားပါတယ်။

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ပြင်ဆင်ရေးဆွဲရေးအတွက် လက်မှတ်ထိုးဖို့ အနုပညာရှင်တွေကို ဖိတ်ခေါ်ဖို့ ဘယ်လိုစိတ်ကူးရခဲ့တာလဲ။**

ဗိုလ်စိန်မှန်ကွင်းမှာ အမေစုနဲ့ ကိုမင်းကိုနိုင်နဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဟောပြောပွဲ လုပ်တယ်။ အဲဒီပွဲကို လာဖြစ်တဲ့ အစ်မရယ်၊ ကိုဝိုင်းရယ်၊ မသျှီရယ်၊ အနဂ္ဂ၊ သံသာဝင်း အစ်မတို့ တိုင်ပင်ကြတယ်။ NLD မြို့နယ်ရုံးတွေမှာ စာအုပ်တွေထားတယ်။

စာမျက်နှာ ၄၁ ››



7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# Maxim နိုင်ငံတကာ အမျိုးသားမဂ္ဂဇင်း၏ ဆွဲဆောင်မှုအရှိဆုံးအဖြစ် ကန်ဒစ်ဆွမ်းနက်ပိုး သတ်မှတ်ခံရ

**နယူးယောက်၊ မေ-၂၄**

တောင်အာဖရိကမော်ဒယ် ကန်ဒစ်ဆွမ်းနက်ပိုးသည် နယူးယောက်မြို့အခြေစိုက် နိုင်ငံတကာ အမျိုးသားမဂ္ဂဇင်း Maxim ၏ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ စာရင်းတွင် ထိပ်ဆုံးမှရပ်တည်ခဲ့သည်။

Victoria's Secret မော်ဒယ် ကန်ဒစ်ဆမ်းနက်ပိုးသည် ဟောလိဝုဒ် ထိပ်တန်းမင်းသမီးများကို ဖြတ်ကျော်၍ Maxim မဂ္ဂဇင်း၏ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် ရွေးချယ်ခြင်းခံရသည်။

"အရမ်း ချောမောလှပပြီး ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးကြားထဲကနေ Maxim ရဲ့ နံပါတ်တစ်ဖြစ်ရလို့ တကယ် ဂုဏ်ယူပါတယ်" ဟု အသက် (၂၅) နှစ်အရွယ် အရွယ်ရှိ ကန်ဒစ်ဆွမ်းနက်ပိုးက ပြောကြားခဲ့သည်။

Maxim မဂ္ဂဇင်း၏ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ စာရင်းတွင် ကန်ဒစ်ဆွမ်းနက်ပိုး၊ စကားလက်ဂျိုဟာန်ဆန်၊ ကေတီပယ်ရီ၊ အိုင်ရီနာရှေးခ်၊ ဂျနီဖာလောရင့်စ်တို့ ပါဝင်သည်။

Maxim မဂ္ဂဇင်း၏ ၂၀၁၃ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော အဆိုတော် မိုင်လေဆိုင်းရပ်စ်သည် ယခုနှစ်တွင် နံပါတ် ၂၅ နေရာသို့ ကျဆင်းသွားခဲ့သည်။



—*Ref: Hollywood Buzz*



# တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုအတွက် ဘတ်စ်ကားတစ်စီး လက်ဆောင်ရတဲ့ T-ara ဂျီယွန်း

**ဆိုးလ်၊ မေ-၂၄**

တောင်ကိုရီးယားမိန်းကလေး အဆိုရှင်များအဖွဲ့ T-ara မှ ပတ်ဂျီယွန်းသည် ၎င်း၏ ပွဲဦးထွက် တစ်ကိုယ်တော် အနုပညာလှုပ်ရှားမှုအတွက် ပရိသတ်များထံမှ ဘတ်စ်ကားတစ်စီး လက်ဆောင်ရရှိခဲ့သည်။

T-ara အဖွဲ့ဝင် ဂျီယွန်းသည် မေလ ၂၀ ရက်တွင် ပထမဆုံးအကြိမ် တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုစတင်ခဲ့ရာ ပတ်ဂျီယွန်းပရိသတ်အဖွဲ့ဝင်များသည် ၎င်း၏ အနုပညာလှုပ်ရှားမှုကို ဂုဏ်ပြုသည့်အနေဖြင့် အံ့အားသင့်ဖွယ်အထူးလက်ဆောင်ဘတ်စ်ကားကို ပေးခဲ့ခြင်းဖြစ်သည်။

ကေပေါ့ပ်စတား ဂျီယွန်းသည် ၎င်း၏ ပရိသတ်များနှင့်အတူ ဂန်းနမ်ခရိုင်ရှိ Mnet အသံလွှင့်ဌာန အဆောက်အအုံသို့ ယင်းဘတ်စ်ကားဖြင့် သွားရောက်ခဲ့သည်။ ဂျီယွန်းသည် ပရိသတ်များအတွက် ကိုယ်တိုင်ကိုယ်ကျ မုန့်များပြုလုပ်ခဲ့ပြီး ပရိသတ်များအား ကျွေးခဲ့သည်ဟု သိရသည်။

ဂျီယွန်းသည် မေလ ၂၂ ရက်တွင် M Countdown အစီအစဉ်၌ တစ်ကိုယ်တော်ဖျော်ဖြေခဲ့သည်ဟု ၎င်း၏ အေဂျင်စီက ပြောကြားခဲ့သည်။ ပတ်ဂျီယွန်း၏ Never Ever အမည်ရ တစ်ကိုယ်တော် သီချင်းအယ်လ်ဘမ်သည် မေလ ၂၀ ရက်က ထွက်ရှိခဲ့သည်။

—*Ref: Soompi*






7 DAY NEWS JOURNAL

Vol.13, No.12 • MAY 28 , 2014

စာ(၃၉)မှ

# ဒါရိုက်တာ ကြည်ဖြူသျှင်နှင့်တွေ့ဆုံခြင်း

ပြည်သူတွေက ဆန္ဒရှိရင် လာထိုးကြမယ်ဆိုရင် အနုပညာ သမားတွေ လွတ်သွားလိမ့်မယ် တွေးမိတယ်။ အနုပညာသမား တွေဆိုတာက အချိန်ပြည့် အပြင် ထွက်နေတဲ့သူတွေ။ ဒါဆို ငါတို့ အနုပညာသမားတွေအတွက် သီး သန့်လုပ်ပေးမယ်ဆိုပြီးတော့ စီစဉ် ကြတယ်။ ဒီနေ့ပွဲလေးက အစ်မ တို့အနုပညာရှင်တွေသည် ပြည်သူ တွေရဲ့ အရေးကို မားမားမတ်မတ် ရပ်တည်တယ်ဆိုတဲ့ သဘောပေါ့။

**အခြေခံဥပဒေပြင်ရေးအတွက် အခုလို လက်မှတ်ထိုးတဲ့ပွဲအပြင် နောက်ထပ် လက်မှတ်တွေကို ဘယ်လိုမျိုး စုဆောင်းသွားဖို့ စီစဉ် ထားသေးလဲ။**

ကိုယ့်အချင်းချင်းက တာဝန် ယူတဲ့ သူတွေက စာအုပ်တွေ ယူ သွားပြီးတော့ ကိုယ့်အနုပညာနီး စပ်ရာ မိတ်ဆွေအနုပညာသမား တွေဆီသွားပြီး ထိုးခိုင်းကြမယ် ပေါ့။

**တချို့အနုပညာရှင်တွေက နိုင်ငံ ရေးကို စိတ်ဝင်စားကြပေမယ့် အ ရေးမထားကြသူတွေ ရှိပါတယ်။ အနုပညာရှင်တစ်ယောက်အနေနဲ့ အပြင် နိုင်ငံရေးလှုပ်ရှားနေသူတစ် ယောက်အနေနဲ့ ဘယ်လို သုံးသပ် ချင်ပါသလဲ။**

ဒီနိုင်ငံရဲ့ အရေးက ဒီနိုင်ငံ သားတွေအားလုံးနဲ့ ဆိုင်ပါတယ်။ နောက်တစ်ခုက အားလုံးဆက်စပ် နေပါတယ်။ အနုပညာဆိုတာက လည်း ဈေးကွက်စီးပွားရေး အ ဆင်ပြေနေမှ အောင်မြင်တာပါ။ ပြည်သူတွေ အားပေးတယ်ဆိုတာ ကလည်း ပြည်သူတွေ စီးပွားရေး အဆင်ပြေနေမှပါ။ လက်ရှိတင်တဲ့ ရုပ်ရှင်ရုံတွေမှာ တချို့ဇာတ်ကား တွေပေါက်တယ်။ အများစုသည် ပိုက်ဆံမရဘူး။ ဘာကြောင့်ပိုက် ဆံမရတာလဲဆို ပြည်သူတွေရဲ့ ဝင်ငွေကျဆင်းနေလို့ပါ။ တစ်နေ့ တစ်နေ့ စီးပွားရေးအတွက်၊ ဝမ်း ရေးအတွက် လုပ်နေရလို့ ရုပ်ရှင် ကြည့်ဖို့တောင် အချိန်မပေးနိုင် တော့ဘူး။ ဗီဒီယိုဇာတ်ကားတွေ မှာ ဘာကားတွေ ပေါက်လဲမေး လိုက်ရင် ဟာသကား။ ပြည်သူမ ပြောနဲ့ အစ်မတို့တောင် ရုပ်ရှင် ကြည့်မယ်ဆိုရင် 'ရယ်ရရဲ့လား' လို့ မေးမိတယ်။ ပြည်သူတွေ စား ဝတ်နေရေး ချောင်လည်မှ အနု ပညာဆိုတာ ရှင်သန်လို့ရမှာပါ။

**နိုင်ငံတစ်နိုင်ငံမှာ ကောင်းမွန်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ရာမှာ အနုပညာရဲ့ စွမ်းအားက ဘယ် လောက်ရာခိုင်နှုန်းအထိ ပါဝင်နိုင် တယ်လို့ ထင်ပါသလဲ။**

အဓိက အနုပညာဆိုတာ ထက် ကိုယ့်ရဲ့စိတ်ခံစားမှုပါပဲ။ အစ်မဆိုလည်း နိုင်ငံရေးမှာ ဝင်ပါ တယ်။ ဒါပေမဲ့ အစ်မကို နိုင်ငံရေး သမားလုပ်မလားမေးရင် မလုပ် ဘူး။ တတ်နိုင်သမျှ ကိုယ်ဝင်ပါ ပေးတဲ့ သဘောပဲ။ နိုင်ငံတစ်ခုရဲ့ အပြောင်းအလဲမှာ တတ်နိုင်သမျှ ဝင်တွန်းတဲ့သဘောပဲ။ အစ်မရပ် တည်မှုက ဒါရိုက်တာကြည်ဖြူ သျှင်ပဲ။ တစ်သက်လုံးလည်း ဒါ ရိုက်တာအနေနဲ့ ရပ်တည်သွားမှာ ပါ။ ဒါပေမဲ့ ပြောင်းလို့ရတဲ့ အချိန် ကိုယ်ဝင်ပါလို့ရတဲ့အချိန်မှာ မပါ လိုက်လို့ရှိရင် ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး လိပ်ပြာမလုံဘဲ ဖြစ် လိမ့်မယ်။ အရင်ခေတ်တုန်းက တော့ အဖမ်းအဆီးခေတ်မှာ အ ကြောက်တရားကြောင့် မပါခဲ့ရဘူး။

**အစ်မက ဇာတ်ကားတွေကို ပုံမှန် ရိုက်ကူးနေတယ်။ ၂၀၁၅ က လည်းနီးလာပြီဆိုတော့ နောက် ပိုင်းဒါရိုက်တာအလုပ်နဲ့ ဘယ်လို လုပ်သွားမယ် စိတ်ကူးထားပါသ လဲ။**

အစ်မကတော့ ပွင့်လင်းလာ တာနဲ့ အမျှ ဇာတ်ကားတွေကို နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့ဇာတ်ကား တွေ ပိုရိုက်ချင်တယ်။ အစ်မတို့ ပြီးခဲ့တဲ့ အရေးခင်းအကြောင်းတွေ၊ ဆဲဗင်းဇူလိုင်ကနေစပြီး ဦးသန့်အ ရေး အ ခ င်း အ ကြော င်း တွေ တောက်လျှောက်တကယ်ရိုက် သင့်တဲ့ အကြောင်းအရာတွေ ချည်းပဲ။ ဘယ်လောက်ထိ ပွင့် လင်းလာမလဲ၊ ဘယ်လောက်ထိ လွတ်လပ်ခွင့်ရမလဲဆိုတဲ့အပေါ် မူတည်ပြီး ဇာတ်ကားတွေ ဖန်တီး သွားမှာပဲ။

**ဒါပေမဲ့ အစ်မက အခုချိန်မှာနိုင်ငံ ရေးနဲ့ပတ်သက်တဲ့ကားတွေ မရိုက် ဘဲ ဖန်စီကားတွေပဲရိုက်တာဘာ ကြောင့်ပါလဲ။**

အစ်မရဲ့စတိုင်က ဖန်စီကား ရိုက်တာများတယ်။ အခုချိန်ဆိုရင် သရဲကားတွေရိုက်ခွင့်ရလာတယ်။ ဇာတ်လမ်းနဲ့ပတ်သက်လို့ ဆင် ဆာလွတ်လပ်ခွင့်တွေ အများကြီး ရလာတယ်။ ရတုန်းမှာ ရသလို ကိုယ်မရိုက်ဖူးတဲ့ ဇာတ်လမ်းလေး တွေ ဇာတ်အဆန်းလေးတွေ ရိုက် တာပါ။ အဆန်းလေးတွေ ရိုက် တာများလာတဲ့အခါကျမှ ၂၀၁၅ ကျော်လို့ အစ်မတို့တိုင်းပြည်မှာ သေသေချာချာပြည့်ပြည့်ဝဝ ပွင့် လင်းမြင်သာသွားပြီဆိုရင် ခုနက ပြောခဲ့သလို နိုင်ငံရေးကားတွေ ရိုက်ဖို့ များပါတယ်။

**အခုလိုနိုင်ငံရေးမှာ ထဲထဲဝင်ဝင် ဆောင်ရွက်နေတဲ့သူတစ်ယောက် အနေနဲ့ ၂၀၁၅ မှာ အမတ်အဖြစ် ဝင်ရောက်အရွေးခံဖို့ ရည်ရွယ် ချက်ရှိပါသလား။**

အစ်မရဲ့ စိတ်ခံစားမှုအရဆို ရင် အမတ်မလုပ်ချင်ဘူး။ ဘာ ကြောင့်လဲဆိုတော့ အမတ်သည် တော်ရုံစိတ်ဓာတ်နဲ့ ပင်ပန်းခံနိုင် ဖို့က မလွယ်ပါဘူး။ တစ်ခါတ လေတွေးမိတယ်။ အမတ်လုပ် လိုက်ရင်ဇာတ်ကားရိုက်ဖို့အတွက် ကို ရိုက်နိုင်ပါ့မလား၊ ရိုက်ဖြစ်ပါ့ မလား။ အစ်မရဲ့ စိတ်ခံစားမှုအရ ဆိုရင် မလုပ်ဘူးလို့ စဉ်းစားထား တယ်။ ဒါပေမဲ့ တစ်ခါတလေကျ ရင် စကားဆိုတာ အကုန်ပြောလို့ မရပါဘူး။ ငါဘယ်တော့မှ ပါတီ နိုင်ငံရေးမလုပ်ဘူး၊ လွတ်လပ်စွာ ပဲ ရပ်တည်မယ်၊ လွတ်လပ်စွာပဲ ကူညီမယ်ဆိုပြီး တစ်သက်လုံး ပြောလေ့ရှိတယ်။ ဒါပေမဲ့ မထင် မှတ်ဘဲ ပါတီနိုင်ငံရေးကို ရောက် သွားတယ်။ နောက်ဆုံး ဗဟိုပြန် ကြားရေးအထိ အစ်မရောက်သွား တယ်။ တစ်ခါတလေကျရင် ကံ တရားက အရမ်းဆန်းကြယ်ပါ တယ်။ ဒါပေမဲ့ ဘယ်အချိန်ပဲ ရောက်ရောက် အစ်မသည် ဒါရိုက် တာကြည်ဖြူသျှင်ပါပဲ။ ဘဝနိဂုံး ချုပ်တဲ့အထိ အနုပညာသမားတစ် ယောက်အနေနဲ့ ရပ်တည်သွားမှာ ပါ။

**အစ်မရိုက်တဲ့ကားတွေမှာ တက် သစ်စသရုပ်ဆောင်တွေ အများ ဆုံး ထည့်သုံးတာတွေ့ရတယ်။ တက်သစ်စတွေကို ဦးစားပေးတဲ့ သဘောလား။**

အဓိကတော့ အစ်မတို့လော ကမှာ မျိုးဆက်သစ်ဆိုတာ အမြဲ တမ်းရှိနေရမယ်။ မျိုးဆက်သစ် အနုပညာသမား ဆွဲမထုတ်ဘဲ၊ မတင်ဘဲနဲ့ လက်ရှိအောင်မြင်နေ တဲ့ အနုပညာရှင်ပဲ သုံးနေမယ်ဆို ရင် ဒီအနုပညာရှင်တွေ ကြီးသွား တဲ့အခါ နောက်ထပ်အသစ် မ ထွက်လာဘူးဆိုရင် ရုပ်ရှင်လော ကမှာအဆက်ပြတ်သွားလိမ့်မယ်။ အစ်မတို့သည် အနစ်နာခံမှုဆိုတာ ရှိရမယ်။ အသစ်ကိုတင်တဲ့အခါ ထုတ်လုပ်မှုအရလည်း ငွေကြေး ဆုံးရှုံးမှုတွေ ရှိတယ်။ အသစ်တစ် ယောက် တင်ပြီဆိုရင် ထိခိုက်ဆုံး ရှုံးမှုတွေ အများကြီး ရှိတာပဲ။ အဲ ဒါကိုကြောက်ပြီး မတင်ဘူးဆိုရင် လောကမှာ အသစ်ဆိုတာ ပေါ် လာမှာမဟုတ်ဘူး။

**နောက်ဆုံးအနေနဲ့ ဒီကနေ ပြည် သူတွေကို ဘာများပြောကြားလို ပါသလဲ။**

၂၀၁၅ ဟာ အရမ်းအရေး ကြီးပါတယ်။ ပြည်သူတွေအနေနဲ့ နိုင်ငံရဲ့ အပြောင်းအလဲတစ်ခုမှာ တကယ်ကို ထဲထဲဝင်ဝင်ပါဝင်သင့် ပါတယ်။ ဒီကာလရောက်ဖို့အ တွက် ဟိုးရှေ့မှာ ဆဲဗင်းဇူလိုင်၊ ဦးသန့်အရေးအခင်း၊ ၈၈ တောက် လျှောက် လူတွေဟာ အသက် ပေါင်းများစွာ ပေးဆပ်ပြီးမှ ဒီအ ခြေအနေရောက်လာတာပါ။ကိုယ် တွေက ဒီအချိန်မှာ ဘဝလည်း မပေးရ၊ အသက်လည်းမ ပေးရ၊ အေးအေးဆေးဆေး နိုင်ငံ့အရေး ဝင်ပါရမယ့်အချိန်မှာ ဝင်ပါကြ ပါ။ အရှေ့က ပေးဆပ်ခဲ့တဲ့ သူ တွေရဲ့ မျက်နှာကို ထောက်ပြီး တော့ သူများတွေ အသားကုန် တွန်းနေချိန်မှာ ကိုယ်က သာသာ လေးတွန်းလိုက်တာနဲ့ ရှေ့ရောက် သွားမယ့် အချိန်မှာ ဝင်တွန်းကြ ပါ။ ဒီအချိန်မှမပါဘူးဆိုရင် ၂၀၁၅ အပြောင်းအလဲဟာ တိုင်းပြည်အ တွက် အရမ်းကြီးပါတယ်။ ၂၀၁၅ အပြောင်းအလဲမှာ မပြောင်းလဲနိုင် ဘူးဆိုရင် ဘယ်တော့မှာ ပြောင်း လဲမှုဆိုတာ ပြန်မရနိုင်တော့ပါ ဘူး။

**ကျေးဇူးရှင်ပါတယ်ရှင်။**

INFORMATIONMATRIX
INNOVATING FOR THE FUTURE

Diamond Center, Building (E), Pyay Road, Kamaryut Tsp, Yangon 11041, Myanmar.
Tel: +95 1 512 887, Fax: +95 1 513 519

**VACANCY : HR Executive**

| | | |
|---|---|---|
| **Job Title** | : | **HR Executive** |
| **Report To** | : | **HR Manager** |
| **Starting Date** | : | **As soon as possible** |

**Job Specification**

- Age under 30
- Degree/Diploma in human resources management, business administration.
- At least 3 to 5 years' relevant experience.
- Proficient in HR matter.
- Able to communicate well with all levels of people.
- Good command of spoken and written English.
- Meticulous, detailed, well- organized and able to work independently to meet datelines.
- Expert user of MS Office and numerically inclined.
- Excellent communication and interpersonal skills.
- Ability to start in short notice a strong advantage.

**Requirements**

- Coordinates, negotiates and liaises with employment and advertising agents on service fee, advertisement recruitment and interview schedules.
- Prepares letter of offer to selected candidates and letter of rejection to unsuccessful candidates.
- Conducts exit interview.
- Conducts orientation program to new employees.
- Coordinates and liaises with external consultants on employees' training needs and arranges training schedules for employees.
- Evaluates the effectiveness of the respective training programs by obtaining feedback from employees.
- Attends to employees' grievances and complaints; provides guidance if necessary.
- Provides feedback to the management to enhance a better and cordial working environment.
- Organizes corporate events such as company's dinner, corporate trip, family day etc.
- Reviews, updates and maintains proper filing of insurance policy, HR handbook, performance appraisal form and training schedules.
- Reviews compensation and benefits.
- May need to draft agreement/contract to overseas and local freelancers.

**Deadline of application : 20th June, 2014. Email: hr@informationmatrix.com**

Vol.13, No.12 • MAY 28 , 2014



*မြန်မာနှင့် ပါလက်စတိုင်းယှဉ်ပြိုင်နေစဉ်* ဓာတ်ပုံ – MFF

# ပထမစမ်းသပ်မှုတွင် ရှုံးနိမ့်ခဲ့သော မိုဇစ်နှင့် မြန်မာ

**ဗိုလ်ဗိုလ်ဝင်း**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အုပ်စုအဆင့်မှထွက်ခဲ့ရပြန်သည်။ ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲဝင် မြန်မာအသင်းအနေဖြင့် ပွဲဦးထွက်တွင် အိမ်ရှင်မော်လဒိုက်အသင်းကို အနိုင်ယူကာ အကြိုဗိုလ်လုပွဲမျှော် လင့်ချက်ရှင်သန်ခဲ့ရသော်လည်း အုပ်စုနောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရခြင်းဖြစ်သည်။

ကစားသမား ၁၀ ဦးတည်းဖြင့် အိမ်ရှင်အသင်းကို (၃–၂)ဂိုးဖြင့် အနိုင်ရရှိမှုက မြန်မာဘောလုံးပရိသတ်အတွက် စိတ်ဓာတ်တက်ကြွစေခဲ့သော်လည်း ယင်းပွဲစဉ်မှမြန်မာအသင်း၏ သွင်းဂိုးသုံးဂိုးကအေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲဝင် မြန်မာအသင်း၏ ပထမဆုံးနှင့်နောက်ဆုံးသွင်းဂိုးများဖြစ်ခဲ့သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စုမှ ထွက်ခဲ့ရပြီးနောက်အားကစားလေ့လာသူများနှင့် ပရိသတ်များက အချက်နှစ်ချက်ကိုထောက်ပြကြသည်။ အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲအုပ်စုအဆင့်တွင် အခြားပြိုင်ဘက်အသင်းများက ခြေစွမ်းအလွန်အသာရမှုမရှိခဲ့ဘဲ မြန်မာအသင်းခြေစွမ်းက ပိုညံ့ကြောင်းနှင့် လက်ရှိမြန်မာ့လက်ရွေးစင်အသင်းခြေစွမ်းမှာ ယခုထက်ပိုမျှော်လင့်၍ မရနိုင်တော့ကြောင်းဟူ၍ဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရမှု၏ အဆုံးအဖြတ်အဓိကပွဲစဉ်မှာ ပါလက်စတိုင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရသည့် အုပ်စုဒုတိယပွဲစဉ်ဖြစ်သည်။ ယင်းပွဲစဉ်တွင် အဓိကအားထားရသည့် ဒေးဗစ်ထန်းမပါလာနိုင်ခြင်း၊ တိုက်စစ်မှူးကျော်ကိုကိုလည်း ခြေစွမ်းမပြနိုင်သည့်အခါ မြန်မာအသင်းတိုက်စစ် အသက်မဲ့သွားခဲ့သည်။

"အဖွင့်ပွဲစဉ်မှာ မြန်မာအသင်းအနေနဲ့ ဆယ်ဦးတည်းနဲ့ ညှစ်ကစားခဲ့ရတဲ့အတွက် ဒုတိယပွဲစဉ်မှာ အခက်တွေ့ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ မော်လဒိုက်နဲ့ပွဲစဉ်မှာ ဂိုးတွေသွင်းခဲ့တဲ့ မြန်မာအသင်းတိုက်စစ်မှူးကျော်ကိုကိုကိုလည်း ပါလက်စတိုင်းနောက်တန်းက ထိန်းချုပ်လိုက်တဲ့အခါမှာ မြန်မာအသင်းခြေစွမ်းက ပါလက်စတိုင်းကို မယှဉ်နိုင်ခဲ့ဘဲ ရှုံးနိမ့်ခဲ့ရတာပါ"ဟု ဟံသာဝတီအသင်းအထွေထွေမန်နေဂျာဦးထွန်းထွန်းလင်းက သုံးသပ်သည်။

အဆိုပါပွဲစဉ်တွင် ပါလက်စတိုင်းအသင်း၏ တိုက်စစ်မှူးများကိုမူ မြန်မာအသင်းနောက်တန်းက ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ပေးဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရသည်။ အဆိုပါပွဲစဉ်တွင် မြန်မာအသင်း ကစားသမားများအနေဖြင့် အသင်းလိုက်စိတ်ဓာတ်ပျောက်ဆုံးနေကြောင်းလည်း နည်းပြချုပ်အေဗရာမိုဇစ်ကပြောကြားသည်။မြန်မာအသင်းသည် အိမ်ကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၂ အေအက်ဖ်စီချဲလင့်ဖလားပြိုင်ခြေစစ်ပွဲစဉ်၌လည်း ပါလက်စတိုင်းကိုရှုံးနိမ့်ခဲ့ဖူးပြီး ရှုံးကြွေးထပ်တင်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြန်မာအသင်းအကြိုဗိုလ်လုပွဲတက်ရောက်ခွင့်အတွက်အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် ပွဲစဉ်တွင် ရလဒ်ကောင်းပါက မျှော်လင့်နိုင်ဆဲဖြစ်သော်လည်း ရှုံးနိမ့်ခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် လေးသင်းပါဝင်သည့်အုပ်စုတွင် စတုတ္ထနေရာဖြင့် ပြိုင်ပွဲကိုနှုတ်ဆက်ခဲ့ရခြင်းဖြစ်သည်။

"အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ကာဂျစ္စတန်အသင်းနဲ့ပွဲစဉ်မှာ အနိုင်ရရင်လည်း အုပ်စုတွင်း အခြားပွဲစဉ်ဖြစ်တဲ့ မော်လဒိုက်ကပါလက်စတိုင်းကို အနိုင်ယူရင် စည်းမျဉ်းအရ မြန်မာအသင်းအုပ်စုအဆင့်က ထွက်ရမယ်ဆိုပေမယ့် မြန်မာအသင်းကစားသမားတွေအနေနဲ့ အနိုင်ရလဒ်ကိုပဲ ဦးတည်ကစားရမှာ မဟုတ်ဘူးလား။ ကစားသမားတွေ ကြံ့ခိုင်မှုမကောင်းလို့လား၊ နိုင်လိုစိတ်မပြင်းထန်တာလား။ မျှော်လင့်ချက်အနည်းဆုံးဖြစ်ခဲ့တဲ့ ကာဂျစ္စတန်အသင်းရဲ့ ဒီပွဲစဉ်မှာ ကစားသွားတဲ့နိုင်လိုစိတ်ကတော့ မြန်မာထက်သာတယ်လို့ မြင်ပါတယ်။ ကာဂျစ္စတန်နဲ့ ပွဲစဉ်မှာတော့ အနည်းဆုံးသရေကျသင့်ပါတယ်" ဟု မြန်မာဘောလုံးပရိသတ်တစ်ဦးက ပြောသည်။

တစ်ပြိုင်နက်တည်းကစားခဲ့သည့် မော်လဒိုက်နှင့် ပါလက်စတိုင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ကာဂျစ္စတန်အသင်းကိုသရေရလဒ်ထွက်ပေါ်ပါက အကြိုဗိုလ်လုပွဲတက်ရောက်ခွင့်ရရှိမည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။


နည်းပြ အဆက်ဆက်ကအားအနည်းဆုံးနေရာဟု ပြောကြားထားသည့် မြန်မာအသင်းနောက်တန်းကလည်း အုပ်စုပွဲစဉ်အားလုံးတွင် ဂိုးပေးခဲ့ရပြီး ပရိသတ်များကို အစဉ်အလာအတိုင်းစိတ်ပျက်စေခဲ့သည်။ ထို့အပြင် မြန်မာအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် အဓိက သိသာသည့် အားနည်းချက်များမှာ လက်ပစ်ဘော၊ ထောင့်ကန်ဘော၊ တိုက်ရိုက်ပြစ်ဒဏ်ဘော၊ တစ်ဆင့်ကန်ပြစ်ဒဏ်ဘောများဖြင့် ပြိုင်ဘက်အသင်းများကို ဖိအားမပေးနိုင်ခြင်းဖြစ်သည်။

အေအက်ဖ်စီချဲလင့်ဖလားပွဲခြေစစ်ပွဲအောင်မြင်ပြီးတစ်နှစ်ကျော်ခန့်အချိန်ရခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲအတွက် စုစည်းပြင်ဆင်မှုအဖြစ် အချိန်တစ်လနီးပါးသာရယူခဲ့မှုအတွက်လည်း ဘောလုံးအဖွဲ့ချုပ်၏ယခုပြိုင်ပွဲအပေါ် အလေးထားမှုကိုဝေဖန်မှုများလည်း ရှိခဲ့သည်။ အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲသည် အာရှတိုက်တွင်လက်ရွေးစင်အသင်းများ၏အဆင့်အနိမ့်ဆုံးပြိုင်ပွဲဟု သတ်မှတ်နိုင်သော်လည်း ယခုပြိုင်ပွဲတွင် ဗိုလ်စွဲပါက ၂၀၁၅ အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည့်အတွက် တန်ဖိုးထားယှဉ်ပြိုင်ရမည့်ပြိုင်ပွဲဖြစ်ကြောင်း လေ့လာ

စာမျက်နှာ A6 ››

Online Shopping Available!
American STORE
No.459,B,New University Avenue Road, Bahan Township,Yangon.
Tel : 09 2500 00966 E-mail : americanstore.mm@gmail.com
http://www.facebook.com/americanstore.mm


The 1st MYANMAR
E - Commerce Business & Family Trade Fair - 2014
e commerce လုပ်ငန်းများ ၊ဘဏ်လုပ်ငန်းများ ၊ Online Shopping လုပ်ငန်းများ ၊ Delivery Service လုပ်ငန်းများ ၊ အီလက်ထရောနစ် ပစ္စည်းများ
အိမ်အလှဆင် ပစ္စည်းများ ၊ အိမ်ခြံမြေလုပ်ငန်းများ ၊ ဆောက်လုပ်ရေး ကုမ္ပဏီများ ၊ ပညာရေး နှင့် အလုပ်အကိုင်ရှာဖွေရေး
ဝန်ဆောင်မှုလုပ်ငန်း များ ၊ အခြားလူသုံးကုန်ပစ္စည်းများကို ပထမဦးဆုံး စုစည်းပြသသွားမည်ဖြစ်ပါသည် ။
( ၃၀ . ၅ . ၂၀၁၄ မှ ၁ . ၆ . ၂၀၁၄ ) - နေ့စဉ်နံနက် ( ၉ ) နာရီ မှ ညနေ ( ၅ ) နာရီ အထိ
MCC ခန်းမ ( မင်းဓမ္မလမ်း )
အစီအစဉ်ကောင်းတွေရှိနေလို့ အရောက်လှမ်းလာဖို့ မမေ့ကြနဲ့နော်
ဆက်သွယ်ရန် : iHome Services Co., Ltd. : 09 42100 5888 , 09 7321 2709 , 01 398575 , 01 398576 , 01 378041
Main Sponsor :
KBZ BANK
STRENGTH OF MYANMAR



At It's Very Best.
The new E-Class, direct from Germany.
The stunning new E-Class Saloon blends dynamic looks with performance, comfort and safety. Come visit our new showroom and experience the lifestyle & pleasure of owning the finest automobiles in the world without worry.
From US$120,888
S MB 2120
1 Year Complimentary Paint Protection
2 Years/Unlimited Mileage Warranty
3 Years/50,000 free servicing
www.mercedes-benz.com.mm
Mercedes-Benz
Terms & Conditions Apply
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Showroom: 51 Pyay Road, Mayangone Township, Yangon. Opening hours : 9:00am - 9:00pm. Hotline: 09 5057045


7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ဘရာဇီးကမ္ဘာ့ဖလားမှာ စောင့်ကြည့်ရမယ့် လူငယ်ကစားသမားငါးဦး



ရော့စ်ဘာကလေ


ပေါ့ဂ်ဘာ


စတာလင်


ကုတ်တွိုက်စ်


ဟာဇတ်




**ကိုအေးမြတ်**

ကမ္ဘာ့ဖလားအတွက် နိုင်ငံလက်ရွေးစင်အသင်းကြီးတွေရဲ့ လူစာရင်းတွေကို အသီးသီးကြေညာနေရာမှာ တချို့နာမည်ကြီးတွေ ကျန်ခဲ့တာတွေ၊ ငယ်ပေမယ့် ခြေစွမ်းထက်တဲ့လူငယ်ကစားသမားတွေ မထင်မှတ်ဘဲပါဝင်လာတာကို တွေ့ရနိုင်ပါတယ်။ ကမ္ဘာ့ဖလားလေးနှစ်တစ်ကြိမ်တိုင်းမှာ လူငယ်ကစားသမားတွေအသုတ်လိုက်ပေါ်ထွက်လာပြီး အဆင့်မြင့်ကစားသမားတွေဖြစ်လာလေ့ရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာ လာမယ့် ဖီဖာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ စောင့်ကြည့်ရမယ့် လူငယ်ကစားသမားငါးဦးအကြောင်းကို မိတ်ဆက်တင်ပြလိုပါတယ်။

**၁။ ရော့စ်ဘာကလေ**
**(အင်္ဂလန်၊ အဲဗာတန်)**

အဲဗာတန်ကွင်းလယ်လူ ဘာကလေ (၂၀)နှစ်ဟာ အသင်းအတွက် ဒီရာသီမှာ ၃၄ ပွဲကစားပြီး ခုနစ်ဂိုးသွင်းပေးနိုင်ခဲ့ပါတယ်။ နယူးကာဆယ်ကို အဲဗာတန်က နိုင်တဲ့ပွဲမှာ ကွင်းတစ်ဝက်ကနေ လိမ်ခေါက် ဆွဲပြေးပြီး သွင်းခဲ့တဲ့ အဖွင့်ဂိုးမျိုး၊ မန်စီးတီးနဲ့ တွေ့ဆုံစဉ်မှာ အဝေးကန်ချက်နဲ့ သွင်းပြခဲ့တဲ့ဂိုးတွေက သူ့အရည်အသွေးကို သိသာစေတယ်။ အဲဗာတန်မန်နေဂျာ မာတီနက်ဇ်ကတော့ ဒီလူငယ်ကစားသမားကို ပေါလ်ဂတ်စကွိုင်းနဲ့ မိုက်ကယ်ဘောလက်တို့ပေါင်းစပ်ထားတဲ့ ကစားသမားလို့ သတ်မှတ်ပါတယ်။ သူဟာ ယခုနှစ် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအသင်း PFA ရဲ့ အကောင်းဆုံးလူငယ်ကစားသမားခြောက်ဦးစာရင်းဝင်ခဲ့တယ်။ အင်္ဂလန်အတွက်သူဘာလုပ်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမယ့်လူငယ်တစ်ဦးပဲဖြစ်ပါတယ်။

**၂။ ပေါလ်ပေါ့ဂ်ဘာ**
**(ပြင်သစ်၊ ဂျူဗင်တပ်)**

ဒီပြင်သစ်လူငယ်ကစားသမား (၂၁)နှစ်ဟာ မန်ယူမှာ ဖာဂူဆန်လက်ထက် အရန်ခုံမှာပဲထိုင်နေရပြီးတဲ့နောက် စိတ်ပျက်ပြီး ဂျူဗင်တပ်ကိုပြောင်းရွှေ့သွားခဲ့ပါတယ်။ ဂျူဗီ ၂၀၁၂–၁၃ ရာသီမှာ ခြေစွမ်းပြခဲ့ပြီး အူဒီးနီးစ်နဲ့ပွဲမှာ ကိုက်လေးဆယ်အကွာကနေ လှမ်းသွင်းခဲ့တဲ့ဂိုးဟာ အဲဒီရာသီစီးရီးအေရဲ့ အကောင်းဆုံးဂိုးတွေထဲက တစ်ဂိုးဖြစ်ခဲ့ပါတယ်။ ဒီနှစ် ၂၀၁၃–၁၄ ရာသီမှာ ဂျူဗင်တပ်စီးရီးအေချန်ပီယံဖြစ်ရာမှာလည်း သူက အဓိကကျခဲ့တယ်။

**၃။ ရာဟမ် စတာလင်**
**(အင်္ဂလန်၊ လီဗာပူး)**

အသက်(၁၉)နှစ်ပဲရှိသေးတဲ့ စတာလင်ဟာ ကွင်းထဲမှာအရှိန် နဲ့ လျင်မြန်စွာပြေးလွှားနိုင်ပြီး ဒီရာသီမှာ လီဗာပူးအတွက် ကိုးဂိုးသွင်းပြီး ဖန်တီးမှု(၅)ကြိမ်လုပ်ခဲ့တယ်။ PFA လူငယ်ကစားသမားဆုစာရင်းဝင်ခဲ့တယ်။ သီယိုဝဲလ်ကော့တ်မပါဝင်နိုင်ချိန်မှာ စတာလင်ဟာ အင်္ဂလန်အတွက် တန်ပြန်တိုက်စစ်ကစားရာမှာလိုအပ်တဲ့ အမြန်နှုန်းကစားပုံကို ဖြည့်စွက်ပေးမှာဖြစ်ပါတယ်။

**၄။ သီးဘော့တ်ကုတ်တွိုက်စ်**
**(အက်သလက်၊ ဘယ်လ်ဂျီယမ်)**

ကုတ်တွိုက်စ် (၂၂)နှစ်ဟာ ဆီမွန်နီရဲ့ လာလီဂါအသင်းကို ချယ်ယ်ဆီးကနေ အငှားနဲ့ရောက်လာခဲ့ပြီး ပြီးခဲ့တဲ့သုံးနှစ်လုံးမှာ အဓိကဂိုးသမားဖြစ်လာခဲ့သူပါ။ လိဂ်ပွဲ ၃၇ ပွဲမှာ ပွဲ ၂၀ ဆက်တိုက်ဂိုးမပေးရတဲ့ မှတ်တမ်းရထားပြီး အသင်းကို လာလီဂါချန်ပီယံဖြစ်စေခဲ့တယ်။ သူဟာ မကြာမီကာလအတွင်း ကမ္ဘာ့အကောင်းဆုံးဂိုးသမားတစ်ဦးဖြစ်လာမယ်လို့ အားလုံးက မှန်းဆထားတာပါ။ ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွေ့အကြုံတွေက သူ့ကို ကမ္ဘာ့ဖလားမှာ ပိုပြီးတိုးတက်စေဦးမှာပါ။

**၅။ အီဒင်ဟာဇတ်**
**(ဘယ်လ်ဂျီယမ်၊ ချယ်လ်ဆီး)**

ပရီးမီးယားလိဂ်မှာ အောင်မြင်နေတဲ့ ဘယ်လ်ဂျီယမ်လက်ရွေးစင်တွေထဲမှာ ဟာဇတ် (၂၃) နှစ်ကလည်းတစ်ဦးအပါအဝင်ဖြစ်ပြီး ဒီနှစ်ထဲမှာ အအောင်မြင်ဆုံးလူငယ်ဖြစ်ခဲ့တယ်။ ဒါကို PFA အကောင်းဆုံးလူငယ် ကစားသမားဆုရခဲ့တာနဲ့ သက်သေပြထားပါတယ်။ချယ်လ်ဆီးမှာသူဟာ ဒီရာသီမှာ အလယ်တန်းကစားသမားတစ်ဦးအနေနဲ့ ၃၅ ပွဲကစားပြီး ၁၄ ဂိုးသွင်းထားနိုင်တယ်။ သူ့တိုက်စစ်စွမ်းရည်နဲ့ ဘောလုံးပေးပို့ ကောင်းမွန်ပုံ၊ဂိုးသွင်းခြေရှိပုံတွေက ပြီးပြည့်စုံနေပါတယ်။ ဟာဇတ်ဟာချယ်လ်ဆီးမှာအောင်မြင်သလို လက်ရွေးစင်အသင်းနဲ့လည်း ကမ္ဘာ့ဖလားမှာ အောင်မြင်ဦးမှာဖြစ်ပါတယ်။

# အယ်လ်ကိုင်ဒါသေနတ်သမားများ ယီမင်မြို့တစ်မြို့ကိုတိုက်ခိုက် ၂၇ ဦး သေဆုံး

**အေဒင်၊ မေ-၂၄**

ယီမင်နိုင်ငံတွင် အစိုးရ၏ ထိုးစစ်ကို အယ်လ်ကိုင်ဒါအဖွဲ့က ပြန်လည်တွန်းလှန်နေစဉ် ယမန်နေ့ညက နိုင်ငံအရှေ့တောင်ပိုင်းမြို့တစ်မြို့ကို သေနတ်သမားများ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၂၇ ဦး သေဆုံးခဲ့သည်ဟု ဒေသခံများနှင့် အရာရှိတစ်ဦးက ပြောကြားသည်။

ဆီယောင်းမြို့အဝင်ဝ ဟာဒရာမောက်ခရိုင်တွင် ကားဗုံးခွဲလိုက်ပြီးနောက် တိုက်ခိုက်ရေးသမားများသည် အနီးအနား သဲကန္တာရဒေသမှနေ၍ မော်တာများ၊ လောင်ချာများနှင့် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်သွားသော ပစ်ကပ်ကား ၁၅ စီးဖြင့် မြို့အတွင်း မောင်းဝင်ခဲ့သည်။

စစ်သွေးကြွများက မြို့အတွင်းရှိ အနည်းဆုံး နေရာခုနစ်နေရာကို ပစ်မှတ်ထားခဲ့ပြီး ၎င်းတို့ တိုက်ခိုက်သော နေရာများတွင် စစ်စခန်းများ၊ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ရုံးချုပ်၊ ဘဏ်ခွဲများနှင့် လေဆိပ်လည်း ပါဝင်သည်။



KHALED ABDULLAH/REUTERS

*ယီမင်နိုင်ငံတောင်ပိုင်း အက်ဘ်ယန်းပြည်နယ်၊ အယ်လ်မာဖက်ဒ်ဒေသ စစ်ဆေးရေးဂိတ်တွင် စစ်သားများစောင့်ကြပ်နေသည်ကို မေလ ၂၃ ရက်က တွေ့ရစဉ်*

အဆိုပါတိုက်ခိုက်မှုအတွင်း လျှပ်စစ်မီး ပြတ်တောက်ခဲ့ပြီး ပေါက်ကွဲသံများနှင့် သေနတ်သံများ တစ်ညလုံး ကြားခဲ့ရသည်ဟု ဒေသခံများက ပြောသည်။

စစ်သွေးကြွများက အဆောက်အအုံအချို့ကို သိမ်းပိုက်ထားခဲ့ပြီး စနေနေ့နံနက်က ပြန်လည်ထွက်ခွာသွားခဲ့သည်။

တိုက်ခိုက်မှုအတွင်း တိုက်ခိုက်ရေးသမား ၂၀ သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်ခုနစ်ဦး၊ စစ်သားနှစ်ဦး သေဆုံးခဲ့သည်ဟု အရာရှိများက ပြောသည်။

အလောင်း ၁၈ လောင်းကို သေနတ်သမားများ ပြန်ဆွဲသွားသည်ဟုလည်းအရာရှိများကပြောသည်။

—*Ref: Reuters*

# နှစ်လကြာ မေ့မြောနေသော အမေရိကန်အမျိုးသမီး သားယောက်ျားလေးမွေးဖွား

**ဆန်ဖရန်စစ္စကို၊ မေ-၂၄**

မတ်လကတည်းက မေ့မြောနေသော (ကိုမာဖြစ်နေသော) အမေရိကန် အမျိုးသမီးတစ်ဦးသည် ကျန်းမာသန်စွမ်းသော သားယောက်ျားလေးတစ်ဦးကို မွေးဖွားခဲ့သည်။

မိခင်၏ ကျန်းမာရေးအခြေအနေကြောင့် အသက်ရှင်နိုင်လိမ့်မည် မဟုတ်ဟု ယူဆထားခဲ့သော ဝက်စ်နက်သန်နီယယ်လန်းကို မေလ ၂၂ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို တက္ကသိုလ် ဖရက်စ်နိုကျန်းမာရေးဌာန၌ ဗိုက်ခွဲမွေးခဲ့ခြင်းဖြစ်သည်။

၎င်းသည် ကိုယ်အလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ်ရှိသည်။

ကလေးငယ်၏မိခင် မယ်လစ်ဆာကာတန်သည် လေသင်တုန်းဖြတ်၍ ဦးနှောက်အကျိတ်ကို ခွဲစိတ်ဖယ်ရှားပြီးနောက် လွန်ခဲ့သည့်သီတင်း ၁၀ ပတ်ကတည်းက မေ့မြောနေခဲ့သည်။

ကာတန်၏ခင်ပွန်းဖြစ်သူ ဘရိန်းလန်းက သားဖြစ်သူ မွေးဖွားလာမှုမှာ ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း ကြည်နူးဖွယ်နှင့် ဝမ်းနည်းဖွယ်တို့ ရောနှောနေသော အချိန်ကာလဖြစ်သည်ဟု ပြောကြားသည်။

"သားလေးကိုတွေ့ရလို့ပျော်ပေမယ့် ဇနီးသည်ကိုကြည့်ပြီး နာကျင်မိပါတယ်။ ကျွန်တော့်သားက သူ့အမေရဲ့နှာခေါင်းနဲ့ နားရွက်ကို အမွေရထားပါတယ်"ဟု မစ္စတာလန်းက ပြောကြားသည်။

မေ့မြောနေသော မယ်လစ်ဆာကာတန်သည် အကူအညီအထောက်အပံ့နှင့် ၎င်း၏သားငယ်အား နို့ချိုတိုက်ကျွေးနိုင်သည်ဟု သိရသည်။

၎င်းသည် မေ့မြောနေသည့် အခြေအနေရှိနေသော်လည်းအနီးတစ်ဝိုက်၌ ဖြစ်ပျက်နေသည်များကို သိရှိနေသည်ဟု ယူဆကြသည်။

—*Ref: MSN*






7DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# လစ်သူယေးနီးယား သံမဏိအမျိုးသမီး ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရ

**ဗီလ်နီယပ်စ်၊ မေ- ၂၆**

ပြန်လည်နိုးထလာသော ရုရှားနိုင်ငံအပေါ် စိုးရိမ်ပူပန်မှုများရှိနေစဉ် မေလ ၂၅ ရက်က ကျင်းပခဲ့သော ဒုတိယအကျော့ ထိပ်တိုက်မဲခွဲမှုတွင် လစ်သူယေးနီးယားနိုင်ငံမှ သံမဏိအမျိုးသမီးဟု နာမည်ကျော်ကြားသူ သမ္မတ ဒါလီယာ ဂရိုင်ဘောက်ကိုင်တီသည် ရွေးကောက်ပွဲတွင် ဒုတိယသက်တမ်း ထပ်မံအနိုင်ရခဲ့သည်။

ဆိုဗီယက်ခေတ်ကာလကို သိမီလိုက်သူ အများအပြားက ကရာတေးခါးပတ်နက် ရရှိခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မစ္စစ်သက်ချာကဲ့သို့ မာကျောမှုကြောင့် သံမဏိအမျိုးသမီးဟု တင်စားခေါ်ဝေါ်ခံရသူ မစ္စစ်ဒါလီယာမှာ စစ်အေးခေတ်နောက်ပိုင်း မော်စကိုနှင့် ဥရောပကြား အဆိုးဆုံး ထိပ်တိုက်ရင်ဆိုင်မှုအတွင်း လစ်သူယေးနီးယားနိုင်ငံကိုအကောင်းဆုံး ဦးဆောင်လမ်းညွှန်နိုင်သူအဖြစ် ရှုမြင်ကြသည်။

မစ္စစ်ဒါလီယာသည် ရွေးကောက်ပွဲ ဒုတိယအကျော့ ထိပ်တိုက်မဲခွဲမှုတွင် ထောက်ခံမှု ၅၈ ရာခိုင်နှုန်းဖြင့် လက်ဝဲယိမ်းပြိုင်ဘက်ဖြစ်သူ ဇစ်မန်းတက်စ်ဘယ်လ်ဆိုင်တစ်အပေါ် အနိုင်ရရှိခဲ့သည်။


INTS KALNINS/REUTERS

"လစ်သူယေးနီးယားနိုင်ငံမှာ ဘယ်သူကမှ နှစ်ကြိမ်ဆက် အရွေးမခံခဲ့ရပါဘူး။ ဒါဟာ ရှင်တို့အားလုံးအတွက် သမိုင်းဝင်အောင်ပွဲဖြစ်ပါတယ်"ဟု ဆန္ဒမဲပေါင်း ၈၀ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်၌ မစ္စစ်ဒါလီယာဂရိုင်ဘောက်ကိုင်တီက ပြောကြားသည်။

—*Ref: AFP*

# မက္ကဆီကိုသူပုန်ခေါင်းဆောင် အဖွဲ့နှင့်ပတ်သက်ခြင်းမရှိတော့ဟုဆို

**ကွန်မစ်တန့်၊ မေ- ၂၆**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းမှ ဇာပါတစ်ဆာ သူပုန်အဖွဲ့ခေါင်းဆောင် မားကော့စ်သည် အဖွဲ့နှင့် မိမိ မပတ်သက်တော့ကြောင်း မေလ ၂၅ ရက်တွင် ကြေညာခဲ့သည်။

လျှို့ဝှက်သော သူပုန်ခေါင်းဆောင် မားကော့စ်က "သူပုန်ခေါင်းဆောင် မားကော့စ် ဆိုသူသည် ဆက်လက်၍ ရှိနေတော့မည်မဟုတ်ဟု ၂၀၁၄ မေလ ၂၅ ရက် နံနက် ၂ နာရီ ၈ မိနစ်တွင် EZLN အနောက်တောင်ဘက်ရှိ ရှေ့တန်းစစ်မျက်နှာ၌ ကျွန်ုပ်က ကြေညာသည်"ဟု ပြောကြားသည်။

၎င်းအနေဖြင့် ဇာပါတစ်ဆာ အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (EZLN)အတွက်တာဝန်ယူပြောကြားလိမ့်မည် မဟုတ်ဟုလည်း မားကော့စ်က ပြောကြားသည်။

ပဟေဠိဆန်သော EZLN သူပုန်အဖွဲ့သည် မက္ကဆီကိုနိုင်ငံ ချီယာပက်စ်ပြည်နယ်၌ ဒေသခံပြည်သူများ အခွင့်အရေးအတွက် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တော်လှန်ပုန်ကန်ခဲ့သည်။

ထိုစဉ်က သူပုန်အဖွဲ့နှင့် ဖက်ဒရယ်အစိုးရအကြား ဖြစ်ပွားခဲ့သော ၁၂ ရက်ကြာ တိုက်ပွဲအတွင်းတွင် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ငြိမ်းချမ်းရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့သော်လည်း ဇာပါတစ်ဆာသူပုန်အဖွဲ့၏ တောင်းဆိုချက်များ မရရှိခဲ့ပေ။

ထို့ကြောင့် သူပုန်အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ရေး ပြုလုပ်ခဲ့ပြီး တရားရေး၊ ကျန်းမာရေးနှင့် ပညာရေးစနစ်များကို ဖန်တီးခဲ့သည်။

မားကော့စ်က သူပုန်အဖွဲ့အတွင်း ပြောင်းလဲမှုများကြောင့် ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ပြောခဲ့ပြီး ၎င်း၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်သော သတင်းများကို ငြင်းပယ်ခဲ့သည်။

မျက်နှာဖုံးစွပ်နှင့်လျှို့ဝှက်စွာနေတတ်သော မားကော့စ်သည် ဇာပါတစ်ဆာသူပုန်အဖွဲ့ကို နှစ်ပေါင်း ၂၀ ကြာ အုပ်ချုပ်ခဲ့သူဖြစ်သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ဆီးရီးယားဒုက္ခသည်များ ကင်ဆာရောဂါကုသခွင့် ငြင်းပယ်ခံရဟု ကုလပြောကြား

အမိမြေတွင် အရာအားလုံး ဆုံးရှုံးခဲ့ပြီးဖြစ်သည့် ဒုက္ခသည် ကင်ဆာရောဂါရှင်များမှာ နိုင်ငံရပ်ခြားတွင် ပိုမို၍ ဒုက္ခခံစားနေရသည်ဟု UNHCR အကြီးအကဲ ပေါလ်စပီဂျယ်လ်က ပြောသည်။

The Lancet Oncology ဂျာနယ်တွင် ဖော်ပြခဲ့သည့် လေ့လာမှုအသစ်တစ်ရပ်၌ စပီဂျယ်လ်က အကန့်အသတ်ဖြင့်သာ ရရှိသော ရန်ပုံငွေကြောင့် ကင်ဆာရောဂါကုသရန် ငြင်းပယ်ခံရသည့် ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်ရာပေါင်းများစွာကို မှတ်တမ်းတင်ဖော်ပြခဲ့သည်။

ထို့ပြင် ကင်ဆာရောဂါကို တိုက်ဖျက်ရန် အရေးပေါ် နည်းလမ်းသစ်များအတွက် တိုက်တွန်းထားသည်။

ယင်းလေ့လာမှုမှာ ၂၀၀၉ ၂၀၁၂ ခုနှစ်အထိ ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်များကို လေ့လာထားခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားသည့် ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးလာသူများအပြင် ၂၀၀၃ ခုနှစ်က အာဏာရှင် ဆက်ဒမ်ဟူစိန်ကို အမေရိကန်နိုင်ငံက ဦးဆောင်ဖြုတ်ချခဲ့၍ ဖြစ်ပွားခဲ့သော အီရတ်ကဲ့သို့ သက်တမ်းရင့်သော ပဋိပက္ခများကြောင့် ထွက်ပြေးလာသူများလည်း ပါဝင်သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ရည်းစားဟောင်း၏အလှပုံများ ဖျက်ဆီးရန် အမျိုးသားတစ်ဦးကို ဂျာမနီတရားရုံးအမိန့်ပေး

ယင်းဓာတ်ပုံများနှင့် ဗီဒီယိုအားလုံးမှာ နှစ်ဦးသဘောတူ ရိုက်ကူးထားခဲ့ခြင်းဖြစ်ပြီး အချို့သောဓာတ်ပုံနှင့်ဗီဒီယိုများကိုယင်းအမျိုးသား၏ ချစ်သူအမျိုးသမီးကိုယ်တိုင် ရိုက်ကူးပေးထားခြင်းဖြစ်သည်။

သို့သော် ၎င်းတို့နှစ်ဦး လမ်းခွဲလိုက်ချိန်တွင် ယင်းဓာတ်ပုံများနှင့် ဗီဒီယိုများအားလုံးကို ဖျက်ပစ်ရန် အမျိုးသမီးဘက်က တောင်းဆိုခဲ့သည်။

ဓာတ်ပုံသမား၏ ပိုင်ဆိုင်ခွင့်ထက် တန်ဖိုးပိုများသော ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကြောင့် သီးသန့်ရိုက်ကူးထားသည့် ဖော်ချွတ်ဓာတ်ပုံများကို အသုံးပြုရန်နှင့် လက်ဝယ်ထားရှိရန် သဘောတူညီမှုကို ပယ်ဖျက်နိုင်သည်ဆိုကာ တရားရုံးက အမျိုးသမီး၏ တောင်းဆိုမှုအတိုင်း ဆုံးဖြတ်ခဲ့သည်။

သို့သော် လုံလုံခြုံခြုံရိုက်ကူးထားသော ဓာတ်ပုံများကို ဖျက်ပစ်ရန်မလိုဟု တရားရုံးက ပြောကြားသည်။

—*Ref: MSN News*







၄၀ကျော် အရွယ်အားလုံးအတွက်လိုအပ်တာ...
ROYALVITA
Soft Cap. (Royal Jelly)
Royal Jelly + MULTI-VITAMIN+MINERAL
(၁) အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေခြင်း
(၂) သွေးဆုံးချိန်ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာများ သက်သာစေခြင်း
(၃) ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း
(၄) သွေးတွင်းရှိ ကိုလက်(စ်)ထရော ပမာဏကို ထိန်းညှိပေးခြင်း
(၅) သွေးတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းညှိပေးခြင်း
(၆) အရိုးပွ၊ အရိုးကျိုးလွယ်ခြင်းကို ကာကွယ်ပေးခြင်း
(၇) အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားနိုင်စေခြင်း
သင် အသက် ၄၀ ပြည့်ပြီလား?
ရှိုင်းရယ်ဗိုက်တာ
အားဆေး
ROYALVITA
Manufactured for
Pacific Pharmaceuticals Pte Ltd.
By Korea Pharma


CP
"စီပီကြက်အူချောင်းများက ပျော်ရွှင်ခြင်းများ သင့်ဆီယူဆောင်လာမှာပါ"
SAUSAGE & HAM

7 DAY NEWS JOURNAL
# International
Vol.13, No.12 • MAY 28 , 2014

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အမြန်ရထားနှင့် ကုန်တင်ရထား တိုက်မိ၍ အနည်းဆုံး လူ ၂၀ ဦး သေဆုံး

**လပ်ခ်နောင်း၊ မေ- ၂၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် အမြန်ရထားတစ်စီးနှင့် ကုန်တင်ရထားတစ်စီး တိုက်မိခဲ့ရာ အနည်းဆုံး လူ ၂၀ ခန့် သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

ဂိုရာခပါခရီးသည်တင် အမြန်ရထားမှာ မြန်နှုန်းမြင့်ဖြင့် မောင်းနှင်လာပြီး ဘူတာရုံအနီး ရထားလမ်းပေါ်တွင်ရပ်ထားသော ကုန်ရထားကို ရှောင်နိုင်ရန် ရုတ်တရက် ဘရိတ်အုပ်ခဲ့သော်လည်း မရှောင်နိုင်ဘဲ ဝင်တိုက်မိခဲ့ခြင်းကြောင့် ရထားတွင် ချိတ်ထားသော တွဲခြောက်တွဲမှာ ပြုတ်ထွက်မှောက်ကျသွားပြီး ခရီးသည် ၂၀ ခန့် သေဆုံးသွားခဲ့ရခြင်းဖြစ်သည်။

ကယ်ဆယ်ရေးသမားသည် မှောက်နေသောတွဲများနှင့်အပျက်အစီးများကြား ပိတ်မိနေသည့် လူများကို ကယ်တင်ခဲ့ရပြီး ဒဏ်ရာရသူဦးရေမှာလည်း အနည်းဆုံး ၅၀ ခန့်ရှိခဲ့သည်။ ယင်းတွင် ရထားစက်ခေါင်းမှူးနှင့် လက်ထောက်စက်ခေါင်းမှူးတို့လည်း ပါဝင်ခဲ့ကြသည်။

တနင်္လာနေ့တွင် ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော နရန်ဒရာမိုဒီကလည်း ရထားမှောက်မှုကြောင့် ထိခိုက်သေဆုံးရသော ကျန်ရစ်သူမိသားစုများထံ စာနာထောက်ထားကြောင်း တွစ်တာဝက်ဘ်ဆိုက်တွင် ဆုတောင်းစကား ပြောကြားသည်။

အိန္ဒိယရထားလမ်းကွန်ရက်မှာ ကမ္ဘာတွင် အရှည်လျားဆုံးဖြစ်ပြီး လူဦးရေ သန်း ၂၀ ခန့်မှာလည်း နေ့စဉ်ရထားစီးရေ ၁၁,၀၀၀ ကို ပို့ဆောင်ဆက်သွယ်ရေးအတွက် နေ့စဉ်အားထားနေရသည်။

ရထားမတော်တဆမှုများမှာ နိုင်ငံတွင်းအဖြစ်များသည်။ ယခုလ အစောပိုင်းကလည်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ရထားလမ်းဖြတ်တစ်ခု၌ ဂျစ်ကားတစ်စီးကို ရထားက ဝင်တိုက်ပြီးနောက် ကားပေါ်ပါ မင်္ဂလာဆောင်သွားမည့်လူ ၁၃ ဦး သေဆုံးခဲ့ရသည်။

ထိုအဖြစ်အပျက် မတိုင်မီ လေးရက်ခန့်ကလည်း မွမ်ဘိုင်းတွင် ရထားလမ်းချော်မှုကြောင့် လူ ၁၉ ဦးခန့် သေဆုံးခဲ့ရသည်။

*—Ref: AP*



*ဘန်ကောက်မြို့ လယ်ချီတက်ပွဲတစ်ခုအတွင်း စစ်သားများ၏ထိန်းသိမ်းခြင်းခံရပြီးနောက် စစ်အုပ်ချုပ်ရေးဆန့်ကျင်သော ဆန္ဒပြသူတစ်ဦးက ပြန်လည်တုံ့ပြန်နေသည်ကို တွေ့ရစဉ်* ERIK DE CASTRO/REUTERS

# ဆီးရီးယားဒုက္ခသည်များ ကင်ဆာရောဂါကုသခွင့် ငြင်းပယ်ခံရဟု ကုလပြောကြား

**ဂျီနီဗာ၊ မေ- ၂၆**

ဆီးရီးယားစစ်ဘေးဒုက္ခသည်များနှင့် ကင်ဆာရောဂါရှိသည့် အခြားသော ဒုက္ခသည်များအတွက် လိုအပ်သော ဆေးဝါးကုသမှုများကို အကူအညီပေးရန် ရန်ပုံငွေမရှိသဖြင့် ငြင်းပယ်နေရသည်ဟု ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီမှ ထိပ်တန်းဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူက မေလ ၂၆ ရက်တွင် ပြောကြားသည်။

သုံးနှစ်ကြာ စစ်ပွဲအတွင်း ဆီးရီးယားနိုင်ငံသား သန်းပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အီရတ်နိုင်ငံတွင်လည်း ဆယ်စုနှစ်တစ်ခုအကြာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များကြောင့် ယင်းဒေသအတွင်း ကျန်းမာရေးစနစ်များ မနိုင်မနင်းဖြစ်နေသည်။

ဝက်သက်ရောဂါသည်တိုင်းကို ကုသပေးနိုင်သော်လည်း ကင်ဆာရောဂါသည်တိုင်းကို မိမိတို့ မကုသပေးနိုင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ ဆေးဘက်ဆိုင်ရာအကြီးအကဲကပြောသည်။

**စာမျက်နှာ၄၆** ››

# ရည်းစားဟောင်း၏အလှပုံများ ဖျက်ဆီးရန် အမျိုးသားတစ်ဦးကို ဂျာမနီတရားရုံးအမိန့်ပေး

**ဘာလင်၊ မေ- ၂၆**

ရည်းစားဟောင်း၏ သဘာဝအလှဓာတ်ပုံများ၊ ဗီဒီယိုများကို ဖျက်ပစ်ရန် ဂျာမနီ တရားရုံးတစ်ရုံးက အမျိုးသားတစ်ဦးကို အမိန့်ချမှတ်လိုက်သည်။

အဖော်ဟောင်းတစ်ဦးဦး၏ တောင်းဆိုမှုအရ အဆက်ဖြတ်ပြီးချိန်တွင် ၎င်းတို့ရိုက်ကူးထားသည့် ဓာတ်ပုံများ၊ ဗီဒီယိုများကို ဖျက်ပစ်ရမည်ဟု ကိုဘလန့်ဇ်ဒေသဆိုင်ရာ ထိပ်တန်းတရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ချစ်ကြိုက် နေချိန်အတွင်း ရိုက်ကူးထားသော အမျိုးသမီးအဖော်၏ သဘာဝအလှဓာတ်ပုံများနှင့် ဗီဒီယိုများစွာ စုဆောင်းထားသည့် ဓာတ်ပုံဆရာတစ်ဦးကို တရားရုံးက ယင်းသို့အမိန့်ချလိုက်ခြင်းဖြစ်သည်။ **စာမျက်နှာ၄၆** ››




BRAND'S
အမြင့်မားဆုံးစွမ်းဆောင်ရည် အတွက်
ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ် သောက်ပါတယ်
ဂျင်စင်းပေါင်းစပ်
ကောင်းမြတ်တဲ့
ဖော်မြူလာ
BRANDS
ကျွန်တော်က အိပ်မက်ဆုံရာအစီအစဉ်နဲ့ အခြားဂီတ သင်တန်းတွေမှာ သင်ကြားမှုတွေ မပြတ်လုပ်နေရပါတယ်။ ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ်သောက်လို့ မောပန်း နွမ်းနယ်မှုမရှိဘဲ ကျန်းမာလန်းဆန်းပြီးအားရှိနေတာပေ့ါ။
ခိုင်မြဲသာ
(အဆိုတော်၊ Vocal Trainer)
X-tra Herbs
BRAND'S
BRAND'S
花旗參雞精
Essence of Chicken
with Ginseng X-Tra Herbs
ပင်ပန်းနွမ်းနယ်မှုမှန်သမျှ ပျောက်ကင်းစေပြီး လုပ်ငန်းတာဝန်များကို ပုံမှန်ထက်ပင် စွမ်းရည်မြင့်မားစွာ လုပ်ဆောင်နိုင်ခြင်း
ဂျင်စင်းပေါင်းစပ်ထားတဲ့ ကောင်းမြတ်သော ဖော်မြူလာ၏ အစွမ်းကြောင့် သက်လုံကိုအထူးကောင်းမွန်စေပြီး ခွန်အားကို လည်းတိုးမြှင့်စေနိုင်ခြင်း

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## တက္ကသိုလ်ကောလိပ်များမှ အကြီးအကဲရာထူး ၃၀ဦး ပြောင်းလဲတာဝန်ပေး

ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်ဖြင့် တက္ကသိုလ်၊ ကောလိပ်များမှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခရာထူးနေရာ ၃၀ ခန့်ကို ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။ ယခု တက္ကသိုလ်အဆင့်မြင့်ရာထူး အပြောင်းအလဲတွင် ဒုတိယပါမောက္ခချုပ်ရာထူးနှင့် ကောလိပ်ကျောင်းအုပ်ရာထူး ပူးတွဲထမ်းဆောင် စေသော တာဝန်ပေးအပ်မှုများ ပါဝင်လာခြင်းသည် ထူးခြားမှုဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ ဆရာတစ်ဦးက ဆိုသည်။ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဒုတိယပါမောက္ခချုပ်သုံးဦးနှင့် ကျောင်းအုပ်ကြီးတစ်ဦးကိုလည်း နယ်မြို့ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်းမှာ ပြစ်ဒဏ်ပေးသည့် သဘောသက်ရောက်ကြောင်း သိရသည်။

## နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်း

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည့် နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအစီအစဉ်တွင် ပွင့်လင်းမြင်သာမှု ရှိစေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်ရှစ်ဦး ပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် လက်ရှိ ဗဟိုဘဏ် ဥက္ကဋ္ဌအား တာဝန်ပေးထားကြောင်း နိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၄ တွင် ထုတ်ပြန်ထားသည်။

## အပစ်အခတ်ရပ်စဲရေး ဒုတိယမူကြမ်း ဇွန်လတွင် ထပ်မံဆွေးနွေးမည်

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် ဒုတိယမူကြမ်းကို မေလ ၂၃ ရက်က သဘောတူညီမှုရရှိခဲ့သည်။ ယင်းမူကြမ်းအတွက် တိုင်းရင်းသားအဖွဲ့များက ထိပ်သီးညီလာခံတစ်ခုကို ဇွန်လအတွင်းပြုလုပ်၍ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။ ထို့နောက် အစိုးရနှင့် ထပ်မံဆွေးနွေးပြီး ဩဂုတ်လတွင် အပြီးသတ်လက်မှတ် ရေးထိုးနိုင်မည်ဟု နှစ်ဖက်မျှော်လင့်ထားသည်။

## တရားခံပြေးဖမ်း ရဲသားနှစ်ဦး ဝိုင်းရိုက်ခံရ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် တောယောကျေးရွာတွင် တရားခံပြေးလာဖမ်းသည့် ရဲတပ်သားနှစ်ဦးကို ရွာသား အချို့က ရိုက်နှက်ပြီး ဒေသခံရဲကင်းကိုလည်း မီးရှို့ဖျက်ဆီးမှု မေလ ၂၂ ရက်က ဖြစ်ပွားခဲ့သည်။ ရွာသားဆယ်ဦးခန့်က ရဲတပ်သားနှစ်ဦးစီးလာသည့် ဆိုင်ကယ်ကို ယူမောင်းကာ ရဲကင်းကို မီးရှို့ပြီး ဆိုင်ကယ်နှစ်စီးကိုပါ မီးရှို့ခဲ့ကြောင်း ဗန်းမောက်မြို့မ ရဲစခန်းမှ သတင်းရရှိသည်။

## မုန်တိုင်းငယ်အရှိန်ကြောင့် ရန်ကုန်တွင် မိုးသည်းထန်စွာ ရွာသွန်း

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် မေလ ၂၁ နှင့် ၂၂ ရက်က ရခိုင်ကမ်းရိုးတန်းဘက်သို့ ဦးတည်ရွေ့လျားခဲ့သောကြောင့် မိုး/ဇလဌာနကမုန်တိုင်းသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်းနောက်ကြောင်းပြန် ကွေ့သွားခဲ့သည်။ မေလ ၂၃ ရက် မှစကာ အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေဘက်သို့ရွေ့လျားသွားပြီး မုန်တိုင်းငယ်၏ အရှိန်ကြောင့် ရန်ကုန်မြို့အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

## မြန်မာနိုင်ငံ ပညာရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ် ကန်ဒေါ်လာ သန်း ၈၀ ချေး



ဓာတ်ပုံ – ကျော်ဇင်သန်း

မြန်မာနိုင်ငံ၏ အခြေခံပညာ တိုးမြှင့်ရေးလုပ်ငန်းများအတွက် ကူညီထောက်ပံ့ရန် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ သန်း ၁၀၀ စီမံကိန်း စတင်မည်ဖြစ်ပြီး စီမံကိန်းတွင် ကမ္ဘာ့ဘဏ်က နှစ်ရှည်ချေးငွေ ဒေါ်လာသန်း ၈၀ နှင့် ဩစတြေးလျအစိုးရ၏ အလွတ်အကူအညီ ဒေါ်လာသန်း ၂၀ တို့ပါဝင်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူ ၈ ဒသမ ၂ သန်း တက်ရောက်ပညာသင်ကြားနေသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများသို့ ကျောင်းရန်ပုံငွေထောက်ပံ့ခြင်းအစီအစဉ်နှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူ တစ်သိန်းခန့်အား ပညာသင်ထောက်ပံ့ခြင်း အစီအစဉ်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကူညီရန် ကမ္ဘာ့ဘဏ် အမှုဆောင်ဒါရိုက်တာအဖွဲ့က မေလ ၂၀ ရက်၌ အတည်ပြုလိုက်ခြင်းဖြစ်သည်။

## ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဝန်ကြီး၊ ဒုဝန်ကြီးများ၏ လစဉ်အလှူငွေဖြင့် ဆောင်ရွက်မည်

ကျေးလက်နေပြည်သူလူထု ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ လစာငွေ၏ ၂၅ ရာခိုင်နှုန်းကို လစဉ်အလှူငွေထည့်ဝင်ကြရမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေအတွက် ဘဏ်စာရင်းတစ်ခုကို ဧပြီလကုန်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ပုံငွေထည့်ဝင်လိုသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ယင်းဘဏ်စာရင်းထဲသို့ ထည့်သွင်းရမည်ဖြစ်သည်။ ယင်းအကြောင်းကြားစာကို နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်လက်မှတ်ဖြင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများသို့ မေလ ၁၉ ရက်က ပေးပို့ခဲ့ခြင်းဖြစ်ပြီး အလှူငွေများကို သတ်မှတ်ထားသည့် ငွေစာရင်းသို့ပေးပို့ထည့်သွင်းရမည်ဖြစ်သည်။

## မီတာတစ်လုံးထက် ပိုတပ်ဆင်ထားသည့်အိမ်များကို ငွေတောင်းလွှာ တစ်စောင်တည်းပေါင်းကောက်သည့်စနစ် ဖျက်သိမ်း

မီတာတစ်လုံးပိုမိုတပ်ဆင်ထားသည့် အိမ်များကို ငွေတောင်းခံလွှာတစ်စောင်တည်း ပေါင်း၍ ကောက်ခံသည့်စနစ်ကို ဖျက်သိမ်းပြီး မီတာတစ်လုံးငွေတောင်းခံလွှာတစ်ခု စနစ်ကို ပြန်လည်ကျင့်သုံးမည်ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့က မေလ ၂၅ ရက်တွင် ကြေညာသည်။ လက်ရှိတွင် ပြည်သူများထံ မီတာအားလုံးကို စုပေါင်း၍ တောင်းခံထားသည့် ငွေတောင်းခံလွှာများသည်လည်း ယင်းစနစ်တွင် အကျုံးဝင်မည်ဖြစ်ပြီး ဓာတ်အားခ ငွေမပေးသွင်းရသေးသူများ အနေဖြင့် သက်ဆိုင်ရာ မီတာရုံးတွင် ဘီလ်ကို ပြင်ဆင်ပြီး ငွေပေးသွင်းနိုင်သည်။ စုပေါင်းကောက်ခံလွှာဖြင့် ဓာတ်အားခငွေ ပေးသွင်းပြီးသူများအတွက်လည်း လာမည့်ဇွန်တွင် တောင်းခံမည့် ဓာတ်အားခမှ ယခုလ ပိုမိုပေးသွင်းငွေများကို ခုနှိမ်ပေးသွင်းစေမည်ဖြစ်သည်။

## ပုသိမ်တွင် ကြွက်ကောင်ရေ ၄၀၀ ခန့် ရုတ်တရက်သေ၍ ပလိပ်ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်တွင် ကြွက်များ ရုတ်တရက် သေဆုံးမှုဖြစ်ပွားသဖြင့် ပလိပ်ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှစ်ဆယ့်လေးနာရီပတ်လုံး စောင့်ကြည့်ရေးလုပ်ငန်းများကို မေလ ၂၂ ရက်က စတင်ပြုလုပ်ခဲ့ကြသည်။ ပုသိမ်မြို့နယ်၊ ရှောပြာကျေးရွာရှိလမ်းများ၊ အိမ်များတွင် ကြွက်ကောင်ရေ ၄၀၀ ခန့် ရုတ်တရက် သေဆုံးမှုများ တွေ့ရှိရ၍ ကျေးရွာသူ၊ ကျေးရွာသားများက မြို့နယ်ကျန်းမာရေးဦးစီးဌာနထံ သတင်းပေးပို့သောကြောင့် ထိုကဲ့သို့ စောင့်ကြည့်နေရခြင်းဖြစ်သည်။ ယင်းသို့ ဖြစ်ပွားသောကြောင့် ပုသိမ်မြို့ရှိ အစိုးရစာသင်ကျောင်းများ ကျောင်းအပ်လက်ခံရက် နောက်ဆုတ်ထားသည်။

## ထိုင်းစစ်တပ် အာဏာသိမ်း

နိုင်ငံရေး မငြိမ်သက်မှုများ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီး အတိုက်အခံနှင့် အစိုးရတို့၏ နှစ်ရက်ကြာ စေ့စပ်ဆွေးနွေးညှိနှိုင်းရာတွင် မပြေလည်ခဲ့ခြင်းကြောင့် မေလ ၂၂ ရက်က ထိုင်းစစ်တပ်က အာဏာသိမ်းလိုက်ကြောင်း ထိုင်းကြည်းတပ်အကြီးအကဲ ပရာရွတ်ချန်အိုချာက နိုင်ငံတကာသို့ ပြောကြားခဲ့သည်။ စစ်အုပ်ချုပ်ရေး ပြဋ္ဌာန်းပြီး နှစ်ရက်အကြာတွင် ယင်းသို့ အာဏာသိမ်းလိုက်ခြင်းဖြစ်ပြီး နိုင်ငံကို ပုံမှန်အခြေအနေ ပြန်ရောက်ရန် အမျိုးသားငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုင်းစစ်တပ်က ဝန်ကြီးချုပ်ဟောင်း ယင်လပ်အပါအဝင် လက်ရှိ အိမ်စောင့်အစိုးရအဖွဲ့နှင့် အတိုက်အခံ ဆန္ဒပြခေါင်းဆောင်များကို ထိန်းသိမ်းထားခဲ့ပြီး မေလ ၂၆ ရက်နံနက်တွင် သတင်းစာရှင်းလင်းပွဲတစ်ခုကို စစ်တပ်က မပြုလုပ်မီ ၎င်းတို့အား ပြန်လွှတ်ပေးခဲ့သည်။

## စိတ်ကြွဆေး အလုံးအရင်းထုတ်သည့် နိုင်ငံစာရင်းတွင် မြန်မာ ပါဝင်

အာရှဈေးကွက်အတွင်းဝယ်လိုအားမြင့်တက်နေသော စိတ်ကြွရူးသွပ်ဆေးများ အလုံးအရင်း ထုတ်လုပ်ထွက်ရှိနေသည့် နိုင်ငံများတွင် မြန်မာပါဝင်နေကြောင်း မေလ ၂၀ ရက်က ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ (UNODC) က သတင်းထုတ်ပြန်သည်။ UNODC ၏ အစီရင်ခံစာအရ ၂၀၁၂ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်သည့် ဓာတ်ခွဲခန်းများကို တရုတ်နိုင်ငံတွင် ၂၂၈ ခု၊ ဖိလစ်ပိုင်တွင် ၁၉ ခု၊ မလေးရှားတွင် ၃၀ ခုနှင့် ထိုင်းနိုင်ငံတွင် ၈၄ ခုအထိ တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း အဆိုပါ ဓာတ်ခွဲခန်းမျိုး ခြောက်ခုအထိ ရှိခဲ့သည်ဟု ဆိုသည်။ နောက်ဆုံးရရှိထားသော အချက်အလက်များအရ တရုတ်နိုင်ငံတွင် စိတ်ကြွရူးသွပ်ဆေး ဖမ်းဆီးရရှိမှု ၁၆ တန်၊ ထိုင်းနိုင်ငံတွင် ၁၀ တန်ကျော်၊ မြန်မာနိုင်ငံတွင် နှစ်တန်ခန့်အထိ ရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014



# ဧရာဝတီမြစ်ထိန်းသိမ်းရေး အနာနဲ့ဆေး ဘယ်လောက်ထိ တည့်မလဲ

အိမ့်ဖြူမွှန်

ဆေးကုသရန် အရေးတကြီးလိုအပ်နေပြီဖြစ်သော ဧရာဝတီမြစ်ကို ထိန်းသိမ်းသွားရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်းတစ်ရာထောက်ပံ့ပေးမည်ဟု ကြေညာလိုက်သည်။

ထိုသတင်းကြောင့်ဧရာဝတီမြစ်ကို ထိန်းသိမ်းလိုသူများဝမ်းမြောက်ခဲ့သလို ထိုထောက်ပံ့သည့်ငွေကြေးများကို ထိရောက်အောင်မည်သို့ သုံးစွဲသွားသင့်သလဲဆိုသည့် မေးခွန်းများလည်း တစ်ပြိုင်နက်ပေါ်ပေါက်လာခဲ့သည်။

ဧရာဝတီမြစ်တစ်လျှောက်တွင် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများများလာခြင်း၊ ရေဝေရေလဲဒေသများတွင် အရှိန်အဟုန်ဖြင့်သစ်တောများပြုန်းတီးလာမှုများလာခြင်းကြောင့် ဧရာဝတီမြစ်ပျက်စီးယိုယွင်းမှုများရှိလာပြီဟု ပညာရှင်များက အစဉ်တစိုက်ထောက်ပြပြောဆိုကြသော်လည်း အစိုးရက အရေးယူဆောင်ရွက်ခဲ့ခြင်းအားနည်းခဲ့သည်။

ယခုစီမံကိန်းသည်ဧရာဝတီမြစ်ဆုံစီမံကိန်းရပ်ဆိုင်းပြီးသုံးနှစ်ကျော်ကာလအတွင်း အစိုးရကဦးဆောင်၍ ပထမဆုံးအကောင်အထည်ဖော်လိုက်သော စီမံကိန်းလည်းဖြစ်သည်။ ထို့ကြောင့်အစိုးရသစ်အကောင်အထည်ဖော်မည့်စီမံကိန်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများမျှော်လင့်အားထားလျက်ရှိကြသည်။

“ကမ္ဘာ့ဘဏ်နဲ့ ချိတ်ဆက်ထားတယ်ဆိုတော့ ဒီလုပ်ငန်းအပေါ် ဧရာဝတီနဲ့ပတ်သက်တဲ့ သူတိုင်းက မျှော်လင့်ထားကြမယ်ထင်ပါတယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို ပိုပြီးပြည့်စုံစေချင်တယ်” ဟု သစ်တောဦးစီးဌာန လက်အောက်ရှိ ရေဝေရေလဲဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သူ ဦးတင်အေးက ပြောသည်။

ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုနှင့်အစိုးရက ဧရာဝတီမြစ်ထိန်းသိမ်းရေးလုပ်ငန်းကို ဧရာဝတီဘက်စုံမြစ်ဝှမ်းစီမံခန့်ခွဲမှုစီမံကိန်းဟု ခေါင်းစဉ်တပ်ပြီး ကဏ္ဍကြီးလေးခုကိုအကောင်အထည်ဖော်သွားမည်ဟု ပဏာမအကြံပြုထုတ်ပြန်ထားသည်။ အဆိုပါကဏ္ဍကြီးလေးခုမှ ရေနှင့်ရေသန့်ရှင်းမှု၊ ရေကြီးရေလျှံ ကာကွယ်ရေး၊ ဆိပ်ကမ်း၊ ရေလမ်းနှင့် ရေကြောင်းသွားလာမှု၊ ရေ၊ ရေသန့်ရှင်းမှုနှင့် ရေကြီးရေလျှံ ကာကွယ်ရေးဆိုင်ရာ ပြည်သူ့ရေးရာစီမံခန့်ခွဲခြင်းများကိုအဆင့်လိုက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။



*ဧရာဝတီမြစ်တစ်နေရာ*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အစိုးရ အကောင်အထည်ဖော်မည့် ယင်းစီမံကိန်းသည် ၂၀၁၅ခုနှစ်တွင်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ဘမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် ကမ္ဘာ့ဘဏ်၏ ဘေးရန်ဆီးကာ မူဝါဒအတိုင်း အစိုးရက အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ အရပ်ဘက် အဖွဲ့အစည်းများ၏ အကြံပြုမှုများကို ယခုနှစ်အတွင်း ရယူနေသည်။

စီမံကိန်း အကောင်အထည်ဖော်ရာတွင် ရေဝေရေလဲဒေသများ ပျက်စီးယိုယွင်းနေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ပြဿနာများကို ထည့်သွင်းစဉ်းစားပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက တိုက်တွန်းလိုက်သည်။

“ကောင်းပါတယ်။ ဧရာဝတီမြစ်ဝှမ်းလို့ပြောရင် မြစ်ကြောင်းတစ်ခုတည်းမဟုတ်တော့ဘူး။ ရေဝေရေလဲဒေသပါ ပါတာပေါ့။ ၁၉၈၀ပြည့်နှစ်တုန်းက ဧရာဝတီမြစ်နုန်းပို့ချတာ ၂၉၉မီလီယံကုဗမီတာရှိပါတယ်။ အခုဆိုရင်ပိုများတော့မယ်။ ဘာကြောင့်လဲဆိုရင်တော့ ရေဝေရေလဲဒေသတွေမှာ သစ်တောပြုန်းတီးမှုတွေက မြန်ဆန်နေပါတယ်။ ဒီတော့ ထိန်းသိမ်းရေးလို့ပြောရင် ရေဝေရေလဲပါ ပါမှကောင်းမယ်လို့ပြောချင်ပါတယ်” ဟု အသက် (၈၀)ကျော်သည်အထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလုပ်ဆောင်နေသော ပညာရှင်ဦးအုန်းကပြောသည်။

အကောင်အထည်ဖော်မည့်စီမံကိန်းများတွင် ရေနှင့်ရေသန့်ရှင်းမှု၊ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် နုန်းပို့ချမှုထိန်းညှိခြင်းများသည် စီးပွားရေးလိုအပ်ချက်ကြောင့် မြစ်ကြောင်းတစ်လျှောက်တွင် အစိုးရခွင့်ပြုထားသည့် ရွှေသတ္တုတူးဖော်ရေးစီမံကိန်းများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ဧရာဝတီမြစ်စတင်ရာ မေခ၊ မလိခမြစ်နှင့် မြစ်ကြောင်းတစ်လျှောက်၊ မြစ်လက်တက်များ၏ ကမ်းပါးယံများနှင့် မြစ်လယ်တွင် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကို အစိုးရခွင့်ပြုထားသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းအပြင် လမ်းတံတား၊ ဆည်စီမံကိန်းများ၊ မြို့သစ်တည်ခြင်းနှင့် သစ်တောပြုန်းတီးခြင်း လုပ်ငန်းများသည်လည်း ဧရာဝတီမြစ် ပျက်စီးယိုယွင်းစေသည်။

“သတ္တုတွင်းတွေက ရေတွေဖျော်ပြီးထည့်နေတယ်။ ရေဖျော်ထည့်လိုက်တဲ့မြေကြီးတွေအများကြီး။ မြစ်လက်တက်တွေမှာလည်း ဒီအတိုင်းဖြစ်ပျက်နေတယ်။ ခုရေကြောင်းသွားလို့မရတဲ့နေရာတွေကို သွားလာလို့ရအောင်တူးလိုက်မယ်လို့ပြောတယ်။ ဘယ်လောက်တူးတူးအထက်မှာဖြစ်နေတဲ့ဒီကိစ္စမျိုးတွေကို မဖြေရှင်းသရွေ့အိတ်ပေါက်နဲ့ ဖားကောက်ဖြစ်နေဦးမှာဘဲ” ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာကပြောသည်။

ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများက မြစ်နှင့်အနီးကမ်းပါးရံများတွင် ခြောက်ဖာလုံစီချဲ့၍ သတ္တုရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည်။ သတ္တုရှာဖွေရေးအတွက်လိုအပ်သောရေကို ဧရာဝတီမြစ်အတွင်းမှစုပ်ယူပြီး ရေနှင့်ဖျော်ထားသော စွန့်ပစ်မြေကြီးများကို ဧရာဝတီမြစ်အတွင်းသို့တိုက်ရိုက်စွန့်ပစ်နေကြသည်။

ဧရာဝတီမြစ်အတွင်းသို့ အဓိက မြစ်လက်တက်အဖြစ်စီးဆင်းနေသည့် ချင်းတွင်းမြစ်ဖျား ဉရုမြစ်တွင်လည်း ယင်းပြဿနာများကြုံတွေ့နေရသည်။ ထို့ကြောင့်နွေရာသီတွင် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ရေနက်ကိုမည်သို့ပင်စဉ်းစား၊ စဉ်းစား ရေဦးရေဖျားဒေသတွင် ဖြစ်ပေါ်နေသောပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အချိန်ယူလုပ်ဆောင်ရမည်ဟု ထောက်ပြကြသည်။

“အခုစီမံကိန်းမှာ ရေဝေရေလဲဒေသရဲ့ စီမံခန့်ခွဲမှုမပါသေးဘူး။ အားနည်းနေသေးတယ်။ ရွှေသတ္တုတွင်းကိစ္စအပြင် သစ်တောပြုန်းတီးမှု ပြဿနာတွေလည်းရှိသေးတယ်။ ဒါကြောင့် ရေကြောင်းသွားလာမှု အထောက်အပံ့ဖြစ်တဲ့ စီမံကိန်းဖြစ်သော်ငြားလည်း သစ်တောပြန်လည်ထူထောင်ရေးကိစ္စကို ထပ်ထည့်လိုက်ရင် ပိုကောင်းမယ်လို့ ယူဆပါတယ်”ဟု ဦးတင်အေးကအကြံပြုသည်။

ထိန်းသိမ်းရေးလုပ်ငန်းဟုဆိုပါကအကောင်အထည်ဖော်ရမည့်လုပ်ငန်းပိုင်းရှိသလို မူဝါဒပိုင်းအရ ပြင်ဆင်ရမည့် အပိုင်းများလည်းရှိကြောင်း၊ ယနေ့မျက်မှောက်ခေတ်တွင် အစိုးရဝန်ကြီးဌာနများကိုယ်စီအလိုက်အကောင်အထည်ဖော်နေသောလုပ်ငန်းများသည်လည်း အချိတ်အဆက်မိမိရှိသင့်သည်ဟု ထောက်ပြကြသည်။

“ဧရာဝတီမြစ်က ဖျားနာနေတဲ့မြစ်တစ်စင်းပါ။ ဒီစီမံကိန်းက အနာနဲ့ဆေး တည့်တည့်ကျမလား၊ မကျဘူးလား။ ကျသွားရင်ကောင်းတယ်။ မကျဘူးဆိုရင်တော့ နဂိုကတည်းကဖျားနာနေတဲ့မြစ်တစ်စင်းအတွက် စိုးရိမ်စရာပေါ့”ဟု ဧရာဝတီမြစ်ပေါ်တွင် ဆည်တည်ဆောက်မှုနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာပေါင်းအချက် ၂၀ မေးခွန်းထုတ်ခဲ့သူဦးဝင်းမျိုးသူက ပြောသည်။

ဧရာဝတီမြစ်၏ ပျက်စီးယိုယွင်းမှုကို လေ့လာရာတွင် သဘာဝဖြစ်စဉ်နှင့် လူဖြစ်စဉ်နှစ်ပိုင်းခွဲခြားထားပြီး လူကြောင့်လား၊သဘာဝကြောင့်လားသိရှိရန် လူထုလူတန်းစားအားလုံးပါဝင်သော သုတေသနတစ်ရပ်လိုအပ်နေပြီဟု မြစ်ချောင်းဆိုင်ရာ ဘူမိရုပ်သွင်ပညာလေ့လာထားသူ ဦးမောင်မောင်အေးက အကြံပြုထားသည်။

“လူတွေရဲ့ ပယောဂကြောင့် လမ်းတွေဖောက်၊ တံတားတွေဆောက်၊ မြို့သစ်တည်၊ သစ်ခုတ်၊ သတ္တုတူး၊ စတာတွေကမြစ်ဝှမ်းကို ပျက်စီးစေပါတယ်။ အဲဒါကြောင့် ဧရာဝတီရဲ့ ပြောင်းလဲမှုဟာအရမ်းမြန်ဆန်နေခြင်းဖြစ်ပါတယ်” ဟု ဦးမောင်မောင်အေးကဆိုသည်။

လက်ရှိဧရာဝတီမြစ်၏အခြေအနေသည် နွေရာသီကာလ၌ ရေကြောင်းသွားလာရေးအတွက် လုံလောက်သော ရေအနက်မရှိခြင်း၊ ရေနည်းခြင်းတို့ကို ကြုံတွေ့နေရသလို မိုးရာသီကာလ၌ ရေလျှံခြင်းများကိုလည်း နှစ်စဉ်ကြုံတွေ့နေရသည်။

“အရင်တုန်းက မြစ်ကြီးလျှံလျှံပြီး ဖောင်းတက်လာရင် ရေဝပ်ဧရိယာတွေရှိလို့ ကြီးကြီးမားမား ပြဿနာနည်းပါတယ်။ အခုက အဲဒီရေဝပ်ဧရိယာတွေဟာ မြို့သစ်ချဲ့ထွင်မှု၊ ဆည်တွေကြောင့်ပျောက်ကုန်ပြီး အဲဒီ ရေဝပ်ဧရိယာတွေ မပျောက်အောင်အစိုးရဌာနအချင်းချင်း ဘယ်လိုညှိမလဲ။ ဒါဟာ အရေးကြီးတဲ့ ပြဿနာပါ”ဟု ဦးဝင်းမျိုးသူကပြောသည်။

ဧရာဝတီမြစ်ထိန်းသိမ်းရေး သုံးသပ်ချက်သည် တစ်ဦးနှင့်တစ်ဦးအမြင်တူညီမှုရှိမည်မဟုတ်ကြောင်း၊ ဧရာဝတီမြစ်ကို လူထုနှင့်နည်းတူ ချစ်ခင်သောကြောင့် ထိန်းသိမ်းရေးကိစ္စများကို ဂရုတစိုက်နှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဧရာဝတီမြစ် ထိန်းသိမ်းရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ မူဝါဒအတိုင်း အကြံပြုချက်များဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် စီမံကိန်းမတိုင်မီ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း၊ လူမှုထိခိုက်မှုစစ်တမ်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာများကို ရေးဆွဲသွားမည်ဖြစ်သည်။

အစိုးရကိုယ်တိုင် ဦးစီးပြီးလုပ်ကိုင်သည့် မြစ်ကြောင်းများထိန်းသိမ်းရေးလုပ်ငန်းသည် ပြီးပြည့်စုံသည်အခြေအနေမရှိသလို ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်က ရိုက်ခတ်လာသောကြောင့် အခက်အခဲများဖြစ်ခဲ့ရသည်။

“ကျွန်တော်တို့က နယ်သာလန်နိုင်ငံနဲ့လုပ်တဲ့ ဧရာဝတီမြစ်ထိန်းသိမ်းရေးသုတေသနရဲ့ အစိတ်အပိုင်းတစ်ခုကိုသာအကောင်အထည်ဖော်နိုင်ခဲ့တယ်။ လိုအပ်ချက်ရှိနေတာတော့ တကယ့်အမှန်ပါပဲ။ ဒါပေမဲ့ အခုချက်ချင်းထလုပ်မယ်ဆိုရင် ဘာလုပ်ရမလဲဆိုတဲ့ အဖြေကိုရှာပေးနိုင်တာမရှိသေးဘူး။ ဒါပေမဲ့ အကြံပြုချက်တွေဟာ တကယ့်လိုအပ်တဲ့ကိစ္စတွေပါ။လေးလေးစားစားလိုက်နာဆောင်ရွက်ပါမယ်”ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးစိန်ထွန်းက ပြောသည်။

ပညာရှင်များ၏ ထောက်ပြပြောဆိုမှုများကို ထည့်သွင်းစဉ်းစားမည်ဟု မေလ ၁၉ရက်သတင်းစာရှင်းလင်းပွဲတွင် ၎င်းက တရားဝင်ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဧရာဝတီမြစ်ထိန်းသိမ်းရေးအတွက်အစိုးရ၏ပထမဆုံးခြေလှမ်းဖြစ်သောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအများစုက အပြုသဘောဆောင်၍ကြိုဆိုလိုက်သည်။ ကြိုဆိုလိုက်သော်လည်း လက်ရှိဖြစ်ပျက်နေသော ဧရာဝတီမြစ်ယိုယွင်းမှုများနှင့် ပတ်သက်၍ အစိုးရအကောင်အထည်ဖော်နေသည့် စီမံကိန်းသည်အနာနှင့်ဆေးတည့်တည့်တိုးမည်လားဟူသော မေးခွန်း၏ အဖြေကို သိချင်နေကြသည်။

7 DAY NEWS JOURNAL
Vol.13, No.12 • MAY 28 , 2014

# ၁၅၀၀ တန်ဆင်းမ်ကတ်နှင့် ပြောင်းလဲသွားသော နိစ္စဓူဝများ



*မိုဘိုင်းဖုန်းဖြင့် ပုလင်းခွံ၊ ဘူးခွံဈေးစုံစမ်းနေသော ကိုစိုးကို တွေ့ရစဉ်*

ဓာတ်ပုံ – ညီညီဇော်

**ညီညီဇော်**

မန္တလေးမြို့ ရတနာပုံဈေးအနီး လမ်းသွယ်တစ်ခုအတွင်း ပလတ်စတစ်များ၊ ကော်အကြွပ်များ၊ ပုလင်းခွံ၊ ဘူးခွံများဖြင့် ရှုပ်ပွနေသည့် နေရာတွင် ကိုစိုးတစ်ယောက် မိုဘိုင်းဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။

"ဟယ်လို.. ကိုစိုးပါ။ ဒီနေ့ မြန်မာဘီယာပုလင်း ဘယ်လောက်ပေါက်လဲ။ ဪ.. ထောင့်ပုလင်းကရော အင်း.. ဟုတ်ပြီ။ အပြားပုလင်းကရော မနေ့က ဈေးပဲလား။ ဪ.. အေး ဟုတ်ပြီ။ အင်းအင်း ကျေးဇူးပဲ"

ကိုစိုးတစ်ယောက် ပုလင်းဈေးတင်မက ရေသန့်ဘူးဈေး၊ ပလတ်စတစ်ဈေးတွေပါ ဒိုင်ကြီးတွေဆီ ဖုန်းတစ်လုံးဖြင့်မေးသည်။ အားလုံး ဆက်ပြီးတော့ စွန့်ပစ်ပစ္စည်းတွေ ဝယ်ရောင်းလုပ်ကိုင်သူ ကိုစိုးတစ်ယောက် ပစ္စည်းတွေကို ဒီနေ့ဘယ်ဈေးနဲ့ ကောက်ရမလဲဆိုတာကို စိတ်တွက်တွက်လိုက်ပြီးဖြစ်သည်။

"ကျွန်တော်တို့အလုပ်က တက်ဈေးကျဈေးတွေ အမြဲစုံစမ်းနေရတာ။ ဖုန်းမရှိခင်ကတော့ ဆိုင်ကယ်တက္ကစီငှားပြီး လိုက်မေးရတာ။ ဘယ်လိုမှ အဆင်မပြေဘူး။ ခု ထောင့်ငါးရာတန်ဖုန်းနဲ့ဆိုတော့ တော်တော်လေးအဆင်ပြေသွားပြီ" ဟု ကိုစိုးက ပြောသည်။

လွန်ခဲ့သော နှစ်များစွာက ကျပ်သိန်းဆယ်ချီ တန်ဖိုးရှိခဲ့သော မိုဘိုင်းလက်ကိုင်ဖုန်းများမှာ ကိုစိုးတို့လို အခြေခံလူတန်းစားများနှင့် မသက်ဆိုင်သည့် ပစ္စည်းတစ်ခုပမာ ခပ်ကင်းကင်းပင် ရှိခဲ့ပါသည်။ ယခုအချိန်တွင်တော့ အစိုးရက တစ်ထောင့်ငါးရာကျပ်ဖြင့် ခွဲတမ်းချကာ ချထားပေးသဖြင့် ကိုစိုးတို့လက်ထဲ မိုဘိုင်းဖုန်းလေးတွေ ရောက်ရှိလာခဲ့ရပါသည်။ ကိုစိုးတင်မကပါ။ ရေအိုးရောင်းသူ၊ ရေခဲချောင်းရောင်းသူ၊ ကုန်စိမ်းရောင်းသူ၊ ကုန်တင်ကုန်ချ လုပ်ကိုင်သူ အစရှိသည့် အခြေခံလူတန်းစားအချို့ထံသို့ တစ်ထောင့်ငါးရာတန်ဆင်းမ်ကတ်များရောက်ရှိလာခဲ့ခြင်းက ၎င်းတို့လုပ်ငန်းများကို အနည်းငယ်ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

၂၀၁၃ ဧပြီလမှ စ၍ ၁၅၀၀ တန်ဆင်းမ်ကတ်များချပေးခဲ့ရာ ယခုအခါ ကတ်ပေါင်း လေးသန်းခန့် ရောင်းချပြီးဖြစ်သည်။ ယခင်ချထားပေးပြီးသော ၁၅သိန်း၊ ၅ သိန်း၊ ၂ သိန်းဖုန်း အားလုံးပေါင်းတွင် လူဦးရေသန်းခြောက်ဆယ်ရှိသော မြန်မာနိုင်ငံ၌ ဖုန်းကတ်ရှစ်သန်းခန့် ရောင်းချပြီးဖြစ်သည်။ ထို့အပြင် မကြာမီလပိုင်းအတွင်း တယ်လီနော၊ အူရီးဒူး၊ ရတနာပုံတယ်လီပို့၊ မြန်မာ့ဆက်သွယ်ရေးတို့မှ ကျပ် ၁၅၀၀ ထက်ဈေးမကြီးသော ဆင်းမ်ကတ်များကို နိုင်ငံတဝန်း ရောင်းချပေးတော့မည်ဖြစ်ရာ ဖုန်းတော်လှန်ရေးတစ်ရပ် မကြာမီ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ထိုအချိန်တွင် အခြေခံလူတန်းစားသည်ပင် ဖုန်း ၂လုံး၊ ၃လုံး ကိုင်နိုင်တော့မည်ဖြစ်သည်။

"အရင်က ရွာကို ပစ္စည်းမှာတာပဲဖြစ်ဖြစ်၊ မိသားစုကိစ္စမှာတာပဲဖြစ်ဖြစ်၊ မော်တော်ကြုံတာနဲ့ စာရေးပြီးမှာရတယ်။ အဲဒီမော်တော် ပြန်ရောက်မလာမချင်း ဘာမှမသိရဘူး။ သုံးလေးရက်လောက်ကြာတယ်။ အခုတော့ ဖုန်းတွေကြောင့် အရင်လိုမကြာတော့ဘူး" ဟု ခက်သင်ရွာမှာ မန္တလေးမြို့ပေါ်တက်ကာ ရေအိုးရောင်းနေသူ မခိုင်က ဆိုပါသည်။

မခိုင်တို့လို ကျေးလက်ဒေသမှ မြို့ပေါ်တက်ကာ အရောင်းအဝယ်လုပ်နေသူတွေအဖို့ တန်ဖိုးနည်းဆင်းမ်ကတ်က အတန်အသင့် ပံ့ပိုးပေးနိုင်ခဲ့သည်။ မိမိဇာတိရပ်ရွာနှင့် အမြဲမပြတ် ဆက်သွယ်နိုင်လာခဲ့ပြီး စီးပွားရေးအပြင် သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ အပြန်အလှန် သတင်းပါးနိုင်ခဲ့ကြသည်။ မစိုးတို့ကဲ့သို့ နယ်မှ တက်လာသည့် သူများအပြင် မြို့ပေါ်မှာ အခြေချ နေထိုင်သည့် ကာယလုပ်သားတွေ အတွက်လည်း တစ်ထောင့်ငါးရာတန်ဖုန်းက ပံ့ပိုးပေးပြန်ပါသည်။

ယခင်တောင်သူအလုပ်မှ ယခုကြက်မွေးမြူရေး လုပ်ကိုင်နေသော ကျောက်ပန်းတောင်းမြို့နယ် ဆယ်ရွာမှ ကိုအောင်နိုင်လင်းကတော့ ကျပ်၁၅၀၀တန်ဆင်းမ်ကတ်မှာ တောရွာမှလူများအတွက် လုပ်ငန်းရှိလျှင် အဆင်ပြေသော်လည်း လုပ်ငန်းမရှိသူများအတွက် ငွေပိုကုန်စေသည်ဟုပြောသည်။

"လုပ်ငန်းမရှိတဲ့သူတွေ ဆိုရင် အလကားနေရင်း ပိုက်ဆံကုန်မှာ။ အစ်ကိုတောင် ဒီအလုပ်လေးရှိလို့ အသုံးတည့်တာ။ ဖုန်းကိုင်တဲ့သူများလာပြီဆိုတော့ ဖုန်းကိုင်ပြီးရှိုးထုတ်လို့ ဘယ်သူမှ အထင်မကြီးတော့ဘူး"ဟု ကိုအောင်နိုင်လင်းက ပြောသည်။

"ယောက်ျားက မြစ်ဆိပ်မှာ ကုန်ထမ်းတာလေ။ ကုန်တွေရောက်ပြီဆို လှည်းခေါင်း (အလုပ်ရှင်) က ဖုန်းဆက်တယ်။ အရင်က အလုပ်ရှိတယ်ဆို သူ့ကို ရှာလို့ကို မရဘူး။လက်ဖက်ရည်ဆိုင်ရောက်လိုက်၊ လက်တောက်ခုံ ရောက်လိုက်နဲ့။ ခုကျတော့ သူ့ကိုဖမ်းဖို့ လွယ်သွားတယ်" ဟု မန္တလေး အောင်ချမ်းသာရပ်ကွက်မှ မနှင်းက ပြောသည်။

မိုဘိုင်းဖုန်းလေးတွေကမနှင်းတို့လို အခြေခံလူတန်းစားတွေ လက်ထဲ လွယ်လွယ်ကူကူရောက်ခဲ့တာတော့ မဟုတ်ပါ။ နေရာဒေသအလိုက် လစဉ်ခွဲတမ်းချပေးသည့် တစ်ထောင့်ငါးရာတန် တန်ဖိုးနည်းဖုန်းကတ်များအား ရင်တမမဖြင့် မဲနှိုက်ကာ တစ်အိမ်ထောင် တစ်လုံးနှုန်းဖြင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ အချို့မဲနှိုက်၍ မပေါက်သေးသူများကတော့ ကိုင်ချင်၍ ဈေးပိုပေးကာ ဝယ်ကိုင်ခဲ့ကြသည်။

"လေးသောင်းပေးရတယ်။ နေ့ပြန်တိုးယူပြီး ဝယ်ပလိုက်တယ်။ ကိုင်ချင်လို့" ဟု မနှင်းက သူ့အတွေ့အကြုံကို ပြောသည်။ ယခင်က တစ်ထောင့်ငါးရာဖုန်းတစ်လုံးလျှင် တစ်လလျှင်ငွေနှစ်ထောင့်ငါးရာကျပ် မဖြစ်မနေ အသုံးပြုရမည်ဆိုသည့်ကန့်သတ်ချက်ကြောင့်ဖုန်းစကိုင်သူ အခြေခံလူတန်းစားများအတွက် အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ ကျေးလက်မှ တောသူတောင်သူအချို့ ငွေအလဟဿကုန်မည်စိုး၍ မကိုင်ရဲတော့ဘဲ ပြန်လည်ရောင်းချခြင်းများ ရှိခဲ့သည်ဟု ဆိုသည်။

"အစ်မတို့ ဇာတိ ခက်သင်ရွာဘက်ကဆို တော်တော်များများ ပြန်ရောင်းပစ်ကြတယ်။ တောသူတောင်သား ပြောစရာမှမရှိတာ။ အချောင်နေရင်း တစ်လနှစ်ထောင့်ငါးရာ ကုန်မှာဆိုတော့ ကြောက်ပြီး ရောင်းကုန်ကြတာ" ဟု မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းမှ ရေအိုးရောင်းသူ မခိုင်က ပြောသည်။

တချို့တွေကတော့ လကုန်ခါနီးပြီဆို နှစ်ထောင့်ငါးရာ အလကားမကုန်စေရေးလှည့်ပတ်ဆက်ကြသည်။ တစ်အိမ်နှင့်တစ်အိမ် လှမ်းခေါ်ရင်တောင် ကြားနိုင်တာကို ဖုန်းတစ်လုံးဖြင့် စကားမရှိစကားရှာ ပြောခဲ့ကြသည်။

"မသုံးရင် ဂဏန်းပိတ်မယ်ဆိုလို့ အကြောင်းမရှိ အကြောင်းရှာ လှည့်ပတ်ဆက်ရတာ။ ဆက်ရမယ့်သူ ကုန်သွားတော့ တခြားသူတွေကိုပါ ရှော့ဖုန်းနဲ့ဆက်ဆိုပြီး ပစ်ပေးရတော့တာပဲ" ဟု မခိုင်က ပြောသည်။

ဆင်းမ်ကတ်မှာ တန်ဖိုးနည်းသော်လည်း ဆင်းမ်ကတ်ထည့်သုံးရမည့် ဟန်းဆက်ဈေးများ ကြီးမြင့်နေမှုကလည်း အခြေခံလူတန်းစားများအတွက် အနည်းငယ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သည်။

"ခုနစ်သောင်း ကိုးထောင်တောင် ပေးရတယ်။ ပျက်မှာစိုးရိမ်တယ်။ ယောက်ျားက ဂိမ်းခဏခဏဆော့တာ" ဟု မရမ်းခြံဆိပ်ကမ်းမှ မထွေးရီက ပြောသည်။ ထို့အပြင် နည်းပညာမြင့် ပစ္စည်းများဖြစ်သည့်အတွက် စကိုင်ခါစအချိန်တွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသည်ဟု ဆိုကြသည်။

"ဖုန်းလာတော့ မကိုင်တတ်တာနဲ့ တခြားသူတွေ လိုက်ကိုင်ခိုင်းတာ ဘယ်သူမှ မကိုင်တတ်ကြဘူး။ နောက်ဆုံး ငါးသည်က ဒီလိုလေးရွှေ့ဆိုပြီး လုပ်ပြမှ သိသွားတာ" ဟု ပန်းရောင်းသူ မနှင်းက ရယ်မောရင်း ပြောပြသည်။

ထို့အပြင် ဖုန်းပြောဆိုခ အနည်းငယ် လျှော့ချပေးရန်လည်း ဖုန်းကိုင်နေသူ အခြေခံလူတန်းစားများက တောင်းဆိုကြသည်။

"တစ်မိနစ်အစိတ်လောက်ဆို မဆိုးဘူး။ ငါးဆယ်ကျများတယ်" ဟု ကိုစိုးက ဆိုသည်။

ယခုကဲ့သို့ တစ်အိမ်ထောင်တစ်လုံး မဲနှိုက်သည့်အစီအစဉ်ထက် လိုအပ်သလောက် ရောင်းချပေးမည့် အစီအစဉ်ကိုလည်း စောင့်မျှော်နေပါသည်ဟု ၎င်းတို့က ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ တစ်ထောင့်ငါးရာတန် တန်ဖိုးနည်းဆင်းမ်ကတ်နှင့် သောင်းချီတန်သည့် ဟန်းဆက်ကို တွဲဖက်ထားသည့် ဖုန်းတစ်လုံးဖြင့် ကိုစိုးတစ်ယောက် နေ့စဉ် အလုပ်တွေများနေဦးမည် ဖြစ်ပါသည်။

# အမတ်

**အောင်သူရ**

လွှတ်တော်အမတ်အချို့ကို စီးပွားရေးလုပ်ငန်းရှင်များက ပုံစံမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းမှုများရှိနေသည်။ အမတ်များကို သိန်းရာချီတန်သောကားများဝယ်ပေးထားသူများရှိသလို သွားစရိတ်၊ လာစရိတ် ထောက်ပံ့ပေးသူများလည်း ရှိသည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးလည်းဖြစ်၊ လွှတ်တော်အမတ်လည်းဖြစ်သူ တစ်ဦးက အမျိုးသားလွှတ်တော်အမတ်တစ်ဦးကို ပါဂျဲရိုးကားတစ်စီးဝယ်ပေးထားသည်။

ထို့အပြင် နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးက လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌတစ်ဦးကို ကားတစ်စီးဝယ်ပေးထားပြီး ယာဉ်မောင်းပင် ခန့်ပေးထားကြောင်း စုံစမ်းသိရှိရသည်။

ခရီးစရိတ်နှင့် လွှတ်တော်အမတ်များပြုလုပ်သော စည်းရုံးရေးပွဲများအတွက် ငွေကြေးထုတ်ပေးသူများလည်း ရှိပါသည်။

ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းမှာ စီးပွားရေးလုပ်ငန်းရှင်များက ဥပဒေများပြဋ္ဌာန်းရာတွင် ၎င်းတို့အကျိုးစီးပွား ကာကွယ်မည့်အချက်များ ထည့်ပေးရန်၊ ၎င်းတို့၏ အကျိုးစီးပွားများကို ထိပါးလာမည့် ဥပဒေများ လုပ်ငန်းများအား ကန့်ကွက်ပေးရန်တို့ဖြစ်သည်။

"ကျွန်တော်တို့ လွှတ်တော်ထဲမှာလည်း ခရိုနီအမတ်တွေရှိပါတယ်။ နောက်ကွယ်က စီးပွားရေးသမားတွေ၊ ကိုယ်ကျိုးသမားတွေက သူတို့အတည်ပြုချင်တဲ့ ဥပဒေကြမ်းလေးတွေကို အတည်ပြုဖြစ်အောင် ဒါမှမဟုတ်လည်း ဥပဒေကိုမပြဋ္ဌာန်းနိုင်အောင်လွှတ်တော်အမတ်တွေကို သိမ်းသွင်းတာတွေပါ"ဟု တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောသည်။

ထိုကဲ့သို့သော အမတ်များရှိနေသဖြင့် ဥပဒေများ ပြင်ဆင်ခြင်းနှင့်အသစ်ရေးဆွဲရာတွင်ကြန့်ကြာမှုများ ရှိနေခြင်းဖြစ်ကြောင်းလွှတ်တော်အမတ်အချို့က ပြောသည်။

ထိုအဖြစ်အပျက်မျိုး တိတိပပ မပြောနိုင်သော်လည်း ထိုကဲ့သို့ ဖြစ်စဉ်များရှိနိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်အမတ် ဦးမြင့်ဦးက ဆိုသည်။

ထင်ရှားသော သာဓကမှာ အများပြည်သူအတွက် အဓိကလိုအပ်နေသော ဆက်သွယ်ရေးလိုင်

# များကို ထောင်ဖမ်းသောကျော့ကွင်း


စင်ချပေးရေးကိစ္စတွင် လွှတ်တော်က အရေးကြီးအဆိုတင်သွင်း၍ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ အလားတူ လျှပ်စစ်မီတာခတိုးကောက်ရေးကိစ္စတွင်လည်း လွှတ်တော်က မကန့်ကွက်ခဲ့ကြပေ။ အခွန်နှင့် ပတ်သက်သော ဥပဒေနှင့် အနိမ့်ဆုံးလုပ်ခလစာ ဥပဒေများ ပြဋ္ဌာန်းရာတွင်လည်း အကြိတ်အနယ်ဆွေးနွေးခဲ့ကြသည်။ အနိမ့်ဆုံးအခကြေးငွေမှာ ယနေ့အထိပင် မသတ်မှတ်နိုင်သေးပေ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းရာတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများသာ လုပ်ကိုင်နိုင်သည့် ၄၉း၅၁ အချိုးကို အတည်ပြုပေးရန် လွှတ်တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများက လိုက်လံစည်းရုံးခဲ့ကြောင်း ပြည်ခိုင်ဖြိုးပါတီ အမျိုးသားလွှတ်တော်အမတ် ဦးလှဆွေက ပြောသည်။

ထို့ကြောင့်လည်း ထိုဥပဒေကို အကြိတ်အနယ်ဆွေးနွေးခဲ့ရပြီး နောက်ဆုံးလုပ်ငန်းရှင်အားလုံးနီးပါး လုပ်ကိုင်နိုင်မည့် ၂၀း၈၀ အချိုးသို့ ပြောင်းလဲအတည်ပြုနိုင်ခဲ့သည်။

လက်ရှိလွှတ်တော်အမတ်အများစုမှာ ပြည်ခိုင်ဖြိုးပါတီမှ အမတ်များဖြစ်ကြပြီး အများစုမှာ အငြိမ်းစားအစိုးရဝန်ထမ်းများနှင့် တပ်မတော်အရာရှိဟောင်းများဖြစ်ကြသည်။ ထို့အပြင် နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် သက်ဆိုင်ရာ ဒေသမှ စီးပွားရေးလုပ်ငန်းရှင်များလည်း ပြည်ခိုင်ဖြိုးအမတ်များ ဖြစ်ကြသည်။ တိုင်းရင်းသားလွှတ်တော်အမတ်များထဲတွင် ချမ်းသာသောသူများရှိကြသည်။

လွှတ်တော်အမတ်ဖြစ်သွားသူ အများစုမှာလည်း အငြင်းပွားစရာ များစွာရှိသော ၂၀၁၀ ရွေးကောက်ပွဲဖြင့် လွှတ်တော်အမတ်ဖြစ်လာသူများ ဖြစ်ကြသည်။ အချို့မှာလည်း မလုပ်ချင်ဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်ပေးမှုကြောင့် လွှတ်တော်အမတ် ဖြစ်လာသူများဖြစ်သည်။ အများစုမှာ ပြည်သူလူထုကရွေးချယ်တင်မြှောက်သောပြည်သူ့ကိုယ်စားလှယ်များတော့ မဟုတ်ကြပေ။ ထို့ကြောင့်လည်း လွှတ်တော်အတွင်း ဆောင်ရွက်ရာတွင် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်မှု နည်းပါးနေခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်ပေါ်တွင်သာ အဓိကမှီခိုနေသည့် အခြေအနေဖြစ်နေသည်။




ထို့ကြောင့်ဥပဒေများပြဋ္ဌာန်းရာတွင် အများပြည်သူအတွက် ဆောင်ရွက်မှု နည်းပါးကြောင်း လွှတ်တော်ကို စောင့်ကြည့်နေသူများက သုံးသပ်သည်။

“လက်ရှိအမြင်ကို ပြောရရင် ဥပဒေကို ပြဋ္ဌာန်းတဲ့နေရာမှာ အများပြည်သူအကျိုးကို ကြည့်တာတို့၊ ခေတ်စနစ်နဲ့ကိုက်ညီတဲ့ဥပဒေမျိုးတို့ သိပ်မတွေ့ရဘူး”ဟု လွှတ်တော်လေ့လာစောင့်ကြည့်ရေးအဖွဲ့ဖြစ်သော ပွင့်လင်းရှေ့ဆောင်အဖွဲ့ ဒါရိုက်တာ ဦးအေးကျော်က ပြောသည်။

လွှတ်တော်သက်တမ်းသုံးနှစ် ရှိလာချိန်တွင် လွှတ်တော်အတွင်း မေးခွန်းမေးမြန်းဆွေးနွေးမှုလုံးဝမရှိသော လွှတ်တော်အမတ် ၁၆၀ ကျော်ရှိကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့၏ လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် ဖော်ပြထားသည်။

လွှတ်တော်ထဲတွင် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းထားသော်လည်း စိတ်ဓာတ်တူချင်း (သို့မဟုတ်) အကျိုးစီးပွားတူသူများ အချင်းချင်း အုပ်စုဖွဲ့သူများရှိကြောင်း စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ပြည်သူ့လွှတ်တော်အမတ် ဒေါ်ဒွဲဘူကပြောသည်။

ထိုကဲ့သို့ အစုဖွဲ့ရာတွင် နိုင်ငံကျော် စီးပွားရေးလုပ်ငန်းရှင် အမတ်ကြီးများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင် လွှတ်တော်အမတ်များမှာ အစုအဖွဲ့တစ်ခုကဲ့သို့ ဖြစ်နေကြသည်။

“ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီကလာတဲ့ ဥပဒေတွေဆို လွှတ်တော်အမတ်တွေက သိပ်မကန့်ကွက်ကြဘူး”ဟု အမည်မဖော်လိုသူ ပြည်သူ့လွှတ်တော်အမတ်တစ်ဦးကလည်း ပြောသည်။

ထိုကော်မတီတွင် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသော ဦးဌေးမြင့်၊ ဦးဝင်းဦးနှင့် ဦးတိုးနိုင်မန်း(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏သား) တို့ပါဝင်ကြသည်။ ထို့အပြင် လွှတ်တော်တွင်ဖွဲ့စည်းထားသော ကော်မတီများက ဥပဒေကြမ်းများရေးဆွဲရာတွင် မိမိနှင့် အဆင်ပြေသူများကို ဖိတ်ကြားကြကြောင်းလည်း သတင်းရရှိသည်။

“လစာကပဲ သုံးသိန်းရတော့ တချို့ကော်မတီဝင်တွေက အစည်းအဝေးတွေ မတက်တော့ ကိုယ့်အဖွဲ့နဲ့ကိုယ် ဆွေးနွေးအတည်ပြုခဲ့တာတွေ အများကြီးရှိခဲ့တယ်”ဟု လွှတ်တော်အမတ်တစ်ဦးကပြောသည်။

ထို့အပြင် လက်ရှိလွှတ်တော်အမတ်များထဲတွင်ဥပဒေနှင့်ပတ်သက်၍ အမြင်နှစ်မျိုးရှိနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်အမတ်ဦးဖြိုးမင်းသိန်းကဆိုသည်။

“လွတ်လပ်ခွင့်ကို ဥပဒေနဲ့ အကာအကွယ်ပေးမယ်ဆိုတဲ့လူနဲ့ ဥပဒေနဲ့ ချုပ်ကိုင်ချင်တဲ့လူ ဆိုပြီး နှစ်မျိုးရှိတယ်”ဟု ဦးဖြိုးမင်းသိန်းကဆိုသည်။

ထို့အပြင်လွှတ်တော်အမတ်တစ်ဦးလျှင် လစာမှာလည်း ကျပ်သုံးသိန်းသာရရှိသည်။လွှတ်တော်အစည်းအဝေးရှိသည့်ရက်များတွင်မူ စားစရိတ်အဖြစ် တစ်နေ့လျှင် ကျပ်တစ်သောင်းသာ ရရှိကြပြီး ဈေးသက်သာသော စည်ပင်ရိပ်သာတွင် တည်းခိုလျှင်ပင် တစ်နေ့လျှင် နှစ်ထောင်ကျပ်ပေးရသည်။

“တိုင်းပြည်ရဲ့အခြေအနေအရတော့ သင့်တော်တယ်။ ဒါပေမဲ့ တကယ်အလုပ်လုပ်မယ်ဆိုရင် မလုံလောက်ဘူး”ဟု လွှတ်တော်အမတ်တစ်ဦးကပြောသည်။

ထို့ကြောင့်လည်းအချို့သော လွှတ်တော်အမတ်များမှာ စွမ်းဆောင်ရည်ပိုင်းနှင့် ရပ်တည်ချက်ပိုင်းတွင် အားနည်းချက်များဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း လွှတ်တော်လေ့လာစောင့်ကြည့်သူများကသုံးသပ်ကြသည်။

“သာမန်အောက်ခြေက လူတွေရဲ့အကျိုးစီးပွားကိုသာ ကြည့်မယ်ဆိုရင် အနိမ့်ဆုံးလစာ ဥပဒေမျိုးမှာ မကြန့်ကြာသင့်ဘူး”ဟု ဦးအေးကျော်က ဆက်လက်ပြောသည်။

ထို့အပြင် နိုင်ငံခြားဘဏ်များဖွင့်ခွင့်နှင့် ပတ်သက်၍ လွှတ်တော်မှ ကန့်ကွက်မှုရှိနေသဖြင့် ကြန့်ကြာမှုများဖြစ်နေရသည်ဟု အစိုးရဘက်က ဝေဖန်မှုများရှိသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နေသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဘဏ်များ ဖွင့်ခွင့်ပေးမှသာ လာရောက်ကြမည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလာရောက်မှသာလျှင်လက်ရှိ မြန်မာနိုင်ငံတွင် အဓိကဖြစ်နေသော အလုပ်လက်မဲ့ပြဿနာကို အဓိကဖြေရှင်းနိုင်မည်ဖြစ်သည်။

လက်ရှိအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များမှာ ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ပြောင်းလဲရန် ကြိုးစားနေချိန်တွင် ပါဝင်နေရသူများဖြစ်သည်။ လွှတ်တော်အမတ်များအနေဖြင့် ခေတ်စနစ်နှင့် မကိုက်ညီသော ဥပဒေများ ဖျက်သိမ်းရန်နှင့် အများပြည်သူအတွက် အကျိုးရှိမည့် ဥပဒေများပြဋ္ဌာန်းသည့် တာဝန်များထမ်းဆောင်နေသောကာလဖြစ်သည်။ ထိုတာဝန်များ ရရှိထားချိန်တွင် မိမိကိုယ်ကျိုးကြောင့် သမိုင်းတရားခံမဖြစ်စေရန် လိုသည်။

လွှတ်တော်သက်တမ်း သုံးနှစ်နှင့် နှစ်လကျော်ကာလတွင် ဥပဒေပေါင်း ၉၈ ခုပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းတွင် ဥပဒေပေါင်း ၅၄ ခုဆွေးနွေးဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဧပြီလ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

သို့သော် ယခုလွှတ်တော်သက်တမ်းအတွင်းပြဋ္ဌာန်းခဲ့သော၊ ပြင်ဆင်ခဲ့သော ဥပဒေများတွင်ပင် ပြည်သူအတွက် အကျိုးမရှိသော၊ အစိုးရကိုသာ ကာကွယ်ပေးသော အချက်များပါဝင်ကြောင်း ဝေဖန်မှုများလည်းရှိသည်။ မည်သို့ဆိုစေသူရဦးရွှေမန်းကတော့ အကြမ်းအားဖြင့် ဥပဒေ ၂၀၀ ခန့်ကို ပြင်ဆင်ပြဋ္ဌာန်းအတည်ပြုပေးရန်ရှိပြီး ထိုဥပဒေများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာမတိုင်မီ ဆောင်ရွက်မှသာ အဆင်ပြေမည်ဟု ရန်ကုန်လွှတ်တော်ရုံးခွဲ၌ ဧပြီ ၂၂ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ပြောကြားထားသည်။ ထို့ကြောင့် လွှတ်တော်လက်ကျန်သက်တမ်းတွင် အမတ်များ တိုင်းပြည်အတွက် မည်မျှစွမ်းဆောင်နိုင်ခဲ့သလဲဆိုသည်က ၎င်းတို့ ပြဋ္ဌာန်းခဲ့သော ဥပဒေများက မှတ်ကျောက်တင်မည်ဖြစ်သည်။ ။

စာမျက်နှာ(၁၃) မှ

# ၂ နှစ်ကြာသည့်တိုင် မငြိမ်းသေးသောမီး

ရခိုင်ပြည်နယ်ပဋိပက္ခစတင်သည်မှာ နောက်ဆက်တွဲပြဿနာများဖြင့်သံသရာလည်နေသောမေလ ၂၈ ရက်တွင် ၂ နှစ်ပြည့်မြောက်ပြီဖြစ်သည်။ သို့သော်လည်း ပြဿနာကိုပြေလည် အောင်မဖြေရှင်းနိုင်သေးဘဲ နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ကျန်ရှိနေသေးသည်။

ရခိုင်အမျိုးသားအင်အားစုများက ၎င်းတို့သည် အစ္စလာမ်ဘာသာဝင်များနှင့် ပြဿနာဖြစ်ပွားနေခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှ ကျူးကျော်ဝင်ရောက်ပြီး တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် တောင်းဆိုနေသူများကြောင့်သာ ပြဿနာဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ပြောသည်။ ယင်းအတွက်ကြောင့်ပင် ပြဿနာပြေလည်စေရန် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို အစိုးရက အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ပြီး ယင်းဥပဒေအရ နိုင်ငံသားပြုခွင့်ရသူများကို လက်ခံသွားမည်ဟုလည်း ရခိုင်အမျိုးသားအင်အားစုများကဆိုသည်။

"ရခိုင်တွေဘက်က အစဉ်တစိုက်တောင်းဆိုလာတာက ၁၉၈၂ ဥပဒေကိုအကောင်အထည်ဖော်ပေးဖို့ပါ"ဟု ရခိုင်လူမှုကွန်ရက်နာယက ဦးသန်းထွန်းကပြောသည်။

စစ်တွေမြို့နယ်ရှိ ဘင်္ဂါလီလူမျိုးတချို့ကမူ ၎င်းတို့သည် ဘိုးစဉ်ဘောင်ဆက်နေထိုင်လာသူများဖြစ်သော်လည်း အစိုးရအဆက်ဆက်က နိုင်ငံသားအခွင့်အရေးမပေးဘဲ ထိန်းချုပ်ထားမှုများကြောင့် ပြဿနာများဖြစ်ပွားနေရခြင်းဖြစ်ကြောင်းပြောသည်။

"နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးကို အခြေခံပြီးတရားဥပဒေစိုးမိုးမှုရှိအောင်လုပ်ရမယ်။ နိုင်ငံသားဖြစ်နေသူတွေကိုလည်း အခွင့်အရေးကို လွတ်လွတ်လပ်လပ်ပေးဖို့လိုတယ်"ဟု အစ္စလာမ်ဘာသာဝင်များဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဦးသာအေးက မှတ်ချက်ပြုထားသည်။

ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာတွင်မူ ပြဿနာကိုဖြေရှင်းနိုင်ရန် အစိုးရအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို စနစ်တကျမှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုထားသည်။

ထို့အပြင် တရားမဝင်ခိုးဝင်လာသူများကိုမည်သည့်နည်းလမ်းဖြင့်ဖြစ်စေ နိုင်ငံသားဖြစ်ခွင့်၊ ဧည့်နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့် မရရှိစေရန် ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းသင့်ကြောင်း၊ ဘင်္ဂါလီလူမျိုးများသာမက နိုင်ငံခြားသားမည်သူ့ကိုမဆို တရားမဝင် ဝင်ရောက်ခြင်းကို အားပေးခြင်းပြုသူများကို ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ထိရောက်စွာအရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်းလည်း တိုက်တွန်းထားသည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ၁၉၄၈ ခုနှစ်မတိုင်မီ ၁၀ နှစ်ကာလအတွင်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှစ်နှစ်တစ်ဆက်တည်းနေထိုင်သူ၏ တတိယမျိုးဆက်သည် နိုင်ငံသားပြုခွင့်ရရှိမည်ဖြစ်သည်။

အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိများက ရခိုင်ပဋိပက္ခကိုပြေလည်အောင်မဖြေရှင်းနိုင်ပါက နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထိခိုက်လာမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့ကြသည်။

သို့ရာတွင် ၂ နှစ်ကြာမြင့်လာသည်အထိ ဖြေရှင်းနိုင်ခြင်းမရှိသေးဘဲ နောက်ဆက်တွဲ ပြဿနာများဖြင့်သာ လုံးလည်ချာလည်လိုက်နေဆဲဖြစ်နေပါသေးသည်။

ချောင်းသာကမ်းခြေ(မိုးတွင်းကာလ) Promotion အစီအစဉ်ဖိတ်ခေါ်ခြင်း
(July To September)
မိုးတွင်းကာလတွင် ချောင်းသာကမ်းခြေရှိ ဟိုတယ်များကို ဖွင့်လှစ်ထားမည်ဖြစ်ပါသည်။ မိုးတွင်းကာလတွင် မုန်တိုင်းရှိနိုင်သည့် အချိန်မှလွဲ၍ သာမန်ရက်များတွင် ချောင်းသာကမ်းခြေ၌ နေထိုင်ရသည်မှာ အလွန်ပင်စိတ်ချမ်းမြေ့ဖွယ် ဖြစ်ပါသည်။ ပုံမှန်လည်း ဧည့်သည်များမှာ မိုးတွင်းကာလတွင် နှစ်စဉ်ချောင်းသာကမ်းခြေရှိ ဟိုတယ်များ၌ လာရောက်တည်းခိုလျက် အေးချမ်းဆိတ်ငြိမ်မှုအရသာကို ခံစားကြပါသည်။ သို့ပါ၍ ချောင်းသာကမ်းခြေသို့ မိုးတွင်းကာလတွင် လာရောက်အပန်းဖြေကြမည့် ဧည့်သည်များအတွက် စိတ်အပန်းဖြေစရာ ဖျော်ဖြေရေးအစီအစဉ်များကို လစဉ်ထည့်သွင်းလိုပါ၍ ဟိုတယ်ဇုန်အသင်းနှင့် ပူးပေါင်းကာ ဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်နိုင်သည့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များမှ အစီအစဉ်များကို ကုန်ကျစရိတ်နှင့်အတူ (၁၀–၆–၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
*ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)*

အစီအစဉ်တင်သွင်းနိုင်ရန် ဆက်သွယ်ရမည့် လိပ်စာများ
(၁) အမှတ်(၃၇၆)၊ ပထမထပ်၊ (၂၁)လမ်းထိပ်၊ ကမ်းနားလမ်း၊ လသာမြို့နယ်၊ ဖုန်း –၀၁–၂၄၆၁၄၆
(၂) အမှတ်(၇၈၃)၊ မဟာဗန္ဓုလလမ်းနှင့် (၁၃) လမ်းထောင့်၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၀၁–၂၂၇၈၇၈
(၃) အမှတ်(၉၉)၊ အခန်း(4–B)၊ LAMAI CONDO ၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း–၀၁–၅၁၁၄၁၄

မလေးရှားနိုင်ငံ တွင် တာဝန်ထမ်းဆောင်ရန်
General Fitter
လစာ – တစ်လ RM 1020 + OT
စားစရိတ် – တစ်လ RM 200 ထောက်ပံ့သည်။
General Worker
လစာ – တစ်လ RM 905 + OT
စားစရိတ် – တစ်လ RM 200 ထောက်ပံ့သည်။
နေစရာ - အလုပ်ရှင်မှ (အခမဲ့) စီစဉ်ပေးမည်။
အသက် - (၂၅) နှစ် မှ (၄၅)နှစ် အတွင်း
ဝန်ဆောင်ခ - (၉) သိန်း (လေယာဉ်လက်မှတ်ပါပြီး)

စင်္ကာပူနိုင်ငံ PSA ကုမ္ပဏီတွင်
Container Driver
လုပ်ကိုင်လိုသူများအတွက်
လစာ - S$ 570 + OT
ဝန်ဆောင်ခ – S$ 1600 + One Way
ကားမောင်းလိုင်စင် ရှိသူများ လျှောက်ထားနိုင်သည်။
အမြန်သင်တန်းပေးနေပြီ
(၉-၆-၂၀၁၄) ရက်နေ့တွင် အင်တာဗျူးရှိသည်။

သုခစုစ် ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု ကုမ္ပဏီ
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉–လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph: (01) 377343, 377344, 385758, 386877, 392233

စာမျက်နှာ ၄၂ မှ

# ပထမစမ်းသပ်မှုတွင် ရှုံးနိမ့်ခဲ့သော မိုဗစ်နှင့် မြန်မာ

သူများက ဆိုသည်။

နည်းပြသစ်အေဗရာမိုဗစ်က မြန်မာ့လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုမှန်ကန်မှုရှိ၊ မရှိကို အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲတွင် တွေ့မြင်ရမည်ဖြစ်ကြောင်းပြောကြားထားခဲ့ဖူးသည်။ ယခုပြိုင်ပွဲဝင် ခြေစွမ်းနှင့်ရလဒ်အနေအထားအရ နည်းပြသစ်အေဗရာမိုဗစ်သည်လည်း ၎င်းဆက်လက်ကိုင်တွယ်ရမည့် မြန်မာအသင်းအနေအထားကို အတိုင်းအတာတစ်ခုအထိ သိရှိမည်ဟု မျှော်လင့်ရသည်။

"နည်းပြတစ်ယောက်ရဲ့ လူရွေးချယ်မှုအပိုင်းကိုတော့ မဝေဖန်ချင်ပါဘူး။ ဒါပေမဲ့ ကစားသမားတစ်ဦးအနေနဲ့ အနာဂတ်လက်ရွေးစင်အသင်းအတွက် အားထားရလောက်တဲ့ အနေအထားမျိုးရှိတယ်ဆိုရင်တော့ ပိုဦးစားပေးသင့်တယ်လို့ ထင်ပါတယ်။ တချို့ကစားသမားတွေက တစ်ချိန်ကကောင်းခဲ့တာမှန်ပေမယ့် ခုချိန်မှာအကျဘက်ကို ရောက်နေပြီ။ အသက်အရွယ်တွေလည်းကြီးနေပါပြီ"ဟု မြန်မာယူ–၁၉ အသင်းလက်ထောက်နည်းပြ ဦးညီညီလတ်က ပြောသည်။

သို့သော် ပြည်တွင်းမြန်မာလိဂ်ပြိုင်ပွဲဝင်အသင်းများ၏ ရှေ့တန်းနှင့်နောက်တန်းနေရာများတွင် နိုင်ငံခြားသားကစားသမားများက နေရာယူထားမှုကြောင့် အေဗရာမိုဗစ်သည်လည်း ယခင်နည်းပြများနည်းတူ လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုအပိုင်းတွင် အခက်ကြုံရဖွယ်ရှိနေကြောင်း လေ့လာသူများက သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၄ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အဖွင့်ပြိုင်ပွဲဖြစ်သည့် အေအက်ဖ်စီချဲလင့်ပြိုင်ပွဲတွင် အရှုံးရလဒ်များဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း မြန်မာအသင်းအတွက် သင်ခန်းစာများမရှုံးရန်အရေးကြီးပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ဒေသတွင်းအဆင့်မြင့်ဆုံးအဓိကပြိုင်ပွဲကြီးတစ်ရပ်က စောင့်ကြိုနေသည်။ အရှေ့တောင်အာရှနိုင်ငံ လက်ရွေးစင်အသင်းများဝင်ရောက်ယှဉ်ပြိုင်ကြမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုနောက်ဆုံး၌ ရပ်တည်ခဲ့သည့် မြန်မာအသင်းအနေဖြင့် လာမည့်ဆူဇူကီးပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပွဲခြေစစ်ပွဲစဉ်များကို လာမည့်အောက်တိုဘာအတွင်း လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို နိုဝင်ဘာအတွင်း၌ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံများက လက်ခံကျင်းပကြမည်ဖြစ်သည်။

အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲသည် ၎င်းအတွက်စောလွန်းသည်ဟု ပြောကြားထားသည့် အေဗရာမိုဗစ်အတွက်တော့ လာမည့်ဆူဇူကီးဖလားပြိုင်ပွဲသည် ၎င်း၏အဓိကပစ်မှတ်ဖြစ်လာမည် ဖြစ်သည်။ ထို့အတူ ဘောလုံးအဖွဲ့ချုပ်ကလည်း ဆူဇူကီးဖလားပြိုင်ပွဲကို ပိုမိုအာရုံစိုက်မျှော်လင့်ထားသည်ဟု ယုံကြည်ရသည်။

မြန်မာ့လက်ရွေးစင်အသင်းနောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နိုင်ငံတကာပြိုင်ပွဲရလဒ်များဆိုးရွားမှုကြောင့် ပရိသတ်များက ယုံကြည်မှုကင်းမဲ့လျက်ရှိနေပြီး မြန်မာ့ဘောလုံးအပေါ် ပရိသတ်များ၏ စိတ်ဝင်စားမှုအနေအထားသည်လည်း လျော့ကျလျက်ရှိသည်။

စင်ကာပူလက်ရွေးစင်ဘောလုံးအသင်းကို ဆယ်စုနှစ်တစ်ခုကြာ ကိုင်တွယ်ခဲ့ပြီး ဆူဇူကီးဖလား (ယခင်တိုက်ဂါးဖလား) သုံးကြိမ်ရရှိအောင် စွမ်းဆောင်ထားခဲ့သည့် အေဗရာမိုဗစ်အနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းကိုကိုင်တွယ်ပြီး ပထမဆုံးဆူဇူကီးဖလားပြိုင်ပွဲတွင် မည်သို့စွမ်းဆောင်နိုင်မည် ဆိုသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

ဆိုင် ၃၀၀ ကျော် တစ်ဆင်အောင်မြင်ပြီး
စက်သုံးဆီ ပန့်ဆိုင်သုံး
အင်ဗိုစ်မြန်မာ
ကွန်ပျူတာစနစ်
01-291442, 09-73203624
တစ်နိုင်ငံလုံးသို့ လိုက်လံတပ်ဆင်ပေးနေပါပြီ

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

ဖြစ်ချင်တော့ ၂၀၀၄ နှစ်ကုန်ပိုင်းလောက်မှာကျော်ဝင်းဆိုတဲ့လူငယ်တစ်ယောက် ဆူနာမီနောက်ဆက်တွဲ အလှူရှင်အဖွဲ့တစ်ခုကနေစပွန်ဆာရပြီးဖူးခက်ပါတောင်ကမ်းခြေမှ Patoung Learning Centre ဆိုတဲ့ ကွန်ပျူတာသင်တန်းလေးတစ်ခု လာဖွင့်သဗျ။ သူက လူငယ်ဆိုတော့ တက်ကြွနေတာပေါ့ဗျာ။ သူလည်း ဘယ်လိုစိတ်ကူးပေါက်သလဲတော့ မဆိုနိုင်ဘူး။ ဖူးခက်ရောက် မြန်မာတွေစုဖွဲ့ပြီး လူမှုရေးအသင်းတစ်ခုထောင်ချင်တယ်လို့လာပြီးတိုင်ပင်တော့ ကျွန်တော်လည်း "ဒါဆိုကောင်းတာပေါ့"ဆိုပြီး ဖြန်းစားကြီး ခေါင်းညိတ်လိုက်တာပါပဲ။ တိုတိုပြောရရင် အဲဒီအချိန်ကစပြီး ဖူးခက်ရောက် မြန်မာတိုင်းရင်းသားများ လူမှုရေးအသင်းဆိုပြီး အသင်းဝင်လေးထောင်နီးပါးရှိတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ဖွဲ့ဖြစ်တယ်ဆိုပါတော့။ ကျွန်တော်က အဲဒီအဖွဲ့မှာ မမျှော်လင့်ဘဲ ဥက္ကဋ္ဌဖြစ်လာတယ်ပေါ့ဗျာ။ အဲဒီအသင်းရဲ့ အတိုကောက်နာမည်က မြန်တိုင်းတဲ့ဗျ။ တကယ်တော့ မြန်တိုင်းအသင်းဟာအသင်းဝင်လေးထောင်ကျော်ရှိတာမို့ ပြည်ပရောက်အဖွဲ့တွေကြားမှာ အင်အားအတောင့်ဆုံးလို့တောင်ဆိုနိုင်တယ်ဗျ။ မဲဆောက်က ကျွန်တော့်မိတ်ဆွေကိုကျော်ထက်ရဲ့ မှတ်ချက်အရ "ကေအင်န်ယူတောင် ခင်ဗျားတို့ အသင်းလောက်အင်အားမတောင့်ဘူး"ဆိုပဲ။"

"အသင်းရဲ့ လှုပ်ရှားမှုက ရိုးရိုးရှင်းရှင်းပါပဲ။ အသင်းဝင်တစ်ယောက်ကို တစ်လ၊ လစဉ်ကြေး ဘတ်ငါးဆယ်ကောက်တယ်။သာရေး၊ နာရေးတွေမှာ အသင်းက ဆုံးဖြတ်ချက်ချတဲ့အတိုင်း ငွေကြေးထောက်ပံ့တယ်။ ဒီလောက်ပါပဲ။ ဗမာအလုပ်သမားတစ်ယောက်သေဆုံးရင် ဘတ်တစ်သောင်း၊ မင်္ဂလာဆောင်ရင် ဘတ်ငါးထောင်အစရှိသည်ဖြင့်ပေါ့။ အစပိုင်းတော့ ဘာမှ အခက်အခဲမရှိ လှုပေမယ့်လူအင်အား၊ ငွေအင်အားသိပ်တောင့်တင်းလာတဲ့အခါကျွန်တော်တို့ မဟာမြန်မာလူမျိုးများရဲ့ စရိုက်အတိုင်း မမျှော်လင့်တဲ့ ပြဿနာတွေ သဘောထားကွဲမှုတွေဖြစ်လာတော့တာပါပဲ။ မှတ်မှတ်ရရပြောရရင် အဲဒီသဘောထား ခံယူချက်ကွဲပြားမှုဟာကျွန်တော်စင်ကာပူဘက်ကို စီးပွားရေး ကိစ္စတစ်ခုနဲ့ရောက်နေတုန်းမှာစပြီး ဖြစ်ခဲ့တာဗျ"

"ဟုတ်တယ်။ ကျွန်တော်ဖူးခက်မှာရှိနေစဉ် သာမှု၊နာမှုကိစ္စတွေအတွက် အသင်းရဲ့ ထောက်ပံ့ကြေးပေးတဲ့အခါ သေချာစိစစ်တယ်။ အမျိုးတော်တာမှန်သလား၊ မိသားစုဝင်လား၊ လင်ကွာမယားကွာကိစ္စတွေရှိနေသလား။ လိမ်လည်တောင်းခံတာလား အစရှိသည်ဖြင့်ပေါ့။ အသင်းပိုင်ငွေမို့ ကျွန်တော်က ကြားထဲကနေ နှမြောတွန့်တိုစရာမဟုတ်ပေမယ့် ထောက်ပံ့ကြေးကို လက်လွတ်စပယ်ပေးလိုက်ရင် အချောင်သမားတွေ ပေါ်လာမယ်ဆိုတာ ကျွန်တော်ကြိုမြင်တယ် ဆိုပါတော့။ စင်ကာပူဂျိုဒေါင်းအိစ်ဘူတာရုံမှာ ကျွန်တော်ရထားစောင့်နေတုန်း ဖူးခက်ကနေ ကျွန်တော့်ဆီကို မြန်တိုင်း အတွင်းရေးမှူးရဲ့ တယ်လီဖုန်းဝင်လာတယ်။ ဆေးရုံတက်လူနာ အတွက်၊ နာမကျန်းလူနာတွေအတွက် ထောက်ပံ့ကြေးထုတ်ပေးဖို့ သတင်းပို့တာတဲ့။ ဒီတော့ ကျွန်တော်လည်း "စိစစ်စရာရှိတာ စစ်ဆေးပြီး ထုတ်ပေးလိုက်လေ" လို့လည်း ဆိုရော အတွင်းရေးမှူးလုပ်တဲ့ ကိုအောင်မြိုင်က "ဥက္ကဋ္ဌ နေရာတကာ ဟိုစစ်၊ ဒီစစ်လုပ်နေလို့ မဖြစ်ဘူးလေ။ များများထောက်ပံ့နိုင်မှ ပေးနိုင်မှ အသင်းဝင်တိုးလာမှာပေါ့"တဲ့။သူကတော့ သူ့စကားဟာ ဘယ်လောက်တာသွားတယ်ဆိုတာ ခန့်မှန်းမိပုံမရပေမယ့် ကျွန်တော့်အာရုံထဲမှာတော့ အသင်းကြီးပျက်စီး ကျဆုံးခန်းကို ဖျတ်ခနဲ လှမ်းမြင်လိုက်ရသလိုပါပဲ"

ပြောလက်စ စကားကို ခဏရပ်၍ စွပ်ပြုတ်တစ်ငုံသောက်နေသော သူ့ကို ကျွန်တော်စိုက်ကြည့်နေမိသည်။ သူပြောနေသမျှ သိပ်ရေးကြီးခွင်ကျယ်ကိစ္စဟု ကျွန်တော် မမြင်ချေ။ ဆိုင်အတွင်းမှာ လူအတော်ကျနေပြီဟုဆိုရ မည်။ ဇွန်းသံ၊ ပန်းကန်သံဆူဆူညံညံနှင့် စားစရာမျိုးစုံမှာ ယူနေသံတို့ကို ကြားနေရသည်။

"ခင်ဗျားကတော့ ဘာမှ ရေးကြီးခွင်ကျယ်မဟုတ်ဘူးလို့ ထင်မှာပေါ့။ အမှန်တော့ အသင်းကြီးတစ်ခုတည်မြဲဖို့ဆိုတာ အသင်းဝင်တွေရဲ့ ခံယူချက်မှန်ဖို့အဓိကဗျ။ အသင်းဝင်တွေအနေနဲ့ ထောက်ပံ့ကြေးလိုချင်လို့၊ ငွေကြေးအကျိုးအမြတ်ကို ပဓာနပြုတဲ့ စိတ်ဓာတ်မျိုးနဲ့ ဘယ်မှာလာရေရှည်ရပ်တည်နိုင်ပါ့မလဲ။ အသင်းကနေ ငွေလွယ်လွယ်ရမှန်းလည်းသိရော ဒူးနာတဲ့မောင်၊ ရင်ကျပ်ချောင်းဆိုးတဲ့ မောင်၊ ဖျားချင်သလိုလို ဖြစ်တယ်ဆိုတဲ့ မောင်တွေ မနက်လင်းတာနဲ့ ကျွန်တော်အိမ်ရှေ့လာတန်းစီနေလိုက်တာများပွဲတော်ကြီးကိုဖြစ်လို့ဗျာ။ နယ်မြေ တာဝန်ခံတွေကလည်း လစဉ်ကြေးကောက်လို့မှ လက်ထဲပူအောင်မကိုင်ရသေးဘူး။ ထောက်ပံ့ကြေးထုတ်မယ့်သူကကြိုတင်ပြီးထိုင်စောင့်နေပါရောလားဗျာ။ကိုယ့်လူမျိုးစိတ်ဓာတ်ညံ့ဖျင်းတာ တွေပြောရတာ ရှက်စရာတော့အကောင်းသားဗျာ။ အချို့ကိစ္စတွေဆိုရယ်စရာလည်းကောင်းပါရဲ့။ မြန်တိုင်းအသင်းကနေ အသင်းဝင်တွေ မီးဖွားရင် ထောက်ပံ့ကြေးဘတ်ငါးထောင်ပေးမယ်။ ထောက်ပံ့ကြေးလိုချင်ရင် မြန်မြန်အသင်းလာဝင်ကြဆိုပြီး မောင်းခတ်လိုက်တော့ ခြောက်လဗိုက်၊ ခုနစ်လဗိုက်၊ ရှစ်လ၊ ကိုးလဗိုက်နဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ အသင်းဝင်လိုက်ကြတာ အုတ်အော်သောင်းတင်းပေါ့ဗျာ။ အဖွဲ့ကိုဦးဆောင်သူတွေက အသင်းကိုဘယ်လိုခိုင်မာအောင် တည်ဆောက်ရမယ်ဆိုတာမသိ။ တစ်ပွဲတိုးနည်း၊ ဆွယ်လုံးမက်လုံးတွေသုံးပြီး အသင်းဝင်လူဦးရေများဖို့အဓိကထား။ အသင်းဝင်တွေကလည်း အခြေခံပညာဟုတ်ဟုတ်ပြားပြားမရှိပြန်တော့ အခွင့်အရေးကိုမျှော်ကိုး၊ ရလိုမှုတစ်ခုတည်းကိုသာကြည့်။ ဒီအသင်းမျိုးဘယ်မှာလာ သက်ဆိုးရှည်ပါ့မတုံးဗျာ။ နောက်ဆုံးတော့ တစ်နှစ်ကျော်အကြာမှာအသင်းကြီးနိဂုံးချုပ်သွားရောဆိုပါတော့။ ဉာဏ်ပြဿနာပေါ့ဗျာ"

"ဩော်...လက်စသတ်တော့ ကိုသက်ခိုင် ဒီကလူတွေနဲ့ ခပ်ကင်းကင်းနေတာဟာ ဒီအသင်းကြီးပျက်သွားလို့ကိုး"

"မဟုတ်သေးဘူး ကိုမင်းဒင်။ ဒီအခက်အခဲမျိုးဟာ ကျွန်တော့်ဘဝအတွေ့အကြုံနဲ့ နှိုင်းစာရင် အကင်းပဲရှိပါသေးတယ်။ ဒါပေမဲ့ဗျာ။ အသင်းကြီး ပျက်လုပျက်ခဲအချိန် ကျွန်တော်ကြုံခဲ့ရတဲ့ပြဿနာတစ်ခုမှာ အပြစ်မဲ့တဲ့ ကိုးနှစ်အရွယ်ကလေးမလေး တစ်ယောက်ပါ ရေတိမ်နစ်ခဲ့ရရှာတယ်။ ဖြစ်ပုံက ဒီလိုဗျ။"

"အသင်းဖွဲ့ပြီးလို့ တစ်နှစ်ပတ်ဝန်းကျင်လောက်အချိန်ပေါ့။ ကျွန်တော့်ဆီကို ကိုသန်းမောင်ဆိုတဲ့ ရခိုင်အမျိုးသားတစ်ယောက် ဖုန်းဆက်လာတယ်။ သူ့သမီးလေး အသည်းအသန်ဖြစ်နေလို့ ဆရာတို့အသင်းက ကူညီပေးပါတဲ့။ ဒါနဲ့ ကျွန်တော်လည်း အဲဒီကလေးမလေးရှိနေတဲ့ ဖူးခက်က ဝါချီလတ်ဆေးရုံကို ရောက်သွားရောဆိုပါတော့။အသည်းအသန်လူနာခန်းမှာ တစ်ခေါင်းလုံးပတ်တီးတွေအဖွေးသားနဲ့ ခုတင်ပေါ်မှာ မှိန်းနေတဲ့ ကလေးမလေးတစ်ယောက်ကို ကျွန်တော်တွေ့ပါတယ်။ သူ့ရဲ့ ဦးခေါင်းခွံကိုဖွင့်ပြီး အကြီးစားခွဲစိတ်ကုသမှုလုပ်ထားတာတဲ့ ဗျာ။ ကလေးမလေးနာမည်က ဝါဝါတဲ့ဗျ။ ရခိုင်ပြည်နယ် ကျောက်ဖြူဇာတိဆိုလားပဲ။ ဝါဝါ့မှာ နီနီဆိုတဲ့ အမြွှာညီအစ်မတစ်ယောက်လည်း ရှိသေးသတဲ့။ ဝါဝါ ခုနစ်နှစ်လောက်အရွယ် ကျောက်ဖြူမှာမူလတန်းတက်နေတုန်းရုတ်တရက်ကျောင်းအသွားလမ်းပေါ်မှာအကြောတက်သလို ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး မေ့မြောသွားဖူးသတဲ့။အရပ်ဆေးခန်းဆီကိုပွေ့ချီသွားကြပြီးဆရာဝန်ကစမ်းသပ်တော့လည်း ဘာရောဂါမှ မတွေ့ခဲ့ဘူးဆိုပဲ။သူ့အဖေကိုသန်းမောင် ပြောစကားအရတော့ ဝါဝါဟာ ဒါမျိုးသုံးကြိမ်လောက် ပြည်တွင်းမှာဖြစ်ခဲ့ဖူးတယ်တဲ့။လွန်ခဲ့တဲ့နှစ်ကမှ ကိုသန်းမောင်တို့လင်မယား ဖူးခက်ကို တက်လာတော့ ဝါဝါက အတူပါလာပြီး နီနီကတော့ ကျောက်ဖြူမှာပဲ အဘိုးအဘွားတွေနဲ့ ကျန်ခဲ့တာပေါ့ဗျာ။ ဆေးရုံမတက်ရခင် သုံးရက်လောက်က ဝါဝါဟာအကြောတက်ပြီးကုလားထိုင်ပေါ်ကနေ အောက်ကိုပြုတ်ကျသွားရာက ဝါချီလတ်ဆေးရုံကိုရောက်။ နောက်ဆေးရုံက အထူးကုဆရာဝန်ကြီးတွေက ဓာတ်မှန်ရိုက်တာအပါအဝင် ခေတ်မီနည်းမျိုးစုံနဲ့ ရောဂါရှာလိုက်တော့ ဦးနှောက်မှာ အကျိတ်တွေ့ရမို့ အသက်လုတဲ့အနေနဲ့ အရေးပေါ်ခွဲစိတ်လိုက်ရရောပေါ့ဗျာ။"

"အမှန်က ဖူးခက်အပါအဝင် ထိုင်းနိုင်ငံဆေးရုံတွေမှာ ဗမာအလုပ်သမားတွေ အခမဲ့ဆေးကုသခွင့်ရတယ်ဆိုတာ သာမန်အာဂန္တုဖျားတာ နာတာလောက်ပဲကုသခွင့်ရတာပါ။ အဲဒီလိုခပ်ပေါ့ပေါ့ရောဂါစာရင်းမှာ မပါတဲ့အသည်းအသန်လူနာတွေအတွက် ဆေးရုံဆင်းတဲ့အခါ ဆေးကုသစရိတ်အတိအကျကို စာရင်းပြုစုပြီးတောင်းလေ့ရှိပါတယ်။"

"ကိုသန်းမောင်ကျွန်တော့်ကိုဖုန်းဆက်တာ သူ့သမီးလေး ဝါဝါဆေးရုံကဆင်းတဲ့အခါ ဆေးရုံကခွဲစိတ်ကုသစရိတ်ကို ဘယ်လိုဘယ်ပုံရှင်းရမယ်ဆိုတာကြံရာမရလို့ပါပဲ။ ဘာပဲဖြစ်ဖြစ်ဗျာ။ ဝါချီလပ်ဆေးရုံက ဆရာဝန်တွေ၊ ဆေးဝန်ထမ်းတွေကို ကျွန်တော်ကျေးဇူးတင်မိတာ အမှန်ပါပဲ။ အေးလေ၊ ဒီရောဂါမျိုး ဗမာပြည်မှာဖြစ်ရင်ငွေဘယ်လောက်ကျသင့်မယ်၊ ငွေဘယ်လိုချေမှာလဲ၊ ငွေနဲ့ ပတ်သက်တဲ့မေးခွန်းတွေ အရင်မေးပြီးမှ ခွဲစိတ်ကြမှာသေချာပါတယ်။ ဘာမီတွန်၊ အရက်ပြန်နဲ့ ပတ်တီးတောင် မလုံလောက်တာ ခင်ဗျားလည်းသိပြီးသားပဲ။ အဲဒီအချိန်တုန်းက ကျွန်တော်လည်း စိတ်ဓာတ်တက်ကြွနေတဲ့အချိန်မို့ ဝါဝါ့အဖေကိုသန်းမောင်ရဲ့အခက်အခဲကို ကျွန်တော်ဖြေရှင်းနိုင်မယ်လို့ ယုံကြည်နေခဲ့တာပေါ့။"

"တစ်ရက်ခြား နှစ်ရက်ခြားဆိုသလိုကျွန်တော်ဝါချီလတ်ဆေးရုံကို ရောက်တယ်။ တစ်ပတ်လောက်ကြာတော့ ဝါဝါ့ခေါင်းကပတ်တီးတချို့ကို ဖြည်တယ်ဗျ။ ခွဲစိတ်မှုအောင်မြင်တယ်တဲ့ဗျာ။ ကလေးမလေးက စွပ်ပြုတ်ရည်တချို့သောက်နိုင်တယ်။ မျက်လုံးဖွင့်ပြီး ဘေးဘီက လူတွေကိုလှမ်းကြည့်တယ်။ ကျွန်တော်က သူ့လက်ကလေးကို ကိုင်ပြီး "သမီး"လို့ ခေါ်လိုက်တော့ ကျွန်တော်ကို ပြုံးပြတယ်ဗျာ။ ဝါဝါ့အပြုံးကို ကျွန်တော်မြင်ရတော့ ဖခင်တစ်ယောက်ရဲ့ ကိုယ်ချင်းစာအကြင်နာတရားဟာ ကျွန်တော်ရင်ထဲကို ဘယ်လိုဘယ်ပုံရောက်လာတယ် မပြောတတ်တော့ပါဘူး။ တကယ်တမ်းအရေးကြီးတဲ့ အခြေအနေမှာ ထိုင်းလူမျိုးဆရာဝန်တွေ၊ သူနာပြုတွေကတောင် ကလေးမလေးရဲ့ အသက်တစ်ချောင်းကို ကြိုးစားကယ်တင်ခဲ့ကြပြီပဲ။ ကျသင့်ငွေကို ရှင်းနိုင်ဖို့ လိုအပ်တဲ့ ငွေကြေးကို ကျွန်တော့်လိုလူလည်က ဘာကြောင့်မဖြေရှင်းနိုင်ရမှာတုံး။ ကျွန်တော့်ဘဝမှာ ကျွန်တော်အကျွမ်းကျင်ဆုံးအလုပ်ဟာ ငွေရှာခြင်းပဲဗျာ။ ဒီလိုလူ့အသက်တစ်ချောင်းအတွက် ကျွန်တော်လိုကောင်မျိုး တစ်ထောင့်တစ်နေရာကနေ ဝင်ပြီးအားဖြည့်ရင် မအောင်မြင်စရာအကြောင်းမရှိပါဘူး။"

"ဒီနေရာမှာ ကြားဖြတ်ပြီး တစ်ခုပြောရဦးမယ်ဗျ။ ထိုင်းဆေးရုံတွေကနေ ဗမာအသည်းအသန်လူနာတွေဆီက ဆေးဝါးကုသစရိတ်၊ ဆေးရုံတက်စရိတ်တောင်းတယ်ဆိုပေမယ့် မပေးရင်တရားစွဲမယ်ဆိုတဲ့ အဆင့်အထိတော့ မလုပ်ကြပါဘူး။ အလုပ်သမားဘတ်၊ ပတ်စ်ပို့တွေ ရှိနေရင် အတိုးအလျှော့ဈေးညှိနှိုင်းလို့ရပါတယ်။ မျက်နှာကြီး ထိုင်းမိတ်ဆွေ တစ်ဦးဦးပါလာရင်တော့ ပိုကောင်းတာပေါ့ဗျာ။ ခက်တာက ကျွန်တော်တို့ ကိုရွှေဗမာများကလည်း အဲဒီလိုအခြေအနေမျိုးမှာ တည်တည်ငြိမ်ငြိမ်ဖြေရှင်းတဲ့နည်းလမ်းကို မစဉ်းတော့ဘဲ ဆရာဝန်တွေ သူနာပြုတွေအလစ်မှာ ဆေးရုံကနေ ဆင်းပြေးတတ်ကြသဗျ။ ဆေးရုံမှာ ဆေးဖိုးဝါးခ ငွေမရှင်းနိုင်လို့ အဖမ်းခံရတဲ့ လူနာတော့ ကျွန်တော်မတွေ့မိသေးတာ အမှန်ပဲဗျာ"

ကိုသက်ခိုင်သည် သူ့ဇာတ်လမ်းမှာ သူကိုယ်တိုင်မျောနေဟန်ရှိသည်။ ဘေးဘီကို သူဂရုမထားတော့ဘဲ ပြောလက်စဝါဝါအမည်ရှိ ရခိုင်ကလေးမလေး၏ ဇာတ်ကြောင်းကို ရှေ့ဆက်နေသည်။

"ဒီမှာတင် ကျွန်တော်ဟာ ဝါဝါဆိုတဲ့ ကလေးမလေးအတွက် နည်းမျိုးစုံကြံဆခဲ့တယ်။ ကျွန်တော်တတ်နိုင်တဲ့ ငွေကြေးပမာဏတစ်ခုကို စိုက်ထုတ်မယ်။ အသင်းထဲက ငွေတချို့ကို အမှုဆောင်အဖွဲ့အရေးပေါ်အစည်းအဝေးခေါ်ပြီး သုံးနိုင်ဖို့ ညှိနှိုင်းမယ်။ နောက်တစ်နည်းကတော့ ကျွန်တော်စီးပွားရေးလောကထဲမှာ ကျင်လည်ခဲ့စဉ်က ခင်မင်ရင်းနှီးခဲ့ပြီး ကျွန်တော့်အပေါ်အခင်အမင်မပျက်သေးတဲ့ စီးပွားရေးအသိုင်းအဝိုင်းက မိတ်ဆွေတွေကို အကူအညီတောင်းမယ်။ ဒီနည်းတွေ အားလုံးသုံးရင် လိုအပ်တဲ့ငွေကြေးပမာဏအပြည့်အဝမရသည့်တိုင်အောင် တစ်ပိုင်းတစ်စပြေလည်မှာတော့ သေချာတယ်ဗျာ။ နောက်တစ်နည်းရှိသေးတယ်။ ဒီကလေးရဲ့အခြေအနေကိုပြည်တွင်းပြည်ပမီဒီယာတွေကနေ တစ်ဆင့်တင်ပြပြီး နိုင်ငံတကာရော မြန်မာပြည်ထဲက စေတနာရှင်တွေကိုပါ မေတ္တာရပ်ခံမယ်။ အလှူခံမယ်ပေါ့ဗျာ။ ဒီနည်းတွေနဲ့မှ အဆင်မပြေသေးဘူးဆိုပါတော့။ နောက်ဆုံးနည်းလမ်းတစ်ခု ကျန်သေးတယ်ဗျာ။"

"အဲဒီနည်းလမ်းကတော့ ကျွန်တော်မိတ်ဆွေထိုင်းရဲမှူးကြီးတစ်ယောက်ကို အဖော်ခေါ်ပြီး ဝါချီလတ်ဆေးရုံအုပ်ကြီးဆီတိုက်ရိုက်ဝင်၊ အသနားခံဖို့ပေါ့ဗျာ။ ဒီလိုနဲ့ ဝါဝါဟာ တစ်စတစ်စ သက်သာလာလိုက်တာ နောက်နှစ်ပတ်၊ သုံးပတ်လောက်နေရင် ပတ်တီးအားလုံးဖြည်ပြီး ဆေးရုံကဆင်း၊ ပြင်ပလူနာအနေနဲ့ နှစ်ရက်ခြား၊ သုံးရက်ခြားလာပြရမယ့် အခြေအနေဆိုက်လာတယ်ဗျာ။"

"အမှန်ပြောရရင် အဲဒီကာလက ကျွန်တော်ဟာ ထိုင်းနိုင်ငံကိုရောက်ခါစမို့ စီးပွားရေးအခြေကျအောင် ကျားကုတ်ကျားခဲရုန်းကန်နေရတဲ့ အခြေအနေမို့ စိတ်သွားတိုင်းတော့ ကိုယ်မပါပါဘူး။ အဆင်ပြေနိုးနိုးလုပ်ငန်းပေါင်းစုံလျှောက်လုပ်။ ထင်သလိုမဖြစ်တော့ ရင်းနှီးထားသမျှ ငွေကြေးတွေဆုံးရှုံး၊ ထိုင်းရဲတွေ ရန်က တစ်ဖက်။ တကယ့်ဝရုန်းသုန်းကားအချိန်ကြီးဆိုပါတော့။ အဲဒီအချိန်မှာ ကျွန်တော်မှာ ရှိတာဆိုလို့ ဒီကလေးမလေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အသက်ရှင်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ထက်သန်မှုတစ်ခုပါပဲ။ တစ်နေ့တော့ ကျွန်တော့်စိတ်ကူးဖဲရိုက်နေတာတွေကိုအကောင်အထည်ဖော်ဖို့ခုတင်ပေါ်မှာ ပက်လက်ကလေးရှိနေတဲ့ ဝါဝါ့ကို ကျွန်တော့်လက်ကိုင်ဖုန်းနိုကီရာလေးနဲ့ ဗီဒီယိုနှစ်မိနစ်စာလောက်ရိုက်ထားလိုက်မိတယ်ဗျာ။"

"နိုင်ငံတကာမှာ ဒုက္ခသည်တွေကို ဖန်းပြပြီး ကိုယ်ကျိုးရှာနေတဲ့ အင်န်ဂျီအိုလိုလို ပရဟိတအဖွဲ့လိုလိုအဖွဲ့တွေရှိနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ အဲသလိုအဖွဲ့တွေနဲ့လည်း ကျွန်တော်အလွယ်တကူချိတ်ဆက်နိုင်ပါတယ်။ ချိတ်ဆက်တတ်ပါတယ်။ ဒါပေမဲ့ ကိုယ်ကျိုးရှာမှာတွေ၊ နောက်ဆက်တွဲအရှုပ်အရှင်း၊ သက်မကောင်းစရာတွေကြုံရမှာကို ကြိုတင်စဉ်းစားမိတာကြောင့် ဘယ်အဖွဲ့ကိုမှ ကျွန်တော်မဆက်သွယ်ခဲ့ဘူး။ ဒီဇာတ်ကိုကျွန်တော်နိုင်အောင်ကနိုင်မယ်လို့သာ ကျွန်တော်ပြင်းပြင်းထန်ထန်ယုံကြည်နေခဲ့တယ်။ ဒါပေမဲ့ဗျာ။အဲဒီဒါပေမဲ့က တော်တော်ရင်နာစရာကောင်းတဲ့ ဒါပေမဲ့ပါပဲ။





# MiTA Myanmar Investment, Trade and Technology Conference, Workshop & Exhibition

***Facilitating Foreign Investments & Empowering Local Myanmar Companies®***

ONLINE REGISTRATION is now open for Delegates, Exhibitors & Sponsors:
http://myanmar-conferences-exhibitions-workshops.MyanmarInvestmentBusiness.com

*To organize and manage this conference, MiTA is drawing on its experience and network in providing investment advisory, management consulting and engineering services in **Myanmar** since 2009.*
*Each of these events will be unique and different.*

⇨ Main Conference @ UMFCCI Building, Level – 2, Main Hall, Yangon, Myanmar on 21st June, 2014
⇨ Program for Accompanying Persons: 21st June, 2014 (Yangon City Tour); Golf: 22nd June, 2014
⇨ Business Match Making: 23rd June, 2014 & Workshops: 23rd June, 2014

MiTA মিতা
Facilitating Foreign Investments Empowering Local Companies
The Myanmar
INVESTMENT, TRADE & TECHNOLOGY
CONFERENCE, WORKSHOP & EXHIBITION
Organised & managed by MiTA Services Pte Ltd
www.mitaservices.com.sg

## Why Participate in MiTA Myanmar Investment, Trade and Technology Conference?

- **This conference is unique and different from any other conferences.**
  **Since 2009,** MiTA - the Conference Organizer - is providing *consulting services* for *Investments in Myanmar*. MiTA is uniquely well placed to assist and support foreign organizations in following up on Myanmar tenders, investment and business opportunities that will ensue from these conferences.
- **Networking & One-to-One Business Matchmaking** – *The Key Differentiators*
  **Almost equal mix of Myanmar & foreign delegates**
  Based on the requests of Delegates / Sponsors / Exhibitors a select list of Myanmar companies will be invited to participate in this Myanmar Investment, Trade and Technology Conference.
  **On requests, one-to-one private business meetings will be organized to help find:** Distributors / Agents, Local Myanmar Partner for JV investment in Myanmar; and vendors, suppliers, etc.
- **Follow-up on your prospective business in Myanmar** – *Partner on the ground*
  On mutual agreement, MiTA Myanmar @ ISBC can follow-up on the business & investment opportunities that may ensue from this conference, workshop & exhibition.

## Key Discussions Points – *Learn from Experts on Myanmar Market*

- **Investment Laws & Regulations:** Doing Business in Myanmar – Is there any Black Boxes?
- **Due Diligence:** Risk – Opportunity Analysis, Security Issues and Evaluating JV Partners.
- Environmental Management, Reputation & Brand Management – **IEE, EIA, EMP, SIA and CSR**.
- Managing **Finances, Banking** and **Repatriation of Profit** while doing business in Myanmar.
- **Analysis of Business Opportunities – 9 Business Sectors:**
  (1) Education & Training, (2) Environmental Management (3) Medical & Health Care, (4) Oil & Gas and Energy, (5) Infrastructure Development & SEZs, (6) Investment in Real Estate & Property Development, (7) Banking, Finance & Insurance, (8) Telecommunication, IT & IT Enabled Services (ITES), and (9) Agriculture & Irrigation.

## THE CONFIRMED LIST OF SPEAKERS INCLUDES (Visit website for complete List):

1. H.E. Ms. Ann Ollestad, Ambassador, The Royal Norwegian Embassy, Myanmar
2. H.E. Maj. Gen. (Retd.) Anup K Chakma, Bangladesh Ambassador to Myanmar
3. U Aung Kyaw Htoo, Deputy Director, EPD, Ministry of Energy, Myanmar
4. U Aung Naing Oo, Director General, DICA, Myanmar
5. Daw Aye Aye Hla, Director, Transport Planning Dept. / International Relation, Railway
6. Mr. Boon Intiratana, Minister Counselor (Commercial), Royal Thai Embassy, Myanmar
7. H.E. Mr. Gautam Mukhopadhaya, Ambassador, Indian Ambassador to Myanmar
8. Dr. George Soe Win, Senior Consultant, Banking & Investment, Myanmar
9. U Hla Maung Thein, Deputy Director General, Environmental Conservation Department
10. Dr. Htin Paw, CEO of Sakura Hospital, VP of Myanmar Private Hospital Association
11. Dr. Junichi Yamada, Sr. Special Advisor, Japan International Cooperation Agency (JICA)
12. Prof. Kyaw Myint Naing, Ex. Chairman of Myanmar Medical Council & MMA
13. Mr. Liew Chee Seng, Deputy Managing Director, CB Bank, Myanmar
14. Dr. Maung Maung Lay, Vice President, UMFCCI, Yangon, Myanmar
15. Prof. Myint Han, Director General, Department of Food and Drug Administration (FDA)
16. Dr. Rai Mra, President, Myanmar Medical Association (MMA)
17. H.E. Mr. Roland Kobia, Ambassador, Delegation of the European Union in Myanmar
18. U San Thein, Leading Professional, Financial Sector Development, Myanmar
19. Dr. Than Htut, General Manager, Health Channel, Shwe Than Lwin Media Co. Ltd.
20. U Than Maung, Principal Legal Manager (Kelvin Chia), Member of the "Commission for Assessment of Legal Affairs and Special Issues" - Pyithu Hluttaw (Myanmar Parliament)
21. U Thein Lwin, Member of Parliament (Pyithu Hluttaw), Government of Myanmar
22. U Win Khaing, Chairman of UE, Member of Myanmar Investment Commission (MIC)
23. H.E. U Wynn Lwin, Ambassador (retired), Government of Myanmar
24. Dr. Zaw Win - Director General, Department of Technical and Vocational Education

MiTA মিতা
*Your Partner in* Management, Innovation and Technology Application®
MiTA Services Pte Ltd (Singapore) | MiTA Myanmar @ ISBC

Contact Phone Numbers:
Myanmar: +95 9420 110 451, +95 9420 110 666
Singapore: +65 6866 1430
Email: conference@mitaservices.com.sg